www.burmeseclassic.com

# စုဖုရားလတ်ရှင်းတမ်း
နှင့်
# ပါတော်မူဖြစ်ရပ်များ

BURMESE CLASSIC .com

## ကောင်းထက်




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှုမှတ်တမ်း

စာမူခွင့်ပြုချက် - ၁၈/၂၀၀၄ (၂)

မျက်နှာဖုံးခွင့်ပြုချက် - ၇၄/၂၀၀၄ (၇)

စီစဉ်သူ - ဟိန်းဇေ

မျက်နှာဖုံးအပြင်အဆင် - သန်းမြင့်အောင်

ထုတ်ဝေသူ - ဦးအောင်စိုး (၀၃၈၉၄)
စိုးစာပေ
၅၅ (E) အနောက်မြင်းပြိုင်ကွင်းလမ်း
ဗဟန်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးတင်အောင်ကျော် (၀၇၀၅၃)
စွယ်တော်ပုံနှိပ်တိုက်
၈၇၊ ၅၆ လမ်း၊ ရန်ကုန်မြို့။

ကွန်ပျူတာစာစီ - ခန့်လင်း

အတွင်းဖလင် - ပန်းချီမောင်မြင့်အောင်
(တောက်တောက်ဝင်း)

အုပ်ရေ ၁၀၀၀

တန်ဖိုး 1500

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ

ပထမအကြိမ်



**စိုးစာပေ**

၅၅ (E)၊ အနောက်မြင်းပြိုင်ကွင်းလမ်း
ဗဟန်း၊ ရန်ကုန်မြို့။


www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေး (၃)ပါး

- ပြည်ထောင်စု မပြိုကွဲရေး – ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး – ဒို့အရေး
- အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး – ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြှင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## စိုးစာပေမှ ထွက်ပြီး စာအုပ်များ

| | |
|---|---|
| သိမ့်ဇာမိုးပန် | ယောက်ျားကောင်း အချစ်တဲ့လားကွယ် |
| မောင်သာပြည့် | ကဲ ပြောတယ်မဟုတ်လား ချစ်နေတာပါလို့ |
| သုတေသီမြင့်ထွန်း | ဗိုလ်ချုပ်အောင်ဆန်း၏ အမှိုင်သို့ လှိုဏ်ခရီး |
| သုတေသီမြင့်ထွန်း | ရွှေတိဂုံကုန်းတော်မှ အံ့ဩဘနန်း ဖြစ်ရပ်ဆန်းများ |
| ဆရာကြီး အရိန္ဒမာ | မဟိဒ္ဓိပုဂ္ဂိုလ်ထူးများ၏ အံ့ဖွယ်ဖြစ်ရပ်ဆန်းများ |
| မောင်မြတ်သိန်း | ကမ္ဘာ့ဖလားဘောလုံးသမိုင်းနှင့် |
| | ကမ္ဘာကျော် ရွှေခြေထောက်ပိုင်ရှင်များ |
| ဟိန်းဇေ | ဒဿနကမ္ဘာ ၉၇ |
| ဆရာကြီးအရိန္ဒမာ | ဂန္ဓာရီခရီးသည် |
| ရွှေစကြာ | အင်္ဂလိပ်သူလျှို |
| သုတေသီမြင့်ထွန်း | အစွမ်းထက်မြက်သော ဂါထာမန္တန်များနှင့်ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ |
| သုတေသီမြင့်ထွန်း | အံ့ဖွယ်ထူးခြား မြန်မာပြည်ဘုရားစေတီပုထိုးများ (၁) |
| ဟိန်းဇေ | ဒဿနလူသား |
| သုတေသီမြင့်ထွန်း | အနောက်တိုင်း ဂမ္ဘီရ မှဲ့သျှုတ္တရ |
| မိန်မိန် (လသာ) | နိုင်ငံတကာ သက်သတ်လွတ်ဟင်းမျိုးစုံချက်ပြုတ်နည်း |
| သုတေသီမြင့်ထွန်း | လာဘ်လာဇုတ်လာ ချမ်းသာကျန်းမာ |
| အောင်မြတ်ဦး | ကမ္ဘာကျော်မိန်းမများ၏အတွင်းရေး |
| မိန်မိန် (လသာ) | အိမ်ရှင်မတိုင်းအတွက် သက်သာချွေတာဟင်းချက်နည်းပေဒေသာ |
| သုတေသီမြင့်ထွန်း | ခုနစ်နေ့သားသမီးများအတွက် ဂမ္ဘီရသိပ္ပံ အစီအမံများ |
| မိန်မိန် (လသာ) | နိုင်ငံတကာဟင်းမျိုးစုံချက်ပြုတ်နည်းများ |
| သုတေသီမြင့်ထွန်း | လူတိုင်းအတွက် ကန်တော့ပွဲတင်နည်း |
| အောင်မြတ်ဦး | ချစ်ခြင်းတရားဆိုင် ရာကမ္ဘာကျော် |
| | ပုဂ္ဂိုလ်များ၏ အချစ်ဇာတ်လမ်းများ |
| ဆရာကြီးအရိန္ဒမာ | ပုဂ္ဂိုလ်ထူးများနှင့် ဂမ္ဘီရလမ်းမှ ဖြစ်ရပ်ဆန်းများ (၁) |
| အောင်မြတ်ဦး | အချစ်သမိုင်းတွင် စာတင်ခဲ့သည့်ကမ္ဘာကျော်ချစ်သူများ (၁) |

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| ဦးမြင့်လွင် | တရားခွင်လက်တွေ့ ဖြစ်မှုဆိုင်ရာ လျှောက်ထားမှုများ |
| ဟိန်း၄၉ | ထိပ်ဆုံးသို့အတွေး ၁၀၀ |
| မောင်ဝေဖြိုး | နိုင်ငံတကာအတွေးအခေါ် ပုံတိုပတ်စများ |
| ကောင်းထက် | နပိုလီယံ (သို့မဟုတ်) ဥရောပတိုက်<br>တစ်တိုက်လုံးကို ဗိန့်ဗိန့်တုန်စေခဲ့သူ |
| သုတေသီမြင့်ထွန်း | သင့်တစ်သက်တာ ယတြာနှင့် ရာသီခွင်ဟောကိန်းများ |
| သုတေသီမြင့်ထွန်း | တောင်ပြူးလက်ဆောင် |
| ဆရာကြီးအရိန္ဒမာ | ပြည်တွင်း/ပြည်ပစိညာဉ်လောက<br>အံ့ဖွယ်ဆန်းကြယ်ဖြစ်ရပ်များ |
| နေဦးလွင် | ရမ္မက်တဏှာမလွန်သာ၍နှင့်မှုခင်းဝတ္ထုများ |
| သုတေသီမြင့်ထွန်း | အံ့ဖွယ်ထူးခြား မြန်မာပြည် ဘုရားစေတီပုထိုးများ (၂) |
| သုတေသီမြင့်ထွန်း | ပုတီးသမားလက်စွဲ |
| သုတေသီမြင့်ထွန်း | လာဘ်ခေါ်ကပ်ကျော်ဂါထာတော်များ |
| မိုးဦး | ကမ္ဘာကိုကိုင်လှုပ်သည့်အချစ်အတွင်းရေးများ |
| ဗိန်မန် (လသာ) | ဈေးကွက်ဝင် အစားအသောက်မျိုးစုံ ပြုလုပ်နည်းများ |
| နေစိုးထက် | ဆက်ဒမ်ဟူစိန်၏ နောက်ဆုံးနေ့များ |
| နေဦးလွင် | အောင်မြင်လိုသူတိုင်းအတွက် အကောင်းဆုံးနာမည်ပေးနည်းများ |

BURMESE CLASSIC .com



သီပေါမင်း၊ စုဖုရားလတ်(အလယ်)နှင့် စုဖုရားငယ်

www.burmeseclassic.com

www.burmeseclassic.com



မြင်ကွန်းမင်းသား



ကင်းဝန်မင်းကြီး ဦးကောင်း

www.burmeseclassic.com

www.burmeseclassic.com




တိုင်တားမင်းကြီးဦးတိုး




လှေသင်းအတွင်းဝန်ဦးရွှေမောင်

www.burmeseclassic.com




နန်းမြို့တွင်းရှိ လွှတ်တော်ဆောင်



အရှေ့ပြင်မှ ရွှေနန်းတော်


www.burmeseclassic.com
www.burmeseclassic.com



တောင်ပြင်ကျော်မိုးတံခါး



အရှေ့မျက်နှာဦးထိပ်တံခါး




မြောက်ပြင်လေးသိန်းတံခါး ပြဿဒ်နှင့် ကျုံးကူး တံတား

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကျပ်သုံးဒင်္ဂါးများသွန်းလုပ်သည့် ဒင်္ဂါးစက်ရုံတော်



အနောက်စမုတ်အနောက်ဇေတဝန်ဆောင်




သီပေါမင်းဆောက်လုပ်ခဲ့သည့် နန်းမြင့်




ရတနာပုံနေပြည်တော်၏ ဗဟိုရ်စင်

www.burmeseclassic.com

www.burmeseclassic.com




မိဖုရားကြီး စုဖုရားလတ်၏ကောင်းမှုတော်ဖြစ်သည့် မြတောင်တိုက်ရွှေကျောင်းတော်ကြီး



စုဖုရားလတ်ဆောက်လုပ်လှူဒါန်းခဲ့သော မှန်ကျောင်းတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com




နန်းဦးမြေနန်းပြသဒ်တော်ကြီးကို အကာအရံစုံလင်စွာဖြင့် ရှေးကအတိုင်းတွေ့မြင်ရပုံ



ရတနာပုံ နေပြည်တော်ကို တောင်ပေါ်မှမြင်ရပုံ

www.burmeseclassic.com

www.burmeseclassic.com




အင်္ဂလိပ်စစ်သင်္ဘောများ မင်းလှသို့ ချီတက်လာပုံ




အင်းဝတွင် မြန်မာတပ်များ လက်နက်ချနေပုံ

www.burmeseclassic.com

www.burmeseclassic.com




အင်္ဂလိပ်တပ်များ မန္တလေးကိုသိမ်းယူပြီးနောက်တွေ့ရပုံ




အင်္ဂလိပ်တို့က သီပေါမင်းအား နန်းမှချစဉ်

www.burmeseclassic.com

www.burmeseclassic.com




တောင်ဦးယျာဉ်တွင်းမှ ပါတော်မူမြင်ကွင်း




ဂေါဝိန်ဆိပ်သို့အသွား မြတောင်ကျောင်းသို့ခေတ္တဝင်စဉ်

www.burmeseclassic.com

www.burmeseclassic.com




ဆရာခြံ၏ ပါတော်မူပန်းချီကား




အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင်

www.burmeseclassic.com

www.burmeseclassic.com



ကာနယ်စလေဒင်



အင်္ဂလိပ်သိမ်းပြီးစအချိန်ကမြင်ရသည့်ဘီရိုလှည်းမျှော်စင်နှင့်နန်းဆောင်တစ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com

“နိုင်ငံတော်ကို တစ်စုံတစ်ရာထိပါးလုပ်ချောက်လာလျှင် သာသနာတော်ကျိုး၊ တိုင်းကျိုးပြည်ကျိုးမဆုတ်ယုတ်စေရန် စောင့်ရှောက်တော်မူသည့်အတိုင်း ဗိုလ်မှူး၊ ဗိုလ်ချုပ်၊ စစ်ကဲ၊ စစ်ကြပ်တို့နှင့်တကွ များစွာသော ခြေသည်တပ်၊ အမြောက်တပ်၊ ဆင်တပ်၊ မြင်းတပ်၊ ကြည်းကပ်၊ ရေတပ်၊ ရဲမက် စစ်သည် အပေါင်းတို့ဖြင့် စစ်အင်ကျင်းပတော်မူလျက်၊ ကိုယ်တော်တိုင် ရွှေစက်တော်ဖြန့်ချီတော်မူခဲ့၍၊ မိစ္ဆာအင်္ဂလိပ် ကုလားလူမျိုးတို့ကို သုတ်သင်ရှင်းလင်း နှိမ်နင်းသိမ်းယူတော်မူမည် ဖြစ်သည်။

**သီပေါမင်းတရား**

**(သီပေါမင်း၏စစ်ကြေငြာစာတမ်းမှ)**

“ကျွန်ုပ်ပိုင်ဆိုင်သမျှကိုလည်း အင်္ဂလိပ်တွေကို ပေးလိုက်ရပါပြီ။ သင်တို့ကို ကျွန်ုပ်ပြောချင်တာကတော့ ကျွန်ုပ်ဟာ ဘုရင်ဖြစ်ပေမယ့် မကောင်းတဲ့အကြံဉာဏ်တွေကိုသာ အပေးခံခဲ့ရသူပါ။ ကျွန်ုပ်ရဲ့ဝန်ကြီးအဖွဲ့ထဲမှာ သစ္စာသမာဓိရှိသူ၊ အမြော် အမြင်ရှိသူ ရယ်လို့ အင်မတန် ရှားပါတယ်။ သူတို့အသုံးမကျလို့ မဖြစ်သင့် မဖြစ်ထိုက်တာတွေ ဖြစ်ကုန်ရတယ်။ ကျွန်ုပ်အတွက် အင်မတန်ကို နာကျည်းစရာပါပဲ”

**(သီပေါမင်းရှင်းတမ်းမှ)**

www.burmeseclassic.com

www.burmeseclassic.com

"အဆောင်ရမိဖုရား၊ အခန်းရမိဖုရား၊ ကိုယ်လုပ်တော်များက မွေးတဲ့၊ အစ်ကိုတွေ ညီတွေက နန်းလုဖို့ ကြံစည်အားထုတ်ကြတာကို မောင်တော်သိပေမယ့် မကွပ်မျက်ခိုင်းပါဘူး။ အကျယ်ချုပ်နဲ့ ထားခိုင်းပါတယ်။ မောင်တော်အမည်ပျက်အောင် ကင်းဝန်က အင်္ဂလိပ်ပယောဂဖြင့် မင်းသားလတ်၊ မင်းသားငယ်တွေကို သတ်ပစ်ခိုင်းတာပါပဲ။ ထိုကိစ္စနဲ့ပတ်သက်ပြီး မောင်တော်က ကင်းဝန်ကို ရာထူးမှ ခဏချထားဖူးပါတယ်။ အဲဒါကို တေးထားပြီး မောင်တော်နဲ့ နိုင်ငံတော်ကို အင်္ဂလိပ်ထံ ရောင်းစားတာပဲ"

(စုဖုရားလတ် ရှင်းတမ်းမှ)

"သိယ်တန်ဆောင်၊ ဘုန်းတော်မှောင်၍
ကုန်းဘောင်နေမီး၊ မထိန်ညီးက
တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှင်
ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုည
သုဉ်းသုံးဝဖြင့်၊ သုဉ်းရပြန်လစ်
သုညခေတ်ဝယ်၊ ဖြစ်လာရပေ
တို့တစ်တွေသည်
သေသော်မှတည့်၊ ဩော် ကောင်း၏"

ဆီးဘန်နီဆရာတော်

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယကမ္ဘာစစ်မဖြစ်မီ ၁၉၃၆ ခုနှစ်လောက်တုန်းက နိုင်ငံခြားသားအချို့ ရေးသားသည့် မြန်မာရာဇဝင် အချက်အလက် အချို့နှင့်ပတ်သက်ပြီး မြန်မာပညာရှင်များ အတော်မကျေမနပ် ဖြစ်ခဲ့ကြသည်။ မစ္စတာနှိုက်ဆိုသူသည် သီပေါမင်းအား ပုတ်ခတ် ရေးသားခဲ့သည်။ ဝတ်လုံတော်ရ (ယခုတရားဝန်ကြီးချုပ်ဟောင်း) ဦးသိမ်းမောင် သဘာပတိအဖြစ် ဆောင်ရွက်သော ရန်ကုန်မြို့ လုံးကျွတ်အစည်းအဝေးတွင် ပညာဝန် ဦးဖိုးကျားက နိုင်ငံခြားသား အချို့၏ရေးသားချက်များကို ပြန်လည်ချေပ ခဲ့သည်။ နိုင်ငံခြားသား များ၏ စွပ်စွဲချက်များထဲတွင် သီပေါမင်းအား လူသတ်ဘုရင်ဟု စွပ်စွဲထားသည့်အချက် ပါဝင်သည်။ ထို့ပြင် နိုင်ငံခြား သားအချို့က သီပေါဘုရင်အား ယစ်ထုပ်ဟုလည်း စွပ်စွဲကြသေးသည်။

ပါရဂူ
(၁၈·၈·၇၂)

ယင်းလူသတ်ပွဲအတွက် မည်သူတာဝန်ရှိသည်ဟူသော အချက်နှင့် ပတ်သက်၍မူ ကျွန်ုပ်အသေအချာမသိပေ။ သို့ရာတွင် ကျွန်ုပ်အတိအကျ သိရသည့်အချက်မှာ မင်းပျိုမင်းလွင် သီပေါဘုရင် နှင့် သူကြင်ရာ မိဖုရားဖြစ်လာသည့် လုံမငယ်မှာ ထိုကိစ္စနှင့် ပတ်သက်၍ လုံးဝအပြစ်မရှိဟူသော အချက်ပင်ဖြစ်လေ သည်။ သူတို့သည် ကိစ္စအားလုံးပြီးဆုံးသွားသည်အထိ ဘာမှ မသိလိုက် ကြရပေ။ သီပေါဘုရင်သည် ကွပ်မျက်ခံခဲ့ကြရ သည့် သူ့ညီတော် နောင်တော်များအတွက် ငိုကြွေးမြည်တမ်းခဲ့ရှာ သည်။ သူကား စိတ်သဘောထား နူးညံ့ပျော့ပျောင်းသော သူငယ်ပင်ဖြစ် သည်။

ဖီးလဒင်းဟော (H.Fielding)

www.burmeseclassic.com

www.burmeseclassic.com

၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့ ညနေမိုးချုပ်စအချိန်။ ဂေါဝိန်ဆိပ်ကမ်းတစ်ဝိုက်တွင် အင်္ဂလိပ်စစ်ဗာရီတွေ လက်ချင်းဆက်၍ ရပ်နေကြသည်။ ထိုနောက်နားတွင် မန္တလေးသူ မန္တလေးသားများသည် အရှင်နှစ်ပါး ပါတော်မူခန်းကို ညှိုးငယ်စွာဖြင့် ကြည့်နေကြသည်။ အချို့က တက်ခေါက်လျက်။ အချို့ ငိုယိုလျက်။ အချို့က ဝေခွဲမရသော ခံစားချက်ဖြင့် မျှော်ကြည့်လျက်။ အင်္ဂလိပ်စစ်ဗာရီတစ်ဦးက ဟာရီကိန်း မှန်အိမ်ကို လက်တစ်ဖက်က ဆွဲပြီး တစ်ဖက်က လမ်းပြနေသည်။ ဆင်ဗရောင် စလွယ်ကိုပတ်၍ ခါးတွင်သေနတ်ထိုးထားသည့် အင်္ဂလိပ်အရာရှိတစ်ဦးကကုန်းဘောင်ပေါ်သို့ တက်ရန် အရှင်နှစ်ပါးကို လက်ဟန် ခြေဟန်ပြနေသည်။ သီပေါမင်းသည် ရှေ့မှဆင်းလာသည့်တိုင် ကုန်းဘောင်ပေါ်သို့ တက်ရန် မဝံ့မရဲဖြစ်နေသည့်နှယ် ဆုတ်ဆိုင်းနေသည်။ စုဖုရားလတ်သည် မဝံ့မရဲဖြစ်နေသော သီပေါမင်း၏ ဖြစ်နေပုံကို အားမရဟန်ဖြင့် ရှေ့သို့တက်လာကာ ကလေးငယ် တစ်ယောက်ကို လက်ဆွဲခေါ်သည့်နှယ် သီပေါမင်း၏လက်ကို ဆွဲကာ ရဲရင့်တည်ကြည်သော မျက်နှာထားဖြင့် ကုန်းဘောင်ပေါ်သို့ တက်လာခဲ့သည်။

မြသန်းတင့်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဘာကြောင့်ကျွန်ဖြစ်ရသလဲ | ၄၃ |
| ၂။ | စာရေးသူ၏အမှာ | ၄၇ |
| ၃။ | အသက်ပေါင်းများစွာ ရင်းတည်ကာ | ၅၃ |
| ၄။ | ရပ်သေးရပ်တော့မဖြစ်လို | ၅၇ |
| ၅။ | နဂါးမှန်းသိအောင် | ၆၂ |
| ၆။ | အချစ်ခွဲဝေမယူလိုသူ | ၆၈ |
| ၇။ | အနီးကပ်ရန်သူ | ၇၆ |
| ၈။ | ဓာတ်သိမ်းမကောင်းသူများ | ၈၆ |
| ၉။ | ထီ ထီ ထီ | ၉၃ |
| ၁၀။ | စုဖုရားလတ်၏ပုံရိပ် | ၉၈ |
| ၁၁။ | ဦးကောင်း၏အမှားတော်ပုံများ | ၁၀၅ |
| ၁၂။ | ထီးရိပ်နန်းဖြူ လုယူမည့်သူများ | ၁၁၂ |
| ၁၃။ | အသားထဲကလောက်နှင့်သွေးစွန်းနေ့ရက် | ၁၂၀ |
| ၁၄။ | မြတောင်မင်းသမီး၏စိတ်ဓာတ် | ၁၂၄ |
| ၁၅။ | စေတနာ စေဒနာ | ၁၂၉ |
| ၁၆။ | ခေါင်းမြီးခြုံလာသော ရန်သူများ | ၁၃၉ |


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၁၇။ | ကြီးထွားလာသည့်အဖုအထစ်များ | ၁၄၇ |
| ၁၈။ | ပွဲလန့်တုန်း ဖျာခင်းမယ်ကြံ | ၁၅၂ |
| ၁၉။ | အပြစ်ရှာသော ဝံပုလွေ | ၁၅၆ |
| ၂၀။ | တည်ငြိမ်စွာသေခြင်းကို ရင်ဆိုင်ခဲ့သူများ | ၁၆၃ |
| ၂၁။ | ထွက်တော်မူ နန်းကခွာတယ် | ၁၆၇ |
| ၂၂။ | မောင်တော့်အပါးမှာ မနေသာပြီ | ၁၇၂ |
| ၂၃။ | နှာကျည်းမုန်းတီးလှစွာဖြင့် | ၁၇၈ |
| ၂၄။ | ကျွန်ဖြစ်လို့ နွံနစ်ရပြီ | ၁၈၃ |
| ၂၅။ | ဇာတိမာန် ဇာတိသွေး အေးခဲ့ကြပြီ | ၁၉၈ |
| ၂၆။ | သွေးတို့ဖြင့်နီ | ၂၀၆ |
| ၂၇။ | အကျဉ်းခံဘုရင်နှစ်ပါး | ၂၁၃ |
| ၂၈။ | မဟောသီမြင်လျှင် | ၂၁၉ |
| ၂၉။ | သမီးတော်များ၏မှတ်တမ်းအကျဉ်း | ၂၂၃ |
| ၃၀။ | ညာနေကြသည် | ၂၂၅ |
| ၃၁။ | စုဖုရားလတ်ဘာလဲ | ၂၂၉ |
| ၃၂။ | မာယာပရိယာယ် | ၂၃၇ |
| ၃၃။ | နောက်ဆုံးထွက်သက်တိုင်အောင် | ၂၄၅ |
| ၃၄။ | သီပေါမင်းရှင်းတမ်း | ၂၄၉ |
| ၃၅။ | စုဖုရားလတ်ရှင်းတမ်း | ၂၅၃ |
| ၃၆။ | မှီငြမ်းကိုးကားသော စာအုပ်စာတမ်းစာရင်း | |


# ဘာ့ကြောင့် ကျွန်ဖြစ်ရသလဲ

တတိယအကြိမ် အင်္ဂလိပ်မြန်မာစစ်ဖြစ်သည်။

ထိုစစ်ကြောင့် မြန်မာမင်းနှင့် မိဖုရားပါတော်မူရသည်။ အကြောင်းရင်းခံကို အမျိုးမျိုးပြောကြ ရေးကြသည်။ ဘယ်သူ့အပြစ်ပါလဲ။ တစ်ချို့က **'ဦးကောင်းလိမ်ထုတ်၊ သီပေါပြုတ်'** စကားကိုကိုးပြီး ကင်းဝန်ကို အပြစ်ဖို့သည်။ တစ်ချို့ကတော့ ရတနာပုံနန်းတွင်းမှာ ဂိုဏ်းတွေ ကွဲပြီး ညီညွတ်မှုမရှိခဲ့ကြလို့။ တစ်ချို့က ငယ်ရွယ်ပြီး ပျော့ညံ့သည့် မင်းသားငယ်ကိုမှ နန်းတင်ကာ အာဏာပလ္လင်ကို ချုပ်ကိုင်ချင်ခဲ့ကြလို့။ တစ်ချို့တွေကျတော့ ကုန်းဘောင်ဆက် နောက်ဆုံးမင်းအရည်အချင်းမရှိလို့ စသည် စသည်ဖြင့် တရားခံကို လက်ညှိုးထိုးကြသည်။ ကမ္ဘာ့အနောက်ဖက် တစ်လွှားမှ အရှေ့သို့တိုင် ရောက်လာသည့် အတောမသတ်သည့် လောဘပိုင်ရှင်နယ်ချဲ့တို့ကမူ မြန်မာဘုရင်ကို အပြစ်ဖို့၊ မိဖုရားကို မကောင်းပြောဖြင့် ကလိမ်စေ့ငြမ်းဆင်မြေခွေးညာဥ်အတိုင်း ရေးကြသားကြ ပြောခဲ့ကြပါသည်။

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ရေးအနေဖြင့်လည်း မြန်မာမင်း သီပေါဘုရင်ကို အရက်သမား ယစ်ထုတ်ကြီး၊ မိဖုရားစုဖုရားလတ်ကို စိတ်ကောင်းမရှိသည့် ယုတ်မာရက်စက်ကြမ်းကြုတ်ခက်ထန်သူအဖြစ် သမိုင်းလိမ်ခဲ့ကြသည်။ E.C.V FOUCAR အပါအဝင် အနောက်တိုင်းသားစာရေးဆရာအချို့ကလည်း သူတို့စာအုပ်များတွင် အင်္ဂလိပ်အကောင်း၊ မြန်မာမကောင်း၊ မြန်မာမင်းနှင့် မိဖုရားကို (ဆရာမြသန်းတင့်အရေးနှင့်ရေးရလျှင်) ရစရာမရှိလောက်အောင် ရွံ့ပုပ်တွေနှင့် ဝိုင်းပက်ခဲ့ကြသည်။ ဒါက နယ်ချဲ့အုပ်စုတို့၏အကျင့်၊ နယ်ချဲ့တို့၏ ပုဏ္ဏားဉာဏ်များပင်ဖြစ်သည်။

တကယ်တန်းသမိုင်းကို ကျေကျေညက်ညက် လေ့လာပါမှ လိမ်လည်မှုသားများသာ ဖြစ်သည်။ သို့သော် ရင်နာဖွယ်ကောင်းသည်က ၎င်းတို့ရေးသည့်စာအုပ်များကို မြန်မာလူမျိုးစာရေးဆရာအချို့က ဘာသာပြန်ဆိုကြကာ သူတို့ကိုယ်တိုင်က ထိန်းထိန်းသိမ်းသိမ်းမရေးဘဲ (**ဖြစ်နိုင်တာ မဖြစ်နိုင်တာ မစဉ်းစား၊ အပျော်ဖတ်ဝတ္ထုတစ်ပုဒ် ဖတ်ရသလို၊ ဖတ်လို့ကောင်းပြီးရော**) ကလောင်သရမ်းခဲ့ကြသည်မှာ ကမ်းကုန်အောင် ဆိုးလွန်းလှပါ၏၊ မိုက်လွန်းလှပါ၏ဟု ဆိုချင်ပါသည်။

တကယ်တန်းဖတ်တော့ ထိုစာအုပ်များတွင် မြန်မာတွေ ကျွန်ဖြစ်ရသည့်အကြောင်းရင်းခံ တရားခံအစစ်က ပျောက်နေပါသည်။ တရားခံက လွတ်နေပါသည်။ ထိုစာအုပ်များတွင် မပါပါ။ ထိုကိစ္စ၌ ကင်းဝန်တွင် အပြစ်မရှိ၊ အပြစ်ကင်းသည်ဟုလည်း မရေးလိုပါ။ သို့သော် တရားခံအစစ်မှာ ကင်းဝန်မဟုတ်ပါ။ မင်းတုန်းမင်းတရား၏မိဖုရားဆင်ဖြူမရှင်လည်း ထိုနည်းလည်းကောင်းပင်။ တရားခံဟု ဆိုမရ။ တိုင်တားဂိုဏ်း၊ ကင်းဝန်ဂိုဏ်းစသည်ဖြင့် ဂိုဏ်းတွေ မညီညွတ်ခဲ့ကြလို့ဟု ဆိုလျှင်လည်း မမှန်နိုင်။ သီပေါမင်းနှင့် စုဖုရားလတ်တို့ကို လက်ညှိုးထိုးမည်ဆိုလျှင်တော့ ပို၍ပင် မှားလိမ့်မည်။





တရားခံအစစ်က တစ်ဦးတည်းပါ။ ထိုအချိန် ထိုကာလတွင် မြန်မာမင်း ဘယ်မင်းပဲတက်လာလာ၊ တရားခံအစစ်ဖြစ်သည့် နယ်ချဲ့ကျားငစဉ်းလဲက နှစ်ကြိမ်တိုင် အနိုင့်အထက်ကျင့် ဝါးမျိုခဲ့ပြီးနောက် သုံးပုံတစ်ပုံသာ ကျန်ရှိတော့သည့် အထက်မြန်မာနိုင်ငံ ကွက်ကွက်ကလေးကို ဆက်လက်ဝါးမျိုဖို့ရန် အသင့်ပြင်ထားပြီး ဖြစ်နေပါပြီ။

မင်းတုန်းမင်းတရားလက်ထက်မှာပင် နယ်ချဲ့၏အလိုကို လိုက်လျောနေခဲ့ရပြီး ကျိတ်မှိတ်အောင့်အည်းသည်းခံနေခဲ့ရကာ၊ မတရားသိမ်းထားပြီး နယ်မြေများဖြင့် အားမရ၊ လက်ကျန်ကို ရှင်းနိုင်ဖို့ ပြဿနာကို အမျိုးမျိုးရှာ၊ မင်းတုန်းမင်းတရားလည်း စိတ်မချမ်းသာ၊ အိမ်ရှေ့စံကနောင်မှာလည်း မခံမရပ်နိုင်ဖြင့် စစ်ဆင်နွှဲလိုစိတ်ပင်ပေါက်၊ ရွှေပြည်တော် အနာဂတ်အရေးက ရင်မအေးစရာဟုသာ ရေးပါရစေ။

ဖြစ်စဉ်များမှာ ဤသို့ဖြစ်သည်။ အင်္ဂလန်တွင် လစ်ဘရယ်အစိုးရပြုတ်ကျကာ ဒွန်ရယ်လီခေါင်းဆောင်သည့် ကွန်ဆာဗေးတစ်အစိုးရတက်လာခဲ့သည်။ ထိုအခါ အိန္ဒိယဘုရင်ခံချုပ်အဖြစ် လစ်တန်ကို ပြောင်းလဲခန့်အပ်လိုက်သည်။ မြန်မာနိုင်ငံ၏ ကံကြမ္မာဟု ဆိုရမည်။ လစ်တန်ဆိုသူကား လောဘဇောပိုင်ရှင် နယ်ပယ်ချဲ့ထွင်ရေး ဝါဒီတစ်ဦးဖြစ်သည်။ လစ်ဘရယ်အစိုးရလက်ထက်တွင် အိန္ဒိယဘုရင်ခံချုပ်အဖြစ်ဆောင်ရွက်ခဲ့သည့် နော့ဘရွတ်သည် မြန်မာနိုင်ငံအား အပြီးအပိုင်သိမ်းပိုက်ရေးအစီအစဉ်ကို ကန့်ကွက်ခဲ့သူဖြစ်သည်။ ယခု ဘုရင်ခံချုပ်အသစ်ဖြစ်သည့် လစ်တန်ကား ထိုသို့မဟုတ်။ ရန်ကုန်နှင့် လန်ဒန်ရှိ ကုန်သည်ကြီးများအသင်းများကလည်း အထက်မြန်မာနိုင်ငံကို သိမ်းယူရန် ဖိအားပေးနေကြသည်။ ထို့ကြောင့်ပင် အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို အပြီးအပိုင် သိမ်းပိုက်လိုက်ကြခြင်းဖြစ်သည်။ (**ကျားသနားရှ၍ နွားချမ်းသာခြင်းမရှိပါ။ ယခုကျားကား နယ်ချဲ့ကျားငစဉ်းလဲ**)



www.burmeseclassic.com

www.burmeseclassic.com



အထက်မြန်မာနိုင်ငံကို နယ်ချဲ့တို့သိမ်းလိုက်သည့်အတွက် အင်္ဂလိပ်သတင်းစာအချို့နှင့် အိန္ဒိယသတင်းစာအချို့က ကန့်ကွက်ရေးသားခဲ့ကြသည်။ အကြောင်းပြချက်ခိုင်လုံမှု မရှိသည့် လုပ်ရပ်ဟု။ ထားလ်မတ် နှင့် ပညာရှင်များကလည်း မြန်မာနိုင်ငံတွင် စစ်ပွဲသုံးကြိမ်ဖြစ်မှုအပေါ် ကန့်ကွက်ရေးသားခဲ့ကြ၏။ အိန္ဒိယ၊ အင်္ဂလန်နှင့် ကမ္ဘာ့အနှံ့အပြားမှ လူထုများကလည်း အင်္ဂလိပ်က မြန်မာပြည်ကို ကျူးကျော်သိမ်းပိုက်ခြင်းအတွက် မနှစ်သက်ခဲ့ကြ။ လက်သင့်မခံခဲ့ကြ။

ဒါ့ကြောင့်ပဲဟု ဆိုပါရစေ။ နယ်ချဲ့သည် နိုင်ငံရေးအကြောင်းပြဆင်ခြေဆင်လက်များအပြင် မြန်မာဘုရင်နှင့် မိသားစုတို့၏ ကိုယ်ကျင့်တရားနှင့် ကိုယ်ရေးကိုယ်တာကိစ္စများကို အပြစ်ပြောစရာ၊ အကြောင်းပြစရာ အဖြစ် ရှာဖွေကာ ဘုရင်နှင့်မိသားစုတို့၏ အကျင့်သိက္ခာကို ညစ်နွမ်းစေရန်၊ မှေးမှိန်သွားစေရန် လည်ဆယ်ဝါဒဖြန့်ခဲ့ကြခြင်းသာ ဖြစ်သည်။

စာရေးသူရေးလိုသည်ကမူ ....

မြန်မာတွေ ဘာ့ကြောင့်ကျွန်ဖြစ်ခဲ့ရသလဲဟုမေးလျှင် ဤသို့ ဖြေလိုက်ချင်ပါ၏။

အဖြေက ရှင်းသည်။

အမှန်တရားကို အပေါ်ယံမျှ မကြည့်ပဲ နက်နက်ရှိုင်းရှိုင်း ကြည့်လိုက်မည်ဆိုပါက နယ်ချဲ့စနစ်ဆိုးကြောင့်။

တစ်နည်းအားဖြင့်

**'နယ်ချဲ့စနစ်ဆိုးဖြင့် အင်အားကြီးသူက အင်အားနည်းသူကို မတရား အနိုင့်အထက်ပြုသဖြင့် ကျွန်ဖြစ်ခဲ့ရသည်'** ဟုသာ ရေးလိုပါသည်။

**ဟိန်းဇေ**



# စာရေးသူ၏အမှာ

ကုန်းဘောင်နောက်ဆုံးမင်းဖြစ်တဲ့ သီပေါဘုရင်ကို ယစ်ထုတ်ကြီး၊ လူသတ်ကောင်၊ လူပျော့လူညံ့၊ မယားကြောက် စသဖြင့် နိုင်ငံခြားသား စာရေးဆရာ သမိုင်းဆရာတွေက ရေးသားခဲ့ကြတယ်။ ဒီလိုပဲ မိဖုရားကြီး စုဖုရားလတ်ကိုလဲ သွေးဆာသူ ရက်စက်သူ၊ အတ္တကြီးသူ၊ အုပ်ချုပ်ရေး ကိစ္စတွေမှာဝင်ရောက် စွက်ဖက်သူ မိန်းမရိုင်းကြီးအဖြစ် ရေးသားခဲ့ကြတယ်။

နယ်ချဲ့ကိုလိုနီဝါဒကို သက်ကိုင်ထားတဲ့ကျူးကျော်သူတွေဟာ သူတို့ရဲ့ရပ်တည်မှုအရ သူတို့နေရာကနေ ဘက်လိုက်ပြီး ရေးသားကြတဲ့အတွက် ကမ္ဘာ့အလယ်မှာ မြန်မာဘုရင်နဲ့ မိဖုရားတို့ သိက္ခာကျခဲ့ကြရတယ်။ အဆိုးမြင်ခံခဲ့ကြရတယ်။ ကျူးကျော်သူတွေဟာ သူတို့သိစေမြင်စေချင်တာကို ပုံကြီးချဲ့၊ မသိစေ မမြင်စေချင်တာကို ကွယ်ဝှက်၊ မကွယ်ဝှက် နိုင်လဲ မှေးမှိန်အောင်လုပ်ပြီး၊ မြန်မာတွေရဲ့ အပြစ်အနာအဆာတွေကို ပုံကြီးချဲ့ခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားသားတွေက သူတို့ကိုယ်ကို သူတို့ကယ်တင်ရှင်ကြီးတွေအဖြစ် အမွှမ်းတင်၊ သူတို့သိ သူတို့တတ်လုပ်ပြီး၊ မြန်မာဘုရင်၊ မိဖုရားနဲ့မှူးမတ်တွေကို အပြစ်ဖို့ သိက္ခာချရေးသားကြတာတွေဟာ သူတို့အလုပ်ကို သူတို့လုပ်တာပဲလို့ ညှာရေးညှာတွေးကြသူတွေလဲ ရှိပါတယ်။

ကျွန်တော် နားမလည်နိုင်တာတစ်ခုက မြန်မာစာရေးဆရာတစ်ချို့က ကျူးကျော်သူတွေရဲ့ လေသံကိုလိုက်၊ သီပေါဘုရင်နဲ့ မိဖုရားကို သုံးစားလို့မရလောက်အောင် ရှုံ့ချရေးသားခဲ့ကြတယ်။ ဒီလူတွေဟာ ဘယ်သူ့အလိုကျများ ရေးနေကြပါလိမ့်လို့ တွေးနေမိပါတယ်။

စုဖုရားလတ်ရှင်းတမ်းကိုရေးဖို့ ကျွန်တော် တော်တော်လက်တွန့်မိပါတယ်။ သမိုင်းအခြေခံတဲ့ စာတွေကို လွယ်လွယ်နဲ့ ရေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ကုန်းဘောင်ခေတ်နဲ့ပတ်သက်တဲ့ စာအုပ်စာတမ်းတွေကို လက်လှမ်းမီသမျှ ရှာပြီးဖတ်ရတယ်။ အချက်အလက်တွေကို မှတ်သားရတယ်။ ဒီ့အတွက် အချိန်လဲ တော်တော်ယူခဲ့ရပါတယ်။

ကုန်းဘောင်ခေတ်ဖြစ်ရပ်တွေထဲမှာ ဖျတ်လတ်တက်ကြွပြီး ရဲရင့်ထက်မြက်နေတဲ့ စုဖုရားလတ်ကို ကျွန်တော်တွေ့တယ်။ အသက် (၁၉)နှစ်မှာ မိဖုရားဖြစ်တဲ့ စုဖုရားလတ်။ သူဟာ တစ်လင်တစ်မယားစနစ်ကို လိုလားသူ။ သီပေါဘုရင်ရဲ့အပေါ်မှာ တစ်ပါးတည်းနေလိုသူဖြစ်တယ်။

ရဲရင့်တာနဲ့အမျှ တစ်ခုခုလုပ်ချင်ပြီဆိုရင် တဇွတ်ထိုးလုပ်တတ်တဲ့ ချို့ယွင်းချက်ကတော့ စုဖုရားလတ်မှာ ရှိတယ်။ အမှားတွေရှိတယ်၊ တိမ်းချော်ခဲ့တာတွေလဲရှိတယ်။ အသက်ငယ်ငယ်မှာ အာဏာရလာသူဆိုတော့ မောက်မာတာ ရက်စက်တာလဲရှိမှာပဲ။ ဒါပေမယ့် ,တကယ်တန်း





အဖြေမှန်ကိုတွေးရင်တော့ စုဖုရားလတ်ဟာ သူနဲ့သွေးသားမကင်းတဲ့ မင်းညီမင်းသားတွေကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ပစ်လောက်အောင်တော့ မရက်စက်နိုင်ပါဘူး၊ ဒါကို ကျွန်တော် ရဲရဲကြီးပြောချင်ပါတယ်။

မင်းညီမင်းသားတွေကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့တဲ့ နန်းတွင်းလုပ်ကြံမှုကြီးဟာ သီပေါဘုရင်နဲ့ စုဖုရားလတ်တို့ရဲ့အမိန့်ကြောင့် မဟုတ်နိုင်ပါဘူး၊ ဒီအလုပ်ကို သွေးဆာရက်စက်တဲ့ အုပ်စုတစ်စုက လုပ်ခဲ့တယ်ဆိုတာကို ပညာရှင်အများအပြားက ပြောကြဆိုကြ ရေးသားခဲ့ကြတာရှိပါတယ်။

အသက် (၂၀) အရွယ်မှာ ထီးနန်းစည်းစိမ်ကို ရခဲ့တဲ့ သီပေါဘုရင်ဟာ မိဖုရားကြီးဆင်ဖြူမရှင်နဲ့ ကင်းဝန်မင်းကြီးတို့ရဲ့အစီအစဉ်အရသာ မဟုတ်ရင် မင်းတုန်းမင်းရဲ့ထီးမွေနန်းမွေကို ဆက်ခံတဲ့ ဘုရင်ဖြစ်လာစရာအကြောင်းရှိခဲ့သူမဟုတ်ပါဘူး။ နန်းတက်စမှာ ဘုရင်ဟာ ဆင်ဖြူမရှင်နဲ့ ကင်းဝန်မင်းကြီးတို့ ကြိုးဆွဲရာကခဲ့ရတဲ့ ရုပ်သေးရုပ်တစ်ရုပ်ပါ။

သီပေါဘုရင်က မင်းညီမင်းသားတွေကိုသတ်ဖို့ သူအမိန့်မပေးခဲ့ဘူး။ သိတောင်မသိဘူးလို့ ပါတော်မူချိန်မှာ လန်ဒန်တိုင်း သတင်းထောက်မှိုင်လင်ကို ထုတ်ဖော်ပြောကြားခဲ့တဲ့ အထောက်အထားတွေရှိပါတယ်။ စုဖုရားလတ်ကလဲ ဒီသတ်ဖြတ်မှုအကြောင်းကို နောက်မှသိကြရတယ်လို့ မြန်မာမျိုးချစ်ပုဂ္ဂိုလ် စာပေပညာရှင်တွေကို ရှင်းပြကြောင်းလေ့လာရပါတယ်။

စုဖုရားလတ်က နန်းတွင်းလုပ်ကြံမှု ကျူးလွန်ခဲ့ အမိန့်ပေးခဲ့သူဟုတ်မဟုတ် ဆန်းစစ်ကြည့်ရမယ်ဆိုရင် မဟုတ်ဘူးလို့သာ အဖြေထွက်ပါလိမ့်မယ်။ ဒီနေရာမှာ ကျွန်တော့်အတွေး ကျွန်တော့်အမြင်ကို ပြောပါရစေ။



www.burmeseclassic.com

www.burmeseclassic.com



နန်းတက်စမှာ အသက်ငယ်ငယ်ပဲ ရှိသေးတဲ့ စုဖုရားလတ်ဟာ ဒီလောက်ကြီးမားတဲ့ လုသတ်မှုတွေကို ကျူးလွန်ရလောက်အောင် အသည်းမမာဘူးလို့ ထင်ပါတယ်။ စဉ်းစားကြည့်ပါ။ အသက်ငယ်ငယ် ရွယ်ရွယ် မြန်မာအမျိုးသမီးတစ်ယောက်ဟာ ဒီလောက်ကြီးမားလှတဲ့ သူသတ်ပွဲကြီးကို ဦးဆောင်နိုင်ပါ့မလား။ သွေးထွက်သံယိုမြင်ကွင်းတွေကို အရသာခံကြည့်ရဲပါ့မလား။ အသက်က အခုမှ (၁၉) နှစ်၊ သီပေါဘုရင် ထီးနန်းရဖို့ ဦးဆောင်ခဲ့တာကလဲ သူမဟုတ်ပါဘူး။ ဒီကိစ္စမှာ သူလုံးဝ မပါခဲ့ပါဘူး။

နောက်တစ်ခုက သီပေါဘုရင်ဟာ နိုင်ငံခြားသတင်းထောက်တွေ သတင်းစာတွေမှာ ရေးသလို အရက်သမားလည်းမဟုတ်ဘူး၊ ဘာသာရေးကို ကိုင်းရှိုင်းတဲ့သူပါ။ စိတ်သဘောထားပျော့ပျောင်းပြီး ယုံလွယ်တတ်တာ ကတော့ သူ့ချို့ယွင်းချက်တစ်ခုပါပဲ။ ဒါပေမယ့် အပြစ်မှန်သမျှ သီပေါဘုရင်နဲ့မိဖုရား စုဖုရားလတ်တို့ဆီကချည်း လာတယ်ဆိုတာကိုတော့ ကျွန်တော် ပြတ်ပြတ်သားသား ဆန့်ကျင်ပါတယ်။

ရွှေမြို့တော်မှာရှိတဲ့ ငွေဝယ်ကျွန်၊ အပေါင်ခံကျွန်တွေကို စာရင်းပြု လျော်ကြေးပေးရွေးနှုတ်ပြီး၊ ရဟန်းပြုပေး သာသနာ့ဆောင်ကို သွတ်သွင်းပေးနဲ့ ကောင်းတဲ့အလုပ်တွေ လုပ်ခဲ့တဲ့ ဘုရင်နဲ့မိဖုရားမှာ ချို့ယွင်းချက်တွေလည်း ရှိခဲ့မှာပါပဲ။ ဒါကိုတော့ ဘယ်သူမှ မငြင်းနိုင်ပါဘူး။

ကျွန်တော့်အနေနဲ့ ဒီစာအုပ်ကိုရေးသားရာမှာ အဖြစ်မှန်တွေကို အနီးစပ်ဆုံးဖြစ်အောင် ချဉ်းကပ်ရပါတယ်။ သေသေချာချာ လေ့လာရပါတယ်။ ကိုယ့်ရဲ့တွေးခေါ်မှုတွေမပါတဲ့ စာအုပ်ဖြစ်အောင် ကြိုးစားရပါတယ်။ အဓိကက သမိုင်းဖြစ်စဉ် မှန်ဖို့ပါ။





သီပေါဘုရင်နတ်ရွာစံချိန်မှာ သရဏဂုံမတင်ရမခြင်း မသွင်ကြိုပ်ဘူးဆိုပြီး၊ ယုတ်မာညစ်ညမ်းတဲ့နယ်ချဲ့ကြောင့် အလောင်းတော်ကို ရတနာဂီရိစံအိမ်မှာ နှစ်နှစ်နဲ့ သုံးလတိတိ ထားခဲ့တာဟာလည်း ညြချယူရလောက်တဲ့ အကြောင်းကိစ္စတစ်ခုပါ။ ဒီနေရာမှာ ဆုံးဖြတ်ရဲ လုပ်ကိုင်ရဲတဲ့ စုဖုရားလတ်ရဲ့ သတ္တိနဲ့ရဲရင့်မှုတွေကို တွေ့ရပါလိမ့်မယ်။

နောက်တစ်ချက်က သဲသဲမဲမဲချစ်တတ်တဲ့ သဝန်ကြောင်တတ်တဲ့ စုဖုရားလတ်မှာ မျိုးချစ်စိတ်ကတော့ အပြည့်ရှိပါတယ်။ နယ်ချဲ့အင်္ဂလိပ်တွေကို ဒူးထောက် အရှုံးပေးလိုစိတ် နည်းနည်းမှမရှိဘူး၊ ကွယ်လွန်သွားတဲ့အထိပါပဲ။ ဒါကတော့ သေချာပါတယ်။

အင်္ဂလိပ်တွေဟာ နန်းတွင်းလုပ်ကြံမှုနဲ့ပတ်သက်ပြီး ပြဿနာရှာခဲ့တယ်။ ဘုံဘေဘားမားသစ်ခိုးမှုကိစ္စမှာ ဘယ်လောက်ပဲပြေလည်အောင်လုပ်လုပ် ပြေလည်ချင်စိတ်မရှိ ဖြစ်ခဲ့တယ်။

ဒီအကြောင်းတွေဟာ အင်္ဂလိပ်က အထက်မြန်မာပြည်ကို ကိုက်နိုက်သိမ်းပိုက်စေတဲ့ အကြောင်းရင်းမဟုတ်သလို စုဖုရားလတ်နဲ့ ဝန်ကြီးတွေ၊ နယ်ချဲ့ကိုတိုက်လိုသူတွေရဲ့ သူ့ကျွန်တော့မခံဘူး၊ တိုက်ရင်း နဲ့ သေမယ်ဆိုတဲ့ လူတွေကြောင့်လည်း မဟုတ်ပါဘူး၊ ဘာကယ်တော့ အင်္ဂလိပ်တွေက အထက်မြန်မာပြည်ကို သိမ်းပိုက်ဖို့ ဆုံးဖြတ်ထားခဲ့တာ ကြာပါပြီ။ ဒါကြောင့်လဲ သီပေါဘုရင်နဲ့ မှူးမတ်တွေက ဘယ်လောက်ပဲ ကိုက်လျှောလိုက်လျှော မကျေနပ်ပဲ ဝံပုလွေနဲ့သိုးငယ် ပုံပြင်ထဲကလို င်းမဟုတ်ရင် နင့်အဖေဆိုတာလို ပြဿနာရှာနေကြသူတွေပဲဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီစာအုပ်ကိုရေးသားနိုင်ဖို့ မိုငြိမ်းကိုးကားစရာ စာအုပ်စာတမ်းတွေ ရှာဖွေရာမှာ ကူညီခဲ့တဲ့ အမျိုးသားစာကြည့်တိုက်မှူးနဲ့ ဝန်ထမ်းများ၊ ဆော်ဘုရားကလေး ဦးအောင်ဖေရဲ့ဆောင်းပါးများပါတဲ့ ကလျာမဂ္ဂဇင်းတွေကို မိတ္တူကူးပေးပြီး ကူညီခဲ့တဲ့ စာရေးဆရာမကြီး ဒေါ်ကလျာ (ဝိဇ္ဇာသိပ္ပံ)၊ ရှားပါးတဲ့သမိုင်းဆိုင်ရာ စာအုပ်စာတမ်းတွေကို ရှာဖွေပေးခဲ့တဲ့ တူမ ဒေါ်ခင်မေဦး (နည်းပြ၊ ရန်ကုန်တက္ကသိုလ်၊ သမိုင်းဌာန)၊ စုဆောင်းသိမ်းဆည်းထားတဲ့ ရှားပါးစာအုပ်တွေကိုငှားရမ်းပြီး အချက်အလက်တွေကိုပါ ကူညီရှာဖွေပေးခဲ့တဲ့ တူမောင် တင်ထွန်းအောင်နဲ့ စုဖုရားလတ်ရှင်းတမ်းစာအုပ်ကို ရေးသားပြုစုရာမှာ အကြံဉာဏ်ကောင်း တွေနဲ့အတူ စိတ်ပါကိုယ်ရောက်လုပ်ပေးခဲ့တဲ့ စိုးစာပေက ရေးဖော်ကြီး ဆရာဟိန်းဓေ တို့ကို အထူးပဲကျေးဇူးတင်ပါတယ်။

ကျွန်တော့် ကြိုးစားအားထုတ်မှုက စာဖတ်သူများအတွက် အကျိုးလေးတစ်ခု ပြုနိုင်ခဲ့တယ်ဆိုရင်ပဲ ကျေနပ်လှပါပြီ။

**ကောင်းထက်**

□□□



# အသက်ပေါင်းများစွာ ရှင်းတည်းကာ

တောင်စွယ်တွင် နေကွယ်ပြီ။

မန္တလေးနေပြည်တော်သည် မှောင်ရိပ်သို့ ဝင်စပြုလေပြီ။

ရွှေနန်းတော်ကြီး၏ ပွဲကြည့်ဆောင်မှ ဆိုင်းသံဗုံသံများ ဝေဝေစည်စည်ပေါ်ထွက်လာသည်။ နေပြည်တော် နေရာအနှံ့အပြားတွင် ဆင်ယင်ကျင်းပနေသော ပွဲလမ်းသဘင်တို့မှ တီးသံမှုတ်သံတို့ကိုလည်း ကြားရစပြုလာ၏။

ပွဲကြည့်ဆောင်တွင် နန်းတွင်းသူနန်းတွင်းသားများ စုံစုံညီညီ ရောက်ရှိနေကြသည်။ ဝန်ကြီးများ မှူးမတ်များတို့သည် သူ့အဆင့်နှင့်သူ သူ့ရာထူးနှင့်သူ၊ အိမ်သူသက်ထား ဇနီးမယားများနှင့်အတူ နေရာယူလျက် ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းတော်မဟာဆီမှ ဘုန်းတော်ဘွဲ့တီးမှုတ်သံက ပွဲကြည့်ဆောင်တစ်ခုလုံးကို ဖုံးလွှမ်းမတတ် ပေါ်ထွက်လာသည်။ ပွဲကြည့်ဆောင်ရှိ သလွန်တော်ပေါ်တွင် အတူတကွ စံမြန်းနေသော မင်းနှင့် မိဖုရားတို့၏ မျက်နှာများတွင် အလိုပြည့်ကျေနပ်ဟန်များ ထင်ဟပ်နေပါသည်။

ရွှေနန်းတော်၏ညသည် အတီး အမှုတ် အက အခုန်တို့ဖြင့် စည်ပင်လာသည်။ သီပေါဘုရင်နှင့် စုဖုရားလတ်တို့သည် စိတ်နှလုံးအေးချမ်းစွာဖြင့် ပွဲသဘင်ကို ကြည့်ရှုနေသည်။ ပွဲကြည့်ဆောင်တွင် ရှိနေကြသူတို့၏မျက်နှာများမှာလည်း အပြုံးများဖြင့် ဝင်းလက်နေသည်။

နန်းတော်ကြီးတစ်ခုလုံး ဆူညံစွာ ပွဲလမ်းသဘင် ဆင်ယင်နေချိန်တွင် နန်းတွင်းတစ်နေရာ၌ လျှို့ဝှက်လှုပ်ရှားနေသော လူတစ်စုက ရှိနေသည်။ ထိုသူတို့မှာ သီပေါဘုရင်၏လမ်းကြောင်းဖြောင့်ရေးအတွက် ရှင်းလင်းနေသော အာဏာပါးကွက်သားများပင်ဖြစ်၏။

အရက်သောက်ပြီး ရဲဆေးတင်ထားသော အာဏာပါးကွက်သားများသည် မင်းတုန်းဘုရင်မင်းမြတ်၏ရင်သွေးတော် မင်းညီမင်းသားများအား လည်မြိုကို တုတ်ဖြင့်ရိုက်၍ တစ်ယောက်ပြီး တစ်ယောက် အဆုံးစီရင်နေကြသည်။ သွေးအေးအေးဖြင့် သတ်ဖြတ်ပြီးသမျှ မင်းညီမင်းသား မဟာဆီမဟာသွေးတို့၏ ရုပ်အလောင်းများကို ကတ္တီပါအိတ်အနီများတွင် ထည့်ကာ မြေကျင်းထဲသို့ ပစ်ချကြသည်။

အကျဉ်းခံမင်းသား၊ မင်းသမီးနှင့် ကလေးငယ်များစွာတို့မှာ လည်မြိုပေါ်သို့ကျလာသည့်တုတ်များတွင် အသက်ပါသွားကြသည်။ ကယ်ပါယူပါနှင့် အသနားခံသံများ ပေါ်ထွက်နေခဲ့သော်လည်း မကြာခင်မှာပင် ထိုအသံများ ပျောက်ကွယ်သွားရပြီ။

လူသတ်ပွဲကို ဦးစီးဦးဆောင်ပြုနေသော တိုင်တားမင်းကြီးနှင့် ရနောင်မင်းသားတို့၏ မျက်နှာမှာ ကြင်နာသနားဟန်မရှိ။ သူတို့သည်





မင်းပျိုမင်းလွင်ဖြစ်သော သီပေါဘုရင်၏လမ်းကြောင်းပေါ်မှ အမိုက်သရိုက်များနှင့်တူသည့် မင်းညီမင်းသား မဟာဆီမဟာသွေးများကို ပြတ်ပြတ်သားသား ဖယ်ရှားရှင်းလင်းပစ်နေသည်။

၁၈၇၉ ခု ဖေဖော်ဝါရီ ၁၅ ရက်နေ့တွင် စခဲ့သော လူသတ်ပွဲသည် တစ်ညနှင့် အဆုံးမသတ်နိုင်ခဲ့။ ကျူးပင်ခုတ်ကျူငုတ်မကျန်ဆိုသကဲ့သို့ မိမိတို့ကြိုးဆွဲတိုင်းရမည့် ကြိုးဆွဲတိုင်းကမည့် သီပေါဘုရင်အတွက် အန္တရာယ်မှန်သမျှ ရှင်းလင်းသည့်အလုပ်ကို အာဏာယစ်မူးသော မှူးမတ်တစ်စုက ရှင်းလင်းသည့်တိုင် လုပ်ကိုင်နေကြသည်။

ကတ္တီပါအိတ်အနီတွင် ထည့်လိုက်သည့် မင်းညီမင်းသား မင်းသမီးများ၏အလောင်းတို့ကို မြေတွင်းထဲထည့် မြေဖို့ကာ မြေသားသိပ်စေရန် ဆင်နှင့်နင်းကြသည်ကို အချိန်လွန်မှ ဘုရင်နှင့်မိဖုရားတို့ သိရှိကြရသည်။

သီပေါဘုရင်သည် မိမိ၏နောင်တော်များ အသတ်ခံရပြီဆိုသည့် သတင်းစကားကို ကြားလိုက်ရချိန်တွင် စိတ်ထိခိုက်ကြေကွဲသွားခဲ့ရသည်။ နောင်တော်များအား အကျဉ်းချယုံချထားပါ၊ မသတ်ပါနှင့်ဟု အမိန့်ထုတ်ပြန်ခဲ့ပါလျက် ယခုလို သတ်ဖြတ်ရှင်းလင်း လိုက်ကြခြင်းအတွက် မျက်ရည်ကျမိမတတ်ဖြစ်ရသည်။

ရက်စက်ကြမ်းကြုတ်လှသော ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းလှသော အဖြစ်ဆိုးကြီးသည် သီပေါဘုရင်အတွက်မူ အိပ်မက်ဆိုးကြီးသာ ဖြစ်သည်။

မမျှော်လင့်ဘဲ ရရှိလာသော ထီးနန်းစည်းစိမ်အတွက် ပေးဆပ်လိုက်ရသည့်တန်ဖိုးက များလွန်းလှပါကလားဟု သီပေါဘုရင် တွေးသည်။ မိမိ၏ သွေးရင်းသားရင်းညီနောင်များ၏ အလောင်းတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဆော့ကားသဖွယ်နင်းကာ ရာဇပလ္လင်ပေါ်သို့ တက်ခဲ့ရသည့်အဖြစ်မှာ သာသနာ့ဘောင်မှထွက်လာသည့် သီပေါရှင်ဘုရင်အတွက် ဆိုးဝါးလွန်းပေ၏။

သီပေါဘုရင်ကဲ့သို့ စိတ်ထားနူးညံ့သူကိုမဆိုထားနှင့်။ ထက်မြက်သော ပြတ်သားသော စုဖုရားလတ်ကိုယ်တိုင်ပင်လျှင် မင်းညီမင်းသားတို့၏အဖြစ်ဆိုးကြောင့် စိတ်ထိခိုက်ကြေကွဲသွားခဲ့ရသည်။

ထီးနန်းစည်းစိမ်ကို ရရှိပြီး သုံးလကျော်မျှသောအချိန်အတွင်း၌ သီပေါဘုရင်အတွက် ထီးနန်းအလုခံရမည့်အခြေအနေမှ ကင်းဝေးသွားခဲ့ရပြီ ဖြစ်သည်။

အရှင်နှစ်ပါးကို သစ္စာစောင့်သိရေးသာ ဦးထိပ်ပန်ဆင်ထားသော တိုင်တားမင်းကြီးသည်လည်းကောင်း၊ ဘုရင်၏နောင်တော်အဖြစ် ဘုန်းမီးနေလတောက်ပနေသော ရနောင်မင်းသား မောင်မောင်တုတ်သည်လည်းကောင်း၊ ကြိုးဆွဲရာကလိမ့်မည်ဟု မျှော်လင့်လျက် သီပေါမင်းသားကို နန်းပလ္လင်ပေါ်သို့ဆွဲတင်ခဲ့သော ဆင်ဖြူမရှင်မိဖုရားကြီးသည်လည်းကောင်း၊ မင်းညီမင်းသား အနွယ်တော်ရှစ်ဆယ်ကျော်တို့ကို ရှင်းလင်းသုတ်သင်ခဲ့ခြင်းအတွက် တုန်လှုပ်ကြဟန်မရှိခဲ့ကြ။

သွေးဆာရက်စက်သူတို့ကြောင့် မြန်မာ့သမိုင်းစာမျက်နှာမှာ သွေးစွန်းညစ်နွမ်းခဲ့ရသည်။ သီပေါဘုရင်၏ ထီးနန်းစည်းစိမ်မှာ အသက်ပေါင်းများစွာဖြင့် ရင်းတည်ကာ စခဲ့ရလေသည်။

❑ ❑ ❑



# ရုပ်သေးရုပ်တော့မဖြစ်လို

မင်းတုန်းမင်းတရားကြီး၏နောက်ဆုံးအချိန် နီးကပ်လာချိန်တွင် ဆင်ဖြူမရှင် (အလယ်နန်းမတော်မိဖုရား) နှင့် ကင်းဝန်မင်းကြီးဦးကောင်းတို့ မကြာခဏတွေ့ဆုံကာ တိုင်ပင်ဆွေးနွေးခဲ့ကြသည်။ ရှေ့ဘုံနိဒါန်း၏ စည်းမျဉ်းဥပဒေအရ မိဖုရားခေါင်ကြီးဖြစ်ခွင့်မရခဲ့သော ဆင်ဖြူမရှင်သည် မိမိ၏သြဇာအာဏာသက်ရောက်မည့် မင်းသားတစ်ပါးကို နန်းတင်လိုနေသည်။ ကင်းဝန်မင်းကြီးက စည်းမျဉ်းခံဘုရင်စနစ်ဖြင့် တိုင်းပြည်ကို အုပ်ချုပ်လိုသူပီပီ ဆင်ဖြူမရှင်၏အကြံကို သဘောကျသည်။

အာဏာကို ရင်ဝယ်ပိုက်လိုသောမိဖုရားကြီးနှင့် စည်းမျဉ်းခံဘုရင်စနစ်ကို အလိုရှိသောကင်းဝန်တို့သည် ခပ်ပျော့ပျော့ ခပ်အေးအေး အဆိပ်မရှိသော မင်းသားတစ်ပါးကို မြင်ကြသည်။ ထိုမင်းသား ငယ်မှာ ဆင်ဖြူမရှင်၏သမီးတော် စုဖုရားလတ်နှင့် ချစ်ကြိုးသွယ်နေသော သီပေါမင်းသားငယ်ပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သီပေါမင်းသားသည် လောင်းရှည်မိဖုရား၏သားတော် ဖြစ်သည်။ လောင်းရှည်မိဖုရားမှာ မင်းတုန်းမင်း၏အငြိုးအငြင်ကိုခံရသဖြင့် မဆောင်မရှားနေခဲ့ရသော မိဖုရားဖြစ်သည်။

သီပေါမင်းသားမှာ ကိုရင်ဘဝဖြင့် မောင်းယောင်ဆရာတော်ထံတွင် စာပေသင်ကြားခဲ့သည်။ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သည်။ ပါဠိဘာသာကို ကောင်းစွာတတ်ကျွမ်းသည်။ အင်္ဂလိပ်ဘာသာကို အခြားညီတော် နောင်တော် နှစ်ဦးနှင့်အတူ ခင်ကြီးမတ်၏သံတဲကျောင်း (ဒေါက်တာမတ်၏ အက်စ်ပီဂျီ သာသနာပြုကျောင်း) တွင် တက်ရောက်သင်ကြားခဲ့သည်။

စာတော်သော၊ ဘာသာတရားကို ရိုသေကိုင်းရှိုင်းသော ယောက်ျားပီသသည့် ရုပ်ရည်သွင်ပြင်ရှိသော၊ နူးညံ့သိမ်မွေ့သည့်စိတ်ထားရှိသော သီပေါမင်းသားသည် သမီးတော်တစ်ပါးပါးသို့မဟုတ် သမီးတော်အားလုံးနှင့် လက်ဆက်ပေးရန် ရည်ရွယ်ရင်းရှိသည့် ဆင်ဖြူမရှင်၏ ကျေးဇူး၊ အုပ်ချုပ်ရေးအာဏာကို လက်ဝယ်ရရှိလိုသော ကင်းဝန်၊ လေ့သင်းအတွင်းဝန်နှင့် တိုင်တားမင်းကြီးတို့၏ ကျေးဇူးကြောင့် ရုတ်တရက် မင်းအဖြစ်သို့ ရောက်ရှိလာခဲ့ရသည်။

သီပေါမင်းသားကို နန်းတင်မည်ဟုဆုံးဖြတ်ပြီးသည်နှင့် ဆင်ဖြူမရှင့်မိဖုရားနှင့် ကင်းဝန်မင်းကြီးတို့သည် လျှို့ဝှက်သည့်အကြံအစည်ကို အကောင်အထည်စဖော်သည်။

မင်းတုန်းမင်း၏အမိန့်ဖြင့် သားတော်သမီးတော်တို့ကို နန်းတွင်းသို့ ခေါ်ယူစဉ်တွင် မင်းညီမင်းသားတို့မှာ ဖခမည်းတော်ထံသို့ မရောက်ဘဲ အဖမ်းအဆီးခံလိုက်ကြရသည်။ ကင်းဝန်မင်းကြီးသည် လုပ်ရည် ကိုင်ရည် ကြံရည် ဖန်ရည်ရှိသော မင်းညီမင်းသားများကို ဖမ်းဆီးပြီး အကျဉ်းချထားလိုက်၏။ ညောင်ရမ်းမင်းသားနှင့် ညီတော်ညောင်အုပ် မင်းသားတို့ကမူ ယင်းလျှို့ဝှက်အကြံအစည်ကို ကြိုတင်သတင်းရသဖြင့် ထွက်ပြေးလွတ်မြောက်သွားခဲ့ကြသည်။





မိမိ၏သားတော်များ အဖမ်းအဆီးခံရသည့်သတင်းကို မင်းတုန်းမင်းတရားကြီး ကြားသိသည့်အခါ ပြင်းထန်စွာတုန်လှုပ်သွားသည်။ မင်းတရားကြီးက သားတော်များအား အကျဉ်းထောင်မှ ချက်ချင်းလွှတ်ပြီး ရှေ့တော်သို့သွင်းစေသည်။ သုံးဆယ်မင်းသား၊ မက္ခရာမင်းသား၊ ညောင်ရမ်းမင်းသားတို့အား နယ်မြေများ ခွဲဝေအုပ်ချုပ်ရန် စီမံပေးသည်။ သို့သော် မကျန်းမမာဖြစ်နေရှာသည့် မင်းတရားကြီး၏အစီအမံတို့မှာ အရာမထင်။ မင်းညီမင်းသားများ ဉယျာဉ်တော်အတွင်း၌ ပိတ်ဆို့ဖမ်းဆီးခြင်းကို ခံလိုက်ရသည်။

မင်းညီမင်းသားများ အဖမ်းအဆီးခံရပြီးသည့်နောက်တွင် ကင်းဝန်မင်းကြီးက လွှတ်တော်အစည်းအဝေးကိုခေါ်ယူကာ သီပေါကိုယ်တော်လေးကို နန်းတင်ရေးအတွက် စိုင်းပြင်းသည်။ ဝန်ကြီးများ မှူးမတ်များ၏ ထောက်ခံချက်ကို ရယူပြီး မင်းတုန်းမင်းတရားကြီးထံ တင်ပြကာ အတည်ပြုချက်ရယူသည်။ အတည်ပြုချက်ရမရ မသိရသော်လည်း မင်းတုန်းမင်းတရားကြီး နတ်ရွာစံကံတော်ကုန်သည်နှင့် ကင်းဝန်မင်းကြီးတို့က သီပေါကိုယ်တော်လေးကို ထီးနန်းလွှဲအပ်လိုက်ကြသည်။

ရှင်လူထွက် သီပေါကိုယ်တော်လေးသည် နေ့ချင်းညချင်းပင် ရတနာပုံနေပြည်တော်ကို စိုးမိုးအုပ်ချုပ်ရသော ဘုရင်မင်းမြတ်အဖြစ်သို့ ရောက်ရှိသည်နှင့် သူ၏ချစ်သူ စုဖုရားလတ်အား နန်းတော်တွင်းသို့ ခေါ်ယူလိုက်သည်။

သီပေါဘုရင် ဘိသိက်ခံပြီးနောက် ဖခမည်းတော် မင်းတုန်းမင်း၏ ဈာပနအခမ်းအနားသို့ တက်ရောက်သည်။ နတ်ရွာစံဘုရင်ကြီးအား မင်းခမ်းမင်းနားဖြင့် သဂြိုလ်သည်။ သဂြိုလ်မှုအခမ်းအနားပြီးသည်နှင့် သီပေါဘုရင်သည် ချက်ချင်းဆိုသလိုပင် နန်းတော်အတွင်းသို့ ပြန်လည်ကြွမြန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်နှစ်ဆယ်ပင် မပြည့်သေးသော သီပေါဘုရင်နန်းတက်စ အချိန်တွင် ရတနာပုံနေပြည်တော်၏အခြေအနေမှာ ကျီးလန့်စာစား ဖြစ်နေသည့် အခြေအနေမျိုးဟု ဆိုရလိမ့်မည်။ လုံခြုံမှုမရှိ၊ အေးချမ်းမှုမရှိ၊ မင်းပြောင်း မင်းလွဲကာလတွင် နိုင်ငံရေးအခြေအနေ မတည်မငြိမ်ဖြစ်နေသည်။ ထို့ကြောင့်ပင် ဝန်ကြီးများက ဘုရင်မင်းမြတ်အား နန်းတော်ပြင်ပသို့ မထွက်ရန် နေပြည်တော်အတွင်း လှည့်လည်ခြင်းမပြုရန် တားမြစ်ကြသည်။

ဘုရင်နှင့်မိဖုရားသည် နန်းတော်အတွင်းမှာနေရင်း သူတို့၏ အချိန်များကို လက်ချင်းတွဲကာ ချစ်ကြည်စယ်ရင်း ဥယျာဉ်တော်အတွင်း အပန်းဖြေကစားရင်း ကုန်လွန်စေခဲ့သည်။ တရားဥပဒေစိုးမိုးရေး အုပ်ချုပ်ရေးအတွက် (၁၄) ဌာနအုပ်ချုပ်ရေးစနစ်အရ၊ အတွင်းဝန်၊ ဝန်ကြီး စသဖြင့် အုပ်ချုပ်စီမံနေကြပြီဖြစ်သည်။ သီပေါဘုရင်အနေနှင့် ထိုတာဝန်များမှ ကင်းလွတ်နေသည်။

ရုပ်သေးရုပ်ဘုရင်၏ အနေအထားက ဝိပြင်လာသည်။ တိုင်းပြည်အဝှမ်းတွင် ဖြစ်ပျက်နေသော ကိစ္စများသည် ဘုရင့်နားသို့ ပေါက်ရောက်ခြင်းမရှိ။ ဘုရင်သည် မိဖုရားအပါးမှာနေရင်း မိဖုရား၏အလိုကို လိုက်လျောရင်း မမျှော်လင့်ဘဲ ရလိုက်သည့် မင်းစည်းစိမ်ကို အပြည့်အဝ ခံစားနေရသည်။

သီပေါဘုရင်အနေနှင့် အခြေအနေအရပ်ရပ်ကို တွက်ဆသိမြင်ခြင်း မရှိသော်လည်း မိဖုရားစုဖုရားလတ်ကမူ တဖြည်းဖြည်းနှင့် သူတို့၏ အခြေအနေမှန်ကို သဘောပေါက်နားလည်စပြုလာသည်။

ကင်းဝန်မင်းကြီးက စည်းမျဉ်းခံဘုရင်စံနစ်နှင့် တိုင်းပြည်ကို တိုးတက်စည်ပင်စေလိုသည်။ ဘုရင်ဆိုသည်မှာ လွှတ်တော်၏ ဂုဏ်ထူး





ဆောင်မျှသာဖြစ်ရမည်ဟု ရည်ရွယ်ရင်းရှိခဲ့သော်လည်း သူနှင့်အတူ ပေါင်းပြီး သီပေါမင်းသားကို နန်းတင်ခဲ့သော ဆင်ဖြူမရှင်မှာ အာဏာ စိုးပိုင်ကာ ဘုရင်မင်းမြတ်အား အရုပ်တရုပ်ပမာ ကြိုးကိုင်ချင်နေသည်။

လတ်တလောအခြေအနေတွင် မန္တလေးနေပြည်တော်၌ တန်ခိုးကြီးဆုံးမှာ ဆင်ဖြူမရှင်ပင်ဖြစ်သည်။ သီပေါဘုရင်နှင့် စုဖုရားလတ်မှာ ဆင်ဖြူမရှင်၏လက်ထဲမှ ရုပ်သေးရုပ်များသာ ဖြစ်နေကြသည်။ သော် ဆင်ဖြူမရှင်၏သမီးအရင်းခေါက်ခေါက်ဖြစ်သည့် စုဖုရားလတ် ကြိုးဆွဲတိုင်း ခေါင်းညိတ်လိုက် ခေါင်းခါလိုက် လက်လှုပ်လိုက် ခြေလှုပ်လိုက်ဖြစ်နေရင်းမှ အသက်ဝင်လာသည်။

အသက်ဝင်လာသော ရုပ်သေးရုပ်မှာ ကြိုးဆွဲတိုင်း မလှုပ်တော့။ အခါတွင်တော့။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## နဂါးမှုန်းသိအောင်

မင်းတုန်းမင်း၏မိဖုရားကြီး ဆင်ဖြူမရှင်တွင် သမီးတော်သုံးပါးရှိသည်။ ထိုသမီးတော်တို့မှာ စုဖုရားကြီး၊ စုဖုရားလတ်နှင့် စုဖုရားကလေးတို့ဖြစ်သည်။

စုဖုရားကြီးမှာ အနေအေးသူ၊ ကျိုးနွံသူဖြစ်သည်။ ဆင်ဖြူမရှင်၏အမိန့်ကို ဦးထိပ်ပန်ဆင်သူ။ မယ်တော်မိဖုရားကြီး ဆင်ဖြူမရှင် ထားရာနေရာသွားသူဖြစ်သည်။ ထို့ကြောင့်ပင် ဆင်ဖြူမရှင်သည် သီပေါမင်းသားငယ်ကို နန်းတင်ပြီးနောက် သမီးတော်စုဖုရားကြီးကို မိဖုရားခေါင်ကြီးအဖြစ် စုလျားရစ်ပတ်လက်ထပ်စေရန် ရည်ရွယ်ရင်း ရှိခဲ့သည်။ စုဖုရားကြီးကိုယ်တိုင်ကလည်း သီပေါဘုရင်နှင့် လက်ဆက်ရန် ဆုံးဖြတ်ထားပြီးပုံ ရသည်။





တတိယသမီးတော် စုဖုရားကလေးမှာလည်း စုဖုရားကြီးနှင့် များစွာ ခြားနားခြင်းမရှိ၊ အနေအေးသူ ဖြစ်သည်။ ဒုတိယ သမီးတော် စုဖုရားလတ်ကမူ အစ်မတော်ညီမတော်တို့နှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ နန်းမတော်မယ်နု၏မြေးမ၊ ဆင်ဖြူမရှင်၏သမီးတော်ပီပီ စိတ် ထက်သည်၊ ရဲရင့်ပြတ်သားသည်၊ အလိုဆန္ဒကြီးသည်၊ ဇွဲရှိသည်၊ မိမိ ဖြစ်ချင်တာကို ဖြစ်အောင် လုပ်တတ်သည်။

သီပေါဘုရင်နှင့် စုဖုရားလတ်တို့မှာ ငယ်သူငယ်ချင်းများဖြစ်သည်။ ကစားဖော်များဖြစ်သည်။ ငယ်ကတည်းက သံယောဇဉ်တွယ်ကာ တစ်ယောက်ကိုတစ်ယောက် သဲသဲမဲမဲချစ်သူများဖြစ်သည်။

သီပေါမင်းသား သာသနာ့ဘောင်သို့ ဝင်ရောက်သွားချိန်တွင် စုဖုရားလတ်မှာ မောင်တော်အား လွမ်းတသသရှိနေခဲ့သည်။ မောင်တော့်ထံသို့ လျှူဘွယ်ပစ္စည်းများ မကြာခဏပေးပို့လှူဒါန်းသည်။ မကြာခဏ ဆိုသလိုပင် အလွမ်းစာတွေရေးပို့သည်။

ဆင်ဖြူမရှင်အစီအစဉ်ဖြင့် သီပေါမင်းသား ထီးနန်းကို စိုးစံရသည့်အခါတွင် စုဖုရားလတ်၏အချစ်ရေးမှာ ဇာတ်သိမ်းရတော့မည့်အခြေအနေသို့ ဆိုက်ရောက်လာသည်။ ဆင်ဖြူမရှင်သည် သီပေါဘုရင်ကို ကြိုးကိုင်နိုင်ရန် သမီးတော်နှင့် လက်ဆက်ပေးမည်ဆိုသည်နှင့် စုဖုရားကြီးကို ရွေးချယ်ပြီးကြောင်း ကြေညာရန်ပင်မလိုတော့။ ရှေ့ဘုံနိဒါန်းလာ ဓည်းကမ်းချက်အရ သမီးအကြီးဖြစ်သော စုဖုရားကြီးမှာ သီပေါ၏ မိဖုရားခေါင်ကြီးဖြစ်ရပေမည်။ ထို့အတွက် စုဖုရားလတ်မှာ အလိုလိုနေရင်း ဘေးသို့ ရောက်သွားရပေလိမ့်မည်။

မယ်တော်မိဖုရားကြီး ဆင်ဖြူမရှင်သည့် သူ့အာဏာတည်မြဲရေးအတွက် စုဖုရားလတ်၏အချစ်ရေးကို အလေးထားမှာမဟုတ်။ ငယ်ချစ်တွေပါလားဟု စာနာမှာမဟုတ်ကြောင်း ချစ်သူနှင့်ကွေကွင်းရတော့မည့် စုဖုရားလတ်က သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကစားရွယ်ငယ်ကတည်းက စွဲချစ်ရသော ချစ်သူကို စုဖုရားလတ် မစွန့်လွှတ်နိုင်။ သူချစ်ခဲ့စဉ်က သီပေါကိုယ်တော်မှာ သာမန်မင်းသားငယ် တစ်ပါးသာဖြစ်သည်။ လူမသိ သူမသိ မထင်ရှားသော မင်းသားငယ် သာဖြစ်သည်။ ခပ်ပျော့ပျော့ ခပ်အေးအေးနိုင်သော မင်းသားသည် တစ်နေ့ တွင် ရတနာပုံနေပြည်တော်၏ အရှင်သခင်၊ အိမ်ရှင်မင်းတရားကြီးဖြစ် လာလိမ့်မည်ဟု မည်သူတစ်စုံတစ်ယောက်ကမှ ထင်ထားခြင်းမရှိ။ စုဖုရား လတ် ကိုယ်တိုင်ကလည်း မိမိ၏ချစ်သူမောင်တော်သီပေါ တစ်နေ့တွင် ဘုရင်ဖြစ်လာမည်ဟု မျှော်လင့်ထားခြင်း အလျဉ်းမရှိပါ။ စုဖုရားလတ် သည် သာမန်မထင်မရှားမင်းသားငယ်ကို စူးစူးနစ်နစ်ချစ်မိခဲ့သည်သာ ဖြစ်၏။

ငယ်စဉ်ကတည်းက စွဲချစ်ခဲ့ရသူကို ယခုလိုဘုရင်ဖြစ်လာမှ လိုချင်သူများချိန်တွင် မစွန့်လွှတ်နိုင်။ လိုချင်တာကို ရအောင်ယူတတ်၊ ဖြစ်ချင်တာကို ဖြစ်အောင် ကြိုးစားတတ်သည့်စိတ်မျိုးရှိသော စုဖုရားလတ် သည် သီပေါဘုရင်နှင့်စုဖုရားကြီးတို့ စုလျားရစ်ပတ်လက်ထပ်ပေးတော့ မည့် သတင်းကိုကြားရလျှင်ကြားရခြင်း သီပေါဘုရင်ထံ စာတစ်စောင် ရေးသည်။

စုဖုရားလတ်၏စာတွင် သီပေါဘုရင်အပေါ် ထားသည့် သူမ၏ အချစ်စစ်အချစ်မှန်အကြောင်းကို ဖွဲ့နွဲ့ရေးသားထားသည်။

'မောင်မောင့်အနားမှာရှိနေတဲ့သူတွေ မောင်မောင့်ကို ရှိမှန်း တောင် မသိခင်ကတည်းက ချစ်ကြင်မြတ်နိုးခဲ့ရတဲ့စုစုပါ၊ စုစုက နောက်မှ ပေါက်တဲ့ရွှေကြာပင်မဟုတ်ပါဘူး။ ကိုယ့်အကြောင်းကိုယ်အသိဆုံးမို့ အတိတ်ကအကြောင်းတွေကို ပြန်ပြောင်းစဉ်းစားကြည့်ပါမောင်မောင်၊ မောင်မောင်ရဲ့ မဟေသီဖြစ်ထိုက်သူဆိုလို့ စုစုတစ်ယောက်ထဲရှိတယ် ဆိုတာ မောင်မောင်နားလည်လာပါလိမ့်မယ်'





စုဖုရားလတ်၏စာကို ရသည်နှင့် သီပေါဘုရင်မနေနိုင်တော့။ သူ၏ငယ်ကျွမ်းချစ်သူလေးကို အပါးတော်သို့ ခေါ်လိုက်သည်။ ထိုအချိန်မှ စပြီး စုဖုရားလတ်ကို ပြန်မလွှတ်တော့။

သီပေါဘုရင်နှင့် စုဖုရားလတ်တို့အတူနေနေပြီဆိုသည့် သတင်း ကို ဆင်ဖြူမရှင်ကြားရသည့်အခါ ယေထိပ်မြွေပေါက်ခံလိုက်ရသလို ထိပ်ပြာသွားခဲ့သည်။ မိမိလက်နှင့်ရေးသည့် အစီအစဉ်ကို ခြေနှင့်ဖျက်ရ ကောင်းလားဟု ဒေါသဖြစ်ပြီး အပါးတော်သို့ဝင်ရောက်ကာ ဘုရင်အသစ် ကလေး သီပေါအား ဒုတိယသမီးတော်ကို ပြန်လွှတ်ပေးရန် အရေးဆို သည်။ သမီးတော်စုဖုရားလတ်ကိုလည်း သီပေါဘုရင်ထံမှ ပြန်ခဲ့ရန် အမိန့်ပေးသည်။

မိဖုရားကြီး ဆင်ဖြူမရှင်၏အရေးဆိုစကားကို သီပေါဘုရင်နား မဝင်။ စုဖုရားလတ်ကလည်း မယ်တော်မိဖုရားကြီး၏အမိန့် စကားကို မနာခံ။ သီပေါဘုရင်အနားမှ မခွာဘဲနေသည်။

မယ်တော်မိဖုရားကြီး ဆင်ဖြူမရှင်သည် လွယ်လွယ်နှင့်အလျှော့ ပေးတတ်သူ၊ လွယ်လွယ်နှင့်အရှုံးပေးတတ်သူမဟုတ်။ သီပေါဘုရင်နှင့် စုဖုရားလတ်တို့ကို ကိုယ်တိုင်ခွဲ၍မရသည့်အခါ ကင်းဝန်မင်းကြီးအစရှိ သော ဝန်ကြီးများကို အကူအညီတောင်းသည်။

ဝန်ကြီးများသည် သီပေါဘုရင်ထံ အခစားဝင်ပြီး ဖျောင်းဖျ တောင်းပန်ကြသည်။ အကျိုးအကြောင်း လျှောက်တင်ကာ တားမြစ်ကြ သည်။

'အရှင်မင်းမြတ် ဒုတိယသမီးတော်နှင့် ယခုလိုနေခြင်းမှာ ထုံးတမ်းစဉ်လာနှင့်မညီ၊ ဥပဒေမရှိသတ်နှင့် ဆန့်ကျင်နေပါသည်။ အရှင် မင်းမြတ်အနေနှင့် မိဖုရားမြှောက်လိုလျှင် သမီးတော်ကြီးဖြစ်သော စုဖုရားကြီးကို မိဖုရားမြှောက်ပြီးသည့်နောက်တွင်မှ ဒုတိယသမီးတော်



www.burmeseclassic.com

www.burmeseclassic.com



စုဖုရားလတ်ကို မိဖုရားအဖြစ် သိမ်းပိုက်သင့်ပါသည်။ ထို့ကြောင့် ဒုတိယ သမီးတော်ကို မယ်တော်မိဖုရားကြီးထံ ပြန်ပို့ထားပြီး မိဖုရားခေါင်ကြီးနှင့် စုလျားရစ်ပတ်လက်ထပ်ပြီးမှသာ ဒုတိယမိဖုရားအဖြစ် လက်ထပ်သင့်ပါသည်’

သီပေါဘုရင်ငယ်သည် ဝန်ကြီးများ၏ လျှောက်တင်သည့်စကားကို ငြိမ်သက်စွာနားထောင်သည်။ ပြီးနောက် အနားတွင်ရှိသော စုဖုရားလတ်ကိုတစ်ချက်ငဲ့ကြည့်သည်။ စုဖုရားလတ်၏မျက်နှာ ငွေလဝင်းပပကို မြင်သည်နှင့် ဘုရင်မင်းမြတ်က ဆုံးဖြတ်ချက်တစ်ခုကိုချပြီး ဝန်ကြီးများမှူးမတ်များကို ပြတ်သားသောစကားဖြင့် တုန့်ပြန်သည်။

‘နှမတော်စုစုက မယ်တော်မိဖုရားကြီးထံ ပြန်သွားလိုက ပြန်သွားနိုင်ပါသည်။ ပြန်မသွားလိုဘဲ ငါကိုယ်တော်မြတ်နှင့် နေလိုလျှင် နေခွင့်ပြုသည်။ ငါကိုယ်တော်မြတ်အနေနှင့် နှမတော်စုစု၏အလိုကို ဆန့်ကျင်မှာမဟုတ်’

ဘုရင်မင်းမြတ်က သူ့သဘောထားကို ပြတ်သားစွာမိန့်ဆိုသည့်အခါ ဝန်ကြီးများထပ်ပြီး အရေးမဆိုဝံ့တော့။ ရှင်ဘုရင့်စကား မိုးကြိုးသွားဆိုသည့်ပမာ ဘုရင်၏ပြတ်သားသောစကားကို စောဒက တက်နိုင်သူ မရှိတော့ပေ။

စုဖုရားလတ်သည် မည်သူတစ်ဦးတစ်ယောက်အကူအညီမှမပါဘဲ ဘုရင်မင်းမြတ်အပေါ် ရူးရူးနှစ်နှစ် စွဲစွဲမြဲမြဲချစ်သော သူ၏အချစ်တစ်ခုတည်းနှင့် ဆန့်ကျင်အရေးဆိုလာသူအားလုံးကို အနိုင်ယူလိုက်သည်။

အသက်ဆယ့်ကိုးနှစ်အရွယ်မျှသာ ရှိသေးသော စုဖုရားလတ်သည် သူ့ချစ်သူနှင့် အတူနေရရေးကလွဲပြီး အခြားအရေးကိစ္စများကို မစဉ်းစားတတ်သေး၊ တန်ခိုးအာဏာအရှိန်အဝါနှင့် နေပြည်တော်တစ်ခွင်လုံးကို စိုးမိုးလိုသည့်လောဘသဏ္ဍာယတို့ သူ့မှာမရှိနိုင်သေး။





သူ့အရွယ်သည် အချစ်ကို ကိုးကွယ်သောအရွယ်ဖြစ်၏။ သူသည် သူ့ချစ်သူကို ထူးထူးခြားခြားချစ်မြတ်နိုးသည်။ သူနှင့်သူ့ချစ်သူတို့ ကြားသို့ ဝင်လာမည့်တတိယ လူကိုလက်မခံနိုင်။ အချစ်ကို မဝေမျှနိုင်။ သူ့အချစ်ကို ထိပါးလာလျှင် သူ့ချစ်သူ၏ဂုဏ်သိက္ခာကို ထိပါးလာလျှင် နဂါးမှန်းသိအောင် အမောက်ထောင်ပြလိုသူဖြစ်သည်။

စုဖုရားလတ်မှာ ပင်ကိုယ်ကပင် ထက်မြက်သူ၊ မာနကြီးသူ၊ စိတ်ခက်ထန်သူဖြစ်သည်။ ထိုမိန်းမငယ်၏ရင်ထဲတွင် ပြင်းထန်သော အချစ်စိတ်တို့ လှုပ်ရှားလာသည့်အခါ သူ၏လုပ်ဆောင်မှု၊ သူ၏ပြတ်သားမှု၊ သူ၏ရက်စက်မှုတို့မှာ အချစ်အတွက်သာ ဖြစ်လာလေသည်။

စုဖုရားလတ်သည် သီပေါဘုရင်ကို လွန်လွန်မင်းမင်း ချစ်မြတ်နိုးသူဖြစ်၍ ပထမဆုံး ပေါ်ပေါက်လာသည့် အတားအဆီးကို သူ့ချစ်ခြင်းအပေါ် ယုံကြည်စိတ်ဖြင့် အောင်နိုင်လိုက်သည်။ အမောက်ထောင်ပြလိုက်သော စုဖုရားလတ်ကြောင့် မယ်တော်မိဖုရားကြီး၊ ဆင်ဖြူမရှင်မှာ အကြံအစည်ပျက်ရတော့မတတ်ရှိလာသည်။

ယခုအဖြစ်အပျက်တို့မှာ သီပေါမင်းနန်းတက်စက အဖြစ်အပျက်များသာဖြစ်သည်။ သွေးစွန်းသောနေ့ရက်များမတိုင်မီက အဖြစ်အပျက်တို့သာ ဖြစ်သည်။ ထို့နောက်ပိုင်းတွင် စုဖုရားလတ်၏ လက်ဖျားခါလောက်သော လုပ်ကိုင်ဆောင်ရွက်မှုများစွာတို့ရှိသည်။ ထိုအကြောင်းအရာတို့မှာ တဖြည်းဖြည်းနှင့်ရုပ်လုံးပေါ်လာမည်ဖြစ်၏။ စုဖုရားလတ်ရုပ်ပုံလွှာမှာ ယင်းစာမျက်နှာတွင် ထင်ရှားလာသည်ထက် ထင်ရှားလာမည်သာဖြစ်သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အချစ်ခွဲဝေပေးလိုသူ

ရုပ်သေးရုပ်အဖြစ် ရာဇပလ္လင်ပေါ်သို့ ရောက်လာသော သီပေါဘုရင်သည် အချစ်တွင် ယစ်မူးရင်း ထီးနန်းစည်းစိမ်ကို ခံနေရာမှ နောင်တော်မင်းသားများ၊ အနွယ်တော်များ လုပ်ကြံခံရပြီးနောက်တွင် အသက်ဘင်နိုးကြားလာသည်။ ကြည်နူးသာယာဖွယ် အိပ်မက်တွင် နစ်မြော နေရာမှ မျက်လုံးအစုံကို ထိတ်လန့်စွာဖွင့်ပြီး မိမိပတ်ဝန်းကျင်ကို ကြည့်မိလာသည်။

သို့သော် ရာဇပလ္လင်နောက်ကွယ်မှ ဘုရင်ကို မိမိတို့လိုသလို ကြိုးဆွဲနေသော မိဖုရားကြီး ဆင်ဖြူမရှင်၏ လက်ဝယ်တွင် အာဏာက ရှိနေဆဲ၊ ရုပ်သေးရုပ်ဘုရင်ကို လွှမ်းမိုးထားဆဲပင်ဖြစ်သည်။

မယ်တော်မိဖုရားကြီးသည် သီပေါဘုရင်ကို နန်းတင်ပေးခဲ့သော ကျေးဇူးရှင်အဖြစ် တန်ခိုးအာဏာထက်နေဆဲကာလတွင် ဘုရင်မှာအမည်ခံ





သာသာမျှသာ ဖြစ်နေသည်။ အုပ်ချုပ်ရေးအာဏာကို ခွဲဝေရရှိထားသူတို့မှာ ဆင်ဖြူမရှင်နှင့်ဝန်ကြီးများသာ ဖြစ်သည်။

နန်းတွင်းလုပ်ကြံမှုကြီးပေါ်ပေါက်ခဲ့ပြီးသည့်နောက်တွင် အောက်မြန်မာပြည်ကို သိမ်းပိုက်ထားပြီး အထက်မြန်မာပြည်ကိုဆက်၍ သိမ်းပိုက်ရန်အတွက် အကွက်ရှာနေသော အင်္ဂလိပ်အစိုးရမှ ပြင်းပြင်းထန်ထန်ကန့်ကွက်သည့် စာတစ်စောင်ပေးပို့ခဲ့သည်။ ကန့်ကွက်စာကို မန္တလေးမြို့တော်တွင် ဖွင့်လှစ် ထားသော သံရုံးရှိ သံမှူးမစ္စတာရှောထံမှ တဆင့်ရရှိသည်။ စာတွင် အင်္ဂလိပ်တို့က တုန်လှုပ်ချောက်ချားဖွယ် သတ်ဖြတ်မှုများကိုရပ်တန့်ရန်၊သတ်ဖြတ်မှုများ ဆက်လက်ဖြစ်ပွားနေပါက သံအဆက်အသွယ်ဖြတ်ကာ သံရုံးကို ပိတ်ပစ်မည်စသည့် အကြောင်းအရာတို့ပါသည်။ ကင်းဝန်မင်းကြီးက ဤကိစ္စမှာ မြန်မာ့အရေးအခင်းသာ ဖြစ်သည်။ အခြားသူတို့ ဖြစ်တင်ရှုံ့ချသည်ကို ဂရုစိုက်စရာမလို။ အာဏာပိုင်မင်းတစ်ပါးက မိမိပြည်တွင်းရေးကို မိမိဖြေရှင်းခြင်းသာ ဖြစ်သည်ဟု စာပြန်ကြားလိုက်သည်။

ဗြိတိသျှ နယ်ချဲ့တို့၏ အကြောင်းရှာ ကန့်ကွက်သည့်စာက ရာဇပလ္လင်တွင် မြဲနေပြီဖြစ်သော သီပေါဘုရင်၏ ကြည်နူးဘွယ် အိမ်မက်များကို ဖျက်ဆီးပစ်လိုက်သည်။ ထိုအချိန်၌ အင်္ဂလိပ်သံရုံးသို့ ပြေးဝင်ခိုလှုံသွားသော ညောင်ရမ်းညီနောင်တို့အရေးကလည်း စိတ်မအေးစရာ ဖြစ်လာသည်။

သီပေါဘုရင် အိပ်မက်မှလန့်နိုးပြီး ပတ်ဝန်းကျင်ကို ငုံ့ကြည့်ရာတွင် ဧကရီစုဖုရားလတ်မှာ ရုပ်သေးရုပ်ဖြစ်နေသော သူ့မောင်တော်ဘုရင်မင်းမြတ်၏ အနေအထားကို ရှင်းလင်းစွာ သိမြင်လာသည်။

"မောင်တော်ဟာ ရတနာပုံနေပြည်တော်ရဲ့ ဘုရင်မင်းမြတ်ဖြစ်ပြီး မောင်တော့်လက်ထဲမှာ အုပ်ချုပ်ခွင့်အာဏာမရှိပါလား။ အုပ်ချုပ်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



မုန်သမျှကို ဝန်ကြီးတွေကခွဲဝေယူထားကြတယ်။နေပြည်တော်မှာဝန်ကြီး တွေကသာ ဘုရင်အစစ်ဖြစ်ပြီး မောင်တော်က အမည်ခံဘုရင်ဖြစ်နေ သါ်တာယ်''

တင်းဝန်မင်းကြီး တည်ဆောက်လိုသော စည်းမျဉ်းခံဘုရင်စနစ်ကြင် လွှတ်တော်ဖွဲ့ကာ အုပ်ချုပ်ရေးအစီအစဉ်ကို စတင်ပြီး တိုက်ခိုက်ခြင်းခံရသည်။ စုဖုရားလတ်၏ စကားက ပတ်ဝန်းကျင်ကို ငဲ့ကြည့်စဖြစ်သော သီပေါဘုရင်ကိုကိုင်လှုပ်လိုက်သည်။ ဘုရင်မင်းမြတ်သည်မိမိ၏လက်ဝယ်တွင် အာဏာကင်းမဲ့နေသည်ကို ဆင်ခြင်မိသွားသည်။(မှတ်ချက်။ ။ ထိုအချိန်က ဆယ့်လေးဌာနအုပ်ချုပ်ရေးစနစ်ဖြင့် ဝန်ကြီးများက တာဝန်ခွဲဝေကာ အုပ်ချုပ်နေကြသည်။)

သီပေါဘုရင်၏အပေါ်တွင် တိုင်တားမင်းကြီးကဲ့သို့ အစဉ်အလာဟောင်းကို မစွန့်နိုင်သော ဝန်ကြီးများက ရှိနေသည်။ ထိုအစဉ်အလာဟောင်းသမားများကလည်း မင်းလိုလိုက် မင်းကြိုက်လိုက်ကာ သီပေါဘုရင်အလိုကျ မြှောက်ပေးကြသည်။

သီပေါဘုရင်က ဆယ့်လေးဌာနအုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းလိုက်သည်။ အာဏာကို ဝန်ကြီးများလက်မှ မိမိလက်သို့ ပြန်ယူသည်။ အတွေ့အကြုံရှိသော၊ ရင့်ကျက်သော၊ အမြော်အမြင်ရှိသော ဝန်ကြီးအချို့ ရာထူးမှ ဖယ်ရှားခြင်းခံရသည်။

သီပေါဘုရင်၏လက်ထဲမှ အာဏာသည် စုဖုရားလတ်လက်သို့ ရောက်ရှိလာသည်။ ခေါင်းမာသော ခက်ထန်သော နန်းတော် ပြင်ပသို့ ထွက်လေ့မရှိသော စုဖုရားလတ်လက်သို့ အာဏာရောက်ရှိလာပြီးသည့် နောက်တွင် စုဖုရားလတ်၏ဒေါသး ထက်လာသည်။ သူမသည် အာဏာ လိုချင်သဖြင့် မိဖုရားဖြစ်အောင် ကြိုးစားခဲ့ခြင်းမဟုတ်။ မိဖုရားဖြစ်မှ အာဏာရှိအောင် ကြိုးစားရယူခဲ့ခြင်းဖြစ်သည်။





အာဏာရှိလာသည်နှင့် သူမှန်သည်ဟု ထင်သမျှကိုလုပ်သည်။ သူနှင့်သူ့ချစ်သူ ဘုရင်မင်းမြတ်တို့အား ခွဲခြားမည့်ကိစ္စမျိုးကို အာဏာဖြင့် တားသည်။ ဘုရင်မင်းမြတ်၏ ဂုဏ်သိက္ခာကို ထိပါးမည်ဟု ယူဆ ထင်မြင်လျှင် အာဏာဖြင့် ဖယ်ရှားသည်။

သီပေါဘုရင် လက်ထဲတွင် မြန်မာဘုရင်တို့ အစဉ်အလာအရ ကျင့်သုံးခဲ့သော မိဖုရားလေးပါးထားရှိသည့်ထုံးစံ ပျက်စီးသွားသည်။ မိဖုရားကြီးလေးပါးအပြင် ရွှေတိုက်စာရင်းဝင် မိဖုရား၊ စာရင်းမဝင်မိဖုရား စသည်ဖြင့် မိဖုရားပေါင်း တစ်ရာကျော် ရှိခဲ့သော မင်းတုန်းမင်း၏ သားတော်ဖြစ်ပါလျက် မယားများများယူသည့်အလုပ်ကို မလုပ်နိုင်တော့၊ မလုပ်ဖြစ်တော့။ ထိုအကျင့်ဆိုးကြီး ပျောက်ကွယ်ပျက်စီးသွားခဲ့ရသည်။ မိန်းမကိစ္စအရှုပ်အထွေး တစ်ခုနှစ်ခုမှလွဲပြီး မိန်းမပြဿနာမရှိခဲ့ပါချေ။

မိန်းမပြဿနာနည်းပါးသော သီပေါဘုရင်အား ထီးနန်းစည်းစိမ်ကို ရရှိပြီးဖြစ်သော်လည်း ရာဇဘိသိက်မခံရသေးသောဘုရင်သည် ဘုရင်အစစ်မဟုတ်သေးဟု ပြောနိုင်သည်။ ထို့ကြောင့် ဝန်ကြီးများ၊ မှူးမတ်များက ဘိသိက်ခံရေးအတွက် စီစဉ်ကြသည်။

သီပေါဘုရင် ရာဇဘိသိက်ခံမင်္ဂလာတွင် စုဖုရားလတ်မှာ ဒုတိယသမီးတော်ဖြစ်၍ မိဖုရားခေါင်ကြီးမဖြစ်နိုင်၊ ပထမသမီးတော်ဖြစ်သော စုဖုရားကြီးကသာ မိဖုရားခေါင်ကြီးဖြစ်ရမည့် နန်းတွင်းစည်းကမ်းက ရှိနေသည်။

စုဖုရားလတ်သည် မိမိ၏မောင်တော်အား အစ်မတော်၏ လက်ထဲသို့ မထည့်နိုင်။ မောင်တော်ဘုရင်မင်းမြတ်၏ဘေးတွင် အခြား မိဖုရားတစ်ပါးရှိသည်ကို မရှုစိမ့်၊ သူသာလျှင် မောင်တော်၏ လက်တွဲဖော် ဖြစ်ရမည်။ သူသာလျှင် မောင်တော့်အတွက် ပထမ၊ သူသာလျှင် မောင်တော့်အတွက် ဒုတိယ၊ သူသာလျှင် မောင်တော့်အတွက် တတိယဖြစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



စုဖုရားလတ်မှာ ဓားထက်သည်မှန်သော်လည်း မောင်တော် ဘုရင်မင်းမြတ်ကို စည်းရုံးသိမ်းသွင်းနိုင်သူမှန်သော်လည်း အစဉ်အလာ စည်းတမ်းတို့ ချိုးဖောက်နိုင်သူမဟုတ်။ မည်မျှပင် အာဏာထက်ထက် နှင့်ဆိုးအာစ်းစည်းကမ်းကို လိုက်နာခဲ့ရသည်ပင်ဖြစ်၏။ ရက်စက်သူ၊ သွေးဆာသူ၊ အလိုကြီးသူ၊ ထင်ရာစိုင်းတတ်သူအဖြစ် အနောက်တိုင်း သမိုင်းဆရာတို့က နာမည်ဖျက်ခဲ့သော စုဖုရားလတ်မှာ ရှေးဘုံ နိဒါန်းလာ စည်းကမ်းကို မပယ်နိုင်။ သီပေါဘုရင်က စုဖုရားကြီးအား မိဖုရား ခေါင်ကြီးအဖြစ်စုလျားရစ်ပတ်လက်ထပ်ကာ ဘိသိက်ခံမည်ကိုသဘောတူ ခဲ့ရသည်။ မကျေနပ်ပါဘဲလျက် မယ်တော်ဆင်ဖြူမရှင်နှင့် မှူးမတ်တို့၏ အစီအစဉ်ကိုလက်ခံခဲ့ရသည်။

၁၈၇၈ ခုနှစ် အောက်တိုဘာလတွင် နန်းရခဲ့သော သီပေါဘုရင် သည် ၁၈၈၀ ခုနှစ် အောက်တိုဘာလကျမှ မိဖုရားကြီးဆင်ဖြူမရှင်၏ သမီးတော်ကြီးစုဖုရားကြီးနှင့်ရွှေလက်တွဲကာရာဇဘိသိက်ခံယူတော်မူသည်။

ရာဇဘိသိက်ခံယူပွဲ ကျင်းပသည့်မင်္ဂလာနေ့ နံနက်အရုဏ် မတက်ခင်ကပင် ရွှေနန်းတော်ကြီးတစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြစ်နေသည်။ မိုးသောက်သည်နှင့် ရဟန်းသံဃာတော်များအား အရုဏ်ဆွမ်း ကပ်သည်။ ဘုရင်နှင့်မိဖုရားခေါင်ကြီးတို့ကိုယ်တိုင် လှူဖွယ်ပစ္စည်းများကို ကပ်လှူကြ သည်။

ဘိသိက်ခံမင်္ဂလာပွဲကျင်းပရန် ဆောက်လုပ်ထားသော သီးသန့် နန်းပြာသာဒ်ဆောင်သုံးဆောင်အနက် ပထမအဆောင်တွင် ဘုရင်နှင့်မိဖုရား တို့ ခေါင်းဆေးမင်္ဂလာပြု ရေမိုးချိုး ကိုယ်လက်သန့်စင်ရသည်။

ရေမိုးသန့်စင်ပြီးနောက် ဒုတိယနန်းပြာသာဒ်ဆောင်သို့ဝင်ကာ ပွဲတက်ဝတ်လဲတော်များကို လဲလှယ်ဝတ်ဆင်ရသည်။ ထို့နောက် ဘိသိက် ခံမည့် ဘမရာဇနေပလ္လင်ရှိရာ ခန်းမဆောင်သို့ မဝင်ခင် တတိယသီးသန့် ပြာသာဒ်ဆောင်၌ ဘုရင်နှင့်မိဖုရားတို့ နားနေစံမြန်းရသည်။





နန်းတွင်းအမှုထမ်းများ၊ လူပျိုတော်များ၊ အပျိုတော်များ၊ ဝန်ကြီး၊ းကြီး၊ မတ်ကြီး စသူတို့သည် မိမိတို့ရာထူးအလိုက်၊ အဆင့်အတန်း လိုက် သစ်လွင်တောက်ပသော အဝတ်အစားများ ဝတ်ဆင်ကာ မိမိတို့ င့် သက်ဆိုင်သည့်နေရာတွင် ထိုင်နေရသည်။

မွန်းတည့်ချိန်သို့ အရောက်တွင် သီပေါဘုရင်မင်းတရားသည် ဖုရားကြီး၊ စုဖုရားလတ် နှစ်ပါးကို လက်ဝဲ လက်ျာတစ်ဖက်စီထားကာ ဘမရာဇနေ ပလ္လင်ခန်းမဆောင်သို့ ကြွမြန်းလာသည်။

မင်္ဂလာခန်းမဆောင်တွင် တီးမှုတ်သော ဆိုင်းသံတို့က နန်းတော် တွင်း၌ ဝေစည်ပျံ့လွင့်နေသည်။ မင်းတရားကြီးသည် တည်ငြိမ်သော ဥဇ္ဇာနွှေ့တော်ဖြင့် မိဖုရားနှစ်ပါးခြံရံလျက် ပလ္လင်တော်ထက်တွင် ိုင်လိုက်သည်။

မိဖုရားနှစ်ပါးသည် ရတနာကိုးပါး စီချယ်ထားသော လက်ဝတ် န်ဆာတို့ကို ဆင်မြန်းထားကြသည်။ စုဖုရားကြီးမှာ မိဖုရားခေါင်ကြီး၏ ဆောင်အယောင်ဖြစ်သော စည်းပုံကိုဆောင်းထား၏။

သီပေါဘုရင်မှာ မင်းမြောက်တန်ဆာငါးပါးကို ဆင်ယင်ကာ ေခါင်းထက်တွင် ဝင်းလက်တောက်ပသော မကိုဋ်တော်ကို ဆောင်းထား သည်။

ဘိသိက်ခံပွဲစသည်နှင့် ပုဏ္ဏားတော်ကြီးများ၏ ဂါထာမန္တရား တ်ဖတ်သံပေါ်လာသည်။ ထို့နောက်တွင် ဘုရင်မင်းမြတ်နှင့် မိဖုရား ခေါင်ကြီးတို့က တိုင်းပြည်ကို မင်းကျင့်တရားဆယ်ပါးနှင့်အညီ အုပ်ချုပ် ည့်အကြောင်း သစ္စာကတိပြုကြရသည်။

မင်းတရားအား ချီးကျူးဂုဏ်ပြုသံတို့က ဘိသိက်ခံခန်းမတွင် ည်စီစွာပေါ်ထွက်နေသည်။

ဘိသက်ခံပွဲတွင် ဘုရင်မင်းတရား၏ဘေးတစ်ဖက်တွင် ထိုင်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရသော စုဖုရားလတ်၏မျက်နှာမှာ ထူးထူးခြားခြားဖြစ်နေသည်။ ကေ
စုဖုရား၏ မျက်လုံးအစုံမှာ အရောင်တစ်လက်လက်ထွက်တော့မည့်နှ
ဝင်းလက်တောက်ပနေ၏။

အခမ်းအနားပြီးသည်နှင့် စုဖုရားလတ်သည် သူ၏အဆောင်သ
ပြန်လည်ကြွမြန်းသည်။နန်းတော်အတွင်းလှည့်လည်ရာတွင်လည်းကောင်
ညဘက်ပွဲသဘင်ရှုစားရာတွင်လည်းကောင်း၊ စုဖုရားလတ်မပါဝင်တော့

သီပေါဘုရင်သည် မိဖုရားခေါင်ကြီးနှင့်အတူ ပွဲသဘင်ကို
မျှသာကြည့်ရှုပြီးနောက် အဆောင်တော်တွင် စောင့်မျှော်နေမည် ဖြစ်သေ
စုဖုရားလတ်ထံသို့ ပြန်ကြွသည်။ သီပေါဘုရင်နှင့်အတူ နန်းပလ္လင်ထက်
တွင် ဘိသိက်ခံခဲ့သော မိဖုရားခေါင်စုရားကြီးမှာ မင်္ဂလာဦးညတွ
တစ်ကိုယ်တည်းစံမြန်းရ၏[illegible]နောင်တွင်လည်း မိဖုရားခေါင်ကြီးဟု နာမည်
ရလိုက်သည်မှအပ မင်းတရားနှင့်ရွှေလက်တွဲခွင့်မရရှိခဲ့ပေ။

စုဖုရားကြီးမှာ မိဖုရားခေါင်ကြီး၏ အဆောင်အယောင်ကို
သည်။ ခံစားသင့်သည့် အခွင့်အရေးမှန်သမျှကိုလည်း ခံစားရသည်
ရွှေဆိုရွှေ ငွေဆိုငွေ လိုလေးသေးမရှိ။

သို့သော် မိဖုရားခေါင်ကြီးအဖြစ် ခံစားသင့်သည့်အခွင့်အရေးတွင်
မင်းတရားနှင့် ရွှေလက်တွဲခွင့်မပါ။ မင်းတရားမှာ မိဖုရားခေါင်ကြီးထံသို
လှမ်းမလာခဲ့ဘဲ ဧကရီစုဖုရားလတ်နှင့်သာ တတွဲတွဲရှိနေခဲ့သည်။

စုဖုရားလတ်သည် မောင်တော်မင်းတရားအပါးတွင်အခြားသော
မိဖုရားရှိသည်ကို မလိုလား။ မင်းတရားအနေနှင့် တစ်လင်တစ်မယားစနစ်
ကျင့်သုံးကာ မိမိအနားမှာသာနေစေချင်သည်။ သီပေါ ဘုရင်ကလည်
စုဖုရားကိုမြတ်နိုးသူပီပီ မိဖုရား၏အနားမှာသာ နေသည်။

စုဖုရားလတ်သည် မွေးဖွားစဉ်ကတည်းက ဒုတိယနေရာတွင်
လူဖြစ်လာရသူဖြစ်သည်။ သို့သော်သူက ဒုတိယအဖြစ်နှင့်မကျေနပ်။





သူသာပထမဖြစ်လိုသည်။ ထို့ကြောင့် မိဖုရားခေါင်ကြီးအဖြစ် ပထမနေရာသို့ ရောက်လာသော စုဖုရားကြီးအား နေရာမရအောင် ကြိုးစားသည်။ စုဖုရားလတ်၏ အလိုဆန္ဒအတိုင်းစုဖုရားကြီးမှာ မိဖုရားခေါင်ဖြစ်ပါလျက်နှင့် ပထမနေရာကို မရခဲ့ပေ။

နန်းတော်အတွင်း၌ စုဖုရားလတ်၏ ဩဇာက ထက်လွန်းနေသဖြင့် မှူးမတ်တို့က စုဖုရားလတ်၏ ဩဇာအာဏာကို လျော့နည်းစေချင်သည်။ ထုံးထမ်းစဉ်လာရှိသည့်အတိုင်း သီပေါဘုရင်တွင် မိဖုရားလေးပါးရှိလျှင် စုဖုရားလတ်မှာအလိုလို ဩဇာအာဏာ ကျဆင်းလာလိမ့်မည်ဟု တွေးထင်ကာ ဘုရင်အား မိဖုရားလေးပါးထား၍ စံမြန်းရန်တိုက်တွန်းသည်။

ဘုရင်သည် မှူးမတ်များ၏ [illegible]ကို လက်ခံလိုစိတ် ရှိကောင်းရှိပါလိမ့်မည်။ သို့သော် ပထမလည်းသူဖြစ်သကဲ့သို့ ဒုတိယ၊ တတိယလည်း သူသာဖြစ်ချင်နေသော စုဖုရားလတ်ကြောင့် နောက်ထပ်မိဖုရားထားမည့်အစီအစဉ်ပျက်ရသည်။ သီပေါဘုရင်အပါးတွင် ဧကရီစုဖုရားလတ်တစ်ပါးတည်းသာလျှင် ခေါင်းမော့ဝင့်ကြွားစွာဖြင့် စံမြန်းနေလေ၏။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# အနီးကပ်ရန်သူ

သီပေါဘုရင်တွင် အချစ်ဆုံးပုဂ္ဂိုလ်တစ်ယောက် ရှိသည်။ ထိုပုဂ္ဂိုလ်မှာ ရနောင်မင်းသား မောင်မောင်တုတ်ပင်ဖြစ်သည်။

မောင်မောင်တုတ်သည် သီပေါဘုရင်၏ ပညာသင်ဘက်ဖြစ်သည်။ ပညာသင်ကြားနေစဉ်ကာလကတစ်နေ့တွင်သီပေါကိုယ်တော်လေး ဘုရင်ဖြစ်လိမ့်မည်ဟု မောင်မောင်တုတ်က နိမိတ်ဖတ်ခဲ့ဖူးသည်။ ဘုရင်ဖြစ်လျှင် ကြည့်ရှုစောင့်ရှောက်မည်ဆိုသည့် ကတိစကားကိုလည်း သီပေါကိုယ်တော်လေးထံမှ ရဖူးသည်။

သီပေါကိုယ်တော်လေး ဘုရင်ဖြစ်လာချိန်တွင် ပေးခဲ့သည့် ကတိအတိုင်း မောင်မောင်တုတ်ကို မြှောက်စားသည်။ မင်းညီမင်းသား အဆောင်အယောင်များဖြင့် ရနောင်မင်းသားဖြစ်လာသည်။ ရနောင်မင်းသားသည် ရွှေလိုလျှင်ရွှေ၊ ငွေလိုလျှင်ငွေ၊ အာဏာလိုလျှင် အာဏာဆိုသကဲ့သို့ လိုတာရနေသည်။





မှတ်းသားတစ်ပါး၏အဆောင်အယောင်ဖြင့် အိမ်ကြီးရခိုင်နှင့် အခြွေအရံများစွာနှင့် တခမ်းတနားနေရသော ရနောင်မင်းသားသည် ရလာသည့်အခွင့်အရေးကိုအလွဲသုံးစားလုပ်သည်။ မိန်းမမူပွေသည်။ တပည့်တပန်းများမွေးပြီး လုယက်တိုက်ခိုက်သောအလုပ်များကိုလုပ်သည်။

ရနောင်မင်းသား၏နေအိမ်တွင် အဆောင်ဆောင်_အခန်းခန်းဖြင့် တရားဝင်မယား၊ တရားမဝင်မယားများကို အများအပြားထားသည်။ နေအိမ်တွင် အလိုရှိတိုင်းရနေသော မယားများရှိနေသည့်တိုင် ရနောင်မင်းသားကကျေနပ်ခြင်းမရှိ။ ချောချောလှလှမြင်လျှင် ခြေတော်တင်ချင်သည်။ လင်ရှိ မရှိ မစဉ်းစား။ သူသဘောကျပြီဆိုလျှင် ရအောင်ယူသည်။ ဘယ်သူဘဝ ပျက်ပျက် သူဂရုမစိုက်၊ သူ့ရမက်ဆန္ဒကိုသာ ဦးစားပေးသည်။

ရနောင်မင်းသားသည် မင်းညီမင်းသား အဆောင်အယောင်များကို ရထားသော လူဆိုးတစ်ယောက်၊ လူရမ်းကားတစ်ယောက်၊လူယုတ်မာတစ်ယောက်ဖြစ်သော်လည်း သီပေါဘုရင်က ရနောင်မင်းသားကို ညီရင်းအစ်ကိုကဲ့သို့ သဘောထားသည်။ ရနောင်မင်းသားအတွက် အထူးအခွင့်အရေးများပေးမြဲ ပေးထားသည်။ ထို့ကြောင့် ရနောင်မင်းသားကို တို့ရဲထိရဲသူမရှိ။

ရွှေမြို့တော်တခွင် ရနောင်မင်းသား လာပြီဟေ့ဆိုလျှင် မိန်းကလေး ချောချောလှလှ မှန်သမျှ ပျိုပျိုအိုအို အားလုံး ရှောင်ပေတော့။ မရှောင်လျှင် ရနောင့်လက်မှာအမိခံရမည်။ ရနောင့်ရင်ခွင်မှာ ဘဝပျက်ရလိမ့်မည်။ ရနောင်မင်းသားက သူတစ်ယောက်တည်းထင်သလိုကြဲနေရသည်ကိုအားမရ။ သီပေါဘုရင်ကိုပါ အဖော်အဖြစ်ဆွဲခေါ်သည်။မယားများများ ယူရန်မဆိုနှင့်။ မိဖုရားလေးပါးပြည့်အောင်ပင် မထားနိုင်သော သီပေါဘုရင်ကို ကျီစယ်ဟန်ဖြင့် လှောင်ပြောင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နန်းတော်မှာ အရှင်မင်းတရားရဲ့ မိဖုရားတွေမတွေ့ပါလား၊ မိဖုရားအားလုံး ကံတော်ကုန်ကြပြီဆိုတာ အမှန်ဘဲလားဘုရား"

သီပေါဘုရင်မှာ ရနောင်မင်းသား၏စကားကြောင့် မည်သို့မှ မခံစားရဟန်ပြုံးနေတော်မူတတ်သည်။

"ခမည်းတော်မင်းတရားကြီးမှာ မိဖုရားအများအပြားရှိပေမယ့် အရှင်မင်းတရားမှာ မိဖုရားတစ်ပါးတည်းသာရှိတာ စိတ်မကောင်းစရာပဲ။ ယောကျ်ားကောင်းမောင်းမတစ်ထောင်ဆိုတဲ့ စကားရှိပါတယ်။ကုန်းဘောင်သွေး ဗီသကြောင်း သက်သေပြရန် အရှင်မင်းတရားမှာ တာဝန်ရှိနေပြီ"

ရနောင်မင်းသား၏စကားတို့က သီပေါဘုရင်အား ပြောင်းလဲစေနိုင်စွမ်းမရှိ၊ သီပေါဘုရင်မင်းတရားသည် ခပ်မဆိတ်နှင့်ပြုံး၍သာ နေတော်မူသည်။

ရနောင်မင်းသားက သီပေါဘုရင်အား မိန်းမတစ်ယောက်၏ ကြိုးကိုင်ခြယ်လှယ်မှုတွင် ဝပ်စင်းနေရသူဟုမြင်သည်။ ထို့ကြောင့် သီပေါ ဘုရင်အား ပြောင်းလဲလာစေရန် ကြံသည်။

ရနောင်မင်းသားမှာ ဆိုခဲ့သည့်အတိုင်း အခွင့်ထူးခံဖြစ်သည်။ သီပေါမင်း၏လူယုံဖြစ်သည်။ ဘုရင်မင်းမြတ်ဘိသိက်ခံပြီးသည့်နောက် တွင် ဘုရင့်စီးပွားရေးလုပ်ငန်းများကို ဦးစီးခွင့်ရလာခဲ့သည်။ (ဘုရင့် လက်ဝါးကြီးအုပ်လုပ်ငန်းဖြစ်သော စီးပွားရေးလုပ်ငန်းများမှာ အထက် အောက် မြန်မာပြည်ကြား သွင်းကုန်ပို့ကုန်လုပ်ငန်း၊ ယူနန်နှင့် တရုတ်ပြည် တောင်ပိုင်းသို့ ပို့ကုန်သွင်းကုန်လုပ်ငန်းနှင့် အထက်မြန်မာပြည်သစ်တော ထွက်ပစ္စည်းများပင်ဖြစ်သည်။)

လုပ်ချင်တာလုပ်ခွင့်ရနေသော ရနောင်မင်းသားသည် သီပေါ ဘုရင်အား သိမ်းသွင်းရေးအစီအစဉ်တွင် အသုံးပြုရန် မိခင်ကြီးအမည်ရှိ မိန်းကလေးတစ်ယောက်ကိုတွေ့သည်။ မိခင်ကြီးမှာ နိုင်ငံခြားရေးရာ





ဝန်ကြီး ခန်းပတ်မင်းကြီး၏မြေး၊ ပုဂံအတွင်းဝန်၏တူမ၊ ဓာတ်သတ္တုနှင့် ပြည်သူ့လုပ်ငန်းဌာနမှ ကန့်အတွင်းဝန်၏သမီးဖြစ်သည်။

ရနောင်မင်းသားသည် မိခင်ကြီးနှင့် သီပေါဘုရင်တို့ကို တွေ့နိုင် အောင် စီစဉ်ပေးသည်။ နောင်တွင် ဒိုင်းခင်ခင်ဟုကျော်ကြားလာသည့် မိခင်ကြီးအား မိဖုရားဖြစ်စေရမည်ဟု မက်လုံးပေးသည်။ ဒိုင်းခင်ခင်၏ မိဘများကိုပါ စည်းရုံးသည်။ သူ့အကြံအစည်မှာ ဒိုင်းခင်ခင်အား စုဖုရား လတ်နေရာတွင် အစားထိုးရန်ဖြစ်သည်။

ရနောင်မင်းသား၏အကြံအစည်တွင် ဒိုင်းခင်ခင်၏ဆွေမျိုးများ၊ ရနောင်မင်းသား၏ညီတော်ပင်းသာမင်းသား၊ တောင်သမန်လယ်စား မောင်ဖေငယ်နှင့် အက္ကပတ်မြင်းဝန်စသည်တို့ပါဝင်သည်။

ရနောင်မင်းသား၏အစီအစဉ်ဖြင့် ဒိုင်းခင်ခင်ကို နန်းတော်အတွင်း သို့ သွင်းသည်။ သီပေါဘုရင်နှင့် တိတ်တဆိတ်တွေ့ဆုံစေသည်။ စုဖုရား လတ်မျက်နှာကိုသာ တစ်ကမ္ဘာထင်နေခဲ့သော သီပေါဘုရင်မှာ ဒိုင်းခင်ခင် နှင့် တွေ့သည့်အခါ ရနောင်မင်းသား၏ ပရိယာယ်ကွန်ယက်တွင် အမိခံ လိုက်ရတော့သည်။

ဒိုင်းခင်ခင်ဆိုသည်မှာ ရနောင်မင်းသား၏ပရိယာယ် ကစား ကွက်အောက်မှ အရုပ်ကလေးတစ်ရုပ်သာဖြစ်သည်။ သဘောဖြူအူစင်း အချောအလှလေးဖြစ်သော ဒိုင်းခင်ခင်နှင့်သီပေါဘုရင်တို့မှာ အတွေ့ကို မရှောင်နိုင်တော့ဘဲ တိတ်တိတ်ပုန်း မကြာခဏချိန်းတွေ့ကြသည်။

စုဖုရားလတ်မှာ သားတော်တစ်ပါးဖွားမြင်ခဲ့သည်။ ထီးမွေ နန်းမွေဆက်ခံမည့်သားတော်ရပြီဟု ဝမ်းသာ၍မဆုံးခင်မှာပင် ထိုသားတော် မှာ ကျောက်ရောဂါဖြင့် ကွယ်လွန်သွားခဲ့၏။

သီပေါဘုရင်အတွက် ထီးမွေနန်းမွေဆက်ခံမည့် သားတော် တစ်ပါးရရှိရန် လိုအပ်နေချိန်တွင် စုဖုရားလတ်မှာ ဒုတိယသမီးတော်ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်ရှိပြန်သည်။ ထိုကိုယ်ဝန်မှ နန်းလျာသားတော်ဖွားမြင်လျှင် စုဖုရားလတ်အတွက် အောင်ပွဲဖြစ်မည်။

သားတော်တစ်ပါး လိုချင်နေသော စုဖုရားလတ်ကို သိမ်းသွင်းမည့်အစီအစဉ်တစ်ခုကို ရနှောင်မင်းသားနှင့် အပေါင်းပါတို့က ကြံစည်ပြုလုပ်သည်။ အစီအစဉ်မှာ ပုဏ္ဏားပညာရှိများ၏ အကြံပေးပြောဆိုချက်အရ နန်းလျာသားတော်ကို မွေးဖွားရန် ဘုရင်နှင့်မိဖုရားတို့ ဥပုသ်ဆောင်ဝင်ကာ ယတြာပြုကြရမည်။ ဥယျာဉ်တော်အတွင်း သီးသန့်အဆောင်တစ်ခုစီတွင် ဥပုသ်ဆောင်ဝင်ရမည်ဖြစ်သည်။

စုဖုရားလတ်က ဥပုသ်ဆောင်ဝင်ပြီး သားဆုပန်ရမည့်ကိစ္စကို သဘောကျသည်။ ယုံကြည်သည်၊ ထို့ကြောင့် သီပေါဘုရင်ပြောဆိုလာသည့် အစီအစဉ်ကို လက်ခံလိုက်သည်။

အစီအစဉ်အရ ဥယျာဉ်တော်အတွင်း၌ ဘုရင်မင်းမြတ်နှင့် မိဖုရားကြီး စုဖုရားလတ်အတွက် ယာယီစံနန်းတော်တစ်ဆောင်စီဆောက်လုပ်သည်။ စုဖုရားလတ်သည် သူ့အတွက် သတ်မှတ်ထားသော ယာယီစံနန်းတော်သို့ဝင်ပြီး ဥပုသ်သီလဆောက်တည်သည်။ အလှူအတန်းများပြုလုပ်သည်။

သီပေါဘုရင်ကလည်း သူ့အတွက် သတ်မှတ်ထားသော ယာယီစံနန်းတော်သို့ဝင်သည်။ ဥပုသ်ဆောင်ဟုအမည်တပ်ထားသော ထိုယာယီစံနန်းတော်တွင် ဒိုင်းခင်ခင်နှင့်လွတ်လွတ်လပ်လပ် စံမြန်းသည်။

(ဥပုသ်ဆောင်ဝင်သည့်အကြောင်းကို လေ့လာဖတ်ရှုရသည့်စာအုပ်အချို့တွင် တွေ့ရပါသည်။ အဖြစ်အပျက်မှာ ဝတ္ထုဆန်သော်လည်း စုဖုရားလတ်၏သရုပ်ကို ပေါ်လွင်စေသဖြင့် ဖော်ပြခြင်းဖြစ်ပါသည်။ စာရေးသူ)





ဥပုသ်ဆောင်မှထွက်ပြီး မကြာခင် ဒုတိယသမီးတော်ကို ဖွားမြင်သည်။ ထိုအချိန်တွင် သီပေါဘုရင်က သူ့အမိဖုရားသစ် ဒိုင်းခင်ခင်အကြောင်း စုဖုရားလတ်ကို ဖွင့်ပြောသည်၊

'စုစုက သားတော်မွေးဖွားပေးနိုင်ခြင်း မရှိဘူးမဟုတ်လား၊ ဒါကြောင့် နန်းလျာသားတော်တစ်ပါးရနိုင်ဖို့အတွက် ဒိုင်းခင်ခင်ကို မိဖုရားမြှောက်လိုတော်မူတယ်'

သီပေါမင်း၏စကားက ယမ်းပုံပေါ်သို့ မီးတစ်စကျသွားသည့်ပမာရှိသည်။ စုဖုရားလတ်မှာ မခံရပ်နိုင်အောင် ဒေါသဖြစ်ရသည်။

ကစားရှယ် ငယ်ကတည်းက စွဲချစ်ခဲ့သောမောင်တော်က သာမန်မိန်းကလေးတစ်ယောက်ကို မိဖုရားမြှောက်မတဲ့၊ ကျွန်မကိုမှမိဖုရားမြှောက်မတဲ့'

ရင်ထဲတွင် ဆူပွက်နေသော၊ ရင်တပြင်လုံးကို လောင်မြိုက်စေမတတ်သော ဒေါသမီးတို့က စုဖုရားလတ်၏ထိန်းသိမ်းနိုင်စိတ်ကို ပြိုကွဲသွားစေသည်။ စုဖုရားလတ်စိတ်မထိန်းနိုင်တော့။ သီပေါဘုရင်ကို ဒေါသတကြီးရန်တွေ့သည်။ ဒိုင်းခင်ခင်ကို တဖြည်းဖြည်းညှဉ်းပြီး သတ်ပစ်မည်ဟု ခြိမ်းခြောက်သည်။

စုဖုရားလတ်ချော့လျှင် ပျော့တတ်၊ စုဖုရားလတ်မာလျှင် ပြာတတ်သော သီပေါဘုရင်မှာ ယခုတစ်ကြိမ်တွင်မတော့ ပျော့လည်းမလာ၊ ပျာလည်း မပျာတော့။ အလှရှင်မလေးဒိုင်းခင်ခင်ကို တပ်မက်စွဲလန်းစိတ်ဖြင့် ငယ်ချစ်ကိုမကြင်နာနိုင်တော့။ တွန်းလားထိုးလားဖြစ်နေသော စုဖုရားလတ်ကို လက်သုံးတော်ဓားဖြင့် ချိန်တော့သည်။

'ပြည့်ရှင်မင်းတစ်ပါးက ကိုယ်နှစ်သက်သူကို မိဖုရားမြှောက်တာဆန်းသလား၊ မယ်မင်းမကျေနပ်ရင် ဟောဒီလက်သုံးတော်ဓားနဲ့ မယ်မင်းကို ပိုင်းမယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒေါသတကြီးဖြစ်လာသော ဘုရင်မင်းမြတ်က လက်သုံးတော် ဓားနှင့် တကယ်ပိုင်းမည်လုပ်တော့လည်း စုဖုရားလတ်အတွက် တိမ်းရှောင် ထွက်ပြေးယုံကလွဲပြီး အခြားနည်းလမ်းမရှိ။အသက်ဘေးလွတ်ကင်းစေရန် ဘုရင်မင်းမြတ်ရှေ့တော်မှောက်မှ ပြေးရှောင်ရသည်။ မ,စိတ်မွန်ကာ ဒေါသရှိန်တက်နေသော ဘုရင်မင်းမြတ်က မိဖုရားနောက်သို့ ဓားတဝင့်ဝင့်နှင့် လိုက်သည်။

အန္တရာယ်နှင့်တွေ့ကြုံရသည့်တွင် စုဖုရားလတ်မှာ ခိုကိုးရာအဖြစ် မိခင်ကို ပြေးမြင်သည်။ ထို့ကြောင့် မိခင်ဆင်ဖြူမရှင်ထံပြေးဝင်ခိုလှုံသည်။

စုဖုရားလတ်သည် မယ်တော်ဆင်ဖြူမရှင်၏ အဆောင်သို့ အရောက်တွင် အဖြစ်အပျက်ကို ငိုယိုတိုင်တမ်းသည်။ မယ်တော်ဆင်ဖြူမရှင်က စုဖုရားလတ်ကို အတွင်းဆောင်သို့ပို့ကာ အဆောင်တံခါးကို ပိတ်ထားလိုက်၏။ သီပေါဘုရင်ရောက်လာသည့်အခါ အဆောင်တွင်းသို့ ဝင်ခွင့် မပြု။ ဒေါသကို ထိန်းရန်ဖြောင့်ဖျသည်။

ဘုရင်မင်းမြတ်စိတ်လျှော့ပြီး မယ်တော်မိဖုရားကြီး၏ အဆောင်မှ ပြန်သည်။ တစ်ညမျှစိတ်ထိန်းပြီး နေလိုက်သည်နှင့် နောက်တစ်နေ့တွင် ဘုရင်မင်းမြတ်၏ ဒေါသတွေ ပြေလျော့သွားသည်။ မ, စိတ်မွန်ပြီး ကျူးလွန်မိသော သူ့အမှားကို သူဆင်ခြင်မိသည်။

စိတ်ဆိုးပြေကာ နောင်တရမိသည်နှင့် ဘုရင်မင်းမြတ်သည် မယ်တော်မိဖုရားကြီး၏ အဆောင်သို့ ကြွမြန်းသည်။ စိတ်ထားသဘောထား ပျော့ပြောင်းသော ဘုရင်မင်းမြတ် စိတ်ပြေသွားကြောင်း မယ်တော်မိဖုရားကြီးသိသည်နှင့် အဆောင်တွင်းသို့ ဝင်ခွင့်ပြုသည်။ စုဖုရားလတ်နှင့် တွေ့ခွင့်ပြုလိုက်သည်။

စုဖုရားလတ်မှာ မယ်တော်မိဖုရားကြီးက တစ်ညလုံး ချော့မော့နှစ်သိမ့်ကာ ဆုံးမစကားပြောဆိုထားသဖြင့် မခံမရပ်နိုင်စိတ်ကို မြိုသိပ်





နိုင်စွမ်းရှိနေပြီဖြစ်သည်။ မောင်တော်ဘုရင်မင်းမြတ်ကို ဒေါသနှင့် မာန်ကွက်၍ မရမှန်းသိလာသဖြင့် အချိုအသာဆက်ဆံသည်။ မျက်ရည် ခံထိုးသည်။ မှားပါပြီဟု ပန်ချကာ ဒိုင်းခင်ခင်အား တစ်ဆောင်တစ်ခန်း ထားခွင့်ပြုသည်။

မောင်တော်ဘုရင်မင်းမြတ် ဒိုင်းခင်ခင်ထံသို့ အဝင်အထွက်ပြုနေသည်ကို စုဖုရားလတ်မကျေနပ်ပေ။ သို့သော် အမှတ်ထိုး တဖောက် ကန်းလုပ်၍ မအောင်မြင်နိုင်ကြောင်းသိသဖြင့် သူက ခေါင်းအေးအေး ထားပြီး စဉ်းစားသည်။ ဒိုင်းခင်ခင်၏နောက်ကွယ်တွင် ရှိသော အင်အားကို တွက်ဆသည်။ ဒိုင်းခင်ခင်၏ နောက်တွင်ရှိနေသော ဘုရင်မင်းမြတ်ကို အားပေးအားမြှောက်ပြုလုပ်သူလည်းဖြစ်သော ရနောင်မင်းသား၏အနေအထားကို စဉ်းစားသည်။

ရနောင်မင်းသားသည် ပြဿနာတစ်ခုလုံးအတွက် တာဝန်ရှိသူမှန်း စုဖုရားလတ်သိလာသည်။ ထို့ကြောင့် ရနောင်မင်းသားအကြောင်း သိသထက်သိအောင် ကြိုးစားသည်။ သတင်းစုံသည်ထက်စုံအောင် စုစည်းသည်။

ငယ်မည်မောင်ညိုတုတ်ဟုခေါ်သော ရနောင်မောင်မောင်တုတ်သည် အခြေအနေအချိန်အခါကို ကြည့်ပြီး ဘုရင်မင်းမြတ်သဘောတော်ကျအောင် ဆောင်ရွက်တတ်သူဖြစ်သည်။ ဘုရင်မင်းမြတ်အတွက် မဟာဆီ မဟာသွေး မင်းညီမင်းသားများကို သုတ်သင်ရှင်းလင်းပေးခဲ့သူ ဖြစ်သည်။

ဦးကိုတ္တိအမည်ရှိ ရဟန်းတစ်ပါးအား လက်ထဲတွင် ဓါးမြှောင်တစ်လက်ကိုင်လျက် ဖမ်းဆီးမိစဉ်က ရနောင်မင်းသားသည် ဦးကိုတ္တိကို စစ်ဆေးသည်။ ညှင်းပန်းနှိပ်စက်ပြီး ဘုရင်မင်းမြတ်ကို လုပ်ကြံရန် ကြံစည်မိပါသည်ဟု ဝန်ခံခိုင်းသည်။ ထို့နောက် လူဝတ်လဲစေကာ ကွပ်မျက်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက်ကြောင့် သီပေါဘုရင်က ရနောင်မောင်မောင်တုတ်အား အသက်သခင်အဖြစ် ကျေးဇူးတင်နေခဲ့သည်။ စုဖုရားလတ်ထိုယ်တိုင်ကလည်း မောင်တော်ဘုရင်မင်းမြတ်၏ အသက်ကို ကယ်သောကျေးဇူးရှင်အဖြစ် သဘောထားခဲ့သည်။ ယခုအသေအချာ ပြန်လည်စုံစမ်းလိုက်မှ ဦးကိတ္တိအား စေခိုင်းသူမှာ ရနောင်မင်းသားကိုယ်တိုင်ဖြစ်ကြောင်း သိလာရသည်။

စုဖုရားလတ်အနေဖြင့် ရနောင်မင်းသားအပေါ် သင်္ကာမကင်းဖြစ်နေသည်မှာ အတန်ကြာပြီ၊ ဒိုင်းခင်ခင်ပြဿနာပေါ်လာသည့်အခါတွင် အမုန်းတရားများနှင့်အတူ မယုံသင်္ကာစိတ်က ပိုကဲလာသည်။

"နောင်တော်ရနောင်မင်းသားဟာ ရဲစွမ်းသတ္တိရှိတယ်။ ငါကိုယ်တော်မြတ်ရဲ့အသက်ကို ကယ်တင်ခဲ့တယ်။ ငါကိုယ်တော်မြတ်ရဲ့ အမူတော်ကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ဖို့ ငါကိုယ်တော်မြတ်ရဲ့ အသက်စည်းစိမ်ကို အသက်ပေးပြီး ကာကွယ်ဖို့ ကတိသစ္စာဆိုပြီးသား ဖြစ်တယ်။ ဒါကြောင့် နောင်တော်ရနောင်မင်းသားကို သက်တော်ရှည် ဘွဲ့ပေးအပ်တယ်။ နောင်တော်ကို မဟာမင်းလှမင်းထင်စည်သူဘွဲ့ ပေးအပ်တယ်။ ပတ္တမြားကျောက်စီဓါးလွယ်ပြီး ခစားခွင့်ပြုတယ်၊ ယနေ့ကစပြီး မြောက်ထားဝယ်ဗိုလ်ရာထူးဖြင့် အမှုတော်ထမ်းရွက်စေ"

ရနောင်မင်းသားကို သီပေါဘုရင်မင်းမြတ်က သူ့ဓါးဖြင့် မသေစေရဟု ကတိပေးထားခဲ့ပြီးဖြစ်သည်။ ထိုရနောင်မင်းသားကို ရန်သူအဖြစ်ကြေညာပြီး ရှင်းလင်းပစ်ရန်မှာ စင်စစ်မလွယ်ကူလှပါပေ။

စုဖုရားလတ်သည် စိတ်ဓါတ်ခိုင်မာသူပီပီ မလွယ်သည့်အလုပ်ကို ဖြစ်မြောက်အောင်လုပ်ရန် ဆုံးဖြတ်သည်။ ဥပဒေကိုလက်တစ်လုံးခြားလုပ်တတ်သော ကောက်ကျစ်စဉ်းလဲသော ရနောင်မင်းသား၏ အတွင်းရေးတွေကို တစ်နေ့ထက်တစ်နေ့သိလာသည်။ တောင်တွင်းကြီးသူ သဘင်သည်မလေးအား လင်ကြီး ငတ်တုတ်ရှိပါလျက် ဆင်ဖြင့်တင်၍





ခိုးယူခဲ့ပြီး လင်ဖြစ်သူအား ရွှေ ငါးပိဿာနှင့် မြို့သူကြီးရာထူးပေးခဲ့သည်။ ဆင်ဖြင့်တင်ခိုးခြင်းခံရသော သဘင်သည်မလေးမှာ ဆင်ခိုးမလေးဟု အမည်တွင်ခဲ့သည်။ အကြောင်းစုံ သွေသိလာသည့်အခါ၌ ဖုရားလတ်သည် ရနောင်မင်းသားအပေါ် ပို၍ ရွံရှာလာသည်။

စုဖုရားလတ်သည် ရနောင်မင်းသားကို ရှင်းလင်းပစ်ရေးအတွက် တိုင်တားမင်းကြီးကို ခေါ်ယူတိုင်ပင်သည်။ သူ့ဘက်သားဖြစ်သော လေှသင်းအတွင်းဝန်နှင့် ဆွေးနွေးသည်။

တိုင်တားမင်းကြီးသည် အမြင်ကျယ်လှသူမဟုတ်။ ဘုရင်မင်းမြတ်မြောက်စားသဖြင့် နေရာကောင်းရလာသူပီပီ ဘုရင်မင်းမြတ်အပေါ် သစ္စာ ရှိရန်ကိုသာ ဦးထိပ်ပန်ဆင်ထားသူဖြစ်သည်။ ရှေးယခင်က ရနောင်မင်းသားနှင့် လက်ပွန်းတတီးရှိခဲ့သော်လည်း နောက်ပိုင်း၌ ရနောင်မင်းသားက စုဖုရားလတ်ဆန့်ကျင်ရေးတွေ လှို့ဝှက်လုပ်ဆောင်လာသည့်အခါတွင် ခပ်ခွာခွာနေခဲ့ပြီး၊ အရေးကြုံသည့်အခါ စုဖုရားလတ်၏ခြေတော်ရင်းသို့ ရောက်လာသူဖြစ်သည်။

စုဖုရားလတ်သည် သူယုံကြည်စိတ်ချသော တိုင်တားမင်းကြီး၊ လေှသင်းအတွင်းဝန်တို့နှင့် တိုင်ပင်ပြီးနောက် သီပေါဘုရင်က ယုံကြည်ချစ်ခင်နေသော ရနောင်မင်းသားကို အပြတ်ရှင်းလင်းရန် နည်းလမ်းတွေ ရလာသည်။ ထို့နောက်တွင် စုဖုရားလတ်သည် ရန်သူတော်ရနောင်မင်းသားမောင်မောင်တုတ်အား တိုက်ခိုက်ဖယ်ရှားရေး အစီအစဉ်ကို စတင်လိုက်သည်။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်သိမ်းမကောင်းသူများ

ခမည်းတော်မင်းတုန်းမင်းတရားကြီး နန်းတော်မှထွက်ပြီး မြို့တော်အတွင်းလှည့်လည်စဉ် သားတော်များဖြစ်ကြသော မြင်းကွန်းနှင့် မြင်းခုံတိုင် မင်းသားတို့၏ လုပ်ကြံမှုပေါ်ပေါက်ခဲ့ဖူးသည်။ ထိုလုပ်ကြံမှု ထိုသင်ခန်းစာကိုယူပြီး သီပေါဘုရင်သည် နန်းတော်အတွင်းမှ မြင်ပသို့ ထွက်ရန်ဝန်လေးနေခဲ့သည်။

ပြည်သူပြည်သားတို့မှာ မိမိတို့၏အရှင်သခင်ဘုရင်မင်းမြတ်ကို ဖူးမြော်ခွင့်မရခဲ့ကြ၊ ဘုရင်မင်းမြတ်တိုင်းခန်းလှည့်လည်သည်ကို မတွေ့ဖူးခဲ့ကြပေ။

စုဖုရားလတ်သည် ဘုရင်မင်းမြတ်အား ပြည်သူတို့အကြားသို့ ထွက်ကြွခံရန်တိုက်တွန်းသည်။ ပုဏ္ဏားပညာရှိတို့ကလည်း မင်းတရား တိုင်းခန်းလှည့်လည်သင့်ကြောင်းအကြံပြုကြသည်။





သီပေါဘုရင်သည် မိဖုရားစုဖုရားလတ်၏ အကြံပြုစကားကို လက်ခံပြီး ပြည်သူတို့အကြားသို့ ထွက်မည့်အကြောင်း မောင်းကြေး နင်းခတ်ကာ ကြေညာစေသည်။

ဘုရင်မင်းမြတ် တိုင်းခန်းလှည့်လည်စဉ် ပြည်သူတို့၏ ဆန္ဒ သဘောထား တိုင်ကြားစာများကိုထည့်ရန် နန်းမြို့ပြင်လေးရပ်တွင် ရွှေသေတ္တာကြီးလေးလုံးကို ချထားစေသည်။ ထိုရွှေသေတ္တာကြီးများတွင် ပြည်သူတို့က မိမိတို့၏ တိုင်ကြားစာသနူရှစာများကို ထည့်နိုင်ကြောင်း လည်း ကြေညာသည်။

သီပေါဘုရင်မင်းတရားနှင့် မိဖုရားကြီးစုဖုရားလတ်တို့ ပြည်သူ တို့အကြားသို့ ထွက်ကြွစဉ် အရှင်နှစ်ပါးကို ဖူးမြော်ရန် ပြည်သူတွေ ကြိတ်ကြိတ်တိုးမျှ စောင့်ကြိုနေကြသည်။ ဘုရင်မင်းမြတ်ကို ကန်တော့ကြ သည်။

နန်းတော်ပြင်ပသို့ထွက်ပြီး ကန်တော့ခံစဉ်တွင် ပြဿနာတစ်စုံ တစ်ရာမျှ မရှိခဲ့။ သောင်းသောင်းဖျဖျ ကြိုဆိုကြ ကန်တော့ကြသော ပြည်သူတို့ကြောင့် သီပေါဘုရင်မင်းမြတ်မှာ စိတ်နှလုံးချမ်းမြေ့ကြည်နူး ခဲ့ရသည်။

တိုင်းခန်းလှည့်လည်မှုပြီး၍ အရှင်နှစ်ပါးနန်းတော်သို့ ပြန်ရောက် သည့်အခါတွင် ရနောင်မင်းသားအတွက် ကံဆိုးစရာ ပြဿနာတွေက ပါလာခဲ့သည်။ ထိုပြဿနာမှာ မြို့ပြင်လေးရပ်၌ ချထားသော ရွှေသေတ္တာ များထဲမှ တိုင်ကြားစာများပင်ဖြစ်၏။

ရွှေသေတ္တာများထဲတွင်ပါသည့် တိုင်စာများမှာ ရနောင်မင်းသား နှင့် ပတ်သက်သော တိုင်ကြားစာတွေ လျှောက်တင်စာတွေက များသည်။ ဘုရင်မင်းမြတ်သည် နောင်တော်ရနောင်မင်းသားနှင့် ပတ်သက်သော တိုင်ကြားစာများကို စိတ်မချမ်းမြေ့စွာ ဖတ်ရှုရသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုင်စာများတွင် ရနှောင်မင်းသား၏ ရက်စက်မှုတို့ကိုဖွင့်ချထားသည်။ လက်မှတ်ရေးထိုးထားခြင်းမရှိသော ရနှောင်မင်းသားနှင့်ပတ်သက်သည့် တိုင်ကြားစာတို့က သီပေါဘုရင်မင်းတရား၏ စိတ်ကိုထိခိုက်သွားစေသည်။ ရနှောင်မင်းသားကို ယုံကြည်ကိုးစားပြီး အခွင့်အာဏာများပေးအပ်ထားခဲ့သည်မှာ မှားပြီဟု တွေးမိသည်။ ထို့ကြောင့် ရနှောင်မင်းသားအားရတနာပုံနေပြည်တော်တွင်ရှိသည့်ခြေလျင်တပ်သား(၁၂၀၀၀)တို့ကို ကွပ်ကဲရသည့် သေနတ်ဝန်အဖြစ်မှ ဖြုတ်ချပြီး သူ့နေရာတွင် ကင်းဝန် မင်းကြီးကို တာဝန်ပေးခန့်အပ်လိုက်သည်။

ရနှောင်မင်းသားသည် သေနတ်ဝန်ရာထူးမှ အဖြုတ်ခံရသဖြင့် တုန့်လှုပ်သွားခဲ့ရသော်လည်း သီပေါဘုရင်မင်းမြတ်က သူ့အပေါ် ရက်စက်မှာ မဟုတ်ကြောင်း ယုံကြည်နေသည်။ ထို့ကြောင့်ပင်အုပ်ချုပ်ရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်၏။ ကင်းဝန်မင်းကြီးက ရနှောင်မင်းသားအား ဖမ်းဆီးပြီးအကျဉ်းချမှ ဖြစ်တော့မည်ဟု တွေးသည်။ ဆုံးဖြတ်ချက်ကို ချသည်။

ရနှောင်မင်းသားသည် အခြေအနေ မလှတော့သည်ကို သဘောပေါက် နားလည်စပြုလာသည်။ ထို့ကြောင့်ပင် သူ့ရပ်တည်မှု အတွက် မင်းနှစ်ပါးကို လုပ်ကြံရန် ကြံစည်သည်။

သီပေါဘုရင်မင်းမြတ်နှင့်စုဖုရားလတ်တို့ ကျုံးထဲတွင် ကရဝိတ်ဖောင်တော်ဖြင့် မြို့သိမ်းပွဲ အခမ်းအနားကျင်းပစဉ်တွင် ရနှောင်မင်းသားက သူ၏လုပ်ကြံရေးအစီအစဉ်ကို စတင်မည်ပြုသည်။ သို့သော် ထိုအစီအစဉ်ကို ကင်းဝန်မင်းကြီးကသိပြီး သီပေါဘုရင်အား လျှောက်ထား အသိပေးလိုက်သည်။ သီပေါဘုရင်က ရနှောင်မင်းသားအား သူနှင့်အတူပါလာသော အစောင့်များကို ပြန်လွှတ်ပြီး အရှင်နှစ်ပါးနှင့်အတူ ကရဝိတ်ဖောင်တော်ပေါ်တွင် လိုက်ပါရန် ဆင့်ခေါ်လိုက်သည်။





ဘုရင်မင်းမြတ်ထံမှ အခေါ်တော်ရောက်လာသဖြင့် ရနှောင်မင်းသားမှာ သူ့အကြံအစည်ကိုအကောင်အထည်မဖော်နိုင်တော့ဘဲ ကရဝိတ်ဖောင်တော်ပေါ်သို့ လိုက်ပါခဲ့ရသည်။

မြို့တော်သိမ်းပွဲ အခမ်းအနားတွင်သည်း ယခင်တစ်ကြိမ်ထွက်ကြွစဉ်ကကဲ့သို့ပင် မြို့ပြင်လေးရပ်၌ ရွှေသေတ္တာများချထားပြီး တင်လျှောက်စာ တိုင်ကြားစာများကို လက်ခံသည်။ တင်လျှောက်စာ တိုင်ကြားစာပေါင်း နှစ်ထောင့်ငါးရာခန့်ကို ရရှိသည်။

သီပေါဘုရင်မင်းမြတ်မှာ တင်လျှောက်တိုင်ကြားစာများကို ဘစ်ပတ်မျှ ကြာအောင်ဖတ်ရှုရသည်။ တင်လျှောက်တိုင်ကြားစာတို့တွင် ပြည်သူတို့က ၎င်းတို့၏အခက်အခဲများ၊ အကျပ်အတည်းများ၊ နစ်နာမှုများကို ဖွင့်ဟရေးသားထားကြသည်။ နေပြည်တော်တွင် ဖွင့်သည့် ထီများကြောင့် ပြည်သူအများ ဆင်းရဲဒုက္ခရောက်ရသည့်အဖြစ်များကို ဘုရင်မင်းမြတ်အား အသိပေးတင်ပြသည်။

လျှောက်တင်တိုင်ကြားစာများအနက် သီပေါဘုရင်မင်းတရားကို တုန့်လှုပ်သွားစေသည်က ရနှောင်မင်းသားနှင့်ပတ်သက်သည့် တိုင်ကြားစာများပင်ဖြစ်နေပြန်သည်။ တိုင်စာတစ်စောင်တွင် ပြည်သူသုံးဆယ်ကျော်က လက်မှတ်ရေးထိုးထားသည်ကို တွေ့ရ၏။

တိုင်စာများ၌ ရနှောင်မင်းသားသည် နေပြည်တော်ပတ်ဝန်းကျင်တွင် ခားပြဂိုဏ်းများထောင်ပြီး စေစုများရယူနေကြောင်း၊ သီပေါဘုရင်မင်းဟရားကိုလုပ်ကြံပြီး ထီးနန်းသိမ်းပိုက်ရန်ကြံစည်းနေကြောင်း၊ သီပေါဘုရင်မင်းတရား၏ တံဆိပ်တော်ဖြစ်သော ဒေါင်းတံဆိပ်တော်ကို တရားမဝင်အသုံးပြုကာ ဘုရင်မင်းမြတ်မသိဘဲ အရာရှိ အရာခံများ ခန့်အပ်နေကြောင်း၊ အုပ်ချုပ်ရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်နေကြောင်း၊ မိန်းမမှုပွေပြီး လင်ရှိမယားများကိုပင် မတရားသိမ်းပိုက်ကြောင်း၊ လင်မြ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ရန်ရှာသတ်ဖြတ်ပစ်ကြောင်း၊ ရနောင်မင်းသား၏ နေအိမ်တွင် မင်းမြောက်တန်ဆာငါးပါးနှင့် ဘုရင်နှင့်မိဖုရားတို့သာ စံမြန်းခွင့်ရှိသော သလွန်တော်ကို ပြုလုပ်ထားကြောင်း စသည် ရနောင် မင်းသား၏ လျှို့ဝှက်ချက် မှန်သမျှကို ဖွင့်ထုတ်ရေးသားကြသည်။

တိုင်စာများကိုဖတ်ပြီးသည်နှင့် သီပေါဘုရင်ငိုင်ကျသွားသည်။ မိမိကမူ နောင်တော်အဖြစ်အသိအမှတ်ပြုပြီးချစ်ခင်ယုံကြည်ခဲ့သည်။ ယခုတော့ ရနောင်မင်းသား၏သစ္စာမဲ့မှုကို မယုံနိုင်အောင်ပင်ဖြစ်ရပြီ။

သီပေါဘုရင်သည် ရနောင်မင်းသား၏သစ္စာဖောက်မှုအတွက် ဆုံးဖြတ်ရခက်နေပြီး မိမိအနီးတွင်ရှိသော ဝန်ကြီး မှူးမတ်တို့နှင့်တိုင်ပင်သည်။ တိုင်ကြားစာများတွင်ပါသည့် သက်သေတို့ကို စစ်ဆေးသည်။ နောက်ဆုံးတွင် ရနောင်မင်းသား၏ သရုပ်သကန်အစစ်အမှန်ကို တွေ့မြင်လာရသည်။

ဘုရင်မင်းမြတ်သည် ရနောင်မင်းသားကိုအရေးမယူ၍မဖြစ်တော့သဖြင့် ဆင့်ခေါ်လိုက်သည်။ ရနောင်မင်းသားမှာ သူ့အခြေအနေကို သူမသိဘဲ ဘုရင်မင်းမြတ်ရှေ့တော်မှောက်သို့ ဝင်ရောက်ခစားသည်။ ဘုရင်မင်းမြတ်က ရတနာကျောက်စီဓားကို ဆွဲထုတ်ပြီး ရနောင်မင်းသား၏ ဂုတ်ပေါ်တွင်မိုးထားလိုက်သည်။

'ငါကိုယ်တော်မြတ် ပြုဖူးတဲ့ကျေးဇူးကိုမှမထောက်၊သစ္စာဖောက်ပြီး ငါကိုယ်တော်ကို လုပ်ကြံမယ် စီစဉ်နေတယ်မဟုတ်လား၊ မောင်မင်းရဲ့ အပြစ်ကိုတော့ ငြင်းမယ်မကြံနဲ့'

ရနောင်မင်းသား ဘာပြန်ပြောရမှန်းမသိတော့။ ဘုရင်မင်းမြတ်၏ဒေါသက သူ့အားအကြောက်တရားများဖြင့် ဖုံးလွှမ်းသွားစေသည်။ သို့သော် ရနောင်မင်းသားက ကြောက်ရွံ့ဟန်ကိုမပြ။ စုဖုရားလတ်ရှေ့မှာ အရှုံးပေး အညံ့ခံရမှာကို ဝန်လေးနေသည်။





'မောင်မင်းက ငါကိုယ်တော်ကို အာခံချင်သလား၊ငါကိုယ်တော်က ညီနောင်အရင်းလို သဘောထားခဲ့တာကို အခွင့်ကောင်း ယူပြီး ကျေးစွပ်လိုက်တာလား၊ မောင်မင်းဘာများလည်ဆယ်ချင်သေးသလဲ၊ လျှောက်တင်စမ်း'

ရနောင်မင်းသားကအံတင်းတင်းကြိတ်ငြိုက်သည်။ မိဖုရားကိုပင် မလွှန်ဆန်ရဲသည့် ပြော့ညံ့လွန်းသည့် ဘုရင်အား အသနားခံနေစရာ မလိုဟု ဆုံးဖြတ်လိုက်၏။

'ကျွန်တော်မျိုးဘာမှ လျှောက်ထားရန်မရှိပါ။ အရှင်မင်းမြတ် သတ်လျှင် သေရန်အသင့်ရှိပါတယ်'

ရနောင်မင်းသား၏ တိုတိုပြတ်ပြတ်ပြောဆို တင်လျှောက်သံသည် ဘုရင်မင်းမြတ်အားပို၍ ဒေါသကိုဖြစ်သွားစေသည်။ ဘုရင်မင်းမြတ်က သစ္စာဖောက်ရနောင်မင်းသားကို လက်သုံးတော်ဓားဖြင့် ခိုင်းမည်ပြုသည်။ သို့သော် အနားတွင်ရှိသော လေသင်းအတွင်းဝန် လျှောက်ထားချက်ကြောင့် ဓားကိုင်လက်ကို ပြန်လည်ရုပ်လိုက်သည်။

'သက်ဦးဆံပိုင်ဘုရင်တပါးသည် သက်တော်ရှည်ဘွဲ့အပ်နှင်းထားသူကို မသတ်စကောင်းပါ၊ ဆင်ခြင်တော်မူစေလိုပါသည်'

သီပေါဘုရင်မင်းတရားသည် တကိုယ်လုံးလောင်ကျွမ်းမတတ်ဖြစ်နေသော ဒေါသကို အသိဉာဏ်ဖြင့် ချွန်းအုပ်လိုက်သည်။ ရနောင်မင်းသားအား ကြေးတိုက်သို့ ပို့ကာချုပ်နှောင်ထားရန် အမိန့်ချမှတ်လိုက်သည်။

ရနောင်မင်းသားကို ဖမ်းဆီးချုပ်နှောင်လိုက်ပြီးသည့်နောက်တွင် င်သာ မင်းသား၊ ခန်းပတ်မင်းကြီး ကန္တီအတွင်းဝန်၊ ပုဂံအတွင်းဝန်၊ ာင်သမန်လယ်စားနှင့် အဏ္ဏပတ်မြင်းဝန် စသည့် ရနောင်မင်းသား၏ ပေါင်းပါတို့ကိုပါ ဖမ်းဆီးပြီး အကျဉ်းချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရနှောင်မင်းသားနှင့် သူ့ညီတော်တို့၏ စံအိမ်များမှ သေနတ်အလက်ငါးရာကျော်၊ ဓားအစင်းတစ်ထောင်နီးပါး၊ ငွေသားရှစ်သိန်းကျော်အဖိုးတန်စိန်ရွှေရတနာများကို သိမ်းဆည်းရရှိသည်။

ရနှောင်မင်းသား၏ နေအိမ်မှ လက်နက်များသာမကမင်းမြောက်တန်ဆာငါးပါးဖြစ်သော သားမြီးယပ်၊ သင်းကျစ်၊ သံလျက်၊ ထီးဖြူ၊ ခြေနင်းစသည်တို့အပြင် ကရဝေးသားဖြင့် ပြုလုပ်သော ပလ္လင်တို့ကို သိမ်းဆည်းရရှိခဲ့သည်။ ရနှောင်မင်းသား၏ အပေါင်းပါဖြစ်သော ကန်ဝန်အတွင်းဝန်၏ အိမ်မှလည်း လက်နက်များ သိမ်းဆည်းရရှိသည်။

အကျဉ်းချခံရသော ရနှောင်မင်းသားကို မယားလုဘက်ဖြစ်သော ရွှေလှံဗိုလ်က သုတ်သင်လိုက်သည်။ ပြီးမှရနှောင်မင်းသားကိုယ့်ကိုကိုယ်သက်သေသွားသည်ဟု သတင်းလွှင့်သည်။

ရနှောင်မင်းသားနှင့်ပတ်သက်ပြီး သီပေါဘုရင်မင်းတရား၏ တိတ်တိတ်ပုန်းချစ်သူဖြစ်ခဲ့ရသော ဒိုင်းခင်ခင်မှာလည်း မထင်မရှား ပျောက်သွားခဲ့သည်။ တိုင်တားမင်းကြီးထံပို့ပြီ ထိမ်းသိမ်းခိုင်းထားရာမှ လူမသိ သူမသိ ကွပ်မျက်ခံလိုက်ရသည်။

သီပေါဘုရင်နှင့်ဒိုင်းခင်ခင်တို့၏ အချစ်ဇာတ်လမ်း ဆိုသည့် ဖိုမကိစ္စက ပြီးဆုံးသွားခဲ့သည်။ သီပေါဘုရင်သည် ငယ်ချစ် မိဖုရားကိုပင် ရန်သူစာရင်းသွင်းခဲ့ကာ အချစ်ကြီးချစ်ခဲ့မိသည်ဆိုသော ဒိုင်းခင်ခင်ကို ယခုတော့ သတိမရတော့။ သီပေါဘုရင်မှာ ငယ်ချစ်မိဖုရား စုဖုရားလတ်အနားသို့သာ ပြန်လည်ရောက်ရှိသွားခဲ့ရပြီ။

❑ ❑ ❑



# ထီ ထီ ထီ

ရတနာပုံနေပြည်တော်တွင် ထီဖွင့်သည့်အစီအစဉ်တရပ်ကို ဘင်ပြုလုပ်သည်။ ထီဖွင့်ရန် ဝန်ကြီးတစ်ပါးက အကြံပြုတိုက်တွန်း မှုစပြီး ဘဏ္ဍာတော်ရရှိနိုင်သဖြင့် သီပေါဘုရင်မင်းမြတ်က ထီဖွင့် င့်အမိန့်ပေးလိုက်သည်။

သီပေါဘုရင်လက်ထက် ရတနာပုံနေပြည်တော်တွင် ထီကို စ်မျိုးနှစ်စားခွဲ၍ ဖွင့်လှစ်ပေးသည်။ နေ့စဉ်ဖွင့်သော ထီနှင့်လစဉ်ဖွင့် သော ထီတို့ဖြစ်သည်။

နေ့စဉ်ဖွင့်သော ထီမှာထီလက်မှတ်တစ်စောင်ကိုတစ်ပဲဖြစ်သည်။ ထီလက်မှတ်များကို ထီကိုယ်စားလှယ်များထံတွင် ဝယ်ယူပြီးကံစမ်း နိုင်ကြသည်။

တစ်နေ့တစ်ကြိမ်ဖွင့်သော အသေးစားထီအတွက် အောင်ဘာလေ ကို မွန်းတည့်ချိန်တွင် ဖွင့်သည်။ မြို့တော်အတွင်း၌ ထီရုံးအများအပြား ဖွင့်လှစ်ထားရှိပြီး ထီလက်မှတ်များကို ရောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ထီပေါက်သူအားတစ်ဆကို လေးဆယ့်ရှစ်ဆလျော်သည်။ တစ်ပဲ ဆိုးလျှင် သုံးကျပ်၊ တစ်ကျပ်ထိုးလျှင် လေးဆယ့်ရှစ်ကျပ်၊ တစ်ရာဖိုး ထိုးလျှင် လေးရာ့ရှစ်ဆယ်။

မွန်းတည့်ချိန် ထီဖွင့်တော့မည်ဆိုသည်နှင့် ထီရုံကြီးမှ မောင်းထု သံက ပေါ်လာသည်။ မောင်းထုသံအကြားတွင် ထီထိုးထားသူများ ထီရုံးကြီးရှိရာသို့ အပြေးအလွှားစုရုံးရောက်ရှိလာ၏။

ထီဖွင့်ပွဲတွင် ဝန်ကြီးတစ်ဦးက ဦးစီးကာ စစ်သည်တော်များက ထီရုံးတွင် စောင့်ကြပ်ပေးကြသည်။

ထီဖွင့်သည့်နည်းမှာ ဘောလုံးခုခြောက်ဆယ်ထည့်ထားသော စည်ကို တစ်ခါလှည့် ဘောလုံးတစ်လုံးထွက်ကျလာအောင် လှည့်သည်။ တစ်ဖက်က စည်တစ်ခါလှည့်ရန် နံပါတ်စဉ်အော်ပေးရသည်။ စည်ထဲ ထည့်ထားသည့် ဘောလုံးခြောက်ဆယ်အနက်တစ်လုံးမှာ ရွှေဘောလုံး ဖြစ်၏။ နံပါတ်စဉ်အော်သူက နံပါတ်စဉ်တစ်မှစအော်သည်။စည်လှည့် သူကလှည့်လိုက်သည့်အခါ ဘောလုံးတစ်လုံးထွက်ကျလာသည်။ ထို ထွက်ကျလာသည့်ဘောလုံးသည် ရွှေဘောလုံးဆိုလျှင် ထီပေါက်ပြီ။

အကြီးစားထီလက်မှတ်တစ်စောင် ငါးကျပ်ဖြစ်ပြီး ပေါက်ဂဏန်း သုံးထောင်ကျပ်ရှိသည်။ ထီပေါက်လျှင် ပထမဆု တစ်သောင်းဖြစ်ပြီး ဆုအသေးများလည်းရှိသည်။ ထိုးသားသည် ထီလက်မှတ်တစ်စောင် ငါးကျပ်နှင့်ထိုးချင်သလောက်သာထိုး၊ ပေါက်ပြီဆိုသည်နှင့် 'ဂုဏ်သရေရှိ သူဌေးမင်း' ဘွဲ့ကိုရပြီး ဝတ်ကောင်းစားလှဝတ်ကာ ဆင်ပေါ်တင်ပြီး နေပြည်တော်အတွင်းလှည့်လည်ပြသသည်။

ထီနှစ်မျိုးစလုံးကို ဆင်းရဲသားလည်းထိုးသည်။ ကုန်သည် လည်းထိုးသည်။ ဘုန်းကြီးလည်းထိုးသည်။ နန်းတွင်းသူ နန်းတွင်းသား များလည်းထိုးသည်။





တစ်နေ့တစ်နေ့ နေပြည်တော်တွင် ထီထိုးသူတို့ဖြင့် ကြိတ်ကြိတ် တိုးနေသည်။ နေပြည်တော်တွင်းရှိသူဘို့မှာ ထီမထိုးဖူးသူမရှိလောက် အောင်ပင် ရှားသည်။ သို့သော် ထီပေါက်ဖူးသူကားနည်းလှ၏။

ထီရုံးဖွင့်ထားသူတို့သည် ထီပေါက်သူအား မလျော်နိုင်လျှင် အဖမ်းခံရသည်။ အများအားဖြင့် လျော်ငွေရကြသည်။

နေပြည်တော်တွင် တစ်နေ့တစ်နေ့ ထီထိုးသည့်အလုပ်မှ လွဲပြီး အခြားအလုပ်ကို စိတ်မဝင်စားကြတော့။ တစ်နေ့ တစ်နေ့ ထီပေါက် ဂဏန်းကိုရှာသည်။ တွေ့သမျှ မြင်သမျှ အာရုံစိုက်မိသမျှအပေါ် အတိတ် စိမ်းကောက်ကြသည်။ ဗေဒင်မေး၊ နတ်မေး မေးကြသည်။ အိပ်မက်ကို ထီဂဏန်းအဖြစ် အဓိပ္ပာယ်ဖော်ကြသည်။

ဗေဒင်ဟူးရားဆရာများက နေ့အလိုက်တွက်ချက်ပေးသော စိုးမိုး ဂဏန်းများဖြင့် ထီကိုထိုးကြ၏။ နတ်မေး၊ အတိတ်ကောင်းအိပ်မက်ကို အဓိပ္ပာယ်ဖော်ဖြင့် ထီထိုးကြရင်းမှ နေပြည်တော်တွင် နေထိုင်သူတို့၏ အခြေအနေက တဖြည်းဖြည်းဆိုးဝါးလာသည်။

ဗေဒင်ဟူးရားဆရာများထံတွင်လည်းကောင်း၊ နတ်ဝင်သည်များ ထံတွင်လည်းကောင်း၊ လူတွေဝိုင်းနေကြသည်။ ဂဏန်းတောင်းကြသည်။ ယနေ့အတွက် ဂဏန်းရလျှင် အပြေးအလွှားထိုးကြပြီး နောက်နေ့အတွက် လည်း ဂဏန်းတောင်းသံသရာလည်နေကြ၏။

အိပ်မက်ကိုအားကိုးသူတို့အတွက်မှာလည်း မက်လိုက်သည့် အိပ်မက်တွေကပြီးဆုံးသည်မရှိ။ အိပ်မက်မှန်သမျှ ထီထိုးဖို့ ဂဏန်းတွေ ချည်းဖြစ်၏။

နေပြည်တော်၏ဈေးတွေထဲမှာ ထီအကြောင်းပြောကြသည်။ အရပ်ထဲမှာ ထီအကြောင်းပြောကြသည်။ ဥပုသ်ဆောင်မှာ၊ ဘုရားပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မြစ်ဆိပ်မှာ၊ နန်းတော်ထဲမှာ၊ တစ်နေ့တစ်နေ့ ထိုအကြောင်း ပေါက်ကရာန်း အကြောင်းတွေသာပြောရင်း ထိုကိုပြေးထိုးရင်း မောလာကြသည်။

ရဟန်းသံဃာတော်များထံသို့ တရားနာရန်မသွား၊ ပေါက်ကရာန်း တောင်းရန်သွားကြသည်။ နေပြည်တော်ထိသည် ကလေးသူငယ်မှစပြီး အဘိုးအို၊ အမယ်အိုတို့အထိ၊ သာမဏေမှစ၍ ကျောင်းထိုင်ဆရာတော် အထိ၊ လှည်းနေလှေအောင်း မြင်းဇောင်းမကျန်ဆိုသလို ပြည်သူအားလုံး ကို ဖမ်းစားနေပြီ။

တစ်ယောက်ကစ တစ်ရာ၊ တစ်ထောင်၊ တစ်သောင်း၊ ရှိသမျှ လူတွေ၊ ထိ ထိ ထိ ထိနောက်ကောက်ကောက်ပါလိုက်ကြရင်း မွဲသူမွဲ၊ မူးသူမူး၊ ရူးသူရူး၊ သေသူသေ၊ ခိုးဆိုးလုယက် သူတွေက များလာသည်။

ထိုကြောင့်နေပြည်တော်တွင် ဒုစရိုက်မှုတွေ ထူပြောလာသည်။ ထိုးသူကတစ်ထောင် တစ်သောင်း၊ ထိုပေါက်သူက တစ်ယောက်နှင့် စီးပွားတွေပျက်ပြီး ချွတ်ခြုံကျလာသည်။

ထိုဖွင့်ပွဲ ကျင်းပနေသည့် သုံးနှစ်အတွင်း နေပြည်တော်တွင်း ရှိသူတို့၏ အခြေအနေမှာ ဆယ်မရလောက်အောင် ပျက်စီးကုန်သည်။ ထိုကြောင့် လင်မယားတွေကွဲကြသည်။ ထိုကြောင့်ကိုယ့်ကိုယ်ကိုသတ်သေ ကြသည်။ ထိသည် ဘုရင့်ဘဏ္ဍာတိုက်အတွက် ဘဏ္ဍာငွေတွေပြည့်လျှံ လာစေသော်လည်း ပြည်သူအများစုတို့ ဘဝပျက်စေသည့်သတင်းက သိပေါဘုရင်ရွှေနားတော်သို့ ပေါက်ကြားလာသည်။ ထိုအခါတွင် ပြည်သူ ပြည်သားတို့အပေါ် ရင်ဝယ်သားကဲ့သို့ အုပ်ချုပ်ရန်သစ္စာဆိုထားသည့် ဘုရင်မင်းမြတ်အဖို့ စိတ်မရွှင်လန်းနိုင် ဖြစ်ရသည်။ ပြည်သူတွေအတွက် ကောင်းကျိုးမပေးသော ထိုကို သုံးနှစ်သုံးမိုးအကြာတွင် ဘုရင်မင်းမြတ်က ပိတ်ပစ်လိုက်သည်။





ထိုပိတ်လိုက်သည့်အခွင့် ထိုနောက်သို့ ကောက်ကောက်ပါအောင် လိုက်သူတို့ ယောင်ချာချာဖြစ်ကုန်ကြသည်။ ထိုပိတ်လိုက်ပြီးသည့် နောက်ပိုင်း ရက်အတော်ကြာကြာတွင် အခြေအနေတွေ ပြန်လည်တည်ငြိမ် လာသည်။ ထိုရုံးဆီသို့ ဦးတည်သူတို့သည် လုပ်ငန်းခွင်သို့ ပြန်ရောက်လာ ကြသည်။ ထိုပိတ်လိုက်ခြင်းကြောင့် ဘိုင်းပြည်တပြည်လုံးပျက်စီးတော့ မည့်ဘေးမှ ဝေးသွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

# စုဖုရားလတ်၏ပုံရိပ်

ရဲရင့်ပြီးစိတ်ဓါတ်ကြံ့ခိုင်မာကြောသော ဇေကရီစုဖုရားသည် ဒုက္ခတွေ့နေသော မိန်းမသားများ၏ ခိုလှုံရာ အားကိုးအားထားပြုရာ ဖြစ်သည်။

စုဖုရားသည် မိမိမှန်သည်ဟုထင်လျှင် ပြတ်ပြတ်သားသား လုပ်သည်။ ကောင်းသည်ဟုထင်လျှင် ရှေ့တိုးဆောင်ရွက်သည်။ အသက်အရွယ်ငယ်ပြီး ပတ်ဝန်းကျင်နှင့် ထိတွေ့မှုနည်းခြင်း၊ အတွေ့အကြုံမကြွယ်ဝခြင်းကြောင့် အမှားများရှိသော်လည်း သူ၏လုပ်ဆောင်ချက်များသည် ပြတ်သားသည်ချည်းဖြစ်၏။

အိမ်ထောင်ရေးနှင့်ပတ်သက်သော စုဖုရားလတ်၏သဘောထားမှာ ရှင်းလင်းပြတ်သားလှသည်။ တစ်လင်တစ်မယားစနစ်ကို လိုလားသော သူ၏စိတ်မှာမည်သို့သောအကြောင်းနှင့်မှပြောင်းလဲလာမည်မဟုတ်။





နန်းတက်စက ထုံးတမ်းစဉ်လာအရ သီပေါဘုရင်က စုဖုရားကြီးနှင့်အတူ ဘိသိက်ခံခဲ့ရသည်။ ဘိသိက်ခံပြီးသည့်နောက်တွင် စုဖုရားကြီးခမျာ စုဖုရားလတ်ကြောင့်ပင် မောင်တော်ဘုရင်မင်းမြတ်၏ အနားသို့ ကပ်ခွင့်မရ။ မိဖုရားကြီး၏အဆောင်မှာ အထီးကျန်စွာနေခဲ့ရသည်။

စုဖုရားလတ်သည် မောင်တော်မင်းတရားကိုအငယ်အနှောင်းထားခွင့်မပြု။ မိန်းမကိစ္စရှုပ်လျှင် လက်မခံသလို အခြားသူများနှင့် ပတ်သက်၍လည်း ထိုသဘောအတိုင်းပင်ဖြစ်သည်။ တစ်စုံတစ်ယောက်က သူ၏လင်ယောကျ်ားဖောက်ပြားနေကြောင်း တိုင်ကြားလျှင်ချက်ချင်း အရေးယူသည်။ လင်သားတစ်ယောက်သည် ဇနီးမယားကိုမတရားကွာရှင်းခွင့်မပြု။ မတရားစွန့်ပစ်ထားခြင်းကို လက်မခံ။ နှိပ်စက်ညှဉ်းပန်းသည်ကို မလိုလား။

အပြစ်ကျူးလွန်သူတို့အတွက် စုဖုရားလတ်က ချမှတ်သည့် အပြစ်ဒဏ်မှာ ပြင်းထန်လှသည်။ ထိုသို့ အပြစ်ဒဏ်ခတ်ခြင်းကို တရားမျှတသည်ဟု သူယုံကြည်ထား၏။

စုဖုရားလတ်၏အဆောင်တွင် သူ၏အမှုကိစ္စကိုဆောင်ရွက်ရသော သူ့အပါးတွင် ခစားရသော အပျိုတော်များစွာ ရှိသည်။ထိုအပျိုတော်များအတွက် စုဖုရားလတ်သည် အားကိုးအားထားပြုစရာဖြစ်၏။ မှီခိုစရာဖြစ်၏။

သန့်ရှင်းသပ်ရပ်မှုကို လွန်စွာနှစ်သက်သော၊ စည်းကမ်းကြီးလှသော စုဖုရားလတ်လက်အောက်တွင် အပျိုတော်တို့မှာ ပိပိပြားပြားရှိနေကြသည်။

စုဖုရားလတ်အတွက် သူ၏မောင်တော်ဘုရင်မင်းမြတ်သည် အရေးအပါဆုံးဖြစ်သည်။ သူက မောင်တော်ဘုရင်မင်းမြတ်ကို အရိပ်တကြည့်ကြည့်နှင့်နေလိုသည်။ မောင်တော်လိုအပ်သမျှကို ဆောင်ရွက်ပေးလိုသည်။ သူမှလွဲ၍ အခြားသူတစ်စုံတစ်ယောက်မှ မောင်တော်အပါး



www.burmeseclassic.com

www.burmeseclassic.com



တွင် ရှိသည်ကို မလိုလား။ အချစ်ကို မှျဝေယူချင်သောဆန္ဒ အလျဉ်းမရှိ။

မတရားသည်ကို မနှစ်ခြိုက်သော စုဖုရားလတ်၏စိတ်ဓာတ် စောင့်ထိမ်းရမည့် စည်းကမ်းနှင့်ပတ်သက်ပြီး ပြင်းထန်သောစုဖုရားလတ်၏ စိတ်ဓာတ်ကို ပေါ်လွင်စေသည့်အကြောင်းအရာ အဖြစ်အပျက်နှစ်ခု ရှိပါသည်။ ထိုအကြောင်းအရာမှာ သမိုင်းနှင့်ပတ်သက်လျှင် အရေးမကြီးလှဟုဆိုနိုင်သော်လည်း စုဖုရားလတ်၏သဏ္ဍာန်၊ စုဖုရားလတ်၏ပုံရိပ်ကို ပေါ်လွင်စေသော အကြောင်းအရာများဖြစ်ကြ၏။

ပထမအဖြစ်အပျက်မှာ နတ်ရွာစံမင်းတုန်းမင်းတရားကြီး၏ သမီးတော်တစ်ပါးဖြစ်သော မင်းကင်းစားမင်းသမီးနှင့် သာမန်အရပ်သား မောင်တုတို့၏ ဇာတ်လမ်းဖြစ်သည်။

မင်းကင်းမင်းသမီးသည် ဘုရားတရားကြည်ညိုသော မင်းသမီးဖြစ်သည်။ ဝါတွင်းဝါပမရွေး ဥပုသ်နေ့တိုင်း၊ သီတင်းသီလဆောက်တည်သည်။ အထိန်းတော်ကြီးနှင့်အတူ ကျောင်းကန်ဘုရားများသို့ သွားရောက်ကာ ဆရာတော်သံဃာတော်များထံတွင် သီလယူလေ့ရှိသည်။

ဘုရားသွားရင်း ကျောင်းသွားရင်းနှင့်မင်းသမီးလေးသည် ကိုရင်တစ်ပါးကိုတွေ့သည်။ ယောကျ်ားပီသချောမောသော ကိုရင်ကိုတွေ့သည်နှင့်ယင်ဖိုပင်မသန်းဖူးသော အပျိုစင်မင်းသမီးလေးမှာ အချစ်စိတ်တွေ ဆူဝေလှုပ်ရှားကာ ကိုရင်အား အစွဲကြီးစွဲသွားသည်။

ကိုရင်လေးသည် လူဝတ်လဲပြီးသည့်နောက်မှာလည်း ဘုန်းတော်ကြီးကျောင်းမှာပင် ဆက်နေသည်။ ထိုကိုရင်လူထွက်မောင်တုကို စွဲလန်းချစ်ခင်မိသော မင်းကင်းမင်းသမီးလေးက နီးစပ်မည့်နည်းလမ်းကို ရှာသည်။ စာတတန်ပေတတန်နှင့် မိမိ၏မေတ္တာကို မောင်တုသိရှိအောင် ထုတ်ဖော်သည်။ မောင်တုမှာလည်း အချောအလှမဟာဆီမဟာသွေး မင်းသမီးလေး၏ အချစ်ကိုရပြီဆိုပြီး အပျော်ကြီးပျော်သွားသည်။





မင်းကင်းမင်းသမီးလေးသည် အထိန်းတော်ကြီး၏အကူအညီဖြင့် မောင်တုကို ဆက်သွယ်ကာ နန်းတော်အတွင်းသို့ ခေါ်ယူသည်။ အထိန်းတော်ကြီးက မောင်တုကို မိန်းမလိုဝတ်စားပေးပြီး နန်းတော်ထဲသို့သွင်းသည်။ လုံခြုံစိတ်ချရသော အဆောင်တော်အတွင်း၌ ချစ်သူနှစ်ဦး ကြည်နူးပျော်ရွှင်စွာနေကြ၏။

မင်းကင်းမင်းသမီးလေးနှင့်မောင်တုတို့၏ လျှို့ဝှက်အချစ်ဇာတ်လမ်းမှာ အချိန်ကြာမြင့်စွာ လုံခြုံနေခဲ့သည်။ သို့သော် ကြမ္မာငင်ချင်လာသောတစ်နေ့တွင် အပျိုတော်လေးကဲ့သို့ ဝတ်စားထားသော မောင်တု အပျင်းပြေလမ်းလျှောက်ထွက်သည်။ အပျိုတော်တစ်ယောက်မရောက်သင့်သည့် နေရာတစ်ခုသို့ရောက်သွားသည့်အခါ အစောင့်များကမသင်္ကာ၍ စစ်ဆေးမေးမြန်းရင်း အပျိုတော်လေးမှာ ယောကျ်ားက မိန်းကလေးဟန်ဆောင်ထားကြောင်းကို သိရှိသွားသည်။

မောင်တုကို စစ်ဆေးမေးမြန်းရင်း မင်းကင်းမင်းသမီးလေးနှင့် နန်းတော်အတွင်း၌ လျှို့ဝှက်ဆက်ဆံနေကြောင်းပေါ်သွားသည်။ ထိုအခါ မင်းကင်းမင်းသမီးလေးနှင့်မောင်တုတို့အမှုကိစ္စ စုဖုရားလတ်ထံသို့ ရောက်လာသည်။

စုဖုရားလတ်ကအမှုကို အသေအချာစစ်ဆေးသည်။ မင်းကင်းမင်းသမီးလေးက သူ့မှာသာတာဝန်ရှိကြောင်း၊ အထိန်းတော်ကြီးသည် သူခိုင်းစေသဖြင့် မောင်တုကို ခေါ်လာရကြောင်း၊ မောင်တုမှာလည်း သူက စသဖြင့်သာ ပါခဲ့ခြင်းဖြစ်ကြောင်း သူ့အပြစ်ကိုသူဝန်ခံသည်။ စုဖုရားလတ်က မင်းကင်းမင်းသမီးလေးကို ဖအေတူမအေကွဲညီမတော်မို့ ကင်းလွှတ်ခွင့်မပေး။ ရွှေနန်းတော်၏စည်းကမ်းကိုဖောက်ဖျက်သော မင်းသမီးအား ကြေးတိုက်ခန်းသို့ပို့ကာ ချုပ်နှောင်ထားစေသည်။ မဟာဆီမဟာသွေးကို ထိပါးစော်ကားရဲသော မောင်တုကိုမူ ရေချပြီး အဆုံးစီရင်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက်မှာ နန်းတွင်း စည်းကမ်းဥပဒေနှင့်ပတ်သက်ပြီး စုဖုရားလတ်၏ပြတ်သားမှုဖြစ်သည်။ ရက်စက်လွန်းသည်အညှာအတာကင်းလွန်းသည်ဟု ဆိုသူရှိကလည်း စုဖုရားလတ်ဂရုစိုက်နေလိမ့်မည် မဟုတ်ပေ။

နောက်အဖြစ်တစ်ခုမှာ မတရားမှုဟု စုဖုရားလတ်ယုံကြည်သော ရနောင်မင်းသား၏ ကျူးလွန်မှုဖြစ်သည်။ ထိုကျူးလွန်မှုသည် ရနောင်မင်းသားကြေးတိုက်ထဲတွင် ကွယ်လွန်သွားပြီးမှ ပေါ်ပေါက်လာသည့်အမှုဖြစ်သည်။

ရနောင်မင်းသား၏ မတရားပြုကျင့်ခြင်းခံရသည့် မိန်းကလေးမှာ ဘုရင့်မြင်းတပ်မှ စစ်ဗိုလ်တစ်ဦး၏ဇနီး၊ နန်းတွင်းပန်းတိမ်ဆရာတစ်ဦး၏ သမီးဖြစ်သည်။

ရနောင်မင်းသားသည် မြင်းတပ်ဗိုလ်၏ဇနီးငယ်ကို တွေ့သည်နှင့် နှစ်သက်သဘောကျသွားပြီး လင်ဖြစ်သူကို ဖမ်းဆီးဖျောက်ဖျက်ပစ်သည်။ မိန်းမပျိုကို သူ၏နောက်လိုက်များအား ဖမ်းဆီးခေါ်ဆောင်လာစေပြီး အတင်းအကြပ် အနိုင်အထက် ပေါင်းသင်းသည်။

ထိုမိန်းကလေးက ရနောင်မင်းသားတွင် ဇနီးမယားတွေအများကြီးရှိကြောင်း၊ သူ့အလိုရှိသော မယားကိုလျှပ်စစ်ခေါင်းလောင်းနှိပ်ကာခေါ်ယူတတ်ကြောင်း၊ မိမိမှာလည်း ထိုမိန်းမများထဲတွင်တစ်ယောက်အပါအဝင် ဖြစ်ကြောင်း လျှောက်တင်သည်။

'သူမဟာ ဘုရားကျွန်မကို ဘဝတုံးအောင်လုပ်ခဲ့ပါတယ်၊ အမြှောင်မယားအဖြစ် ကချေသည်အဖြစ်နဲ့ သူ့အလိုကျအသုံးတော်ခံခဲ့ရပါတယ်။ သူ့ဆီမှာနေခဲ့ရတာ ငရဲကျရသလိုပါပဲ'

စုဖုရားလတ်သည် မိန်းမပျို၏အဖြစ်ကိုနားထောင်ရင်း ကြေကွဲဝမ်းနည်းခြင်းနှင့် ဒေါသဖြစ်ခြင်းတို့ကို တပြိုင်နက်တည်း ခံစားနေရသည်။ ရနောင်မင်းသား၏ ခြေတော်အတင်ခံခဲ့ရသော မိန်းမပျိုအား အားပေး





စကားပြောသည်။ ရနောင်မင်းသားလို လူယုတ်မာမျိုးသည် တစ်ခါသာမဟုတ် ဆယ်ခါပြန်သေသင့်သည် ဆိုသည့်စကားကို ပြောသည်။

ထိုမိန်းမပျိုနှင့်ပတ်သတ်သည့် အကြောင်းအရာကို စုဖုရားလတ်က သီပေါဘုရင်မင်းတရားသိအောင် ထုတ်ဖော်ခြင်းမှာ ရနောင်မင်းသားအားလုပ်ကြံခြင်းအတွက် သူ့ကိုယ်သူ ကာကွယ်ခြင်းဟု ဆိုသူကဆိုကြသည်။

ရနောင်မင်းသားလို သွေးဆာသူ၊ ရက်စက်သူ၊ မိန်းမမူ မွေသူကို ကာကွယ်လိုသူတို့က စုဖုရားလတ်အား ဉာဏ်များသူ၊ ပါးနပ်သူ၊ ကောက်ကျစ်စဉ်းလဲသူဟု ဆိုကြသည်။

မတရားပြုခံရသော ထိုအဖြစ်အပျက်ကို မည့်သည့်အကြောင်းကြောင့် ဖော်ထုတ်သည်ဖြစ်စေ၊ မတရားမှုကို မနှစ်သက်သော စုဖုရားလတ်၏ ပုံရိပ်ကို သူ၏လုပ်ရပ်တွင် တွေ့နိုင်ပါသည်။

ကုန်းဘောင်ခေတ်နောက်ဆုံးမင်းဖြစ်သော သီပေါဘုရင်၏ မဟေသီစုဖုရားလတ်၏ ဆောင်ရွက်ခဲ့မှု အဖြစ်အပျက်ပေါင်းများစွာ ကျန်ပါသေးသည်။

စုဖုရားလတ်၏အပြုအမူ၊ စုဖုရားလတ်၏ အကျင့်စရိုက်ကို ဆန်းစစ်ကြည့်လျှင် ရဲရင့်ခြင်း၊ ပြတ်သားခြင်း၊ မာကျောခြင်းတို့ကို တွေ့နိုင်မည်ဖြစ်သည်။ ထို့အပြင် အပေးအကမ်းရက်ရောခြင်း၊ အသုံးအဖြုန်းကြီးခြင်းတို့ကိုလည်း တွေ့ရမည်ဖြစ်သည်။

အသန့်အပြံ့ကိုကြိုက်ခြင်း၊ သစ်လွင်သည်ကိုမှ နှစ်သက်တတ်ခြင်းသည်လည်း စုဖုရားလတ်၏ပုံရိပ်ပင်ဖြစ်သည်။

အသက်ငယ်ငယ်နှင့် မိဖုရားဖြစ်လာသော၊ လင်သားဖြစ်သူ သီပေါဘုရင်မင်းတရားအပေါ် အချစ်ပိုသော၊ ဘုရင်မင်းတရား၏ ဂုဏ်သိက္ခာကို ထိပါးလျှင် မခံမရပ်နိုင်ဖြစ်တတ်သော၊ ဘုရင်မင်းတရားကို



www.burmeseclassic.com

www.burmeseclassic.com



မိမိအသေခံရှုခဲ့သွားအောင် ကြိုးစား ကြံစည်သူတို့ကို ရန်သူစာရင်းသွင်း တင်ပေါ်သော စုဖုရားလတ်၏ထင်ထင်ရှားရှားပုံရိပ်များနှင့် မထင်မရှား ပုံရိပ်များသည် ရင်နင့်ကြေကွဲဖွယ်၊စက်ဆုပ်ရွံရှာဖွယ်၊ အံ့သြတုန်လှုပ်ဖွယ်၊ အသေဖြတ်ယူပွဲ အဖြစ်အပျက်ပေါင်းများစွာဖြင့် အတူယှဉ်တွဲလျက်ရှိနေ သည်။

ရနှောင်မင်းသားမရှိတော့သည့်နောက်တွင် စုဖုရားလတ်အတွက် အနှောင့်အယှက်ကင်းပြီဟု ထင်ရသော်လည်း မသိမသာခြိမ်းခြောက်လာ သည့် အနှောင့်အယှက်များက ပုန်းလျှိုးကွယ်လျှိုးနှင့် ပေါ်လာခဲ့သည်။ ထိုအနှောင့်အယှက်များမှာ စုဖုရားလတ်၏မယ်တော် ဆင်ဖြူမရှင်နှင့် ပတ်သက်နေမှုများဖြစ်၏။ အစပိုင်းတွင် မထင်မရှားဖြစ်နေခဲ့သော်လည်း ထိုအကြောင်းအရာတို့မှာ မကြာခင်တွင် ထင်ထင်ရှားရှားဖြစ်လာခဲ့သည်။

ရနှောင်မင်းသားရှိနေစဉ်က နန်းတွင်းအခြေအနေ နေပြည်တော်၏ အခြေအနေမှာ ရှုပ်ထွေးနေသလို ရနှောင်မင်းသားမရှိတော့ချိန်မှာလည်း အခြေအနေတွေက ရှင်းမသွားဘဲ ရှုပ်ထွေးမြဲ ရှုပ်ထွေးနေသည်။

ရှုပ်ထွေးမှုများက မြန်မာပြည်အောက်ပိုင်းကို သိမ်းပိုက်ထား သော ဗြိတိသျှတို့နှင့် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်၍ နေတတ် သည်။ ဗြိတိသျှတို့နှင့် ပတ်သက်လာသည်နှင့်အမျှ ကင်းဝန်မင်းကြီး၏ အခန်းကဏ္ဍသည်လည်း ပြန်လည်အသက်ဝင်လာလေသည်။

❑ ❑ ❑



# ဦးကောင်း၏ အမှားတော်ပုံများ

ကုန်းဘောင်ခေတ်မင်းဆက်နှစ်ဆက်တွင် အမှုထမ်းခဲ့သော ကင်းဝန်မင်းကြီး ဦးကောင်းကို ၁၁၈၃ ခုနှစ်တွင် မုံရွာခရိုင်၊ ပုလဲမြို့သစ် မုန်တိုင်ပင်ရွာတွင် မွေးဖွားသည်။

ငယ်စဉ်က ၅၂နှင့် (၈)မိုင်ခန့်ဝေးသော ဗဒူရွာ ဘုန်းတော်ကြီး ကျောင်းတွင် ရှင်ပြုကာ ကိုရင်ဝတ်သည်။ ကျောင်းထိုင်ဆရာတော်မှာ ဦးဥတ္တမဖြစ်သည်။ကိုရင်မောင်ကောင်း၏ ဘွဲ့အမည်မှာ ရှင်အာသဇဖြစ် သည်။

ဆရာတော်ဦးဥတ္တမ၏တူ ဖြစ်သူ ဦးဇင်းကြီး ဦးဝိသုဒ္ဓ (ပခန်း မင်းကြီးဦးရန်ဝေး)ဖြစ်သည်။

ပုဂံမင်းနန်းတက်စဉ် ဦးဝိသုဒ္ဓသည် နေပြည်တော်ရှိ ဗားကရာ တိုက်သို့ ရောက်ရှိကာ ငွေရေးကျောင်းတွင် ကျောင်းထိုင်ဆရာတော် ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်အာသဇသည် နေပြည်တော်ရှိ ငယ်ဆရာ ဦးဝိသုဒ္ဓသို့ ရောက်ရှိလာပြီး စာပေကျမ်းဂန်များကို သင်ယူသည်။

ဆရာတော် ဦးဝိသုဒ္ဓသည် ထိုစဉ်က လွှတ်တော်မင်းသားကြီး ဖြစ်သူ မင်းတုန်းမင်းသားထံသို့ မှန်မှန်ကြွရောက်ကာ တရားဟောခြင်း သီလပေး ခြင်းများပြုလုပ်ရသည်။ ထိုအချိန်တွင် မင်းတုန်းမင်းသားက ပညာဇဟု သုတရှိသူကို အလိုရှိနေသဖြင့် ရှင်အာသဇကို မင်းတုန်းထံ ပို့ရန် လူဝတ်လဲစေသည်။ ဦးကောင်း (ထိုစဉ်က မောင်ကောင်း)သည် မင်းတုန်းမင်းသားထံတွင် ဘဏ္ဍာစာရေးအဖြစ် ခန့်ထားခြင်းခံရသည်။ ၁၂၁၄ခု တွင် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့က နောင်တော် ပုဂံမင်းအား တော်လှန်ပုန်ကန်ရာတွင် လိုက်ပါအမှုထမ်းသည်။

ဦးကောင်းအသက်သုံးဆယ်အရွယ်တွင် မင်းတုန်းမင်းသားက... ကွယ်လွန်သူ စစ်သူကြီးဦးဘိုး၏ဇနီး မုဆိုးမ ဆင်ကြန်မယ်နှင့် ထိမ်းမြား ပေးသည်။ ဦးကောင်းသည် သူ့ထက်အသက်နှစ်ဆကြီးသော ဆင်ကြန်မယ်ကို မင်းတုန်းမင်းသား၏ အမိန့်အတိုင်း ကောင်းမွန်စွာ ပေါင်းသင်းနေထိုင်သည်။ ဆင်ကြန်မယ်နှင့် ပေါင်းသင်းနေထိုင်ပြီး ဆယ်နှစ်အကြာတွင် ဦးကောင်းသည် သူ့ထက်အသက်ဆယ့်လေးနှစ်မျှ ငယ်သော အလုံမြို့သူကြီး၏နှမ မရွှေမယ်ကို ဒုတိယဇနီးအဖြစ် ကောက် ယူသိမ်းပိုက်သည်။

ဒုတိယမယား မရွှေမယ်သည် မိခင်အရွယ်ဖြစ်သော မယားကြီး ဆင်ကြန်မယ်ကို ဝတ်ကြီးဝတ်ငယ်ပြုရသည်။ ဦးကောင်း ဒုတိယမယား ယူခြင်းနှင့် ပါတ်သက်ပြီး မင်းတုန်းမင်းက အပြစ်တင်ခြင်းမပြုချေ။

စာတတ်ပုဂ္ဂိုလ်ဖြစ်သော ဦးကောင်းသည် မင်းတုန်းမင်းက စေခိုင်းသဖြင့် ကိန္နရဇာတ်ကို ပျို့သဘောရေးသားဆက်ရင်း ဘုရင်မင်းမြတ်က နှစ်သက်တော်မူသဖြင့် ပခန်းကြီးခရိုင်ရှိ သပြေငါး ရွာစားအဖြစ် ခန့်ထားခြင်းခံရသည်။ ဦးကောင်းသည် ဘုရင်မင်းမြတ် နှီးမြင့်သော ဆုလာဘ်တော်ကို လက်ခံရယူခြင်းမပြုလို၊ သူ၏မူလစားရ ရွာသစ်ကြီး (စစ်ကိုင်း)ကိုသာ ဆက်လက်စားခွင့်လျှောက်တင်သည်။

"ဟဲ ... ကောင်း" သပြေငါးရွာဆိုသာ ပညာရှိတွေကိုမှ ဆုလာဘ်အဖြစ် ပေးအပ်တဲ့ရွာဖြစ်တယ်။ ငါကိုယ်တော်မြတ်ရဲ့အမိန့်ကို ယယ်ပြီး သင်က သင်လိုရာကို လျှောက်တင်ရဲသလား'

မင်းတုန်းဘုရင်မင်းမြတ်စကားက ဦးကောင်းအား တုန်လှုပ်သွား စေသည်။ ဦးကောင်းက ချက်ခြင်းပင် မိမိမှားကြောင်း ဝန်ခံရသည်။

ဦးကောင်းကို မင်းတုန်းဘုရင်မင်းမြတ်က အလုံမြို့ဝန်ခန့်ကာ သုကောင်းပြုစဉ်တွင်လည်း ဦးကောင်းက တစ်ဆင့်တက်ပြီး ရွှေထီး ဆောင်းခွင့်ကို လျှောက်ထားသည်။ ဘုရင်မင်းမြတ်မှ ထီး၊ စားစသည့် အဆောင် အယောင်တို့မှာ ဘုရင်မင်းမြတ်က အရည်အချင်းအလိုက် ကြည့်ရှု ပေးကမ်းမှုရသည့်မျိုးဖြစ်သည်။ မှူးမတ်တို့က လိုချင်သည်နှင့် လျှောက်ထား တောင်းဆို၍ ရသည့်အရာမဟုတ်ဟု ပြတ်ပြတ် တောင်းတောင်း မိန့်တော်မူသည်။ ဦးကောင်းသည် အပြစ်ပေးခံရမှာကို ကြောက်ပြီး သူမှားယွင်း လျှောက်ထားမိကြောင်းကို ဝန်ခံသည်။

နောက်အမှားတစ်ခုမှာ ဆန်ပုစ္ဆာဖြစ်သည်။ မင်းတုန်းမင်းက ဝန်ကြီးမှူးမတ်တို့အား ဉာဏ်စွမ်းရည်စမ်းသည့် အနေဖြင့် ပုစ္ဆာတစ်ခု ထုတ်ပြန်သည်မှာ "ဆန်တစ်စေ့ကို အပြန် ၃၀ မည်သူစားနိုင်မည်လဲ၊ စားနိုင်သူအား မြင်းတစ်ကောင်နှင့် ပုဆိုးဆုတော်ချမည်"ဟူ၍ ဖြစ်၏။ ဦးကောင်းက မင်းလိုလိုက် မင်းကြိုက်ဖြစ်စေရန် စဉ်းစားနိုင်းချိန်ခြင်း မပြုဘဲ စားနိုင်ပါကြောင်း ကိုလျှောက်တင်သည်။ ဆန်တစ်စေ့၏ အပြန် ၃၀ မှာ အစေ့ပေါင်း ၁၇၃၊ ၇၄၁၊ ၈၂၃၊ ဖြစ်ကြောင်း တွက်ကြည့်မှ သိရသဖြင့် ဦးကောင်းအလျှောက်မှားကြောင်း သိရ၏။





www.burmeseclassic.com

www.burmeseclassic.com



**ထိုအမှားအတွက်** ဒဏ်ခတ်သည့်အနေနှင့် ဥယျာဉ်တော်အတွင်းရေထမ်း **ထောင်သစ်ဝင်များကို** ရေလောင်းရသည်။

မင်းတုန်းမင်းက အပြစ်မှ လွတ်လိုလျှင် မိမိအမှားတို့ စာစပ်၍ **ဆင်ဆက်**ရမည်ဆိုသဖြင့် ဦးကောင်း ဤသို့စာစပ်ခဲ့ရသည်။

ပုဆိုးနှင့်မြင်းပါ
ဆုတော်ခံမယ်လို့
ပြန်သုံးဆယ်ဆန်ကိုစားတယ်
မှားချက်ကနှာ။
နောက်တစ်ခါ
ကြောက်ပါပေါ့သက်ဆုံး
သည်တစ်ပွဲမှာဖြင့် အလွဲကံချော်လို့
ဥယျာဉ်တော်မှာ ရေလောင်းမယ်
ငယ်ရင်းဟန်ကြွယ်တဲ့
ဆင်ကြန့်မယ်ဖြူပြာနွဲ့ရယ်
မင်းကူလှည့်ဦး။

ထို့ပြင်မင်းတုန်းမင်းလက်ထက်၌ ဦးကောင်း သေနတ်ဝန်အဖြစ် တာဝန် ထမ်းဆောင်နေစဉ် သူ၏ဆွေမျိုးများအား စစ်မှုထမ်းအဖြစ်မှ ကင်းလွတ်ခွင့်ပြုရန် လျှောက်ထားပြန်သည်။ ဘုရင်မင်းမြတ်မှ အဂ္ဂမဟာ သေနာပတိဝန်ရှင်တော်အဖြစ် ခန့်ထားသူက အမျိုးအဆွေများအား ဘုရင့်အမှုတော်ကို ဆထက်ထမ်းပိုးတိုးပြီး ထမ်းဆောင်ရန် တိုက်တွန်း သင့်ပါလျက် ယခုလို အမှုတော်မထမ်းရှက်ဘဲ ကင်းလွတ်ရ လိုကြောင်း လျှောက်ထားခြင်းမှာ သစ္စာမစောင့်ခြင်းနှင့်တူသည်ဟု မိန့်တော်မူသည်။ ဦးကောင်းသည် ချက်ခြင်းပင် ဘုရင်မင်းမြတ်အား သူမှားကြောင်း ဝန်ခံသည်။





မင်းတုန်းမင်းတရားကြီးလက်အောက်တွင် သေနတ်ဝန် ကင်းသမား အဖြစ် အမှုထမ်းရင်း မကြာခဏ အမှားများကျူးလွန်မိတတ်သော ဦးကောင်းသည် သံကြီးတမန်ကြီးအဖြစ် အင်္ဂလန်သို့ သွားရောက်ခဲ့စဉ် ဘုရင်မင်းမြတ် စိတ်ပျက်သွားစေလောက်သော အမှားကြီးတစ်ခုကို ကျူးလွန်ခဲ့မိပြန်သည်။ ထိုအမှားမှာ ဗြိတိသျှဘုရင်မကြီးနှင့် မိုးကုတ် ကျောက်တွင်းအရောင်းအဝယ်ပြုရန် ဘုရင်၏အခွင့်မရဘဲ စာချုပ်ချုပ် ဆိုခဲ့ခြင်းဖြစ်သည်။

'တယ် ... သင့်ကို ငါက မိုးကုတ်ကျောက်တွင်းရောင်းဝယ်ခွင့် အာဏာကိုအပ်နှင်းခဲ့လို့လား .. မိုက်လိုက်ပါဘိ ကောင်းရယ်'

ဦးကောင်း၏ လက်လွတ်စပယ် လုပ်ကိုင်ခဲ့မှုအပေါ် မင်းတုန်း မင်းတရား စိတ်ပျက်သွားခဲ့သည်။ ထိုအရေးကိစ္စကို မည်သို့ ဖြေရှင်းရမှန်း မသိဖြစ်နေစဉ် စကြာဒေဝီမိဖုရားခေါင်ကြီးက အကြံပေးသဖြင့် ရာထူးမှ ချပြီး အမရပူရတွင် အကျယ်ချုပ်နှင့်နေရသော ဦးဖိုးလှိုင်ကို ခေါ်ပြီး ဖြေရှင်းစေသည်။

ဦးဖိုးလှိုင်သည် မောက်ကျောက်အပါအဝင် နန်းစဉ်ရတနာ၊ ကျောက်သုံးလုံးကို အသုံးပြုခွင့်တောင်းပြီး အင်္ဂလိပ်ကိုယ်စားလှယ်များ နှင့် တွေ့ဆုံသည်။

ဦးဖိုးလှိုင်သည် အင်္ဂလိပ်ကိုယ်စားလှယ်များအား စာချုပ်အတိုင်း မိုးကုတ်ကျောက်တွင်းကို ရောင်းချမည်ဖြစ်ကြောင်း၊ ကျောက်တွင်း ဘန်ဖိုးကို ဖြတ်နိုင်ရန်အတွက် ပထမဆုံးမိုးကုတ်ကျောက်တွင်းထွက် ကျောက်သုံးလုံးကို ဈေးဖြတ်ရန် ဦးစွာဆိုအပ်ကြောင်း ပြောပြီး တရုတ်ရာ ပြတ်ကိုခေါ်ကာ ဈေးဖြတ်စေသည်။

ရာပြတ်ကပထမပတ္တမြားကို တစ်တိုင်းပြည်တန်ကျောက်၊ ဒုတိယ ပတ္တမြားကို သုံးပြည်ထောင်တန်ကျောက်၊ မောက်ပတ္တမြားကို



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ပြည် ထောင်တန် ကျောက်အဖြစ် ဈေးဖြတ်ပေးသည်။ တွင်းထွက်ကျောက် သုံးလုံးကပင် ညှိမျှတန်ဖိုးရှိနေလျှင် ကျောက်တွင်းတစ်တွင်းလုံးကို ဈေးဖြတ်ရန်မှာ ခဲယဉ်းလှသဖြင့် အင်္ဂလိပ်ကိုယ်စားလှယ်များက တန်ဖိုး များလွန်းသဖြင့် ဘုရင်မကြီးထံ တင်ပြပါမည်ဟုဆိုသည်။ အရောင်းအဝယ်ပျက်ပြီး စာချုပ်သက်တမ်းကုန်ဆုံးသွားဖြင့် ဦးဖိုးလှိုင်က စာချုပ်ကို ဆုတ်ပစ်လိုက်သည်။

ထိုအမှားများမှာ မင်းတုန်းမင်းတရားလက်ထက်တွင် အကြိမ်ကြိမ်မှားခဲ့သော ကင်းဝန်မင်းကြီး ဦးကောင်း၏ အမှားများပင်ဖြစ်သည်။

မင်းတုန်းမင်းတရားကြီး နတ်ရွာစံတော့မည့်အချိန်တွင် သံကြီးတမန်ကြီးအဖြစ် ဥရောပနိုင်ငံများသို့ သွားရောက်ခဲ့ဖူးသော နိုင်ငံခြားအတွေ့အကြုံ ရှိထားသည့် ဦးကောင်းသည် မြန်မာနိုင်ငံအထက်ပိုင်း (မြန်မာနိုင်ငံအောက်ပိုင်းမှာ အင်္ဂလိပ်များလက်အောက်သို့ ကျရောက်ခဲ့ပြီးဖြစ်သည်။)ကို စည်းမျဉ်းခံဘုရင်စနစ်ဖြင့် အုပ်စိုးရန် အကြံရသည်။ ထိုအချိန်တွင် အာဏာကို လက်ဝယ်ပိုင်ဆိုင်လိုနေသော ဆင်ဖြူမရှင် မိဖုရားကြီးနှင့် လျှို့ဝှက်တိုင်ပင်ကြပြီးသည့်နောက် ထိုအစီအစဉ်ကို အကောင်အထည် ဖော်ခွင့်ရလာသည်။ ဦးကောင်းသည် မိဖုရားကြီးနှင့် ပေါင်းပြီး ဓါးထက်သော မင်းသားများဖြစ်ကြသည့် သုံးဆယ်မင်းသား၊ မကွေးရာမင်းသားတို့မှစပြီး မင်းတုန်းမင်းတရားကြီး၏ သားတော် သမီးတော်တို့အား ဖမ်းဆီးသည်။

မကျန်းမမာဖြစ်နေသည့် မင်းတုန်းမင်းက သားတော် သမီးတော်များ အဖမ်းခံရကြောင်း သိသည်နှင့် လွှတ်ပေးရန် အမိန့်တော်ချမှတ်သည်။ ဦးကောင်းက မင်းတုန်း မင်းတရားအမိန့်နှင့် လွှတ်ပေးသော မင်းညီမင်းသားများကို ပြန်ဖမ်းပြီး အကျဉ်းချထားသည်။ မင်းညီမင်းသားတို့အနက် ညောင်ရမ်းညီနောင်မှာ အဖမ်းအဆီးမခံရဘဲ လွတ်သွားသည်။





မင်းညီမင်းသားတို့အား ဖမ်းဆီးကာ အကျဉ်းချထားပြီးနောက် မင်းတုန်းမင်းတရား နတ်ရွာစံသည်နှင့် မိမိတို့ကြိုးဆွဲရာကမည့် မထင်မရှား မင်းသားငယ် (သီပေါ)ကို နန်းတင်သည်။ စိတ်သဘောထားနူးညံ့၍ ပျော့ပြောင်းသော ယုံလွယ်တတ်သော သီပေါမင်းသားဘုရင်ဖြစ်လာသည်နှင့် ဆယ့်လေး ဌာနအုပ်ချုပ်ရေးဖြင့် တိုင်းပြည်ကို အုပ်ချုပ်စေပြီး ဦးကောင်းအပါအဝင် ဝန်ကြီးများ မှူးမတ်များက အာဏာကို ခွဲဝေယူကြသည်။

သီပေါမင်းသားသည် ဦးကောင်းနှင့်ဆင်ဖြူမရှင်တို့ ကြိုးဆွဲရာကမည့် ခပ်ပျော့ပျော့မင်းသားတစ်ပါးဖြစ်သည်။ သို့သော် သီပေါဘုရင်နန်းတက်သည်နှင့် မိဖုရားနေရာကို ကိုယ့်ဖာသာကိုယ်ဝင်ယူသော စုဖုရားလတ်မှာ ဦးကောင်းတို့ ကြိုးဆွဲရာသို့ မပါသော ထက်မြက်သည့် မိဖုရားဖြစ်နေသဖြင့် ဦးကောင်းမှာသေနတ်ဝန်အရာမှ အချခံရသော်လည်း အပြစ်ပေးခြင်းမပြုဘဲ ဥပဒေပြုအရာရှိအဖြစ်ခန့်ထားသည်။ နန်းတင်ပေးသော ကျေးဇူးကိုထောက်ပြီး သီပေါဘုရင်က ဦးကောင်းထံနေ့စဉ်ပွဲတော်အုပ်ကို ပေးပို့သည်။

ဦးကောင်း၏သေနတ်ဝန် ရာထူးမှာ ရနောင်မင်းသားခေါ် ရနောင်မောင်မောင်တုတ်၏ လက်ထဲသို့ရောက်သွားသည်။ နောင်တွင် ရနောင် မောင်မောင်တုတ် အပြစ်ဒဏ်သင့်သောအခါ သေနတ်ဝန်ရာထူးမှာ ဦးကောင်းလက်ထဲသို့ ပြန်လည်ရောက်ရှိလာသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## ထီးရိပ်နန်းမြို့လုယူမည့်သူများ

ကင်းဝန်မင်းကြီးဦးကောင်းနှင့်အလယ်နန်းမတော် မိဖုရားကြီးဆင်ဖြူမရှင်တို့ကြောင့် နန်းပလ္လင်ပေါ်သို့ ရောက်လာခဲ့ရသော သီပေါဘုရင်မင်းတရားနှင့် မိဖုရားစုဖုရားလတ်တို့ ရာဇပလ္လင်တွင် ထိုင်မည်မှ မကြံသေး။ အန္တရာယ်တွေ ပတ်လည်ဝိုင်းလာသည်။

သီပေါမင်းဘုရင်မင်းတရား၏ ရာဇပလ္လင်ကို ကိုင်လှုပ်ရန် ကြိုးစားလာကြသူတို့မှာ မြင်ကွန်းမင်းသားကြီးနှင့် ညောင်ရမ်းမင်းသားတို့ ပင်ဖြစ်သည်။

မြင်ကွန်းမင်းသားသည် ဖခင်မင်းတုန်းမင်းက ဦးရီးတော် ကနောင်မင်းသားကို အိမ်ရှေ့အရာအပ်နှင်းခြင်းအပေါ် မကျေမနပ်ဖြစ်ကာ အာဏာသိမ်းရန် ကြိုးစားခဲ့သည်။





မြင်ကွန်းမင်းသား၏လက်ချက်ဖြင့် အိမ်ရှေ့စံ ကနောင်မင်းသား နတ်ရွာစံခဲ့ရသည်။ မြင်ကွန်းမင်းသားမှာ ပုန်ကန်မှုမအောင်မြင်သဖြင့် ထွက်ပြေးတိမ်းရှောင်ရင်း အင်္ဂလိပ်အစိုးရလက်အောက်သို့ ရောက်သွားသည်။ အောက်မြန်မာပြည်ကို သိမ်းပိုက်ထားသော အင်္ဂလိပ်အစိုးရက မြင်ကွန်းမင်းသားအား အချုပ်နှင့် ကပ္ပလီကျွန်းသို့ ပို့ထားသည်။ ကပ္ပလီကျွန်းမှ ကာလကတ္တား သို့ရောက်ပြီး၊ နောက်ဆုံးတွင် ဗာရာဏသီမြို့သို့ ရောက်ရှိသည်။

အင်္ဂလိပ်အစိုးရသည် မြင်ကွန်းမင်းသားနှင့်ညီတော် မြင်းခုံတိုင်မင်းသားတို့ကိုလည်းကောင်း၊ ညောင်ရမ်းမင်းသား၊ နှင့်ညောင်အုပ်မင်းသား တို့ကိုလည်းကောင်း လိုအပ်ချိန်တွင် တည်ကြက်အဖြစ်အသုံးပြုရန်ရည်ရွယ်ထားသည်။ သီပေါဘုရင်ကို ဖြုတ်ချပြီး မြင်ကွန်းမင်းသားအား ဘုရင်အဖြစ်တင်မြှောက်လိုက်လျှင် မြန်မာပြည်အထက်ပိုင်းကို သိမ်းပိုက်ပြီးသည့် အနေအထားသို့ ရောက်သွားလိမ့်မည်ဟု အင်္ဂလိပ်အစိုးရက တွက်ဆထားပုံရသည်။

ဦးရီးတော်အိမ်ရှေ့စံကိုလုပ်ကြံခဲ့သော မြင်ကွန်းမင်းသားသည် တိုင်းတပါးသို့ရောက်ရှိနေသော်လည်း အာဏာသိမ်းမည့်အကြံအစည်ကို မလျှော့ဘဲ ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ကြိုးစားသည်။

အာဏာသိမ်းပိုက်ပြီး ရတနာပုံနေပြည်တော်တွင် အုပ်ချုပ်မင်းလုပ်ရန်မှာ မြင်ကွန်းမင်းသား၏ နေ့ညမပြတ်မြင်မက်နေသော အိပ်မက်ဖြစ်သည်။ တချိန်ချိန်တွင် သူနေ့စဉ်မြင်မက်ခဲ့သော အိမ်မက်များ အသက်ဝင်လာလိမ့်မည်ဟု မြင်ကွန်းမင်းသားကယုံကြည်မျှော်လင့်ထားခဲ့သည်။

မျှော်လင့်ချက်အိမ်မက်ကို အကောင်အထည်ဖော်ရန်ဗာရာဏသီရှိ အကျယ်ချုပ်ခံထားရသော စံအိမ်မှရုပ်ပြောင်းရုပ်လွှဲလုပ်ပြီး ထွက်ပြေးခြင်းမှစတင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွန်းမင်းသားသည် သူ၏အဝတ်ဟောင်းများကို လာယူပြီး ဆေးဦးမှတ်ပေးလေ့ရှိသော ဒိုဘီကြီးရောက်လာချိန်၌ သူ၏ အကြံအစည်ကို လုပ်ကိုင်သည်။ သူသည်ဒိုဘီအဘိုးအိုအားဖမ်းဆီးကာ သူနှင့် အဝတ်အစားချင်း လဲလှယ်ဝတ်ဆင် အဘိုးအိုကို ချောင်ကျကျအခန်း တခန်း၌ ချုပ်နှောင်ထားလိုက်ပြီး သူကအဘိုးအို၏ အဝတ်အစားများကိုဝတ်၍ လျှော်ဖွတ်ရန် အဝတ်ဟောင်းထုပ်ကို ခေါင်းတွင်ရွက်ကာ အဘိုးအိုပုံစံနှင့် စံအိမ်မှထွက်သည်။

အစောင့်များက မြင်ကွန်းမင်းသားအား စစ်ဆေးခြင်းမပြုကြ ဒိုဘီအဘိုးအိုဟုထင်ကာ စံအိမ်တော်မှထွက်သွားခွင့်ပြုသည်။ ဒိုဘီအဘိုးကြီးအသွင်ရုပ်ဖျက်ထားသည့် မြင်ကွန်းမင်းသားမှာရသည့်အခွင့်အရေးကို အသုံးချပြီး အကျယ်ချုပ်အဖြစ် အချုပ်အနှောင်ခံနေရရာမှ လွတ်မြောက်သွားသည်။

မြင်ကွန်းမင်းသားသည် ပါးနပ်ထက်မြက်သူဖြစ်သဖြင့် အင်္ဂလိပ်အစိုးရက သူ့အားအသုံးချရန် အခွင့်အလမ်းမသာက ညောင်ရမ်းမင်းသားကို အသုံးချရန်ရည်ရွယ်ကြောင်းကိုသိသည်။ သူ့အနေနှင့် အင်္ဂလိပ်အစိုးရကအလိုရှိချိန်ကျမှ ထုတ်သုံးတာမျိုးကို သည်းခံ စောင့်ဆိုင်းလိုစိတ်မရှိ။ ထို့ကြောင့် ဗာရာဏသီစံအိမ်မှကထွက်ပြီး အင်္ဂလိပ်အစိုးရလက်အောက်မှ ထွက်ပြေးသည်။

ဗာရာဏသီစံအိမ်နှင့် ဝေးရာသို့အရောက်တွင် မြင်ကွန်းမင်းသားသည် ဒိုဘီ (ခဝါသည်) အဖြစ်မှ ကူလီတစ်ယောက်အဖြစ် ရုပ်ဖျက်ပြန်သည်။ ကုန်သည်တစ်ယောက်၏ အခိုင်းအစေကူလီအဖြစ် ပြင်သစ်ပိုင်နက် ချန္ဒရာနဂိုမြို့သို့ အရောက်သွားပြီး ပြင်သစ်အစိုးရထံတွင် ခိုလှုံသည်။





မြင်ကွန်းမင်းသားသည် ၁၈၈၂ ခု၊ ဒီဇင်ဘာလမှ ၁၈၈၃ ခု၊ ဇွန်လအထိ ချန္ဒရာနဂိုပြည်နယ်ထံတွင် ခိုလှုံပြီးရတနာပုံနေပြည်တော်တွင် ထီးနန်းအုပ်ချုပ်မင်းလုပ်နေသော သီပေါဘုရင်ထံမှအုပ်ချုပ်ရေးအာဏာကိုရယူပြီး ထီးနန်းစိုးစံနိုင်ရန်ကြိုးစားသည်။ မင်းသားက သီပေါဘုရင်၏ထီးနန်းကိုလုပ်ကြံရေးတွင် အကူအညီပေးရန် အင်္ဂလိပ်အစိုးရထံစာရေးအကြောင်းကြားသည်။ အင်္ဂလိပ်အစိုးရက မင်းသားအားပြင်သစ်ပိုင်နယ်မြေမှထွက်ပြီး အင်္ဂလိပ်အစိုးရထံတွင် လက်နက်ချအဖမ်းခံမှ ကူညီရေးအတွက် စဉ်းစားမည်ဟုအကြောင်းပြန်သည်။

မြင်ကွန်းမင်းသားသည် အိန္ဒိယဘုရင်ခံချုပ် လောဒ့်ရစ်ပွန်နှင့် တွေ့ဆုံဆွေးနွေးခွင့်ပေးရန် တောင်းဆိုပြန်သည်။ ထိုတောင်းဆိုချက်ကို အင်္ဂလိပ်အစိုးရက အလေးမထား။ မြင်ကွန်းမင်းသားနှင့် ဘုရင်ခံချုပ်တို့ တွေ့ဆုံဆွေးနွေးစဉ် ဖမ်းဆီးခြင်းမပြုပါဆိုသည့် အာမခံချက်ကို မပေးဘဲနေသည်။ ထို့ကြောင့် မြင်ကွန်းမင်သာသည် ပြင်သစ်အစိုးရ၏အကူအညီကို ရယူ၍ ကြိုးစားသည်။

ထိုအချိန်တွင် ရတနာပုံနေပြည်တော်နှင့်စာချုပ်သစ် ချုပ်ဆိုရန် သီပေါဘုရင်၏ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ပါရီသို့ရောက်နေသည်။ ထို့ကြောင့် ပြင်သစ်အစိုးရက မြင်ကွန်းမင်းသားအား ချန္ဒရာနဂိုမှ ပါရီသို့ လာရောက်ခြင်းမပြုရန် အကြောင်းကြားသည်။

မြင်ကွန်းမင်းသားမှာ ယခုအချိန်ထိ သူ့အကြံအစည်ကို အကောင်အထည် မဖော်နိုင်သေးသဖြင့် မကျေနပ်။ မည်သည့်အစိုးရ၏ အကူအညီကိုမှ မယူဘဲ မြန်မာပြည်သို့ဝင်ကာ လူသူလက်နက် စုဆောင်းပြီး သီပေါဘုရင်၏ ထီးနန်းကို လုပ်ကြံရန်ဟု ဆုံးဖြတ်သည်။ ထိုသို့ ဆုံးဖြတ်ပြီးနောက် ချန္ဒရာနဂိုမှ ထွက်ပြေးသည်။ ပြင်သစ် အစိုးရက ပြန်ဖမ်းမိပြီး အိန္ဒိယတောင်ပိုင်းရှိ ပြင်သစ်ပိုင်နယ်မြေတစ်ခု ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ပွန်ဒီချယ်ရီမြို့တွင် ထားသည်။ နှစ်နှစ်ခန့်အကြာတွင် မြင်ကွန်းမင်းသားသည် ပွန်ဒီချယ်ရီမှ ထွက်ပြေးပြန်သည်။ သို့သော် ပြေး၍မလွတ်၊ ပြန်ပြီးအဖမ်းခံရပြန်သည်။ ထိုမှ အင်ဒိုချိုင်းနားကျွန်းဆွယ်ရှိ ဆိုင်ဂုံသို့ အပို့ခံရသည်။ မင်းသားက ဆိုင်ဂုံမှ ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားပြန်သည်။ လွတ်မြောက်တော့မည့်ဆဲဆဲမှာ ပြန်ပြီး အဖမ်းခံရပြန်၏။

ဤသို့ မြင်ကွန်းမင်းသားက အင်္ဂလိပ်အစိုးရလက်မှလည်းကောင်း၊ ပြင်သစ်အစိုးရလက်မှလည်းကောင်း ထွက်ပြေးလွတ်မြောက်နိုင်ရန် အကြိမ်ကြိမ်ကြိုးစားနေစဉ် ရတနာပုံနေပြည်တော်ရှိ မြင်ကွန်းလိုလားသူတို့ကလည်း လျှို့ဝှက်လှုပ်ရှားမှုများပြုလုပ်နေကြသည်။

ထိုအချိန်တွင် မန္တလေးနန်းတွင်းအခြေအနေမှာ ရှုပ်ထွေးနေသည်။ အထက်မြန်မာပြည်တွင် မိုးကောင်းနေသဖြင့် သီးနှံတွေပျက်စီးကာ စီးပွားရေး ချွတ်ခြုံကျနေသည်။ နေရာတကာတွင် လုယက်တိုက်ခိုက်မှုများရှိနေပြီး လုံခြုံရေးပျက်ပြားနေသည်။ ဆင်းရဲ၊ ငတ်မွတ်ခြင်းဘေးဒဏ်ကိုခံနေရ သောပြည်သူတို့သည် ကယ်တင်ရှင်ကို မျှော်ကြသည်။ ဆင်းရဲတွင်းမှ လွတ်မြောက်အောင်ကယ်တင်မည့် ကင်တင်ရှင်မှာ မြင်ကွန်းမင်းသားသာ လျှင်ဖြစ်ကြောင်း စကားတွေက ရွှေမြို့တော်အတွင်း ပျံ့နေသည်။

ထိုသတင်းစကားမှာ နန်းတော်အတွင်းမှ ထွက်လာသည့် သတင်းစကားဖြစ်နိုင်သည်။ ပါးနပ်ထက်မြက်သည့် စုဖုရားလတ်ကြောင့် အာဏာလက်မဲ့ဖြစ်နေသော မယ်တော်ဆင်ဖြူမရှင်သည် သီပေါဘုရင်ကို နန်းမှချပြီး မြင်ကွန်းမင်းသား သို့မဟုတ် ညောင်ရမ်းမင်းသားအား တတိယသမီးတော် စုဖုရားကလေး (ရမည်းသင်းအရှင်ထိပ်စုမြတ်ဖုရားကလေး) နှင့်လက်ဆက်ကာ နန်းတင်ရန်ကြံစည်သည်။





မယ်တော်မိဖုရားကြီး ဆင်ဖြူမရှင်က သူ၏လူယုံ နန်းတွင်းအပျိုတော်တစ်ယောက်ကို လက်ဝတ်ရတနာတစ်သေတ္တာနှင့် ငွေငါးသောင်း ပေးအပ်၍ ချန္ဒာနဂိုရှိ မြင်ကွန်းမင်းသားနှင့်ဆက်သွယ်ရန် စေလွှတ်သည်။

မြင်ကွန်းမင်းသားနှင့်ဆက်သွယ်သော မိဖုရားကြီး ဆင်ဖြူမရှင်၏ အကြံအစည်ကို စုဖုရားလတ် သိသွားသည်။ စုဖုရားလတ်က မယ်တော် ဆင်ဖြူမရှင်၏ အကြံအစည်ပျက်စေရန် ညီမတော် စုဖုရားကလေးကို မောင်တော် သီပေါဘုရင်နှင့်လက်ဆက်ပေးလိုက်သည်။

ဖခမည်းတော်မင်းတုန်းမင်းတရားကို လုပ်ကြံပြီးထီးနန်းသိမ်းပိုက်ရန် ကြံစည်ခဲ့သော မြင်ကွန်းမင်းသားသည် သီပေါဘုရင်လက်ထက်တွင်လည်း ထိုအကြံကိုဆက်လက်ကြံစည်သည်။ သို့သော်ကြံစည်ရင်းနှင့်ပင် သူသည် ဆိုင်ဂုံတွင် ကွယ်လွန်သွားခဲ့လေသည်။

မြင်ကွန်းမင်းသားက သူ့နည်းသူ့ဟန်နှင့် သီပေါဘုရင်ကို တိုက်ခိုက်ပြီး ထီးနန်းလုယူရန် ကြိုးစားသည်။ ညောင်ရမ်း၊ ညောင်အုပ်မင်းသားတို့ကလည်း သီပေါဘုရင်ကို တိုက်ခိုက်ပြီး ထီးနန်းလုယူရန် ကြိုးစားကြသည်။

နန်းတွင်းလုပ်ကြံမှုကြီး ပေါ်ပေါက်စဉ်က ထွက်ပြေးလွတ်မြောက်သွားခဲ့သော ညောင်ရမ်းမင်းသားသည် သီပေါမင်းနန်းတက်ပြီး ခြောက်လအကြာတွင် ရန်ကုန်သို့ရောက်ရှိလာကာ ဗြိတိသျှမဟာဝန်ရှင်တော်မင်းကြီးနှင့်တွေ့ဆုံ၍ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ရေးအတွက် ကူညီရန် တောင်းဆိုသည်။ ဗြိတိသျှအာဏာပိုင်တို့က အချိန်မတန်သေးဟု အကြောင်းပြကာ ညောင်ရမ်းမင်းသားကို ကာလကတ္တားသို့ ပြန်ပို့သည်။

ညီတော်ညောင်အုပ်မင်းသားကလည်း အင်္ဂလိပ်မြန်မာနယ်စပ်ရှိ မြန်မာမင်းပိုင်နက်ထဲသို့ ဝင်ရောက်တိုက်ခိုက် ဖျက်ဆီးသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ညောင်ရမ်းမင်းသား၏ တိုက်ခိုက်မှုတို့မှာ ရည်ရွယ်ချက်ပြည့်မြောက်ခြင်း မရှိခဲ့ချေ။

အင်္ဂလိပ်အစိုးရသည် မြင်ကွန်းမင်းသား သို့မဟုတ် ညောင်ရမ်းမင်းသားတို့ကို နန်းတင်နိုင်ရေးအတွက် အခြေအနေအရပ်ရပ်ကို လေ့လာသုံးသပ်သည်။ သူလျှိုများမှ တဆင့် မြန်မာ့နန်းတွင်းရေးကို ထောက်လှမ်းသည်။

ညောင်ရမ်းမင်းသားနှင့် ဗြိတိသျှအာဏာပိုင်တို့ တွေ့ဆုံဆွေးနွေးမှုများရှိခဲ့သည်။ ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ညောင်ရမ်းမင်းသားအနေနှင့် ဗြိတိသျှအစိုးရ၏ လိုလားချက်များကို သဘောတူလျှင် ထီးနန်းလုပ်ကြံမှုအတွက် ငွေရေးကြေးရေး အကူအညီ၊ စစ်ရေး အကူအညီများပေးမည်ဟု ကတိပြုသည်။ ညောင်ရမ်းမင်းသားအနေနှင့် ထီးနန်းရလျှင် မြန်မာပြင်သစ်စာချုပ်ကို ပယ်ဖျက်ပေးရမည်။ ဗြိတိသျှ သံကိုယ်စားလှယ်ကို လွှတ်တော်အဖွဲ့ဝင် အဖြစ်အသိအမှတ်ပြုပြီး မန္တလေးရှိဗြိတိသျှသံရုံးတွင် လက်နက်ကိုင် အစောင့်သုံးရာကို ထားခွင့်ပြုရမည်ဟု တောင်းဆိုသည်။

ထိုတောင်းဆိုချက်များကို ညောင်ရမ်းမင်းသားက လက်ခံသလို သီပေါဘုရင်ကို နန်းပလ္လင်မှ ဖယ်ရှားလိုနေသော ကင်းဝန်မင်းကြီး ဖန်ချက်ဝန်ထောက် အစရှိသူသည်တို့ကလည်း သဘောတူညီကြပုံရသည်။

အထက်မြန်မာပြည်တွင် ညောင်ရမ်းမင်းသားကို မြင်ကွန်းမင်းသားလောက် လူကြိုက်မများလှချေ။ ထို့ကြောင့် ဗြိတိသျှအစိုးရက ညောင်ရမ်းမင်းသားနေရာတွင် မြင်ကွန်းမင်းသားကို အစားထိုးရန် စီစဉ်ပြန်သည်။ အထက်မြန်မာပြည်ရှိ သီပေါဘုရင်၏ လူယုံများဖြစ်သော တိုင်တားမင်းကြီးနှင့် တောင်ခွင်မင်းကြီးတို့ကလည်း မြင်ကွန်းမင်းသားကို နန်းတင်ရန် ကြိုးပမ်းကြသည်။





မြင်ကွန်းမင်းသားသည်လည်းကောင်း၊ ညောင်ရမ်းမင်းသားသည်လည်းကောင်း၊ သီပေါဘုရင်၏ ရာဇပလ္လင်ကို လုယူရန်ကြံစည်သကဲ့သို့ နန်းတော်အတွင်း၌ ရှိနေသော ဆင်ဖြူမရှင်မိဖုရားကြီး၊ ကင်းဝန်မင်းကြီး၊ တိုင်တားမင်းကြီး၊ တောင်ခွင်မင်းကြီးတို့ကလည်း ထီးရိပ်နန်းဖြူကို လုယူ၍ မင်းတုန်းမင်းတရား၏ သားတော်တပါးပါးကို နန်းတင်နိုင်ရန် ကြံစည်နေကြသည်။

သူတစ်မျိုး ငါတဖုံနှင့် သဘောထားခြင်း မကိုက်ညီဘဲ အကွဲကွဲအပြားပြားဖြစ်နေသော မှူးမတ်များ၏ အကြံအစည်တို့မှာ တကယ်တန်း၌ အမြောက် အောင်မြင်ခြင်းမရှိခဲ့ပါချေ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# အသားထဲကလောက်နှင့် သွေးစွန်းနေ့ရက်

သီပေါဘုရင်က မြှောက်စားသဖြင့် အမြင့်သို့ရောက်လာသော တိုင်တားမင်းကြီးသည် တောင်ခွင်မင်းကြီးနှင့် ပေါင်းပြီး မြင်ကွန်းမင်းသားကိုနန်းတင်ရေးအတွက် ကြိုးစားသည်။ ထိုအချိန်တွင် မြင်ကွန်းမင်းသား ရှမ်းပြည်နယ်သို့ ရောက်ရှိနေပြီး လူသူလက်နက်စုဆောင်းကာ သီပေါဘုရင်ကို တိုက်ခိုက်တော့မည်ဆိုသည့် ကောလာဟလသတင်းများက ရတနာပုံနေပြည်တော်တွင် ပျံ့နှံ့နေသည်။ အမှန်မှာ မြင်ကွန်းမင်းသားမှာ အိန္ဒိယနိုင်ငံတောင်ပိုင်း ပြင်သစ်ပိုင် ပွန်ဒီချယ်ရီတွင် ရှိနေသည်။

မြင်ကွန်းမင်းသားနှင့် ဆက်သွယ်ရန် စေလွှတ်လိုက်သူတို့မှာ မန္တလေးသို့ ပြန်အရောက်တွင် အဖမ်းခံကြရသည်။ တိုင်တားမင်းကြီးနှင့် တောင်ခွင်မင်းကြီးတို့သည် သူတို့၏ လျှို့ဝှက်ချက်များပေါ်တော့မည်ကို စိုးရိမ်ပြီး အဖမ်းခံရသူတို့အား သုတ်သင်ရှင်းလင်းရန် ကြေးစားလူသတ်သမားများကို စေလွှတ်သည်။





'ဒီတစ်ခါတော့ ကိုယ်ကျိုးနည်းပြီ ငါတို့အပေါ်အပြစ်ဒဏ်မကျ အောင် ဆက်သားသူလျှိုတွေကို ရှင်းလင်းပစ်မှ ဖြစ်မယ်'

ကြေးစားလူသတ်သမားများကို စေလွှတ်မှ တိုင်တားမင်းကြီး တို့အတွက် ပို၍သွေးလန့်စရာဖြစ်လာသည်။ သူတို့လွှတ်လိုက်သော ကြေးစားလူသတ်သမားများ အဖမ်းခံလိုက်ကြရ၏။

တိုင်တာမင်းကြီးတို့လိုပင် မင်းပြောင်းမင်းလွှဲပြုလုပ်ရန် ကြံစည် ာတွင် ပါဝင်ခဲ့သော အခြားဝန်ကြီးများလည်း သွေးပျက်ထိတ်လန့်ကုန်ကြ သည်။ ဂိုဏ်းကွဲတွေဖြင့် တစ်ယောက်နှင့်တစ်ယောက် ပြိုင်ဆိုင်ကာ ယ်လုနေသော ဝန်ကြီးများသည် အသက်ဘေးနှင့် ရင်ဆိုင်ရတော့ ည်ဆိုသည်နှင့် သီပေါဘုရင်ထံ ဝင်ရောက်လျှောက်တင်ကြသည်။

'ဓါးပြဗိုလ်ငရန်မင်းသည် ထောင်ဖောက်ပြေးကာ ပုန်ကန်ထကြွ ရန် စီစဉ်နေပါသည်။ ငရန်မင်းက ဘုန်းတော်ကြီးမြတ်တော်မူသော အရှင်မင်းတရားကို လုပ်ကြံပြီး မြင်ကွန်းမင်းသားအား နန်းတင်မည် ကြံရွယ်နေပါကြောင်း ...'

ဝန်ကြီးများက သီပေါဘုရင်မင်းတရားကို ထိုသို့လျှောက်တင်ပြီး ထောင်အတွင်း၌ရှိသော ဓါးပြခေါင်းဆောင် ငရန်မင်းအား 'သီပေါဘုရင် က မောင်မင်းနှင့်အပေါင်းပါတို့ကို သုတ်သင်ကွပ်မျက်ဖို့ စီစဉ်နေပြီ' ဟု ထောင်မှူးမှတဆင့် အကြောင်းကြားခိုင်းသည်။

ထိုအခါ ဓါးပြခေါင်းဆောင် ငရန်မင်းသည် သူ၏နောက်လိုက် သုံးဆယ် ကျော်နှင့်အတူ အဆောင်များကို တိုက်ခိုက်ပြီး ထောင်ဖောက် ပြေးသည်။

ထောင်တံခါးမကြီးမှာ ဟင်းလင်းပွင့်နေသည်။ ငရန်မင်းတို့ သည် ပွင့်နေသော ထောင်တံခါးမှ နန်းမြို့တွင်းသို့ ပြေးဝင်သည်။ အစောင့်များက ထောင်ဖောက်ပြေးသော ငရန်မင်းတို့ကို လိုက်လံတိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



နီ။ ထိုသို့ တိုက်ခိုက်ရာတွင် ထောင်မှူးမှာ အစောင့်များ၏ ကျည်ဆံထိမှန်ကာ သေဆုံးသွားခဲ့သည်။

ငရန်မင်းတို့သည် နန်းမြို့အရှေ့တံခါးမှ ထွက်ပြေးရန် ကြိုးစားရာ အဆက်မပြတ် ပစ်ခတ်သော သေနတ်ကျည်ဆံထိမှန်သဖြင့် ငရန်မင်း ဒဏ်ရာရသွားသည်။ ထိုအခါတွင် ငရန်မင်းက အိမ်တစ်အိမ်တွင် ခင်ရောက်ပုန်းအောင်းသည်။

ထောင်ပြေးများကို လိုက်လံတိုက်ခိုက်နေသော အစောင့်များက ငရန်မင်းကိုမိသွားသဖြင့် သတ်ပစ်လိုက်ကြသည်။ ငရန်မင်းနှင့်အတူ သူ၏နောက်လိုက်နှစ်ယောက်လည်းအသတ်ခံရသည်။

တိုင်တားမင်းကြီးက ထောင်နံရံများပေါ်တွင် အစောင့်ချပြီး ထောင်ဆူစဉ် ထွက်ပြေးလာသည့် အကျဉ်းသား မှန်သမျှကို ပစ်ခတ်စေသည်။ တော့င်ခွင်မင်းကြီးအိမ်မှ အစောင့်များကလည်း ပြေးထွက်လာသူမှန်သမျှကို သေနတ်ဖြင့် ဆီးကြိုပစ်ခတ်သည်။

ထောင်၏အရှေ့ဘက်ထောင့်ဆီမှ မီးတောက်ကြီးများထလာသည်။ အကျဉ်းသားများသည် ရှုးသွပ်နေကြသူများပမာ အသက်လုပြေးကြသည်။ ပြေးလွှားရင်းပင် ဘယ်နေရာကပစ်လာမှန်းမသိသော သေနတ်ကျည်ဆံသင့်၍လည်းကောင်း၊ အစောင့်များက ဓါးလှံလက်နက်များဖြင့် ဆီးကြိုတိုက်ခိုက်သဖြင့်လည်းကောင်း သေဆုံးကုန်ကြ၏။

ထောင်ထမှုတွင် လူပေါင်းသုံးရာခန့်အသက်ခံရသည်။ သေဆုံးသူများထဲတွင် လူဆိုးဓါးပြ အစစ်အမှန်က ဆယ့်တစ်ယောက်သာပါသည်။

ထောင်ထမှုကို နှိမ်နင်းသဖြင့် နန်းမြို့အတွင်း၌ ထောင်သားတို့၏ သွေးများဖြင့် နီသွားခဲ့သည်။ ဤသို့ဖြင့် ဝန်ကြီးများသည် သူတို့အား သက်သေခံမည့်သူများကို ရှင်းလင်းပစ်နိုင်ခဲ့သည်။ သီပေါဘုရင်နှင့် မိဖုရားစုဖုရားလတ်တို့မှာ သူတို့အား နန်းချမည့်အစီအစဉ်ထဲတွင်မည်သည့်





ဝန်ကြီးများ ပါဝင်ကြောင်း သိရှိခွင့်မရတော့ပေ။

ဝန်ကြီးများက သူတို့အပြစ်ကို ဖုံးကွယ်ရန်၊ သူတို့၏အာဏာ တည်တန့်ခိုင်မြဲနေစေရန်၊ ဂုတ်ပေါ်တွင် ဝဲလာမည့် ဓါးချက်များကိုရှောင်လွှဲနိုင်ရန် တောင့်တမှုဖန်တီးပြီး အကာအကွယ်ယူလိုက်ကြသည်။

ထောင်ထမှုတွင် ပါဝင်သောဓါးပြခေါင်းဆောင် ငရန်မင်းနှင့် အပေါင်းပါတို့သည်လည်းကောင်း၊ သွေးရူးသွေးတန်းနှင့်ပြေးမိပြေးရာ ပြေးရင်းအသတ်ခံခဲ့ရသော ထောင်သားများသည်လည်းကောင်း၊ ဝန်ကြီးများအတွက် တန်ဆာခံများဖြစ်ခဲ့ရသည်။

ထိုအဖြစ်အပျက်တွင် တိုင်တားမင်းကြီးသည် အဓိကအခန်းမှ ပါဝင်နေကြောင်း အထောက်အထားများစွာရှိခဲ့သည်။ မင်းညီမင်းသားများကို သတ်ဖြတ်သုတ်သင်ရာတွင် ပါဝင်ခဲ့သော၊ နေပြည်တော်ပတ်ဝန်းကျင်ရှိ ဓါးပြဂိုဏ်းများနှင့် အဆက်အသွယ်ရှိပြီး ဆက်ကြေးမှန်မှန်ပေးနေသော ဓါးမြဂိုဏ်းများကို အကာအကွယ်ပေးနေသော တိုင်တားမင်းကြီးသည် ယခုလိုလုပ်ကြံမှုမျိုးတွင် ဦးဆောင်ရန် ဝန်လေးနေမည်မဟုတ်ကြောင်းမှာ သေချာသည်။

မည်သို့ပင်ဖြစ်စေ၊ သီပေါဘုရင်နန်းတက်စဉ်ကာလတွင် မင်းညီမင်းသားများကို သတ်ဖြတ် လုပ်ကြံမှုနှင့် ထောင်သားများကို သတ်ဖြတ်ခဲ့သော သွေးစွန်းသည့် ဖြစ်ရပ်များမှာ အမှန်တကယ်ပင်ဖြစ်ပျက်ခဲ့သည်။

စိတ်ပျော့သော။ ဘာသာရေးတွင် ကြည်ညိုလေးစားမှုရှိသော၊ လက်အောက်လူရင်းများအပေါ်တွင် သနားတတ်သော သီပေါဘုရင်မင်းတရား၏ရာဇပလ္လင်မှာသွေးများဖြင့်ညစ်စွန်းနေသည်ဟုဆိုရပေလိမ့်မည်။

❏ ❏ ❏



www.burmeseclassic.com

www.burmeseclassic.com

## မြတောင်မင်းသမီး၏စိတ်ဓါတ်

စုဖုရားလတ်ဟု သမိုင်းစာမျက်နှာတွင် ထင်ရှားခဲ့သော မြတောင်မင်းသမီးသည် နန်းတော်ပြင်ပသို့ ထွက်လေ့မရှိသော်လည်း မိမိအပါးတွင် ခစားနေသော အပျိုတော်များ အခြွေအရံများမှ တဆင့် ပြင်ပကမ္ဘာအကြောင်းကို တစေ့တစောင်း လေ့လာခဲ့သည်။ စိတ်ထက်သူစိတ်မြန်သူ ပီပီ သီပေါဘုရင်ဆုံးဖြတ်ရမည့် ကိစ္စများတွင်လည်း ဝင်ပါခဲ့သည်။ စိတ်လွတ်ကိုယ်လွတ်ပြောဆိုတတ်ခြင်းမျိုးလည်းရှိခဲ့သည်။

စုဖုရားလတ်သည် တစ်လင်တစ်မယားစနစ်ကျင့်သုံးလိုသော မြန်မာအမျိုးသမီးများထဲတွင် တစ်ယောက်အပါအဝင်ဖြစ်သည်။ မြန်မာမှုကိုလည်း မြတ်နိုးတန်ဖိုးထားသူ ဖြစ်သည်။

စုဘုရားလတ်အပါးတွင် နိုင်ငံခြားသူအပျိုတော်များရှိသည်။ အပါးတော်တွင် ခစားနေသောခရစ်ယန်သီလရှင်များရှိသည်။ ၄င်းတို့ထဲမှ နိုင်ငံခြားဗဟုသုတရရှိခဲ့သည်။





စုဖုရားလတ်သည် အပျိုတော်မိန်းကလေးလေးယောက်ကို ခရစ်ယာန်သီလရှင်လက်သို့အပ်ပြီး အနောက်တိုင်းယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို လေ့လာသင်ကြားစေသည်။ သီပေါဘုရင်က လူပျိုတော်သားများကို အနောက်နိုင်ငံသို့ ပညာသင်စေလွှတ်သကဲ့သို့ အပျိုတော်လေးဦးကိုလည်း စေလွှတ်ရန်စိတ်ကူးသည်။

အပျိုတော်လေးဦးသည် ခရစ်ယာန်သီလရှင်နှင့်အတူ တစ်နှစ်ကျော်ခန့်နေပြီးနောက် နိုင်ငံဂျပ်ခြားသို့လိုက်ပါသွားကြသည်။နှစ်အနည်းငယ်ကြာခဲ့ပြီးသည့်နောက်တွင် ထိုအပျိုတော်လေးယောက် မန္တလေးသို့ ပြန်ရောက်လာသည်။

စုဖုရားလတ်က အပျိုတော်လေးယောက်ပြန်ရောက်လာသည်နှင့် ထိုနိုင်ငံခြားပြန် အပျိုတော်လေးယောက်ကို ရှေ့တော်သို့ ဝင်ရောက်ခစားစေရန် ဆင့်ခေါ်လိုက်သည်။

အပျိုတော်လေးယောက်၏ ဝတ်စားဆင်ယင်မှုက စုဖုရားလတ်အား မျက်မှောင်ကြုံ့သွားစေသည်။ ဥရောပသူတို့၏ ဆံပင်ပုံစံ၊ ဥရောပသူတို့ကဲ့သို့ ဖီးလိမ်းပြင်ဆင်ထားသော အပျိုတော်လေးယောက်သည် ရွှေ နန်းတော်၏ထုံးတမ်းစဉ်လာကို မေ့လျော့လျက် စုဖုရားလတ်ရှေ့တွင် ခပ်ကြောင်ကြောင်ရပ်နေကြသည်။

'မယ်မင်းတို့ ဘာလုပ်နေကြတာလဲ၊ ထိုင်ပြီးခစားကြစမ်း..'

အိန္ဒိယသို့ ရောက်ဖူးသော၊ အင်္ဂလန်တွင်နေကာ အနောက်တိုင်းသားတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံ ချက်နည်းပြုတ်နည်း၊ ဝတ်စားဆင်ယင်မှုစသည်တို့ကို သင်ယူပြီးပြန်လာသော အပျိုတော်လေးယောက်သည် နန်းဓလေ့ကိုသွားမေ့ကြလေပြီ။ မိဖုရားကြီးရှေ့တွင် ဒူးတုတ်ခစား ရမည်ဆိုသည်ကို သတိမပြုမိကြတော့။

ဆံပင်တွေကို တိုတိုညှပ်သူကညှပ်၊ ဖားလျားချသူကချ၊ မျက်နှာပေါ်မှာ အနီတွေ အပြာတွေ လိမ်းခြယ်ပြီး နိုင်ငံခြားသူများပမာ ဂါဝန်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားကြသော အပျိုတော်လေးယောက်မှာ စုဖုရားလတ်၏အမြင်တွင် ဆန်းများနှင့်ဘုလာသည်။

ရှေ့တော်တွင် ကြောင်စီစီနှင့်ရပ်နေကြသော အပျိုတော်လေးယောက်ကို စုဖုရားလတ်က အတင်းထိုင်ခိုင်းရသည်။ အပျိုတော်လေးယောက်မှာ တိုင်းတပါးယဉ်ကျေးမှုကို လေ့လာရုံလေ့လာခဲ့သည်မဟုတ်ဘဲ လက်ခံလာခဲ့ကြောင်းကို သူတို့နှင့်စကားပြောရင်းမှစုဖုရားလတ်သိလာခဲ့သည်။

အပျိုတော်လေးယောက်က အထင်တကြီးနှင့်လက်ခံကျင့်သုံးလာခဲ့သော တိုင်းတပါးယဉ်ကျေးမှုမှာ စုဖုရားလတ်၏အမြင်တွင်မူ မဖွယ်မရာသော ရိုင်းပျသော အပြုအမူမျိုးဖြစ်နေသည်။

အပျိုတော်လေးယောက်သည် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုကိုလည်းကောင်း၊ မိခင်ဘာသာစကားကိုလည်းကောင်း၊ မိရိုးဖလာယုံကြည်ကိုးကွယ်မှုကိုလည်းကောင်း၊ နန်းတွင်းဓလေ့ထုံးစံကိုလည်းကောင်း၊ မေ့လျော့သွားကြပြီဖြစ်သည်။

ယခင်က နန်းတော်တွင်း၌ အချောအလှစာရင်းဝင်ဖြစ်ခဲ့ကြသော အပျိုတော်လေးယောက်တို့မှာ မိမိတို့နှင့် လိုက်ဖက်ခြင်းမရှိသော ဆင်ယင်ထုံးဖွဲ့မှုတို့ကြောင့် အလှပျက်ကုန်ကြပြီဖြစ်သည်။

'မယ်မင်းတို့ တိုင်းတပါးကိုသွားပြီး ပျက်စီးလာကြပါလား၊ ဟဲ့ ... သူတို့ကို မြန်မြန်ခေါ်သွားကြစမ်း၊ ကိုယ့်အမျိုးသားဝတ်စုံကို ဝတ်ထားတဲ့၊ ကိုယ့်ယဉ်ကျေးမှုကို သိတဲ့၊ ကိုယ့်ရဲ့ကိုယ်ပိုင် ကိုးကွယ်မှုအောက်မှာပဲရှိတဲ့သူတွေ ပြန်ဖြစ်လာအောင် ပြုပြင်ပေးကြစမ်း၊ မြန်မာမတွေဟာ မြန်မာနဲ့ဘဲတူရမယ်'

စုဖုရားလတ်မှာ မြန်မာမှုကို လေးစားတန်ဖိုးထားသူပီပီအပျိုတော်လေးယောက်၏ ပြောင်းလဲသွားမှုကို လက်မခံနိုင်ဘဲရှိခဲ့သည်။ ထိုအပျိုတော်လေးယောက် မူလပုံစံအတိုင်းပြန်ဖြစ်မှပင် ကျေနပ်သွားခဲ့သည်။





စုဖုရားလတ်သည် အနီးကပ်ခစားနေသော နန်းတွင်းသူအပျိုတော်များနှင့် ပတ်သက်ပြီး သတိမပြတ်သကဲ့သို့ အုပ်ချုပ်ရေးကိစ္စ၊ နိုင်ငံရေးကိစ္စများတွင်လည်း သတိမပြတ်ခဲ့။ သူ့အသိသူ့အမြော်အမြင်နှင့် လုပ်သင့်လုပ်ထိုက်သည်တို့ကို ပြတ်ပြတ်သားသား ထိထိရောက်ရောက် လုပ်ကိုင်ဆောင်ရွက်သည်။

သူသည်ထီးနန်းစည်းစိမ်ကို မက်မောစိတ်ဖြင့် သီပေါဘုရင်၏ ကြင်ယာတော်ဖြစ်လာခဲ့သူမဟုတ်သော်လည်း သီပေါဘုရင်၏ချစ်သူ ကြင်ယာဘဝတွင် ရလာသော ထီးနန်းစည်းစိမ်ကိုမူမက်မောလာသည်။ အာဏာတည်မြဲရေးအသက်စည်းစိမ် လုံခြုံရေးအတွက် သူ့ပတ်ဝန်းကျင်မှ လှုပ်ရှားမှုတို့ကို အမြဲမပြတ်ထောက်လှမ်းသည်။ ထို့ကြောင့်ပင် မယ်တော်ဆင်ဖြူမရှင်က သူ့ပုန်မင်းသားနှင့်ဆက်သွယ်ပြီး မောင်တော်သီပေါဘုရင်အား နန်းချရန်ကြံစည်နေသည်ကို သူသိသွားသည်။

ဆင်ဖြူမရှင်မိဖုရားကြီးက မြင်ကွန်းမင်းသားသို့မဟုတ် ညောင်ရမ်းမင်းသားနှင့် သမီးတော်အငယ် စုဖုရားကလေးကို လက်ဆက်ပေးပြီး နန်းတင်ရန် ကြံစည်သည်။ ထိုအကြံကို နန်းတွင်းအပျိုတော် (အထောက်တော်)မှတဆင့် စုဖုရားလတ်သိခဲ့ပြီး မခံမရပ်နိုင်ဖြစ်သွားသည်။ သူက မယ်တော်မိဖုရားကြီး၏ အကြံကို ဖျက်ရန်နည်းလမ်းရှာသည်။

သွေးဆာသူ ရက်စက်သူအဖြစ် တိုင်းတပါးသားသမိုင်းဆရာများ၏ စွက်စွဲခြင်းကိုခံရသော စုဖုရားလတ်အနေနှင့် မင်းနှင့်မိဖုရားအပေါ် မသင့်မရာ ကြံစည်သော မယ်တော်ကို သုတ်သင်ရှင်းလင်းလိုလျှင် အလွယ်တကူရှင်းလင်း၍ ရသောအနေအထားတွင်ရှိသည်။ သို့သော် စုဖုရားလတ်မှာ မယ်တော်ကို ပြန်သတ်ရလောက်အောင် ယုတ်ညံ့သော စိတ်ဓါတ်မျိုးရှိသူ မဟုတ်။ သွေးဆာနေသူ မဟုတ်သဖြင့် အနုနည်းဖြင့် မယ်တော်၏အစီအစဉ်ကို ပျက်အောင်လုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စုဖုရားလတ်သည် အနေအေးသော ပြဿနာကင်းသော ညီမ တော် စုဖုရားကလေးကို ချစ်ခင်ရင်းစွဲရှိသည်။ ထို့ကြောင့် မောင်တော် သီပေါဘုရင်နှင့်လက်ဆက်ပေးရန် စဉ်းစားသည်။

စုဖုရားကလေးသည် အစ်မတော်စုဖုရားလတ်မှာ သီပေါဘုရင် အပေါ်အချစ်ကြီးကြောင်း၊ သူ၏အချစ်နှင့်ပတ်သက်၍ မနာလိုစိတ်အတွေး များကြောင်းသိထားသည်။ ထို့ကြောင့် စုဖုရားလတ်က မောင်တော်သီပေါ ဘုရင်နှင့်လက်ဆက်ရန် တိုက်တွန်းလာသည့်အခါတွင် ကြောက်လန့်စွာ ငြင်းပယ်သည်။ မယ်တော်၏အကြံကို ဖျက်ချင်နေသော စုဖုရားလတ်က အတင်းအကြပ်တိုက်တွန်းသည်။ စုဖုရားကလေးကို သီပေါဘုရင်၏ ကြင်ယာတော်အဖြစ် မရအရ လက်ဆက်ပေးသည်။

သီပေါဘုရင်က စုဖုရားကလေးအား သိမ်းပိုက်လိုက်သည့်အခါ ဆင်ဖြူမရှင်မိဖုရားကြီး၏ အကြံပျက်သွားသည်။ သီပေါဘုရင်သည် မိမိ၏ သမီးတော်သုံးပါးစလုံးနှင့် လက်ဆက်ထိမ်းမြားထားပြီး ထိုဘုရင်ကို ဒုက္ခပေးလျှင် မိမိ၏သမီးတော်များပါ ဒုက္ခရောက်ကြမည် ဖြစ်သဖြင့် ဆင်ဖြူမရှင် ကြိုးစားထားသမျှတို့မှာ ပျက်စီးသွားခဲ့ရသည်။

စုဖုရားလတ်သည် မယ်တော်၏အကြံအစည်ကို ဖျက်ရေးတွင် မယ်တော်အား မသတ်ရက်သဖြင့်လည်းကောင်း၊ မယ်တော်၏အကြံ အစည်တွင် အဓိကဖြစ်သော ညီမတော်စုဖုရားကလေးအပေါ် မရက်စက် နိုင်သဖြင့်လည်းကောင်း အကောင်းဆုံးနည်းလမ်းအဖြစ် သီပေါဘုရင်နှင့် စုဖုရားကလေးတို့ကို လက်ဆက်ပေးခဲ့သော်လည်း သူ၏မသိစိတ်က သီပေါဘုရင်အပေါ်း၌ ရှိနေသော စုဖုရားကလေးကို မလိုမလားရှိနေပြန် သည်။ မည်သို့ပင်ဖြစ်စေ၊ စုဖုရားလတ်သည် ရက်စက်သူမဟုတ်ကြောင်း မှာ သိသာပေါ်လွင်နေပေသည်။

❑ ❑ ❑



BURMESE CLASSIC .com

# စေတနာ ဝေဒနာ

၁၈၈၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ညောင်ရမ်းမင်းသား နာတာရှည်အဖျားရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

ညောင်ရမ်းမင်းသားကွယ်လွန်သွားခြင်းသည်၊ ရတနာပုံ နေပြည်တော်ကို စိုးမိုးအုပ်ချုပ်နေသော သီပေါဘုရင်အတွက် အန္တရာယ် တစ်ခုလျော့ပါးသွားခြင်းပင်ဖြစ်သည်။

သီပေါဘုရင်သည် စိတ်သဘောကောင်းသူ စိတ်အေးအေး နေတတ်သူဖြစ်၍ သူနှင့်နီးစပ်သော ဝန်ကြီးများက အုပ်ချုပ်ရေးကိစ္စ ကုန်သွယ်ရေးကိစ္စအတော်များများတွင် ဘုရင်အားအသိမပေးဘဲ ဘုရင်၏ ခွင့်ပြုချက်ကိုမယူဘဲ မိမိတို့သဘောအတိုင်း လုပ်ကိုင်ကြသည်။

သီပေါဘုရင်မှာ သူ၏ကျွန်ရင်းများကို ယုံကြည်လွန်းလှသည်။ တိုင်တားမင်းကြီး၊ လှေသင်းအတွင်းဝန်စသည့် ရှေးရိုးစဉ်လာသမားများ၏ စကားတို့မှာ ဘုရင်မင်းမြတ်၏ အမိန့်ဖြစ်သွားတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



နန်းတက်ပြီးစတွင် ဝန်ကြီးဌာန (၁၄)ခုထားပြီး ဆယ့်လေးဌာန အုပ်ချုပ်ရေးကို စတင်သည်။ သို့သော် နှစ်ဝက်မပြည့်ခင်မှာပင် ဆယ့်လေးဌာနအုပ်ချုပ်ရေးကို ဖျက်သိမ်းခဲ့သည်။ ပြီးနောက် လေးလခန့်အကြာတွင် ဝန်ကြီးဌာနများကို အသစ်ပြန်လည်ဖွဲ့စည်းရာ ကိုးဌာနသာ ကျန်သည်။ အုပ်ချုပ်ရေးမှာလည်း ဌာနတိုင်း တိုးတက်ခြင်းမရှိ။ ငြိမ်ဝပ်ခြင်းမရှိ။ ဘုရင်နှင့်အကျွမ်းဝင်သူတို့၏ နှောင့်ယှက်ခြင်းကို ခံရသည်။

ဝန်ကြီးအတော်များများကို ရာထူးမှဖြုတ်ပယ်ပြီး အကျဉ်းချထားခြင်းမျိုးရှိသည်။ နန်းတင်ပေးသည့် ကျေးဇူးရှိခဲ့သော ကင်းဝန်မင်းကြီးသာ အကျဉ်းချခြင်းမခံရဘဲ ရာထူးတဆင့်နိမ့်၍ အမှုတော်ထမ်းရသည်။

အုပ်ချုပ်ရေးပုံစံမကြာခဏပြောင်းလဲခြင်းမှာ အမြော်အမြင်ရှိသော ဝန်ကြီးများက အခွန်တော်ငွေများကို ဘုရင်နှင့်မိဖုရားတို့က အလိုရှိတိုင်း သုံးစွဲဖြုန်းတီးပစ်သည်ဟု ဝေဖန်ခြင်း၊ အုပ်ချုပ်ရေးတွင် အိမ်တော် လူရင်းများပါဝင်လာပြီး ထင်သလိုချယ်လှယ်ကြခြင်းတို့ကြောင့်ပင်ဖြစ်သည်။

ဘုရင်နှင့်မိဖုရားသည် မိမိတို့နှင့်နီး[illegible]ပ်သော နန်းတွင်းသူနန်းတွင်းသားများအပေါ် လိုအပ်သည်ထက်ပိုပြီး ရက်ရောကြသည်။ အိမ်တော်ပါများကအုပ်ချုပ်ရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်သည်။ ရရှိသည့်အခွင့်အရေးကို အလွဲသုံးစားလုပ်ကုန်ကြသည်။

လွှတ်ရုံးငါးရပ်တွင် အရာရှိ ဦးရေမှာ ခန့်ထားသည်ထက်ပိုနေသည်။ အုပ်ချုပ်ရေးအရာရှိ အပြောင်းအလဲများသော ကာလဟုဆိုနိုင်၏။ ဘုရင်က ရာထူးခန့်ထားပြီးပါလျက် ပို၍လာဘ်ပေးနိုင်သူကို အိမ်တော်ပါများက လူအပြောင်းအလဲလုပ်ပြီး ခန့်အပ်ခြင်းမျိုးရှိသည်။

ရှင်ဘုရင်နှင့်မှူးမတ်တို့၏ ညီညွတ်ရေးမှာပျက်စပြုလာသည်။ ညီလာခံကို တစ်ခါတစ်ရံမှသာလုပ်တော့သည်။ မှူးမတ်တိုင်း ရှင်ဘုရင်နှင့် တွေ့ခွင့်မရတတ်၊ ကျန်းမာရေးမကောင်းဟုအကြောင်းပြကာ သီပေါ





ရင်ညီလာခံသို့ထွက်တော်မမူတော့ဘဲလက်သုံးတော်များကိုသာအမိန့်တော် န်စေသည်။ ထိုအခါ အိမ်တော်ပါလက်သုံးတော်တို့မှာ အုပ်ချုပ်ရေးကိစ္စ ို့တွင် အရာရောက်သူများဖြစ်လာသည်။

ဝန်ကြီးကိုးဌာနအုပ်ချုပ်ရေးတွင် သာသနာရေး၊ ပညာရေး၊ ာများရေး စသည့်ဌာနများသာ စည်းနှင့်ကမ်းနှင့်ရှိပြီး အခြားဌာနများတွင် ယုံအရာရှိများ လက်သုံးတော်အပိုတော်များက နေရာရ၍ လုပ်ချင်တိုင်း ုပ်နေကြသည်။

သနားတတ်၊ ညှာတာတတ်သော သီပေါဘုရင်သည် သူနှင့် င်းချာသူတို့ လာဘ်စားသည့်ကိစ္စများပေါ်ပေါက်လာသည့်အခါတွင် ိုယ်တိုင်စိုက်ထုတ်ကာ လျော်ကြေးပေးတတ်သည်။

မင်းညီမင်းသားများကို သတ်ဖြတ်ခဲ့ရာတွင် ခေါင်းဆောင်ဖြစ် သော ရနောင်မင်းသားနှင့်သူ၏ညီ ပင်းသာမင်းသားတို့ အပြစ်ဒဏ်ခံရ ပြီးသည့်နောက်တွင်လှေသင်းအတွင်းဝန်နှင့်တိုင်တားမင်းကြီးတို့မှာဘုန်းကြီး လာသည်။

နေပြည်တော်တွင် ဓါးပြများထကြွကာ မငြိမ်မသက်ဖြစ်လာ သည်။ တိုင်တားမင်းကြီးက ထိုဓါးပြများထံမှ ဆက်ကြေးရသဖြင့် အကာ အကွယ်ပေးထားသည်။ လှေသင်းအတွင်းဝန်က သီပေါဘုရင်ထံ အမိန့်ခံ ပြီး ထိုဓါးပြများကို နှိမ်နင်းသည်။

တိုင်တားမင်းကြီးသည် သူအကာအကွယ်ပေးထားသူများအား နှိမ်နင်းခြင်းကို မကျေနပ်သဖြင့် လှေသင်းအတွင်းဝန်နှင့်ကွဲသည်။

နန်းအတွင်း၌ ကင်းဝန်အုပ်စု၊ လှေသင်းအုပ်စု၊ တိုင်တားအုပ်စု ဆိုပြီး ကွဲနေသည်ကို သီပေါဘုရင်သိရှိလာသည်။ ထိုအကွဲအပြဲကို ရင်ကြား စေ့နိုင်စေရန် ဘုရင်က ညီလာခံပြန်တက်သည်။ အစပိုင်းတွင် ဝန်ကြီး၊ မှူးမတ်တို့က ညီလာခံကို မှန်မှန်တက်ကြသော်လည်း နောက်ပိုင်းတွင် ယခင်အတိုင်းမညီမညွတ်ပြန်ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'မောင်မင်းတို့အချင်းချင်း မသင့်မြတ်ကြဘဲ ညီလာခံဝင်ရန် ရှောင်ရှက်ခြင်းကို ငါကိုယ်တော်မြတ်အလိုမရှိ။ မောင်မင်းတို့ အားလုံး ညီလာခံကို မှန်မှန်တက်စေလိုတယ်'

ဝန်ကြီးမှူးမတ်တို့သည် သီပေါဘုရင်၏အမိန့်ကို အလေးအနက် ထားကြ၊ သူတို့၏ ဆန္ဒအတိုင်းသာ နေထိုင်ဆောင်ရွက်ကြသည်။

သီပေါဘုရင်တွင် တိုင်းပြည်ကို သာယာဝပြောစေလိုသော ဆန္ဒများရှိသည်။ နေပြည်တော်ရှိ ဒင်္ဂါးစက်ရုံ၊ သေနတ်စက်ရုံ၊ လွှထည် စက်ရုံ၊ ဖန်ချက်စက်ရုံတို့ကိုလည်း လည်ပတ်နေအောင် သတိထား ဆောင်ရွက်သည်။

သီပေါဘုရင်သည်နေပြည်တော်ရှိ စစ်သည်ရဲမက်တို့ကို ခေတ်မီ လက်နက်များတပ်ဆင်ပေးပြီးခေတ်မီသော စစ်သည်တော်များ ဖြစ်စေချင် သည်။ ထို့အတွက် အနောက်နိုင်ငံမှ နည်းပြဆရာများကိုငှားပြီး စစ်ရေး လေ့ကျင့်စေသည်။ သို့သော် သီပေါဘုရင်၏ စစ်တပ်မှာ ခေတ်မီစစ်တပ် ဖြစ်မလာခဲ့၊ စစ်ရေးလေ့ကျင့်စဉ် ပေါ်ထွက်လာသော သေနတ်သံ၊ အမြောက်သံ တို့ကြောင့် နေပြည်တော်တွင် ရုတ်ရုတ်သဲသဲဖြစ်သွား ခဲ့သဖြင့် စစ်ရေးလေ့ကျင့်မှုကို ရပ်လိုက်သည်။

သီပေါဘုရင်သည် မိမိ၏ ထီးနန်းစည်းစိမ်ကို လုယူရန်လှုပ်ရှား နေကြသော နောင်တော်ညောင်ရမ်းနှင့်ညောင်အုပ်မင်းသားတို့၏ ထိပါး တိုက်ခိုက်မှုအတွက် အင်္ဂလိပ်အစိုးရထံသို့ လွှတ်တော်၏ သဘောတူညီ ချက်ဖြင့် အကြောင်းကြားစာစောင်ပေးပို့ခဲ့သည်။ ထိုအကြောင်းကြားစာမှာ ကတိပြုထားသည့်အတိုင်း ညောင်ရမ်းမင်းသားနှင့် အပေါင်းပါတို့အား မြန်မာအစိုးရလက်သို့ပေးအပ်ရန်ပင် ဖြစ်သည်။





အင်္ဂလိပ်အစိုးရက ညောင်ရမ်းနှင့်ညောင်အုပ်တို့မှာ နိုင်ငံရေး ခိုလှုံသူများသာဖြစ်သည်။ ရာဇဝတ်သား လူဆိုးဓါးပြများ မဟုတ်သဖြင့် ပေးထားသည့် ကတိနှင့်အကျုံးမဝင်။ ညောင်ရမ်းညီနောင်တို့ကို မြန်မာ အစိုးရလက်သို့ မအပ်နိုင်ဟု အကြောင်းပြန်သည်။

လိုလားချက်မပြည့်သဖြင့် သီပေါဘုရင်က အင်္ဂလိပ်အစိုးရထံ အကြောင်းကြားစာ တစ်စောင်ထပ်ပို့သည်။ ထိုအကြောင်းကြားစာတွင် ညောင်ရမ်းညီနောင်တို့သည် အင်္ဂလိပ်အစိုးရပိုင်နက်အတွင်းနေ၍ မြန်မာ အစိုးရပိုင်နက်ကို ကျူးကျော်ထိပါးတိုက်ခိုက်ခဲ့သည်။ ထိုတိုက်ခိုက်ခဲ့ ခြင်းကြောင့် မြန်မာအစိုးရပိုင်နက်အတွင်းရှိ ကျေးရွာများ ထိခိုက်နစ်နာ ခဲ့သည်။ ညောင်ရမ်းညီနောင်တို့ ကျူးလွန်းခဲ့သော ထိုပြစ်မှုများအတွက် အင်္ဂလိပ်အစိုးရက လျော်ကြေးငွေကျပ် ငါးသောင်းပေးဆောင်ရမည်ဟု တောင်းဆိုသည်။ အင်္ဂလိပ်အစိုးရက လျော်ကြေးပေးရန် တောင်းဆိုခြင်းကို ဂရုမစိုက် အကြောင်းမပြန်ဘဲနေခဲ့သည်။

သီပေါဘုရင်သည် မိမိအပေါ်အလေးဂရုမပြုသော အင်္ဂလိပ် အစိုးရအား မကျေနပ်။ ထိုမကျေနပ်မှာ အဖုအထစ်တစ်ခုအဖြစ် သီပေါ ဘုရင်နှင့် အင်္ဂလိပ်တို့အကြားတွင် ရှိနေခဲ့သည်။

တိုင်းပြည်အရေးရှုပ်ထွေးသည့်ကာလ၊ နန်းတွင်းမှာလည်း ပြဿနာစုံဖြစ်နေသည့်ကာလဖြစ်သော်လည်း သီပေါဘုရင်သည် ပြုသင့် ပြုထိုက်သည်တို့ကို ဆောင်ရွက်ပြုလုပ်သည်။

သီပေါဘုရင်၏ ဆောင်ရွက်မှုများတွင် ဘာသာရေးအဖြစ် အရေးပါသောဆောင်ရွက်မှုမှာ ဘုရားတည် ကျောင်းဆောက် အလှူဒါန ပြုခြင်းများဖြစ်သည်။ ထိုဆောင်ရွက်မှုတို့မှာ သီပေါဘုရင်၏ကောင်းမှုတော် ဟု ဆိုရမည်ဖြစ်သည်။

သီပေါဘုရင်သည် နန်းတက်ပြီး တစ်နှစ်မှာပင် မြို့တော်၏



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဆောင်ဘက် မဟာသီရိဟေမဝန်ဥယျာဉ်တော်တွင် ဘိနပ်တော်ငါးဆယ့်ငါးတောင်၊ အရပ်တော်ငါးဆယ့်ခြောက်တောင် အမြင့်ရှိသော မာန်အောင်ရတနာစေတီတော်ကို တည်ထားကိုးကွယ်ခဲ့သည်။ (ဝါခင်းကုန်းအရပ်တွင် တည်ရှိသဖြင့် ဝါခင်းကုန်းဘုရားဟုလည်းခေါ်သည်)

စေတီတော်အတွင်း၌ ရွှေ ငွေ မိုးကြိုး ပဉ္စလောဟာ ဆင်းတုတော်များ ထုလုပ်၍ ဌာပနာခဲ့ပြီး သံဃာတော်များကိုလည်း လှူဖွယ်ပစ္စည်းများ ပေးလှူကန်တော့သည်။ ထီးတော်တင်ပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပသည်။ ဇာတ်သဘင်ပွဲများ ခင်းကျင်းပြသသဖြင့် ပြည်သူတွေ ကြိတ်ကြိတ်တိုးအောင် စည်ကားခဲ့သည်။

မာန်အောင်ရတနာ စေတီတော်တည်ပြီးသည့်နောက်တွင် သီပေါဘုရင်သည် မယ်တော့်လောင်းရှည် မိဖုရားအတွက် စံနန်းတော်ဆောက်လုပ်ပေးသည်။ အဆောင်ခုနစ်ဆောင် ဘုံငါးဆင့်အမြင့်ရှိသော စံနန်းတော်ကို မြောက်ဥယျာဉ်တွင် ဆောက်လုပ်ပြီး မယ်တော်အား စံမြန်းစေသည်။

သီပေါဘုရင်မှာ ဘာသာတရားကို ကြည်ညိုကိုင်းရှိုင်းသူဖြစ်သည်နှင့်အညီ စာပြန်ပွဲများကျင်းပပြီး စာအောင်သူကို ဆုများချီးမြှင့်သည်။ ဆုအဖြစ်၊ ရွှေဖလား၊ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး အဝတ်အထည်စသည်တို့ကို ချီးမြှင့်ပြီး မြေနန်းတော်တွင်လည်းကောင်း၊ ရွှေနန်းတော်ဦးဘုရားတွင်လည်းကောင်း သုံးလတိုင်တိုင် ညစဉ်ပရိတ်ရွတ်ဆိုစေသည်။

မာန်အောင်ရတနာစေတီတော်ကို တည်ထားကိုးကွယ်ပြီးနောက် သီပေါဘုရင်မင်းမြတ်သည် ရွှေမြို့တော်အရှေ့တောင်ထောင့်ဇမ္ဗူမျက်ရှင်အရပ်တွင် မိမိ၏နံတော်သင့် လောကရန်နိမ်စေတီတော်ကို တည်သည်။ မိဖုရားကြီး စုဖုရားလတ်ကလည်း မန္တလေးတောင်အရှေ့ဘက် အာရုံခံဥယျာဉ်တော်အတွင်း၌ မိမိ၏နံတော်သင့် ရတနာတန်ဆောင်းစေတီတော်





ကို ဇရပ်တော်နှင့်ဘိနပ်တော် ခုနစ်တောင်ထား၍ ခုနစ်ရက်အတွင်းအပြီးတည်ခဲ့သည်။ ထို့နောက် မြတောင်တိုက်ကျောင်းတော်ကြီးကိုဆောက်လုပ်လှူဒါန်းသည်။ ကျောင်းတိုက်တွင် သံဃာတော်အပါးငါးရာကျော်တို့ သီတင်းသုံးကာ စာပေကျမ်းဂန်သင်အံတော်မူကြသည်။

သီပေါဘုရင်နှင့်မိဖုရားကြီးစုဖုရားလတ်တို့မှာ အပေးအကမ်းနှင့်အလှူအတန်းရက်ရောသူများဖြစ်သည်။ နှမြောတွန့်တိုခြင်းနမမရှိစေတနာရှိလျှင် ရှိသလို၊ သဒ္ဓါပေါက်လျှင်ပေါက်သလို ပေးကမ်းလှူဒါန်းကြခြင်းကြောင့် အသုံးအစွဲကြီးသည်ဟု သတ်မှတ်ခြင်းခံခဲ့သည်။

အလှူရေစက်လက်နှင့်မကွာရှိကြသော ဘုရင်မင်းမြတ်နှင့်မိဖုရားတို့၏ အလှူများတွင် ပြောစမှတ်ပြုရလောက်အောင် ကြီးကျယ်ခမ်းမြတ်သော အလှူတော်တစ်ခုရှိခဲ့သည်။ ယင်းအလှူတော်မှာ ကျွန်ယောက်ျား၊ ကျွန်မိန်းမတို့အား ကျွန်ဘဝမှ လွတ်မြောက်အောင် ကယ်တင်သည့် အလှူပင်ဖြစ်သည်။

နေပြည်တော်တွင် ငွေဝယ်ကျွန်၊ အပေါင်ခံကျွန်စသည့်ကျွန်ပေါင်းများစွာရှိသည်။ သူဌေးသူကြွယ်တို့ထံတွင် အရောင်းခံထားရသောကျွန်များ၊ အပေါင်ခံထားရသောကျွန်တို့သည် ကျွန်အဖြစ်မှလွတ်မြောက်နိုင်ခွင့်မရှိကြဘဲ ဘဝတုံးရမည်သို့ ရှိနေကြသည်။

သီပေါဘုရင်နှင့်မိဖုရားကြီးစုဖုရားလတ်တို့သည် ငွေဝယ်ကျွန်များ၏ သတင်းကိုကြားသည်နှင့် လှုလှုချင်းစာနာစိတ်ဖြင့် ထိုငွေဝယ်ကျွန်များကို ကျွန်ပိုင်ရှင်တို့ထံမှ ရွေးနှုတ်ရန် စီစဉ်သည်။ (မြန်မာဘုရင်သည် အမိန့်အာဏာဖြင့် ငွေဝယ်ကျွန်များကို လွတ်မြောက်အောင် ပြုလုပ်နိုင်သော်လည်း တစ်ပါးသူတို့၏ ပိုင်ဆိုင်မှုကို အလေးထားပြီး ထိုသို့မပြုလုပ်ခဲ့ပေ။)

'လူချင်းအတူတူ တိရစ္ဆာန်တွေလို အဝယ်ခံထားရလို့ ကျွန်ဖြစ်ခဲ့ရတဲ့သူတွေဟာ သနားဖို့ကောင်းပါတယ်။ သည်ကျွန်တွေကို ပိုင်ရှင်



www.burmeseclassic.com

www.burmeseclassic.com



လက်က ရွေးနှုတ်ပြီး ကျွန်အဖြစ်က လွတ်မြောက်စေတာ အင်မတန်မွန်မြတ်တဲ့ ကောင်းမှုတော်တစ်ခုပါပဲ'

ဘုရင်နှင့်မိဖုရားသည် နေပြည်တော်အတွင်းရှိ ကျွန်စာရင်းကို စနစ်တကျကောက်ယူစေသည်။ ကျွန်ပိုင်ရှင်တို့ကို လွှတ်တော်ဝန်ကြီးက ခေါ်ယူတွေ့ဆုံကာ စာချုပ်စာတမ်းများ စစ်ဆေးသည်။ ထို့နောက်တွင် ငွေဝယ်ကျွန်များကို အပြီးအပိုင် ရွေးနှုတ်ဝယ်ယူတော်မူသည်။ ကျွန်များကို ရွေးနှုတ်ဝယ်ယူရာတွင် ကျွန်ကုန်ကျငွေ လေးသောင်းမျှရှိခဲ့သည်။

ကျွန်ဘဝမှလွတ်မြောက်လာသူများအား ဘုရင်နှင့်မိဖုရားက သွားလိုရာသွားရန် လက်လွတ်စပယ် လွှတ်ပစ်ခြင်းမပြု။ ထိုသူများကို သာသနာ့ဘောင်သို့ ဝင်စေသည်။ ဘုရင်နှင့်မိဖုရားတို့က ဒါယကာလုပ်ပြီး ရဟန်းလောင်း နှစ်ရာ့လေးဆယ်ပါး၊ ကိုရင်လောင်းတစ်ထောင့်တစ်ရာ့ငါးဆယ့်လေးပါး၊ စုစုပေါင်းတစ်ထောင့်သုံးရာကိုးဆယ့်လေးပါးကိုသုဓမ္မာဇရပ်တွင် သာသနာဘောင်သို့ သွတ်သွင်းပေးခဲ့သည်။

ကျွန်ဘဝမှ လွတ်မြောက်လာသူတို့၏ ရဟန်းခံရှင်ပြုပွဲမှာ စည်ကားသိုက်မြိုက်လှသည်။ကြားသူတွေ့သူအပေါင်းတို့ ဝမ်းသာကြည်နူးစွာ သာဓုခေါ်စေသော အလှူကြီးပင်ဖြစ်သည်။

ကျွန်ဖြစ်နေသူအပေါင်းကို ကျွန်ဘဝမှ လွတ်မြောက်စေပြီး သာသနာ့ဘောင်သို့ သွတ်သွင်းခဲ့သော ဘုရင်နှင့်မိဖုရားတို့၏ ဆောင်ရွက်မှုမှာ သမိုင်းတွင်သောဆောင်ရွက်မှု၊ ဂုဏ်ယူအားကျလောက်သော ဆောင်ရွက်မှုများပင်ဖြစ်ပါသည်။

ကုန်းဘောင်မင်းဆက် သီပေါဘုရင် လက်ထက်တွင် မြန်မာနိုင်ငံကို မြွေမြိုသကဲ့သို့ မြိုပြီး သိမ်းပိုက်လာသော အင်္ဂလိပ်အစိုးရသည်ကျန်ရှိနေသော မြန်မာပြည်အထက်ပိုင်းဟိုပါ သိမ်းပိုက်ရန် ပရိယာယ်အမျိုးမျိုး





ဆင်လာသည်။ အကြောင်းပြချက် အမျိုးမျိုးဖြင့် မြန်မာဘုရင်အပေါ် အပြစ်ရှာလာသည်။

မင်းတုန်းမင်းတရား ကွယ်လွန်ပြီးနောက် သီပေါဘုရင်နန်းတက်ချိန်တွင် ဝိတိုရိယဘုရင်မထံသို့ နန်းတက်ကြောင်း စာလွှာပေးပို့ခဲ့သည်။ ဝိတိုရိယဘုရင်မကြီးထံမှလည်း တုန့်ပြန်လာသည့် စာတွင် နှစ်ပြည်ထောင် ရွှေလမ်းငွေလမ်းခင်းလျက် မဟာမိတ်အဖြစ် ဆက်လက်ရှိနေလိုကြောင်း ပါဝင်သည်။

အပြည့်အစုံမှာ 'အကြည်တော်မင်းမြတ်၊ အကြည်တော်မင်းမြတ်ထံမှ အကြည်တော်၏ ဖခမည်းတော်မင်းတရားကြီး နတ်ရွာစံလွန်တော်မူကြောင်းနှင့် အကြည်တော်သည် မြန်မာပြည်၏ထီးနန်းကို ဆက်ခံစိုးအုပ်ကြောင်းပါရှိသော အောက်တိုဘာလ(၂၄)ရက်နေ့စွဲပါကို ရရှိပါသည်။

အင်္ဂလန်ပြည်နှင့် မြန်မာပြည်မှာ တစ်ပြည်နှင့်တစ်ပြည် ရွှေလမ်းငွေလမ်းဖောက်လျက် မဟာမိတ်ဖြစ် ရှိနေကြသည့်အချိန်အခါ စာလွှာတွင်ဤကဲ့သို့ အကြည်တော်၏ ဖခမည်းတော်မင်းတရားကြီး နတ်ရွာစံလွန်တော်မူခြင်းသတင်းကို ကြားသိရသည့်အတွက် ကျွန်ုပ်များစွာကြေကွဲဝမ်းနည်းခြင်းဖြစ်ရပါသည်။

အကြည်တော်၏ သဘောထားချက်အတိုင်းတစ်ပြည်နှင့် တစ်ပြည်မဟာမိတ်အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။ အကြည်တော် စိုးစံအုပ်ချုပ်မှုကြောင့် အကြည်တော်၏လက်ထက်တွင် မြန်မာပြည်သူပြည်သား ကျေးတော်မျိုး ကျွန်တော်မျိုးများမှာ ရွှင်လန်းချမ်းမြေ့ကြလျက် တိုင်းပြည်နိုင်ငံ ဝပြောစည်ပင် သာယာပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

အကြည်တော်၏ အကျိုးကိုလိုလားသော
မိတ်ဆွေစစ်ဖြစ်သူ ဝိတိုရိယ

ဟူ၍ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(ဝိတိုရိယဘုရင်မ၏ ပေးစာဘာသာပြန်ကို ဦးဘသန်း B.A ရေးသားသော ကျောင်းသုံးမြန်မာရာဇဝင် ၁၉၆၄ မတ်လမှ ကူးယူဖော်ပြပါသည်။)

သို့သော် သီပေါဘုရင်နန်းတက်ပြီး မကြာခင်တွင် ဖြစ်ပွားခဲ့သော နန်းတွင်းလုပ်ကြံမှုကြီးတွင် မင်းညီမင်းသားများ အသတ်ခံရသည်ကို သီပေါဘုရင်မှ ကျူးလွန်သည့် အမှုအဖြစ် စွပ်စွဲကာ အင်္ဂလိပ်အစိုးရက ကန့်ကွက်ခဲ့သည်။

အင်္ဂလိပ်အစိုးရသည် နန်းတွင်းသို့ သူလျှိုများစေလွှတ်ကာ လျှို့ဝှက်သတင်းများ ရယူခဲ့သည်။ နယူးယောက်တိုင်း(မ)သတင်းစာသို့ မမှန်သတင်းများ ပေးပို့ပြီး ကမ္ဘာ့အလယ်တွင် မြန်မာဘုရင်ကို ရက်စက်သူ၊ သွေးဆာသူ၊ ယစ်ထုတ်ကြီးအဖြစ် အပြစ်မြင်လာအောင် လုပ်ဆောင်ခဲ့သည်။

သီပေါဘုရင်သည် စိတ်ပျော့ညံ့သူ၊ ယုံလွယ်သူဖြစ်သော် လည်း ဆိုးယုတ်သော မင်းတရားမဟုတ်ကြောင်းသမိုင်းဖြစ်ရပ် မှန်များက သက်သေခံလျက်ရှိနေပါသည်။

❑ ❑ ❑



## ခေါင်းမြီးခြုံလာသော ရန်သူများ

ရတနာပုံနေပြည်တော်၏ မိုးကောင်းကင်မှာ ကြည်လင်ပြာလဲ့နေသည်။ နေပြည်တော်မှ ဗဟိုစည်သံကို အချိန်မှန်မှန် ကြားနေရသည်။

ရွှေနန်းတော်အတွင်း၌ သစ်လွင်တောက်ပသော အဝတ်အစားများ၊ ဝတ်ဆင်ထားသည့် အပျိုတော်များ လူးလာခေါက်ပြန် လှုပ်ရှားသွားလာနေသည်။

နေပြည်တော်၏ အခြေအနေမှာ အေးချမ်းသယောင်ရှိနေသည်။ အန္တရာယ်ကင်းသယောင်ရှိနေသည်။ မိတ်ဆွေအဖြစ် ခေါင်းမြီးခြုံထားသော ရန်သူများနေပြည်တော်တွင်လှုပ်ရှားနေသည်ကိုသိသူနည်းပါးလှ၏။

နေပြည်တော်တွင် အနေကြာသော အင်္ဂလိပ်သူလျှိုတစ်ယောက်ရှိသည်။ထိုသူမှာ ဘုံဘေဘားမား သစ်ကုမ္ပဏီ၏ ကိုယ်စားလှယ်အီတလီကောင်စစ်ဝန် အန်ဒရေနိုပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အန်ဒရေနိုသည် ရွှေမြို့တော်မှ လျှို့ဝှက်သတင်းများကို နည်းပေါင်းစုံဖြင့် ရအောင်ယူပြီး အင်္ဂလိပ်အစိုးရထံသို့ ပေးပို့နေသူဖြစ်သည်။

ရွှေမြို့တော်တွင် အင်္ဂလိပ်သူလျှိုအန်ဒရေနိုက လျှို့ဝှက်လှုပ်ရှားမှုများပြုလုပ်သည်။ သတင်းရယူနိုင်ရေးအတွက် မင်းအမှုထမ်းများစွာကို လာဘ်ထိုးခဲ့သည်။

အန်ဒရေနိုကဲ့သို့သူလျှိုအဖြစ် လှုပ်ရှားနေသူ နောက်တစ်ယောက်ရှိသည်။ ထိုသူမှာ ပြင်သစ်အစိုးရအတွက် သူလျှိုလုပ်ပေးနေသူဖြစ်သည်။

ဒီလွန်ကလေသည် ရတနာပုံရွှေမြို့တော်သို့ ရောက်ရှိစဉ်တွင် မင်းတုန်းမင်းနှင့်အတူ ဖန်ချက်ဝန်ထောက် တိုင်တားမင်းကြီး အစရှိသည့် ဝန်ကြီးများနှင့်တွေ့ဆုံသည်။ သူသည် မြန်မာနှင့်ပြင်သစ်အစိုးရတို့ မဟာမိတ်စာချုပ်ချုပ်ရာတွင် အဆင်ပြေစေရန် ဆောင်ရွက်ပေးသည်။

မြန်မာဝန်ကြီးများနှင့် တွေ့ဆုံရာတွင် ဒီလွန်ကလေအတွက် စကားပြန်လုပ်ပေးသူမှာ မြန်မာနန်းတွင်းသို့ ရိက္ခာများပေးသွင်းနေသည့် ပြင်သစ်လူမျိုး ဗွန်ဗီလိန်းဖြစ်သည်။

ဗွန်ဗီလိန်းမှာ ရွှေနန်းတော်ကြီးအတွင်းသို့ ဝင်ထွက်ခွင့်ရသူဖြစ်သည်။ စုဖုရားလတ်၏ နိုင်ငံခြားသူ အပျိုတော်မတ်ဒီကာလိုဂရီတီ အန်ထရန်၏ ချစ်သူဖြစ်သည်။

ဗွန်ဗီလိန်းသည် မတ်တီ၏ အကူအညီဖြင့် ကြီးပွားနေသူဖြစ်သည်။ မတ်တီသည် ဗွန်ဗီလိန်းအား စွဲလန်းချစ်ခင်နေသဖြင့် ၎င်း၏ ချစ်သူအပေါ် မျှော်လင့်ချက်များစွာ ထားရှိခဲ့သည်။

ဗွန်ဗီလိန်းသည် သူ၏အကျိုးစီးပွားအတွက်ရသွားမည်။ မက်တီကို ယာယီဇနီးမယားအဖြစ် သဘောထားခဲ့ပုံရသည်။ မန္တလေးတွင်





နေစဉ် မတ်တီသည် ဗွန်ဗီလိန်းအတွက် စိတ်ဖြေစရာ တွဲဖော် တွဲဖက်ဖြစ်ခဲ့သည်။

၁၉၇၉ ခုနှစ် အောက်တိုဘာလတွင် အင်္ဂလိပ်သံကိုယ်စားလှယ်အဖွဲ့ မန္တလေးမှ ရုတ်သိမ်းသွားခဲ့ပြီးနောက်တွင် အီတလီကောင်စစ်ဝန် အန်ဒရေနိုသည် အင်္ဂလိပ်တို့အတွက် အရေးပါသည့် သတင်းပေးတစ်ယောက်ဖြစ်လာခဲ့သည်။

ပြင်သစ်ကောင်စစ်ဝန် မွန်ဆီယာအားစ် မန္တလေးသို့ ရောက်လာသည့်အခါတွင် အန်ဒရေနိုက အားစ်နှင့် ရင်းနှီးအောင်ကြိုးစားသည် အားစ်ထံမှ သိရသည်များကို လျှို့ဝှက်သတင်းအဖြစ် အင်္ဂလိပ်အစိုးရထံသို့ ပေးပို့သည်။

အားစ်မန္တလေးသို့ရောက်လာခြင်းသည် ပြင်သစ်မြန်မာဆက်ဆံရေးကို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ခြင်းရှိမရှိ သိရအောင် လာရောက်လေ့လာခြင်းဖြစ်ဟန်ရှိသည်။ အားစ်သည် ပြင်သစ်မြန်မာကုမ္ပဏီတစ်ခုတည်ထောင်ပြီး သစ်လုပ်ငန်း၊ ကျောက်လုပ်ငန်းစသည့်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လိမ့်မည်ဟု အန်ဒရေနိုတွက်ဆကာ အင်္ဂလိပ်အစိုးရထံသို့ ထိုအကြောင်း သတင်းပေးပို့သည်။ (ထိုအချိန်မှာ ဘုံဘေဘားမားသစ်ကုမ္ပဏီမှ နင်းကြမ်း(ပျဉ်းမနား)သစ်တောကြိုးဝိုင်းတွင် သစ်များတရားမဝင် ခိုးခုတ်နေသဖြင့် မြန်မာအစိုးရက ဘုံဘေဘားမားသစ်ကုမ္ပဏီကို လျော် ကြေးတောင်းထားချိန်ဖြစ်သည်။

အင်္ဂလိပ်အစိုးရသည် ပြင်သစ်တို့က မြန်မာအစိုးရထံမှ စီးပွားရေးလုပ်ငန်းများ လုပ်ပိုင်ခွင့်ကို စိုးရိမ်လာသည်။ ပြင်သစ်မြန်မာဆက်ဆံရေးနှင့်ပတ်သက်ပြီး အန်ဒရေနိုထံမှ ယခုထက်ပို၍ တိကျသောသတင်းကို အလိုရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာပင် အင်္ဂလိပ်အစိုးရအတွက် အကျိုးဆောင်နေသော အန်ဒရေးနီမှာ မမျှော်လင့်သောအခွင့်အရေးတစ်ခုကို ရလာသည်။ ထိုအခွင့်အရေးမှာ ပြင်သစ်နှင့်မြန်မာတို့ ချုပ်ဆိုသော လျှို့ဝှက်စာချုပ်မိတ္တူနှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနှင့် မြန်မာအစိုးရတို့ အပြန်အလှန်ဆက်သွယ်ပေးပို့သည့် လျှို့ဝှက်စာမိတ္တူများကို ရရှိလာခြင်းပင် ဖြစ်သည်။

အန်ဒရေးနီ လျှို့ဝှက်မှတ်တမ်းများကို ရရှိခဲ့ခြင်း၏ နောက်ကွယ်တွင်မပြေလည်သောအချစ်ဇာတ်လမ်းတစ်ပုဒ်က ရှိနေသည်။ထိုဇာတ်လမ်းမှာ ဗွန်ဗီလိန်းနှင့် မတ်တီတို့၏ ဇာတ်လမ်းပင်ဖြစ်သည်။

မြန်မာ့သံအဖွဲ့ပြင်သစ်သို့ ရောက်ရှိနေစဉ်တွင် ဗွန်ဗီလိန်းပြင်သစ်သို့ ပြန်သည်။ ပြင်သစ်တွင် မိန်းမပျိုတစ်ယောက်နှင့်တွေ့ပြီး လက်ထပ်ထိမ်းမြားလိုက်သည်။

ဗွန်ဗီလိန်းလက်ထပ်လိုက်ခြင်းသည် မတ်တီနာ၏ မျှော်လင့်ချက်အိပ်မက်များကို ဖျက်ဆီးလိုက်ခြင်းပင်ဖြစ်သည်။ သစ္စာဖောက်သွားသော ဗွန်ဗီလိန်းကြောင့် ခံစားရသည့် နာကျင်ကြေကွဲခြင်းသည် အမုန်းအဖြစ်သို့ ပြောင်းလဲသွားသည်။ ရင်ထဲတွင် အမုန်းမီးလျှံတွေ တဟုန်းဟုန်းတောက်လောင်လာသည့်အခါတွင် မတ်တီသည် ဗွန်ဗီလိန်း၏အကျိုးကို ပျက်အောင်လုပ်ရန် နည်းလမ်းရှာသည်။

မတ်တီသည် သူ့အပေါ်စိတ်ဝင်စားနေသော ကင်းဝန်မင်းကြီး၏ စာရေးမောင်ရိုး(မောင်မြ)ကို သွားရောက်တွေ့ဆုံသည်။ (မှတ်တမ်းအချို့နှင့် စုဖုရားလတ်၏အဆိုအရ ဒီပဲရင်းဝန်ထောက်မောင်မြဟုသိရသည်။)

မောင်ရိုး (မောင်မြ)သည် မတ်တီ၏ မဟာကွန်ယက်တွင် အမိခံရပြီး မတ်တီလိုချင်သော စာချုပ်နှင့်စာရွက်စာတမ်းများကို ပေးလိုက်သည်။ ဂရိမြန်မာကပြားမလေး မတ်တီသည် သူရရှိလာသော ပြင်သစ်မြန်မာစာချုပ်နှင့် လျှို့ဝှက်စာများကို အီတလီ ကောင်စစ်ဝန်အင်္ဂလိပ်သူလျှို





အန်ဒရေးနီလက်သို့ ပေးအပ်လိုက်သည်။ အန်ဒရေးနီက မြန်မာနိုင်ငံကော်မရှင်နာ မင်းကြီး ဆာချားဘားနတ်ထံ ပေးပို့သည်။ ဆာချားဘားနတ်က စာချုပ်နှင့်လျှို့ဝှက်စာများကို အိန္ဒိယဘုရင်ခံချုပ်မှတဆင့် အင်္ဂလိပ်အစိုးရသို့ ပေးလိုက်သည်။

နန်းတွင်းသူ မတ်တီနှင့်ပြင်သစ်ကုန်သည် ဗွန်ဗီလိန်းတို့၏အချစ်ရေး၊ ကိစ္စကြောင့်ဖြစ်လာသည့် အမုန်းတရားများအပေါ် အင်္ဂလိပ်သူလျှို အန်ဒရေးနီက အခွင့်အရေးယူလိုက်ခြင်းသည် ပေါက်ကွဲမည့်ဆဲဆဲ ယမ်းပုံပေါ်သို့ မီးစတစ်စ ပစ်ချလိုက်သည့်ပမာရှိသည်။

သစ္စာဖောက်မောင်ရိုး (မောင်မြ)က မတ်တီ၏လက်သို့ ပေးအပ်ခဲ့ပြီး မတ်တီမှတဆင့် အန်ဒရေးနီ ထိုမှတဆင့်ပြီးတဆင့်၊ အင်္ဂလိပ်အစိုးရလက်သို့ရောက်သွားသည့် စာချုပ်ကြောင့် အင်္ဂလိပ်တို့ မျက်ဖြူဆံပြာဖြစ်သွားပြီး အထက်မြန်မာပြည်ကို ချိတက်သိမ်းယူရန် စီစဉ်သည်။ လျှို့ဝှက်စာတွင် ပြင်သစ်အစိုးရက ငှင်းတို့ပိုင် တုံကင်ပြည်နယ်မှတဆင့် စစ်လက်နက်ကြီးငယ်အမျိုးမျိုး၊ ခဲယမ်းမီးကျောက်နှင့် စစ်ဘက်ဆိုင်ရာပစ္စည်းများကို ပေးအပ်မည်ဆိုသည့်အကြောင်းအရာများပါဝင်နေသည်။

စီးပွားရေးလုပ်ပိုင်ခွင့်များအတွက် ပြင်သစ်အစိုးရက မြန်မာတို့ကို လက်နက်များ ထောက်ပံ့လျှင် အင်္ဂလိပ်အစိုးရအတွက် စီးပွားရေးလုပ်ကွက်များဆုံးရှုံးရုံသာမက လက်နက်ကောင်းရသွားသည့် မြန်မာတို့၏ ခုခံတိုက်ခိုက်မှုကို ခံရမှာ သေချာနေသည်။

အန်ဒရေးနီပေးပို့လိုက်သောသတင်းသည် အင်္ဂလိပ်တို့အတွက် ထိပ်တန်းအရေးပါသော သတင်းဖြစ်သည်။ အန်ဒရေးနီပေးပို့လိုက်သည့် လျှို့ဝှက်စာချုပ်နှင့် အစိုးရနှစ်ဖက်အပြန်အလှန်ပေးစာတို့မှာ အင်္ဂလိပ်အစိုးရက ပြင်သစ်တို့အား ထိုးနှက်ရန်အတွက်အကောင်းဆုံးသက်သေအထောက်အထားများပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့နန်းတွင်း၌ အန်ဒရေနီလိုသူလျှိုများရှိသလို သီပေါဘုရင်အား ကမ်းကုန်အောင်ရက်စက်သူအဖြစ် ကမ္ဘာကထင်မြင်လာအောင် **နယူးယောက်တိုင်း**အစရှိသည့် သတင်းစာများတွင် လိမ်စာညာစာလုပ်ကြံသတင်းများရေး နေသူတွေလည်းရှိသည်။ ထိုသူတို့သည် မြန်မာ့မြေတွင် သူတို့အကျိုးစီးပွားအတွက် လှုပ်ရှားရင်းဟန်ဆောင်အပြုံးများ ဟန်ပြခင်မင်မှုများဖြင့် မိတ်ဆွေအဖြစ် ခေါင်းမြီးခြုံလာသော ရန်သူများပင် ဖြစ်ကြသည်။

မြန်မာဘုရင် မြန်မာအစိုးရနှင့်ပါတ်သက်ပြီး မမှန်သတင်းများကို အများဆုံးရေးခဲ့သူမှာ ရွှေရိုးအမည်ခံဆာဂျိမ်းဂျော့စကော့ပင်ဖြစ်သည်။

ဆာဂျိမ်းဂျော့စကော့သည် ရန်ကုန်မြို့ရှိ စိန့်ကျွန်းကောလိပ်တွင် ကျောင်းဆရာအဖြစ်ဝင်ရောက်လုပ်ကိုင်သည်။ ထိုမှတဆင့်ကျောင်းအုပ်ကြီး ဖြစ်လာခဲ့သည်။

သူသည် မြန်မာစကားကိုသင်သည်။ မြန်မာအဝတ်အစားကိုဝတ်သည်။ လက်မောင်းတွင် ထိုးကွင်းမှင်ကြောင်များမင်ထိုးနှံသည်။

စကော့သည် ကျောင်းဆရာဘဝတွင် သကင်းများစုဆောင်းပြီး ဆောင်းပါးများရေးသည်။ သူသည် နိုင်ငံခြားသတင်းစာတို့တွင် သတင်းဆောင်းပါးများရေးသလို ရန်ကုန်မြို့ထုတ် အင်္ဂလိပ်သတင်းစာတွင်လည်း သတင်းဆောင်းပါးများရေးသည်။ အထူးသတင်းထောက်၊ ရွှေရိုးစသည့် အမည်များကို အသုံးပြုသည်။

**(မှတ်ချက်။ ဆာဂျိမ်းဂျော့စကော့သည် မြန်မာဘုရင် မြန်မာအစိုးရနှင့်ပတ်သက်သည့်သတင်းများကိုရေးခဲ့ကြောင်း၊ သီပေါမင်းနှင့် နယူးယောက်တိုင်းသတင်းစာ စာအုပ်ကိုရေးသားသူ ဦးကိုလေး(အငြိမ်းစား ဒုအစိပတိ၊ မန်းတက္ကသိုလ်)က ဖော်ထုတ်ခဲ့သည်။ ယခုဖော်ပြသည့် အကြောင်းအရာမှာ ဦးကိုလေး (ဧယျာမောင်)၏ သီပေါမင်းနှင့် နယူးယောက်တိုင်းသတင်းစာ စာအုပ်မှထုတ်နှုတ်တင်ပြခြင်းဖြစ်ပါသည်။)**





စကော့သည် သွေးခွဲသပ်လျှိုသောအလုပ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်တတ်သူဖြစ်သည်။ သူ၏ဆောင်းပါးများသည် (၁) သီပေါဘုရင်နှင့် ပတ်သက်၍ သွားပုတ်လေလွင့်ပြောပြချက်ဖြင့်မကောင်းသတင်းကျော်စောစေရန် (၂) မန္တလေးရောက်ပြင်သစ်သံမှူး မွန်ဆီယာအားစ် ဆောင်ရွက်ပုံများကိုပေါ်လွင်စေရန် (၃) အရှေ့နိုင်ငံများသို့ဝင်ရောက်နေသော ပြင်သစ်တို့၏ခြေလှမ်းများကို သိသာစေရန် (၄) မြန်မာစစ်တပ်၏ အခြေအနေကို သိသာစေရန် (၅) အထက်မြန်မာပြည်ကို သိမ်းယူပြီး ရင်ခွင်ပိုက်စနစ်ကိုမသုံးဘဲ တိုက်ရိုက်အုပ်ချုပ်မှုဖြင့် အုပ်ချုပ်သွားရန် ရည်ရွယ်ရေးသားထားသော ဆောင်းပါးများသာဖြစ်သည်။

ဟိန္ဒူစကားပြောတတ်သော၊ မြန်မာစကားပြောတတ်သော၊ မြန်မာမှုကို မြတ်နိုးဟန်ဆောင်သော စကော့သည် အမှန်စင်စစ်တွင် အင်္ဂလိပ်တို့၏ ကောက်ကျစ်ယုတ်မာမှုများကို ဖုံးကွယ်ပြီး အင်္ဂလိပ်အစိုးရက သဘောထားကြီးစွာ စာနာထောက်ထားစိတ်ဖြင့် မြန်မာပြည်ကိုသိမ်းယူလေဟန်မျိုးဖြစ်အောင် လိမ်စာညာစာရေးခဲ့သူ ရေမှုတ်တဖက် မီးတစ်ဖက်ဖြင့် မြန်မာ့အရေးတွင် ဝင်ရောက်သူ၊ မြန်မာနိုင်ငံစည်းလုံးညီညွတ်မှုပြိုကွဲအောင် လုပ်ဆောင်ခဲ့သူ၊ မိတ်ဆွေ ဟန်ဆောင်ထားသည့် မြန်မာတို့၏ ရန်သူစစ်စစ်သာဖြစ်သည်။

စကော့ရေးသားခဲ့သည့် သတင်းဆောင်းပါးများက စကော့၏ ရုပ်တည်မှု၊ စကော့၏သဘောထားများကို ညွှန်ပြလျက်ရှိသည်။

သူ၏ဆောင်းပါးများမှာ (၁) ဘုရင်ကမင်းညီမင်းသားဆွေတော်မျိုးတော်အားလုံးကို သတ်ဖြတ်ပစ်လိုက်ကြောင်း (၂)ရတနာပုံနေပြည်တော်၏အခြေအနေမှာ လွန်စွာစိုးရိမ်ဖွယ်ရာဖြစ်နေကြောင်း (၃) ရက်စက်သော လူမဆန်သော မြန်မာဘုရင် (၄) အရက်မူးရမ်းကားနေသော မြန်မာဘုရင်



www.burmeseclassic.com

www.burmeseclassic.com



(၅) ဘုရင်အပြောင်းအလဲကြောင့် နေပြည်တော်တွင် မငြိမ်သက်မှုများ ဖြစ်နေခြင်း (၆) သီပေါဘုရင်ကျောက်ရောဂါဖြင့် ကွယ်လွန်ခြင်း(၇)ထီမျှားဖွင့်သဖြင့် ပျက်စီးနေခြင်း (၈) ယဇ်ပူဇော်ရန်လူခုနစ်ရာကို အရှင်လတ်လတ်မြေမြှုပ်ပစ် လိုက်ခြင်း စသည်တို့ဖြစ်သည်။

သူရေးသားသည့်သတင်းတို့မှာ အများအားဖြင့်လုပ်ကြံသတင်းများသာဖြစ်သည်။ **(ထိုအကြောင်းကို ဆရာဦးကိုလေးက သီပေါမင်းနှင့် နယူးရောက်တိုင်းသတင်းစာတွင် အကျယ်တဝင့်ရေးသားခဲ့ပါသည်။)**

နောက်ဆုံးရေးရလျှင် နန်းတွင်းရှိနိုင်ငံခြားသူအချို့သည် လည်းကောင်း၊ အီတလီကောင်စစ်ဝန် အန်ဒရေနိုသည်လည်းကောင်း၊ စကော့သည်လည်းကောင်း ဟန်ဆောင်ပြုံးကာ မြန်မာအစိုးရကို အကျိုးပျက်အောင်လုပ်ခဲ့သူများသာ ဖြစ်ပေသည်။

❑ ❑ ❑



# ကြီးထွားလာသည့် အမှုအထစ်များ

သီပေါဘုရင်နန်းတက်ပြီးစတွင် ပေါ်ပေါက်ခဲ့သော နန်းတွင်းလုပ်ကြံမှုနှင့် ပတ်သက်၍အင်္ဂလိပ်တို့က ကန့်ကွက်စာပေးပို့ခဲ့ကြသည်။ စာတွင်နန်းတွင်းသတ်ဖြတ်မှုများသည် တုန်လှုပ်ဖွယ်ရာဖြစ်ကြောင်း၊ ကျန်နေသောမင်းဆွေမင်းမျိုးများအား အသက်ချမ်းသာခွင့် ပေးစေလိုကြောင်း၊ သတ်ဖြတ်မှုများ ဆက်လက်ဖြစ်ပွားနေပါက ဗြိတိသျှအလံဖြုတ်ချပြီး သံရုံးကို ရုပ်သိမ်းသွားမည်ဖြစ်ကြောင်းရေးသားထားသည်။

ကင်းဝန်မင်းကြီးသည် ချက်ခြင်းပင်ထိုအချိန်က အင်္ဂလိပ်သံမှူးအဖြစ် မန္တလေးတွင်ရှိနေသော မစ္စတာရှောထံသို့ စာပြန်ကြားလိုက်သည်။

"နန်းတွင်းသုတ်သင်မှုများသည် မြန်မာ့အရေးအခင်းသာ ဖြစ်တယ်၊ နိုင်ငံတော်ကို ငြိမ်ဝပ်အောင်ထိန်းသိမ်းဖို့ အာဏာပိုင် မင်းတစ်ပါးအနေနဲ့ လိုအပ်သလိုဆောင်ရွက်ရမှာဖြစ်တယ်၊ ဒီလို ဆောင်ရွက်ရာမှာ တခြားသူတွေက ကဲ့ရဲ့ပြစ်တင်တာတွေကို ဂရုစိုက်စရာ မလိုဘူး။



www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်မှာ နိုင်ငံတော်နဲ့ သာသနာတော်အကျိုးအတွက် ရေးအစဉ်အလာ အတိုင်းဆောင်ရွက်ရတာဖြစ်တယ်""

ထိုအချိန်က အသတ်ခံရသူများထဲတွင် မပါဘဲ လွတ်မြောက်သွားခဲ့သော ညောင်ရမ်းနှင့် ညောင်အုပ်မင်းသားတို့သည် ခရစ်ယာန်ဘုန်းကြီး အေကောလ်ဘက်ထံမှနေ၍ အင်္ဂလိပ်သံရုံးအတွင်းသို့ ဝင်ရောက်ခိုလှုံသည်။ မြန်မာတို့ဘက်မှ သံရုံးတွင်ခိုလှုံနေသောမင်းသားနှစ်ပါးကို လုယူမည်ကြံသော်လည်း ကင်းဝန်မင်းကြီးက ခွင့်မပြုသဖြင့် လုယူခြင်းမပြုဖြစ်ခဲ့။အင်္ဂလိပ်တို့သည် မင်းသားနှစ်ပါးကို ကာလကတ္တားမြို့ သို့ပို့ပြီး ရိက္ခာထောက်ပံ့ထားကြသည်။

၁၈၇၉ ခု နွန်လ ၁၅ရက်နေ့တွင် အင်္ဂလိပ်သံမှူးမစ္စတာရှော ကွယ်လွန်သည်။ ရှော၏နေရာတွင် ပဲခူးတိုင်းမင်းကြီး ကာနယ်ကောရေဘရောင်းကို ယာယီခန့်ထားသည်။ ကာနယ်ဘရောင်းသည် မန္တလေးတွင် နှစ်လခန့်သာနေပြီး ရာထူးဟောင်းသို့ ပြန်သွားရမည်ဟုအကြောင်းပြကာ မန္တလေးမှထွက်ခွာသည်။ သံရုံးတွင် သံငယ်အဖြစ်ဗန်းမော်ကောင်စစ်ဝန် မစ္စတာစိန်ဘာဘောကို လွှဲအပ်ထားခဲ့သည်။

အင်္ဂလိပ်တို့သည် မန္တလေးတွင်ရှိသည့် အင်္ဂလိပ်သံရုံးကို ပြန်လည်ရုပ်သိမ်းချင်နေသည်။ ထိုအချိန် (၁၈၇၉ ခု၊စက်တင်ဘာ ၄ ရက်) တွင် အာဖဂန်နစ္စတန် ပြည်ရှိအင်္ဂလိပ်သံအမတ်ကြီး ဆာလူးဝစ်ကာဗာနရီနှင့် သံအဖွဲ့ဝင်များကို အာဖဂန်တို့ကသတ်ဖြတ်လိုက်ကြသည်။

အာဖဂန်အရေးအခင်းက အင်္ဂလိပ်တို့အား ထိတ်လန့်တုန်လှုပ်သွားစေသည်။ ထို့ကြောင့် မန္တလေးတွင်ရှိနေသော အင်္ဂလိပ်သံရုံးကို ရုပ်သိမ်းသွားသည်။

အင်္ဂလိပ်သံရုံး ရုပ်သိမ်းသွားပြီးသည့်နောက် မြန်မာတို့က အင်္ဂလိပ်မြန်မာဆက်ဆံရေး ပြေလည်စေရန် သံအဖွဲ့တစ်ဖွဲ့ကို အိန္ဒိယဘုရင်ခံချုပ်ထံစေလွှတ်သည်။





မြန်မာသံအဖွဲ့ကို မြောင်လှဝန်ထောက်ကြီး သီရိမဟာဇေယျာသူ ဦးခြိမ့်က ခေါင်းဆောင်ပြီး အိန္ဒိယဘုရင်ခံချုပ်အား ပေးအပ်ရန်သဝဏ်လွှာနှင့် လက်ဆောင်ပဏ္ဏာများယူဆောင်စေကာ ၁၈၇၉ ခု အောက်တိုဘာလ (၂၇)ရက် နေ့တွင် ရွှေမြို့တော်မှ ထွက်ခွာစေခဲ့သည်။ (အင်္ဂလိပ်သံရုံးရုပ်သိမ်းသွားပြီး ရက်ပေါင်းနှစ်ဆယ်အကြာတွင် ဖြစ်သည်။)

အင်္ဂလိပ်တို့က မြန်မာသံအဖွဲ့အား နယ်ခြားမြို့ဖြစ်သော သရက်မြို့သို့ အရောက်တွင် တားဆီးထားလိုက်သည်။ သံအဖွဲ့သည် သရက်မြို့တွင် ခုနစ်လမျှ နေခဲ့ပြီး အရေးမလှသဖြင့် နေပြည်တော်သို ပြန်ခဲ့ရသည်။

သံအဖွဲ့ကို တားဆီးခြင်းမှာ အင်္ဂလိပ်တို့က မြန်မာအစိုးရကို စော်ကားလိုက်ခြင်းသာဖြစ်သည်။ ထိုသို့ စော်ကားခြင်းအပေါ် မြန်မာတို့က တစုံတရာတုန့်ပြန်ခြင်းမရှိခဲ့ချေ။

၁၈၈၂ ခုနှစ်တွင် ကျောက်မြောင်းအတွင်းဝန် ဖန်ချက်ဝန်ထောက် ခေါင်းဆောင်သော သံအဖွဲ့ကို အိန္ဒိယပြည်သို့ စေလွှတ်သည်။ ထိုသံအဖွဲ့သည် အိန္ဒိယပြည်ဆင်းမလားမြို့သို့ ချောမောစွာ ရောက်ရှိသွား၏။

သံအဖွဲ့တွင် ကျောက်မြောင်းအတွင်းဝန် ဖန်ချက်ဝန်ထောက် သီရိမဟာဇေယျနန္ဒကျော်ထင် ဝန်ထောက်တော် ဝက်မစွက်မြို့စားမင်းကြီး မင်းထင်မဟာစည်သူ၊ ဝန်ထောက်တော် မင်းလှမဟာစည်သူကျော်ထင်၊ စာရေးကြီးမဟာမင်းကျော်ရာဇာ၊ မဟာမင်းလှသင်္ခယာနှင့် သေနတ်ဗိုလ်မြင်စိုင်းမြို့စား မဟာမင်းလှ မင်းခေါင်သီဟသူတို့ ပါဝင်သည်။

သံအဖွဲ့ခေါင်းဆောင် ဖန်ချက်ဝန်ထောက်သည် ပြင်သစ်တက္ကသိုလ်မှ ဘွဲ့ရခဲ့ပြီး ပြင်သစ်နှင့် ဥရောပတိုက်တွင် ဆယ်နှစ်မျှနေခဲ့ဖူးသည်။ ပြင်သစ်စကားကို ကျွမ်းကျင်စွာပြောနိုင်သည်။ အင်္ဂလိပ်စကားကိုလည်း အသင့်အတင့်ပြောနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သံအဖွဲ့၏ ဒုတိယခေါင်းဆောင် မင်းလှမဟာစည်သူကျော်ထင်ခေါ် သံချက်ဝန်ထောက်မှာ အင်္ဂလန်ရှိ ဂူးလ်ဝမ်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး အင်္ဂလိပ်စကားနှင့် ပြင်သစ်စကားတို့ကို ကျွမ်းကျင်ရေလည်စွာ ပြောနိုင်သည်။

နိုင်ငံခြားအတွေ့အကြုံရှိသူများခေါင်းဆောင်သည့် သံအဖွဲ့ဆင်းမလားသို့ ရောက်ရှိပြီး အင်္ဂလိပ်တို့နှင့် စာချုပ်ချုပ်ဆိုရန် ကြိုးစားသည်။ စာချုပ်တွင် အကြမ်းဖျင်းအားဖြင့် ဝိတိုရိယဘုရင်မကြီးနှင့် တိုက်ရိုက်ဆက်ဆံခွင့်ပေးရန်၊ အကောက်ခွန်များကောက်ရာတွင် ဗြိတိသျှတို့က ကူညီရန်၊ ပြည်ပရောက်မြန်မာမင်းသားများ ထွက်ပြေးလွတ်မြောက်သွားခြင်းမရှိအောင် တားဆီးပေးရန်နှင့် အထက်မြန်မာပြည်သို့ လက်နက်များ တင်ပို့ခွင့်ပြုရန်တို့ဖြစ်သည်။

စာချုပ်ချုပ်ဆိုရန်ညှိနှိုင်းနေစဉ် နေပြည်တော်မှပြန်ခေါ်သဖြင့် မြန်မာသံအဖွဲ့ ပြန်ခဲ့ရသည်။ ထို့နောက် ၁၈၈၃ ခုနှစ်တွင် သံချက်ဝန်ထောက်သည် သံကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို ခေါင်းဆောင်ကာ ပြင်သစ်နိုင်ငံသို့ ထွက်ခွာခဲ့သည်။ ဖန်ချက်ဝန်ထောက်ခေါင်းဆောင် သံကိုယ်စားလှယ်အဖွဲ့သည် ပါရီတွင် နှစ်နှစ်နီးပါးမျှကြာအောင် နေထိုင်ခဲ့သည်။ ထိုသို့နေထိုင်စဉ်အတွင်း ပြင်သစ်မြန်မာစာချုပ် ချုပ်ဆိုရန် ကြိုးစားခဲ့သည်။

အင်္ဂလိပ်တို့သည် မြန်မာအစိုးရ၏လှုပ်ရှားမှုကို မျက်ခြေမပြတ်ကြည့်နေသည်။ နန်းတွင်းသူလျှိုများမှ တဆင့် လျှို့ဝှက်သတင်းများကို ရရှိနေသည်။ သူလျှိုအန္ဒရေနိုထံမှ သတင်းတစ်ခုကလည်း အင်္ဂလိပ်အစိုးရအား ၎င်းတို့ဆုံးဖြတ်ချက်ချထားပြီးဖြစ်သော မြန်မာပြည်ကို သိမ်းပိုက်ရေးအစီအစဉ် အမြန်ဆုံးအကောင်အထည်ဖော်ရန် တွန်းအားပေးလာသည်။





အန္ဒရေနိုပေးပို့လိုက်သည့် သတင်းမှာ ပြင်သစ်မြန်မာ စာချုပ်နှင့် ပြင်သစ်ဝန်ကြီးချုပ်၏ လျှို့ဝှက်စာပင်ဖြစ်သည်။

အင်္ဂလိပ်တို့သည် မြန်မာပြည်ကို သိမ်းပိုက်ရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။ ထိုဆုံးဖြတ်ချက်ကို အကောင်အထည်မဖော်ခင်တွင် အင်္ဂလိပ်ပိုင် အောက်မြန်မာနိုင်ငံကော်မရှင်နာမင်းကြီး၏ နိုင်ငံရေးအရာရှိ ကာနယ်စလေဒင်က အကြံပေးချက်များပါသော နိုင်ငံရေးအစီရင်ခံစာကို အိန္ဒိယဘုရင်ခံချုပ်ထံသို့ တင်သွင်းသည်။

ထိုအစီရင်ခံစာတွင် စလေဒင်ကနည်းလမ်းသုံးခုကို တင်ပြသည်။ ထိုနည်းလမ်းမှာ (၁) သီပေါမင်းနှင့်ပြန်လည်သင့်မြတ်အောင် ဆက်ဆံပြီး မန္တလေးတွင် ယခင်ကအတိုင်း အင်္ဂလိပ်သံရုံးကိုပြန်ဖွင့်ထားရန် (၂)သီပေါမင်းကို နန်းချ၍ အင်္ဂလိပ်တို့ ရွေးချယ်ထားသော မင်းသားတပါးပါးကို နန်းတင်ရန် (၃) အထက်မြန်မာနိုင်ငံကို အလျှင်အမြန် သိမ်းယူရန်တို့ပင်ဖြစ်သည်။

"ကျွန်တော်တို့ မန္တလေးကို သိမ်းပိုက်ဖို့ စီစဉ်နေချိန်မှာ ပြင်သစ်က သူတို့ကိုယ်စားလှယ်တစ်ယောက်ကို မန္တလေးမှာထားဖို့ စီစဉ်ပြီးနေပြီ။ မန္တလေးမှာရှိတဲ့ ပြင်သစ် သံအမတ်က ပြင်သစ်စီးပွားရေးလုပ်ငန်းတွေကို ကြီးကြပ်မှာဖြစ်တယ်။ ဒီအစီအစဉ်အရ ပြင်သစ်ကလွဲလို့ တခြားဘယ်သူမှ အထက်မြန်မာပြည်မှာ စီးပွားရေးလုပ်ခွင့်ရရှိတော့မှာ မဟုတ်ဘူး။"

ထိုအကြောင်းတို့ကြောင့်ပင် အထက်မြန်မာပြည်ကို သိမ်းပိုက်ရန် ပြင်ဆင်ထားသော အင်္ဂလိပ်တို့သည် သူတို့စားကျက်ကို ဝင်လုသော ပြင်သစ်တို့အား သတိပေးစကားပြောကာ အထက်မြန်မာပြည်ကိုတိုက်ခိုက်သိမ်းပိုက်ရန် အကောင်အထည်ဖော်တော့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## ပွဲလန့်တုန်းမျှောခင်းမယ်ကြဲ

မြန်မာပြင်သစ်ဆက်ဆံရေးမှာ မင်းတုန်းဘုရင်လက်ထက်ကတည်းကပင် ရှိခဲ့သည်။ ၁၈၇၃ ခုနှစ်က ပြင်သစ်နှင့်မဟာမိတ်စာချုပ်နှင့်ကူးသန်းရောင်းဝယ်ရေးစာချုပ်များချုပ်ဆိုရန် ကင်းဝန်မင်းကြီးကိုယ်တိုင်ကြိုးစားခဲ့သည်။ သို့သော် လက်နက်ခဲယမ်းမီးကျောက်ပေးပို့ရေးအစီအစဉ်မပါသဖြင့် စာချုပ်မချုပ်ဆိုဖြစ်ခဲ့ပေ။

မြန်မာပြင်သစ်မဟာမိတ်စာချုပ်ချုပ်ဆိုခြင်းမပြုခဲ့သော်လည်း ပြင်သစ်နှင့်အဆက်အဆံရှိနေခဲ့သည်။ နန်းတွင်း၌ ပြင်သစ်အမှုထမ်းများရှိနေပြီဖြစ်သည်။

ပြင်သစ်ကုန်သည်ဗွန်ဗီလိန်း (အင်ဂျင်နီယာဟုလည်း အဆိုရှိသည်။)သည် သီပေါဘုရင်၏ညီလာခံသို့ ဝင်ရောက်ခစားခွင့်ရသူတစ်ဦးဖြစ်သည်။ ၎င်းသည် စုဖုရားလတ်ထံဝင်ရောက်ခစားနေသောနန်းတွင်းသူ





မတ်တီ၏ချစ်သူဖြစ်သည်။ အင်္ဂလိပ်မုန်းတီးရေးသမားဖြစ်သော တိုင်တားမင်းကြီးနှင့်ရင်းနှီးကျွမ်းဝင်သူဖြစ်သည်။

ဗွန်ဗီလိန်းသည် ပြင်သစ်နှင့်မြန်မာသံအဆက်အသွယ်ပြုရန်သူနှင့်ရင်းနှီးကျွမ်းဝင်သော ဝန်ကြီးများကို တိုက်တွန်းသည်။ ဗွန်ဗီလိန်း၏ကြိုးစားမှုကြောင့် ဝန်ကြီးအချို့သည် ပြင်သစ်ဘက်သို့ စိတ်ယိုင်လာသည်။ အင်္ဂလိပ်တို့နှင့်မသင့်မတင့်ဖြစ်နေချိန်မှာပင် ပြင်သစ်သို့ သံအဖွဲ့တစ်ဖွဲ့စေလွှတ်သည်။

(၁၈၈၃ ခုနှစ်တွင် စေလွှတ်သော သံအဖွဲ့ကို မြို့သစ် မြို့စားအတွင်းဝန်မင်းကြီး မဟာဓေယျသင်္ကြန်က ဦးဆောင်သည်ဟု ဦးကိုလေး၏ သီပေါမင်းနှင့် နယူးယောက်တိုင်းသတင်းစာတွင်လည်းကောင်း၊ နတ်မောက်အုန်းကျော်၏ အင်္ဂလိပ်မြန်မာစစ်သမိုင်းတွင်လည်းကောင်း ဖော်ပြထားပါသည်။)

သံအဖွဲ့က ပြင်သစ်တို့နှင့်သဘောတူစာချုပ်ချုပ်ဆိုခဲ့သည်။ စာချုပ်နှင့်အတူ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး (ဝန်ကြီးချုပ်လည်းဖြစ်သူ) ဂျူးလ်ဖရီဇာ မြန်မာအစိုးရသို့ ပေးပို့လိုက်သည့် လျှို့ဝှက်စာပါလာသည်။

စာချုပ်တွင် ပြင်သစ်မြန်မာပူးတွဲဘဏ် ဖွင့်လှစ်ရေး၊ သစ်တော၊ ကျောက်မီးသွေး၊ ရေနံ၊ မိုးကုတ်ကျောက်တွင်းများ တူးဖော်ထုတ်လုပ်ရေး၊ တန့်ကင်မှမန္တလေး၊ မန္တလေးမှ တောင်ငူထိ မီးရထားလမ်းဖောက်လုပ်ရေး၊ ဧရာဝတီနှင့်သံလွင်မြစ်အတွင်း ပြင်သစ်သင်္ဘောများပြေးဆွဲရေး၊ အောက်မြန်မာပြည်ကြေးနန်းဆက်သွယ်ရေး၊ စက်မှုလက်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရေးစသည့်အချက်များပါသည်။

လျှို့ဝှက်စာတွင်မူ တုံကင်နယ်မြေ အေးချမ်းသည်နှင့်ပြင်သစ်က မြန်မာအစိုးရသို့ လက်နက်ကြီးငယ် ခဲယမ်းမီးကျောက်နှင့် စစ်ပစ္စည်းများကို ပေးအပ်မည်ဖြစ်ကြောင်း အကြောင်းကြားစာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သံကိုယ်စားလှယ်အဖွဲ့ မန္တလေးသို့မရောက်မီ ပြင်သစ်ကောင်စစ်ဝန် မွန်စီယာဖရက်ဒရစ်အားစ် မန္တလေးသို့ရောက်လာသည်။

အားစ်သည် မန္တလေးသို့ရောက်သည်နှင့် အိန္ဒိယကုန်သည်ကြီး မူလာအစ္စမိုင်းလ်နေအိမ်တွင် တည်းခိုသည်။ ပြီးနောက် အားစ်က ကင်းဝန်မင်းကြီးနှင့် တွေ့ဆုံသည်။ ပြင်သစ်မြန်မာ မဟာမိတ်ပြုရေးအတွက် ဆွေးနွေးသည်။ မြန်မာတို့လိုချင်သည့် လက်နက်ခဲယမ်းတို့ကို မဟာမိတ်ပြုပြီးနောက် ပြင်သစ်တို့ထံမှ ရနိုင်ကြောင်းမက်လုံးပေးသည်။ အကယ်၍ ပွန်ဒီချယ်ရီတွင် ရှိနေသော မြင်ကွန်းမင်းသားကို ပြင်သစ်တို့ကလွှတ်ပေးလိုက်လျှင် သီပေါဘုရင်၏ထီးနန်းစည်းစိမ်တည်မြဲရေးမှာ မရေရာသည့် အခြေအနေသို့ရောက်နိုင်ကြောင်း ခြိမ်းခြောက်သတိပေးသည်။

ကင်းဝန်မင်းကြီးသည် အားစ်၏ ဆွေးနွေးမှုကို တစုံတရာ အကြောင်းပြန်ကြားခြင်းမပြု၊ အားစ်သည်တဆင့်တက်ပြီး သီပေါဘုရင်ထံ အခစားဝင်သည်။

ပြင်သစ်စီးပွားရေးလုပ်ငန်းရှင်တို့သည် မြန်မာအစိုးရထံမှ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် ကန်ထရိုက်ရသည်။ ပြင်သစ်လူမျိုး မွန်စီယာလန်တေးဆိုသူက ဆားလုပ်ငန်းကန်ထရိုက်ရပြီး မွန်စီယာဂရန်ဂါးက မန္တလေးတွင် ဓါတ်ရထားလမ်းဖောက်လုပ်ရန် ကန်ထရိုက်ရသည်။

ထိုအချိန်တွင် ပေါက်မြိုင်အတွင်းဝန်မှာ ဘဏ္ဍာရေးဝန်ကြီးဖြစ်လာခဲ့သည်။ တစ်ဖက်တွင်လည်းဘုံဘေဘားမားသစ်ကုမ္ပဏီက နင်းကြမ်း(ပျဉ်းမနား)သစ်တောမှ သစ်များကို တရားမဝင် ခိုးခုတ်နေသည့် ပြဿနာပေါ်နေချိန်ဖြစ်သည်။

ပြင်သစ်တို့သည် မြန်မာဘုရင်နှင့် အင်္ဂလိပ်အစိုးရတို့ မကျေမလည်ဖြစ်နေစဉ်တွင် အခွင့်ကောင်းယူပြီး အထက်မြန်မာပြည်၏စီးပွားရေးလုပ်ငန်းများကို လက်ဝါးကြီးအုပ်ရန် ပြင်ဆင်လာသည်။ အင်္ဂလိပ်တို့





နှင့် ထိပ်တိုက်ရင်ဆိုင်မှုမျိုး မဖြစ်စေရန် အားစ်က ပြင်သစ်တို့သည် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန်သာ စိတ်ဝင်စားကြောင်း အင်္ဂလိပ်သူလျှို အန်ဒရေနိုမှတဆင့် အင်္ဂလိပ်အစိုးရသိအောင် လုပ်သည်။ အထက်မြန်မာပြည်တွင် ပြင်သစ်တို့၏ နိုင်ငံရေးသြဇာပျံ့နှံ့လာစရာအကြောင်းမရှိကြောင်းကို အားစ်ကလည်းကောင်း၊ ကင်းဝန်မင်းကြီးကလည်းကောင်း၊ အင်္ဂလိပ်အစိုးရထံ အာမခံချက်ပေးသည်။

ထိုသို့ရှိနေစဉ် နန်းတွင်းသူ မတ်တီက သူ့အပေါ်သစ္စာမဲ့သွားသော ဗွန်မီလိန်းအား လက်စားချေသည့်အနေနှင့် ပြင်သစ်မြန်မာစာချုပ်နှင့် လျှို့ဝှက်စာများကို ရအောင်ကြိုးစားပြီး အင်္ဂလိပ်သူလျှိုအန်ဒရေနိုလက်သို့အပ်လိုက်သည်။

အန်ဒရေနိုထံမှတဆင့်ရရှိသော ပြင်သစ်မြန်မာစာချုပ်နှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး၏ လျှို့ဝှက်ပေးစာတို့သည် အထက်မြန်မာနိုင်ငံကိုသိမ်းပိုက်ရန် ဆုံးဖြတ်ပြီးဖြစ်သော်လည်း နေ့ရက်သတ်မှတ်ခြင်းမပြုရသေးသော အင်္ဂလိပ်အစိုးရအား ထိပ်ထိပ်ပြာပြာ ဖြစ်သွားစေသည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ကိုယ်တိုင်လက်မှတ်ရေးထိုးထားသည့်စာမှာ အင်္ဂလိပ်အစိုးရအတွက်အကောင်းဆုံးသက်သေဖြစ်နေသည်။

အင်္ဂလိပ်တို့က ဘုံဘေဘားမားသစ်ကုမ္ပဏီက သစ်များကို တရားမဝင်ခိုးခုတ်ကြောင်း စွပ်စွဲကာ လျှော်ကြေးတောင်းခံသော မြန်မာဘုရင်ထံသို့ ရာဇသံပေးပို့လိုက်သည်။ မြန်မာဘုရင်က လျှော်ကြေးတောင်းခံသည့်ကိစ္စကို ပယ်ဖျက်ပေးသော်လည်း အထက်မြန်မာပြည်ကိုတိုက်ခိုက်သိမ်းပိုက်ရန် ဆုံးဖြတ်ချက်ချထားပြီးဖြစ်သော အင်္ဂလိပ်အစိုးရက မြန်မာတို့အား စစ်ကြေညာသည်။ ထိုအခါ ပြင်သစ်တို့ကလက်ရှောင်နေလိုက်သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အပြစ်ရှာသောဝံပုလွေ

ဝံပုလွေနှင့်သိုးငယ်ပုံပြင်မှာ လူသိများသော ပုံပြင်ဖြစ်သည်။ ထိုပုံပြင်တွင် ဝံပုလွေက သိုးငယ်ကို အပြစ်ရှာသကဲ့သို့ အင်္ဂလိပ်အစိုးရကလည်း မြန်မာအစိုးရကို အပြစ်ရှာသည်။ ပုံပြင်ထဲက ဝံပုလွေသည် သိုးငယ်ကို သတ်ဖြတ်လိုသည်က အဓိကဖြစ်၍ "နင်မဟုတ်ရင် နင့်အဖေ" ဟုဆိုပြီး အပြစ်ရှာသတ်ဖြတ်ခဲ့သည်။ အင်္ဂလိပ်အစိုးရကလည်း ထိုသဘောအတိုင်းပင် မြန်မာအစိုးရ၏ ပြစ်ချက်များကို တစ်မျိုးမဟုတ်လျှင် တစ်မျိုး ပုံကြီးချဲ့ပြကာ နယ်ချဲ့သိမ်းပိုက်ခဲ့သည်။

နန်းတွင်းလုပ်ကြံမှုမှအစပြုပြီး မကျေမလည်ဖြစ်နေခဲ့သော အင်္ဂလိပ်မြန်မာ ဆက်ဆံရေးသည် ထောင်ထမှုကြီးဖြစ်လာချိန်တွင်ပြဿနာ ပို၍ကြီးထွားလာခဲ့သည်။

နေပြည်တော်တွင် ထောင်သွင်းအကျဉ်းချထားသော မြင်ကွန်းအဆက်အသွယ်နှင့် ညောင်ရမ်း၊ ညောင်အုပ်တို့၏အဆက်အသွယ်များကို





ထောင်ထသည်ဟု အကြောင်းပြလျက်သတ်ဖြတ်ခဲ့မှုမှာအင်္ဂလိပ်တို့အတွက် မြန်မာအစိုးရအပေါ် အပြစ်ရှာရန် အကြောင်းတစ်ခုဖြစ်လာခဲ့သည်။

အင်္ဂလိပ်တို့သည် သူလျှိုများမှတဆင့် မြန်မာ့နန်းတွင်းရေး၊ ပြည်တွင်းရေးများကို သိနေခဲ့သည်။ ထိုအတွင်းရေးများမှာ အင်္ဂလိပ်တို့အတွက် အကြောင်းရှာစရာများဖြစ်နေခဲ့၏။

တဖြည်းဖြည်းနှင့်မကျေနပ်မှုတွေ များလာရာမှ ဘုံဘေဘားမားသစ်ကုမ္ပဏီမှ သစ်ခိုးခုတ်သည့်အမှုဖြစ်လာချိန်တွင် တင်းမာမှုက အမြင့်ဆုံးအခြေအနေသို့ရောက်လာခဲ့သည်။

ပြင်သစ်တို့နှင့် မဟာမိတ်စာချုပ်သွားရောက်ချုပ်ဆိုခဲ့သော မြန်မာသံအဖွဲ့ မန္တလေးသို့ ပြန်ရောက်လာသည်။ ထိုအချိန်တွင် ပြင်သစ်ကောင်စစ်ဝန် မွန်စီယာအားစ်မှာ နန်းတွင်းသို့ ဝင်ထွက်ခစားနေခဲ့ပြီး တိုင်တားမင်းကြီးတို့နှင့်လည်း ရင်းနှီးနေပြီဖြစ်သည်။

မြန်မာသံကိုယ်စားလှယ်အဖွဲ့ ပြန်ရောက်လာစဉ် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးထံမှ လျှို့ဝှက်စာတစ်စောင်ပါလာသည်။ ထိုစာတွင် ပြင်သစ်တို့က မြန်မာအစိုးရအား လက်နက်ခဲယမ်းများ ထောက်ပံ့မည့်အကြောင်း ရှေ့အခန်းများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

မြန်မာတို့သည် ပြင်သစ်တို့ထံမှ လက်နက်ခဲယမ်းများရခဲ့လျှင် အင်္ဂလိပ်တို့အား မြန်မာ့မြေပေါ်မှ ပြတ်ပြတ်သားသား တိုက်ခိုက်နှင်ထုတ်ပစ်မည်ဆိုသည့် မျှော်လင့်ချက်များက ရောင်နီသန်းလာသည်။ ထို့ကြောင့် စစ်ရေးလေ့ကျင့်မှုများ အပြင်းအထန်ပြုလုပ်သည်။ အီတလီအင်ဂျင်နီယာများဖြစ်သော ကော်မိုတို့နှင့်မော်လီနာရီတို့၏အကူအညီနှင့် မြစ်ကြောင်းခံတပ်များ ပြုလုပ်သည်။ ရေတပ်အင်အားဖြည့်တင်းပြီး လေ့ကျင့်မှုများ ပြုလုပ်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရောဘပ်ဗိုလ်ဟောင်းတစ်ဦးဖြစ်သော မော်လီနာရီသည် အင်္ဂလိပ်တို့အား ပြတ်ပြတ်သားသား တိုက်ခိုက်ချေမှုန်းရန် ဦးဆောင်နိုင်လိမ့်မည်ဟု မြန်မာအများစုက မျှော်လင့်ထားကြသည်။

အင်္ဂလိပ်အစိုးရမှာ မြန်မာပြည်ကို တိုက်ခိုက်သိမ်းပိုက်ရန် ဆုံးဖြတ်ပြီး ဖြစ်သော်လည်း အာဖဂန်စစ်ပွဲ၊ ဖူးလူးစစ်ပွဲများ ဆင်နွှဲနေရသဖြင့် ဆုံးဖြတ်ချက်ကို အကောင်အထည်မဖော်နိုင်သေးဘဲ ရှိနေသည်။ အင်ဒရီနိုထံမှ အင်္ဂလိပ်အစိုးရထံသို့ ပေးပို့လိုက်သည့် မြန်မာပြင်သစ်စာချုပ်နှင့် လျှို့ဝှက်ပေးစာတို့ကို ရရှိသည့်အခါတွင် အင်္ဂလိပ်တို့သည် မြန်မာပြည်ကို ချက်ချင်းချီတက်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ကြသည်။

ဘုံဘေဘားမားသစ်ကုမ္ပဏီက နင်းကြမ်း(ပျဉ်းမနား)သစ်တောတွင် တရားမဝင်သစ်များ ခုတ်ယူနေသဖြင့် မြန်မာလွှတ်တော် အပြစ်ဒဏ်စီရင်ခဲ့သည်။ အပြစ်ဒဏ်မှာ ဘုံဘေဘားမား သစ်ကုမ္ပဏီမှ မြန်မာအစိုးရသို့ ဒဏ်ငွေအဖြစ်ကျပ်ငွေ နှစ်ဆယ့်သုံးသိန်းပေးဆောင်ရန်ဖြစ်သည်။

အင်္ဂလိပ်တို့က လွှတ်တော်၏စီရင်ချက်မှာ တရားမျှတမှုမရှိ၊ အမှုကို မြန်မာတရားသူကြီးနှင့် အင်္ဂလိပ်သံကိုယ်စားလှယ်တို့ပါဝင်ဖွဲ့စည်းထားသော ပူးတွဲတရားရုံးများကသာ စစ်ဆေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်သည်။

အင်္ဂလိပ်သံရုံးမှာ ၁၈၇၉ ခု အောက်တိုဘာလ (၆)ရက်နေ့တွင် ရုပ်သိမ်းပြီး သံကိုယ်စားလှယ်ကို ပြန်လည်ခေါ်ယူခဲ့ပြီးဖြစ်ရာ နှစ်ဖက်အစိုးရပူးတွဲတရားရုံးဖွဲ့စည်းခြင်း မှာမဖြစ်နိုင်တော့ပေ။

အင်္ဂလိပ်အစိုးရသည် ပူးတွဲတရားရုံးပြန်လည်ဖွဲ့စည်းရန် တောင်းဆိုခြင်းမပြုတော့ဘဲ ဖျန်ဖြေရေးခုံအဖွဲ့တစ်ဖွဲ့ ဖွဲ့ရန်တောင်းဆိုပြန်သည်။ မြန်မာတို့က ထိုတောင်းဆိုချက်ကို ပယ်ချလိုက်၏။





အင်္ဂလိပ်ဝန်ရှင်တော်မင်းကြီးဘားနန်နှင့်ကင်းဝန်မင်းကြီးတို့ စာအပြန်အလှန်ရေးသားနေကြပြီး ၁၈၈၅ ခု အောက်တိုဘာလ (၂၂)ရက်နေ့စွဲဖြင့် အင်္ဂလိပ်တို့က ရာဇသံကိုပေးပို့သည်။

အင်္ဂလိပ်တို့၏ ရာဇသံနှင့်ပတ်သက်ပြီး မြန်မာဘုရင်၏ လွှတ်တော်အစည်းအဝေးတွင် နယ်ချဲ့တို့အား ပြန်လည် ခုခံတိုက်ခိုက်ရေးအုပ်စုနှင့် ငြိမ်းချမ်းရေးတည်ဆောက်လိုသည့်အုပ်စုတို့ သဘောထားခြင်းကွဲကြသည်။

တိုင်တားမင်းကြီးတို့အုပ်စုအား အင်္ဂလိပ်တို့အား တိုက်ခိုက်ရန်တင်ပြသည်။ ရာဇသံကိုငြင်းဆိုရန် အကြံပြုသည်။

ကင်းဝန်မင်းကြီးက ရာဇသံကို လက်ခံသင့်ကြောင်း၊စစ်အင်အားချင်းမမျှဖြစ်နေသော ယခုလိုအချိန်မျိုးတွင် အင်္ဂလိပ်တို့အား ပြန်လည်ခုခံတိုက်ခိုက်လျှင် တိုင်းပြည်သာ နစ်နာမည်ဖြစ်ကြောင်း တင်ပြသည်။

အင်္ဂလိပ်တို့၏ အနိုင်ကျင့်စော်ကားခြင်းကိုမခံမရပ်နိုင်ဖြစ်နေသော စုဖုရားလတ်သည် ကင်းဝန်မင်းကြီး၏ လျှောက်ထား တင်ပြချက်ကို မကျေနပ်။ "သူတို့အနိုင်ကျင့်စော်ကားသမျှ ဒီလိုငုံ့ခံရမှာလား၊ မြန်မာဖြစ်ပြီး သွေးနည်းလှချည်လား"ဟု ကင်းဝန် မင်းကြီးအပေါ်အပြစ်မြင်သည်။

"ဘိုးဘိုးက ထဘီဝတ်ပြီး ကျောက်ပျဉ်ဆောင်ထားဖို့ပဲ ကောင်းတော့တယ်၊ 'ဟဲ့···ဘိုးဘိုး အိမ်ကို ထဘီနဲ့ကျောက်ပျဉ်ပို့လိုက်ကြစမ်း"

စုဖုရားလတ်သည် အထက်ပါစကားများဖြင့် ကင်းဝန်မင်းကြီးအား သိက္ခာချခဲ့သည်။ ကင်းဝန်မင်းကြီးသည် အင်္ဂလိပ်အစိုးရနှင့် စစ်မဖက်ရေးကို တင်ပြခဲ့သော်လည်း စုဖုရားလတ်ကမူ အင်္ဂလိပ်တို့ကို လိုက်လျောပြီး အလျှော့မပေးလိုပေ။ ထို့ကြောင့် လွှတ်တော်အစည်းအဝေးတွင် အင်္ဂလိပ်ကို ခုခံတိုက်ခိုက်ရန် သဘောတူလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၈၈၅ ခု အောက်တိုဘာ (၂၂)ရက်နေ့စွဲဖြင့် ပေးပို့သော အင်္ဂလိပ်တို့၏ ရာဇသံက အောက်တိုဘာလ (၃၀)ရက်နေ့တွင် မန္တလေးသို့ ရောက်ရှိလာသည်။ ရာဇသံကို ယူဆောင်လာသော 'အက်ရှလေအီဒင်' သင်္ဘောသည် မြန်မာဘုရင်ထံမှ ပြန်ကြားချက်ရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ နိုဝင်ဘာလ (၆)ရက်နေ့တွင် မန္တလေးမှ ပြန်လည်ထွက်ခွာရမည် ဖြစ်သည်။

ထိုအချိန်တွင် မန္တလေးဆိပ်ကမ်း၌ 'မုဝံ'သင်္ဘောနှင့်ဇရာဝတီ ဖလိုတီလာ ကုမ္ပဏီပိုင် သင်္ဘောများ ရောက်နေကြသည်။ထိုသင်္ဘောတို့မှာ မန္တလေးတွင်ရောက်နေသော အင်္ဂလိပ်လက်အောက်ခံ လူမျိုးနှင့် ဥရောပ တိုက်သား နှစ်ဆယ်ကျော်တို့ကို ပြန်ခေါ်ရန်ဖြစ်သည်။

အင်္ဂလိပ်တို့က မြန်မာအစိုးရထံသို့ ပေးပို့သည့် ရာဇသံကို ဝန်ရှင်တော်မင်းကြီးဘားနန်က လက်မှတ်ရေးထိုးထားသည်မဟုတ်ဘဲ မင်းကြီး၏ အတွင်းဝန်မစ္စတာဆိုင်းက လက်မှတ်ရေးထိုးကာ မြန်မာအစိုးရ အဖွဲ့ နိုင်ငံခြားရေးဝန်ကြီးထံသို့ပေးပို့ခြင်းဖြစ်သည်။ ထိုရာဇသံမှာ

(၁) ဘုံဘေဘားမားကုမ္ပဏီနှင့်ဖြစ်ပွားသော သစ်အမှုကို စစ်ဆေး ရေးအတွက် အိန္ဒိယဘုရင်ခံချုပ်ထံမှ စေလွှတ်သော ကိုယ်စား လှယ်အဖွဲ့ ရောက်ရှိသည့်တိုင်အောင် စောင့်ဆိုင်းရန်

(၂) ယင်းကိုယ်စားလှယ်အဖွဲ့မရောက်မီ အမှုကိုစစ်ဆေးခြင်းမပြုဘဲ ဆိုင်းငံ့ထားရန်

(၃) မန္တလေးတွင် အင်္ဂလိပ်ကိုယ်စားလှယ်တစ်ဦး ခန့်ထားနေထိုင်ခွင့် ပြုရန်၊ ထိုကိုယ်စားလှယ်အား အစောင့်စစ်သား(၁၀၀၀)နှင့် တိုက် သင်္ဘော(၁)စီး ထားရှိခွင့်ပြုရန်

(၄) အင်္ဂလိပ်ကိုယ်စားလှယ်များ မြန်မာဘုရင်၏ ရှေ့တော်သို့ ဝင်ရောက်ရာတွင် ဖိနပ်စီး၍ ဆောင်ဓါးကိုင်ဆောင်ခွင့်ပြုရန်





(၅) အင်္ဂလိပ်တို့၏ သဘောတူညီချက်မရရှိဘဲ မြန်မာအစိုးရက မည်သည့်နိုင်ငံနှင့်မျှ မဆက်ဆံရန် စသည်တို့ဖြစ်သည်။

ထိုအချက်အလက်တို့နှင့်အတူ ရာဇသံတွင် 'အင်္ဂလိပ်အစိုးရ၏ တောင်းဆိုချက်များအတွက် မြန်မာအစိုးရက အပြန်အလှန်ဆွေးနွေးခြင်း၊ ပြင်ဆင်ချက်တင်သွင်းခြင်း၊ ထိုအချက်များကို ပြောဆိုစေ့စပ်ရန် ကိုယ်စားလှယ်သံ့အဖွဲ့စေလွှတ်ခြင်းတို့ကိုအိန္ဒိယအစိုးရကလုံးဝလက်မခံပါ' ဟု တင်းမာပြတ်သားစွာ ရေးသားထားခြင်းများ ပါဝင်သည်။

ဘုရင်သည် အင်္ဂလိပ်တို့၏ ရာဇသံကို ကြားနာပြီး စစ်ပြုရန် မှတပါး အခြားမရှိတော့ဟု ဆုံးဖြတ်သည်။ သို့သော် လွှတ်တော်အစည်း အဝေးမှ ပြန်ကြားစာမှာ ဘုရင်၏အမိန့်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။

'အင်္ဂလိပ်တို့၏ တောင်းဆိုထားသောအချက်တို့မှာ ဘုံဘေ ဘားမားသစ်မှုကို အစွဲပြု၍ဖြစ်သည်။ ပြစ်မှုနှင့်ပတ်သက်သော ကိစ္စများ ကို အရေးမယူရုပ်သိမ်းလျှင် ကျန်သောအချက်များကို ပြောဆိုရန်မရှိတော့ ပြီ'ဟူ၍ ဖြစ်သည်။

မြန်မာတို့၏ ပြန်ကြားစာကို 'အက်ရှလေအီဒင်'သင်္ဘောဖြင့် ယူဆောင်သွားသည်။ အက်ရှလေအီဒင်သင်္ဘောသည် မန္တလေးမှ (၁၈၈၅ ခု၊ နိုဝင်ဘာလ (၆)ရက်နေ့တွင် ထွက်ခွာပြီး နိုဝင်ဘာလ (၉)ရက်နေ့တွင် ရန်ကုန်သို့ ရောက်သည်။ နိုဝင်ဘာလ (၁၀)ရက်နေ့တွင် အိန္ဒိယ ဘုရင်ခံချုပ်က အင်္ဂလန်ရှိ အတွင်းဝန်ထံ ကြေးနန်းရိုက်၍ အထက် မြန်မာပြည်အား ချီတက်သိမ်းယူခွင့် တောင်းခံသည်။ အတွင်းဝန်က နိုဝင်ဘာ(၁၁)ရက်နေ့ တွင် "ဗိုလ်ချုပ်ပရင်ဒါဂတ်အား မန္တလေးသို့ ယနေ့ချက်ခြင်းချီတက်ရန် ညွှန်ကြားလိုက်ပါ" ဟု အကြောင်းပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအမိန့်မရောက်မှီကပင် အင်္ဂလိပ်များသည် နယ်ခြားမြို့ဖြစ်သော သရက်မြို့တွင် စုစည်းပြင်ဆင်လျက်ရှိသည်။ ဗိုလ်ချုပ်ပရင်ဒါဂတ်သည် တပ်များကို ဦးစီးပြီး အထက်အမိန့်ကို စောင့်နေသည်။

ဖော်ပြပါ အကြောင်းအချက်များကို ကြည့်လျှင် အင်္ဂလိပ်တို့သည် ၄င်းတို့ပေးပို့သည့် ရာဇဒဏ်ကို မြန်မာတို့ကလက်ခံသည်ဖြစ်စေ လက်မခံသည်ဖြစ်စေ နိုင်ငံ၏ သုံးပုံတစ်ပုံသာ ကျန်တော့သည့် အထက်မြန်မာပြည်ကို ချီတက်ရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း ထင်ရှားနေသည်။

အမှန်စင်စစ်မူ စစ်ပြုရန်ရှိတော့သည်ဟုဆိုခဲ့သော်လည်း မြန်မာဘုရင်၏ နှုတ်ထွက်စကားနှင့်ဆန့်ကျင်စွာ ဝန်ကြီးများက အင်္ဂလိပ်အစိုးရထံသို့ ပြန်ကြားခဲ့သည့်စာမှာ စစ်ကို ရှောင်သောစာသာဖြစ်သည်။ သို့ရာတွင် အင်္ဂလိပ်မှာစစ်တိုက်ရန် ပြင်ဆင်ထားပြီးဖြစ်၍ မြန်မာဝန်ကြီးများ၏ အကြောင်းပြန်ကြားချက်မှာ အရာမဝင်တော့ပေ။

အင်္ဂလိပ်တို့ကို ပြန်ကြားစာပေးပို့ပြီးသည့်နောက်တွင်မှ မြန်မာဘုရင်က စစ်ကြေညာချက်တစ်စောင်ထုတ်ပြန်ပြီး မြန်မာအမျိုးသားအားလုံးအား ခုခံတွန်းလှန်ရန် တပ်လှန့်နှိုးဆော်လိုက်လေသည်။

❑ ❑ ❑



## တည်ငြိမ်မှုမှာသေခြင်းကို ရင်ဆိုင်ခဲ့သူများ

၁၈၈၅ ခု နိုဝင်ဘာလ (၁၄)ရက်နေ့တွင် အထက်မြန်မာပြည်သို့ ချီတက်လာသော အင်္ဂလိပ်တပ်ကို ဆင်ပေါင်ဝဲနယ်စစ်အောင်စခန်းမှ မြန်မာစစ်သည်တို့က ရှုတ်ရှုတ်ချုံချုံခုခံတိုက်ခိုက်သည်။ အင်အားခြင်းမမျှ လက်နက်ချင်းကကွာသည်။ မြန်မာတိုက်သဘော်၊ တုလွတ်ယာဉ် ကျော်ကို အင်္ဂလိပ်တို့က သိမ်းယူသည်။ ဆင်ပေါင်ဝဲမှမန္တလေး နေပြည်တော်သို့ အင်္ဂလိပ်စစ်သင်္ဘောများ ဆန်တက်လာကြောင်းသတင်းပို့ခဲ့သည်။ ဆင့်ပေါင်ဝဲနှင့်တူးဖောက်ခံကတုတ်တို့ကို တိုက်ခိုက်အောင်မြင် ပြီးနောက် အင်္ဂလိပ်စစ်သင်္ဘောများက ရေကြောင်းအတိုင်းဆန်တက်သည်။

နိုဝင်ဘာလ (၁၇)ရက်နေ့တွင် ပန်းတော်ပြင်ခံကတုတ်၊ ဦးကင်းဘုရား၊ မင်းလှခံတပ်နှင့်ဌွေးချောင်းခံတပ်တို့ကို တိုက်ခိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သက်နက်အင်အား လူအင်အားချင်းမမျှသော်လည်း မြန်မာတို့က ကျူးကျော်လာသည့် အင်္ဂလိပ်တို့အား အလျှော့မပေး။ လေ့ခွက်ချည်းကျန် အလုံမလှဲဆိုသည့် စိတ်ဓါတ်နှင့် ပြင်းပြင်းထန်ထန်ခုခံတိုက်ခိုက်သည်။ အမြောက်များ စက်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်နေသည့် ရန်သူတို့ကို ဓါးလွတ်ကိုင် မြန်မာသူရဲကောင်းတို့က ရဲရဲဝံ့ဝံ့ အသေခံ တိုက်ခိုက်သည်။ သင်းတို့ကို အရှုံးပေးရခြင်းထက် သေသော်မှပိုကောင်းသည် ဟူသော စိတ်ဓါတ်ဖြင့် ကြောက်ခမန်းလိလိခုခံခဲ့ကြသည်။

သူ့ကျွန်မခံလိုသော ကျူးကျော်သူကိုလက်မခံလိုသော မြန်မာ့စိတ်ဓါတ်ကို ကျူးကျော်သူတို့ကိုယ်တိုင်က အသိအမှတ်ပြုခဲ့ရသည်။

'မြန်မာတွေဟာ သူရဲဘောကြောင်သူတွေမဟုတ်ဘူး၊ သူတို့ဟာ တိုက်ရဲကြ သေရဲကြတယ်၊ အံ့သြလောက်အောင် တည်တည်ငြိမ်ငြိမ်နဲ့ သေခြင်းကို ရင်ဆိုင်ကြတယ်၊ တကယ်တန်းသာ မြန်မာတွေလက်ထဲမှာ ခေတ်မီလက်နက်တွေသာရှိခဲ့ရင်စစ်ပွဲဟာ ဆန့်ကျင်ဘက်ဖြစ်သွားလိမ့်မယ်'

မင်းလှခံတပ်တွင် မြန်မာတို့၏အသက်ပေါင်းများစွာကို စွန့်လွှတ်ခဲ့ရသည်။ အောင်ပွဲခံနေသော အင်္ဂလိပ်တို့သည် မင်းဘူး၊ စလေ၊ ညောင်ဦးမြို့များသို့ ဆက်လက် ချီတက်တိုက်ခိုက်သည်။

နိုဝင်ဘာလ (၂၄)ရက်နေ့တွင် အင်္ဂလိပ်တပ်များ မြင်းခြံသို့ရောက်လာသည်။ မြင်းခြံတွင် အခိုင်အမာတပ်စွဲထားသော လေသင်းအတွင်းဝန်၏တပ်နှင့် အင်္ဂလိပ်တပ်တို့ ပြင်းထန်စွာ တိုက်ခိုက်ကြပြန်သည်။

အင်္ဂလိပ်တို့သည် မြစ်အတွင်းမှ ပစ်ခတ်တိုက်ခိုက်ရုံမက မြင်းတပ်ဖြင့်လည်း ကုန်းပေါ်မှ တိုက်ခိုက်သည်။ မြန်မာတို့သည် ကုန်းကြောင်း ရေကြောင်း နှစ်ဖက်ညှပ် တိုက်ခိုက်ခံရသဖြင့် မြင်းခြံမှ ဆုတ်ခွာရတော့သည်။

လေသင်းအတွင်းဝန်၏တပ်များ မြင်းခြံမှ ဆုတ်ခွာခဲ့ရသည့် သတင်းက နေပြည်တော်သို့ ရောက်လာသည်။ သီပေါဘုရင်သည်





မှူးမတ်တို့ကို ဆင့်ခေါ်ပြီး တိုင်ပင်ဆွေးနွေးသည်။ လေသင်းအတွင်းဝန်သည် မြင်းခြံကို စွန့်ခွာစဉ် ၎င်း၏တပ်များ အောင်ပွဲရနေပြီဟု ကြေးနန်းသတင်းပို့ခဲ့သည်။ သီပေါဘုရင်က အောင်ပွဲရမြန်မာတပ်များကို ဆုချရန်စီစဉ်သည်။ သို့သော်မကြာခင်မှာပင် မြင်းခြံတိုက်ပွဲတွင် မြန်မာတို့ ရှုံးနိမ့်သွားသည့်သတင်းမှန်က ဘုရင့်ရွှေနားတော်သို့ ပေါက်ကြားသွားခဲ့သည်။

သီပေါဘုရင်သည် ဆင်အစီးငါးဆယ် မြင်းကောင်ရေနှစ်ရာနှင့် အရှေ့ဘက်သို့ တိမ်းရှောင်ရန် ပြင်ဆင်ပြီးဖြစ်သည်။ သို့သော် ဩဇာအာဏာပြန်ရနေပြီဖြစ်သော ကင်းဝန်မင်းကြီးက အင်္ဂလိပ်တို့သည် ရတနာပုံ နေပြည်တော်ကို သိမ်းပိုက်ရန် ရောက်လာခြင်းမဟုတ်ကြောင်း၊ သီပေါဘုရင်နှင့်သဘောတူစာချုပ်အသစ်ချုပ်ဆိုရန် ရောက်လာခြင်းသာဖြစ်ကြောင်း၊ဘုရင်မင်းမြတ်အနေနှင့် ထွက်ပြေးတိမ်းရှောင်ခြင်းမပြုဘဲ အင်္ဂလိပ်တို့နှင့် စေ့စပ်ဆွေးနွေးသင့်ကြောင်း တင်လျှောက်သည်။ ရှုံးနိမ့်ခဲ့သော စစ်ပွဲများကြောင့် စိတ်ဓါတ်ကျဆင်းနေသော တိုင်တားမင်းကြီးကလည်း ကင်းဝန်မင်းကြီးနှင့် တစ်သဘောတည်းဖြစ်လာသည်။

ကင်းဝန်မင်းကြီးက သီပေါဘုရင်အား ထွက်ပြေးတိမ်းရှောင်ခြင်း မပြုရန် တားမြစ်ခြင်းမှာ အင်္ဂလိပ်တို့ရှေ့တွင် မျက်နှာကောင်းရနိုင်ရန် ကြိုးစားခြင်းဖြစ်သည်။ အင်္ဂလိပ်တို့အနေနှင့် မန္တလေးကို သိမ်းပိုက်ချိန်တွင် သီပေါဘုရင်နှင့်မိဖုရားတို့အား အင်္ဂလိပ်လက်သို့ အသာတကြည်အပ်လျှင် အခွင့်အရေးများရမည်ဟု ကင်းဝန်မင်းကြီးမျှော်လင့်ထားပုံရသည်။

သီပေါဘုရင်သည် ကင်းဝန်မင်းကြီး၏ လျှောက်တင်ချက်အတိုင်း အင်္ဂလိပ်တို့ထံ စစ်ပြေငြိမ်းရေးကမ်းလှမ်းရန် သဘောတူလိုက်သည်။ ဖန်ချက်ဝန်ထောက်နှင့် ဝက်မစွတ်ဝန်ထောက်တို့က စစ်ပြေငြိမ်းရေးကမ်းလှမ်းစာကို အင်္ဂလိပ်တို့ထံ သွားရောက်ပေးပို့သည်။

ဗိုလ်ချုပ်ပရင်ဒါဂတ်သည် အင်းဝ ခံတပ်ကို အမြောက်ကြီးများနှင့် ပစ်ခတ်တိုက်ခိုက်ရန် ပြင်ဆင်နေခြင်းကို ရပ်ဆိုင်းပြီး သံတမန်နှင့်ဦးကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံသည်။ ထို့နောက်တွင် အကြောင်းပြန်ကြားချက်ကို သံတမန် နှစ်ဦးအား ပေးအပ်သည်။

အကြောင်းပြန်ကြားချက်မှာ မိမိတွင် စေ့စပ်ဆွေးနွေးရန် အခွင့်အာဏာမရှိကြောင်း ထို့ကြောင့် စစ်ပြေငြိမ်းရေး ကမ်းလှမ်းချက်ကို လက်မခံနိုင်ကြောင်း၊ သီပေါဘုရင်အနေနှင့် လက်နက်ချခဲ့လျှင် ဘုရင်နှင့်တကွ ဘုရင်၏ စစ်တပ်နှင့် ဘုရင်၏မြို့တော်ကို ထိခိုက်နစ်နာအောင် တိုက်ခိုက်မည်မဟုတ်ဆိုသည့် အကြောင်းအရာများပါသည်။

သံတမန်နှစ်ဦးသည် ဗိုလ်ချုပ်ပရင်ဒါဂတ်၏ပြန်ကြားချက်ကို သီပေါဘုရင်ထံ ကြေးနန်းရိုက်အကြောင်းကြားသည်။ ဘုရင်မင်းမြတ်သည် အင်္ဂလိပ်တို့၏တောင်းဆိုချက်ကို ချွင်းချက်မရှိ သဘောတူကြောင်းကို အကြောင်းပြန်သည်။

ပထမတွင် အင်းဝခံတပ်မှူး ဗိုလ်မှူးကင်းအတွင်းဝန်က မိမိ၏တပ်သား (၈၀၀၀)ထောင်ကို လက်နက်ချခွင့်ပြုမည်မဟုတ်ဟု ဆိုသည်။ ထို့နောက် ဘုရင်မင်းမြတ်၏အမိန့်အရ လက်နက်ချရမည်ဟု ယုံကြည်တော့မှပင် လက်နက်ချသည်။

နိုဝင်ဘာလ (၂၈)ရက်နေ့တွင် အင်္ဂလိပ်စစ်သင်္ဘောများမန္တလေး ဆိပ်ကမ်းသို့ရောက်လာသည်။ ဗိုလ်ချုပ်ပရင်ဒါဂတ်က ကင်းဝန်မင်းကြီးထံသို့ စာတစ်စောင်ရေးသားပေးပို့သည်။ မွန်းတည့်ချိန်တွင် အင်္ဂလိပ်တပ်များ ကုန်းပေါ်သို့ တက်လာကြသည်။ ဗိုလ်မှူးကြီး စလေဒင်နန်းတော်သို့ ရောက်ရှိလာသည်။ ကင်းဝန်မင်းကြီးက စလေဒင်အား ကြိုဆိုသည်။ သို့အားဖြင့် အင်္ဂလိပ်မြန်မာတတိယစစ်ပွဲတွင် တည်ငြိမ်ရဲဝံ့စွာအသေခံသွားသူတို့၏ သေခြင်းမှာ အကျိုးမရှိ ဖြစ်သွားရလေပြီ။

❑ ❑ ❑



## ထွက်တော်မူ နန်းကာလတယ်

သီပေါဘုရင်သည် မိဖုရားကြီးစုဖုရားလတ်နှင့်အတူ သီဟာသနပလ္လင်တော်ပေါ်တွင် ထိုင်ရင်း စစ်အောင်နိုင်သူ အင်္ဂလိပ်ဗိုလ်မှူးကြီးကာနယ်စလေဒင်ကို လက်ခံတွေ့ဆုံသည်။

ဘုရင်မင်းမြတ်၏မျက်နှာတော်မှာ အနည်းငယ်မှိုင်းနေသည်မှအပ ဣန္ဒြေတော်မပျက်၊ စုဖုရားလတ်၏မျက်နှာကမူ တင်းမာသယောင်ရှိသည်။

သီပေါဘုရင်သည် သူ့ခန္ဓာနှင့်သူ့နိုင်ငံကို အင်္ဂလိပ်တို့ လက်သို့အပ်နှင်းကြောင်းပြောဆိုသည်။ နေပြည်တော်တွင် နှစ်ရက်မျှ နေထိုင်ခွင့်တောင်းသည်။ စလေဒင်က တရက်မျှသာ ရွှေနန်းတော်ကြီးတွင် နေထိုင်နိုင်ကြောင်းပြောဆိုသည်။

စိတ်ထက်ပြီးပြတ်သားသော စုဖုရားလတ်သည် ဇရာဝတီမြစ်အတိုင်း ဆန်တက်လာသည့် အင်္ဂလိပ်စစ်သင်္ဘောများကို နန်းမြင့်မျှော်စင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ ကိုယ်တိုင်ကြည့် မြင်ခဲ့ရပြီးဖြစ်သည်။ အခြေအနေအားလုံးကို လည်း တွက်ဆမိသွားပြီး ကင်းဝန်မင်းကြီး၏ စကားလုံးကို ယုံစားမိခဲ့၍လည်း မှားခဲ့ရပြီ။ အခုတော့ ဘာမှလုပ်၍ မရတော့ပြီ။ သို့သော် စလေဒင်နှင့်တွေ့ဆုံချိန်တွင်မူ စုဖုရားလတ်မှာ မျက်နှာတချက်မှမပျက်ခဲ့၊ ခပ်တင်းတင်းပင် စလေဒင်အား လက်ခံတွေ့ဆုံခဲ့သည်။

စုဖုရားလတ်သည် နန်းတော်အတွင်းသို့ အင်္ဂလိပ်စစ်တပ်ရောက်မလာခင် သူ့အနီးတွင် ခစားနေသောအပျိုတော်များအား ဘေးလွတ်ကင်းရာသို့ သွားကြရန် အမိန့်ပေးလိုက်သည်။

'မယ်မင်းတို့လဲ ကိုယ့်အိမ်ကိုယ့်ရာကို ပြန်ကြပေတော့။ လုံခြုံစိတ်ချရမယ့်နေရာကို သွားကြပေတော့။ ဒီနန်းတော်ထဲမှာ မဖုရားလဲ မယ်မင်းတို့ကို အကာအကွယ်မပေးနိုင်တော့ဘူး။ မဖုရားအနားမှာနေလို့သူ့၊ ခိုလှုံစရာမရှိ၊ သွားစရာမရှိတဲ့သူတွေ ဒီမှာနေနိုင်တယ်။ မဖုရားကတော့ မောင်တော်ဘုရင်မင်းမြတ်အနားကနေ တခြားတစ်နေရာကို တဖဝါးမှ ခွဲသွားမှာ မဟုတ်ဘူး'

(စုဖုရားလတ်သည် သူ့စကားအတိုင်း သီပေါဘုရင်အနီးမှ မခွာခဲ့ပါ။ သီပေါဘုရင်နတ်ရွာစံပြီးသည့်နောက်မှာပင် အလောင်းတော်ကို သူ့အနီးမှာ ထားခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။)

စလေဒင်က သီပေါဘုရင်အား ဝင်ရောက်တွေ့ဆုံစဉ်တွင် ကင်းဝန်မင်းကြီး၊ တောင်ခွင်မင်းကြီး၊ အတွင်းဝန်ထောက်မြိုင်မြို့စားမင်းလှ မဟာနန္ဒသကြ်န်နှင့် ညောင်ရွှေစော်ဘွားကြီးတို့ ခစားနေလျက်ရှိသည်။

စလေဒင်သည် သီပေါဘုရင်ကို စောင့်ရှောက်ရန် နန်းတော်တွင် ဗိုလ်ချုပ်ပိုက်အုပ်ချုပ်သော တပ်ကို ထားခဲ့သည်။ မြို့တံခါးငါးရပ်တွင် တာဝန်ကျသည့် စစ်သားများတို့မှအပ ကျန်အင်္ဂလိပ်စစ်သားများ သင်္ဘောဆိပ်သို့ ပြန်ကြသည်။





မြို့တွင်း၌ လုံခြုံရေးအတွက် ဗိုလ်ချုပ်ဖိုဒ်ဦးစီးသော အင်္ဂလိပ်တို့က ညလုံးပေါက် ကင်းလှည့်သည်။ အင်္ဂလိပ်တို့ကို မကျေနပ်သော မြန်မာစစ်သည်အချို့က ချောင်းမြောင်းပစ်ခတ်ကြ၏။ သို့သော်အင်အားချင်း မမျှသဖြင့် မြန်မာမျိုးချစ်တပ်သားများ၏ ပစ်ခတ်မှုတို့မှာ အရာမထင်ခဲ့ပေ။

နန်းတော်အတွင်းရှိ အင်္ဂလိပ်စစ်သည်တို့က မြန်မာနန်းတွင်းရတနာများ၊ အတုမရှိကျောင်းတော်ရှိ ဆင်းတုတော်မှစိန်ကြီး၊ နန်းတော်မှ ပစ္စည်းများကို လုယက်ယူငင်ကြသည်။ ထိုသို့ နန်းတွင်းမှ ရတနာပစ္စည်းများကို ခိုးဝှက်လုယက်ယူငင်ကြခြင်းကို ပရင်ဒါဂတ်နှင့်စလေဒင်တို့က ဖုံးကွယ်ခဲ့ကြသည်။ စာရင်းဖျောက်လိုက်ကြသည်။ (နာမည်ကျော်နန်းတွင်းရတနာဖြစ်သော ငမောက်ပတ္တမြားကို စလေဒင်က ယူသွားသည်ဟု မှတ်တမ်းများအရ သိရှိရသည်။)

၁၈၈၅ နိုဝင်ဘာလ (၂၉)ရက်နေ့ ညနေ (၁၂၄၇ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့)တွင် သီပေါဘုရင်၊ မိဖုရားနှစ်ပါးနှင့် မယ်တော် ဆင်ဖြူမရှင်တို့ကို ထီးဖြူလေးစင်းစိုက်သော ဗီဒိုလှည်းတွင် တင်ဆောင်ကာ ဂေါဝန်ဆိပ်သို့ ခေါ်ဆောင်သည်။ ကျော်မိုးတံခါး (မင်္ဂလာတံခါး)မှ ထွက်ပြီး မြစ်ဆိပ်သို့ ခေါ်ဆောင်သွားခြင်း ခံရသောဘုရင်နှင့်မိဖုရားတို့ ဘေးနှစ်ဖက်တွင် အင်္ဂလိပ်စစ်သည်များ ခြံရံလျက်ရှိသည်။ စစ်သားအချို့ကဘင်ခရာ တီးမှုတ်လျက် လိုက်ပါလာသည်။

သီပေါဘုရင်နှင့် မိဖုရားနှစ်ပါးအား အင်္ဂလိပ်တို့က ဖမ်းဆီးခေါ်ဆောင်သွားရာ၌ ခုခံမှုမရှိ။ မြို့သူမြို့သားများမှာ အားမတန်မာန်လျှော့ကာ ကြေကွဲဝမ်းနည်းစွာဖြင့် မိမိတို့နိုင်ငံ၏ ဘုရင်နှင့်မိဖုရားပါတော်မူမြင်ကွင်းကို လမ်းဘေးဝဲယာမှ ကြည့်နေကြသည်။

ဘုရင်နှင့်မိဖုရားတို့ သူရိယစစ်သင်္ဘောပေါ်သို့ တက်စဉ်တွင် ထက်မြက်သည့်မိဖုရားဟု သမိုင်းတွင် တွင်ရစ်သည့် စုဖုရားလတ်က



www.burmeseclassic.com

www.burmeseclassic.com



မောင်ဘော်ဘုရင်မင်းမြတ်၏လက်ကိုဆွဲပြီး ရှေ့မှဦးဆောင်သည်။

မင်းနှင့်မိဖုရားတို့ အကျဉ်းစံအဖြစ် သင်္ဘောပေါ်သို့ရောက်ချိန်တွင် မန္တလေးရွှေမြို့တော်ပေါ်သို့ အမှောင်ရိပ်များက လွှမ်းစပြုလာသည်။

အလောင်းမင်းတရားကြီး တည်ထောင်တော်မူခဲ့သည့် တတိယမြန်မာနိုင်ငံတော်၏ နောက်ဆုံးနေဝင်ချိန်ဟု ဆိုရပါတော့မည်။

အင်္ဂလိပ်တို့သည် မင်းနှင့်မိဖုရားတို့ကို ရန်ကုန်သို့ပို့သည်။ ရန်ကုန်မှ တဆင့်ကာလကတ္တားသို့ ပို့သည်။ မယ်တော်ဆင်ဖြူမရှင်နှင့် သမီးတော်စုဖုရားကြီးတို့မှာ ကာလကတ္တားသို့ပါမလာခဲ့။ ရန်ကုန်သို့ရောက်ရှိစဉ်ကပင် ထားဝယ်ကိုထွက်ခွာသွားရန် သီပေါဘုရင်တို့နှင့် လမ်းခွဲလိုက်ကြသည်။

အင်္ဂလိပ်တို့သည် မင်းနှင့်မိဖုရားတို့ကို မဒရပ်သို့ပို့သည်။ ထို့နောက်တွင်မှ မင်းနှင့် မိဖုရားကို မဒရပ်မှ ထပ်ပြီး ရတနာဂီရိသို့ပို့သည်။

ရတနာဂီရိသို့ ရောက်စတွင် မင်းနှင့်မိဖုရားတို့မှာ မိမိတို့၏ စံအိမ်တော်ကို အုပ်ချုပ်ခွင့်မရ။ ၁၈၉၆ ခုနှစ်ရောက်မှ စံအိမ်တော်ကို ကိုယ်တိုင် အုပ်ချုပ်ခွင့်ရခဲ့ကြသည်။

ရတနာဂီရိတွင် သီပေါဘုရင်အား အကျဉ်းချထားစဉ်အင်္ဂလိပ် အစိုးရက ထောက်ပံ့ငွေများပေးသည်။ သို့သော် ထိုက်ထိုက်တန်တန် မဟုတ်ချေ။ သီပေါဘုရင်နှင့်မိဖုရားတို့မှာ ၄င်းတို့တွင် ပါလာသော ရတနာပစ္စည်းများကို ထုခွဲရောင်းချစားသောက်ကြရသည်။

သီပေါဘုရင်ထံမှ နန်းတွင်းရတနာပစ္စည်းများစွာတို့ကို စလေဒင်နှင့် ပရင်ဒါဂတ်တို့က သိမ်းယူသွားကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။ ရတနာဂီရိသို့ ရောက်ပြီးမကြာမီတွင် သီပေါဘုရင်က မိမိတို့၏ ပတ္တမြားငှမောက်အပါအဝင် နန်းတွင်းရတနာပစ္စည်းများကို စာရင်းနှင့်တကွ တင်ပြပြီး အိန္ဒိယဘုရင်ခံချုပ်မှတဆင့် စလေဒင်နှင့် ပရင်ဒါဂတ်တို့ထံ





ကြောင်းကြားတောင်းဆိုခဲ့သည်။ သို့သော် ၄င်းတို့မှာ တစ်စုံတစ်ရာ ကြားခြင်းမရှိခဲ့ချေ။

သီပေါဘုရင်နှင့် မိဖုရားကြီးစုဖုရားလတ်တို့မှာ ရတနာဂီရိတွင် င်ပလောကကြီးနှင့် အဆက်အသွယ်ပြတ်ကာနေခဲ့ကြရသည်။ ပြည်တော်ကို လွမ်းဆွတ်တသရသည့်စိတ်ကို သမီးတော်များအတွက် လုပ်သော နာသမင်္ဂလာတွင် လာရောက်အတီးတော်ဆက်ခဲ့သည့် စားကြီးစိန်ဗေဒါ၏ ဆိုင်းသံကိုသာ နားဆင်တော်မူရင်း အလွမ်းဖြေ ကြရသည်။

ရတနာဂီရိတွင် အကျဉ်းခံနေစဉ် ၁၉၁၂ ခုနှစ်တွင် မိဖုရားငယ် ဖုရားလေးကွယ်လွန်သည်။

စုဖုရားကလေးမှာ အစ်မတော်စုဖုရားလတ်၏ သမီးတော်များကို ခင်ရင်းပမာ ထိန်းသိမ်း စောင့်ရှောက်လာခဲ့သူဖြစ်သည်။ စုဖုရားကလေး ကွယ်လွန်သည်တွင် သမီးတော်များမှာ ကြေကွဲ၍မဆုံး ဝမ်းနည်း၍မဆုံး ခဲ့ကြရသည်။

သီပေါဘုရင်သည် ဘုံဘေမှ မိုင်နှစ်ရာခန့်ဝေးသော၊ ဝေးလံ ခေါင်ပြီး လူသူအရောက်အပေါက်နည်းသော ကျွန်းတစ်ကျွန်းတွင် စ်ပေါင်းသုံးဆယ်ကျော် (၃၁ နှစ် ၄ လနှင့် ၁၂ ရက်) နန်းကျ အကျဉ်းစံဘဝဖြင့် နေခဲ့ရပြီး ၁၉၁၆ ဒီဇင်ဘာလ(၁၆)ရက်နေ့တွင် တ်ရှာစံတော်မူလေသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## မောင်တော့်အပါးမှာ မနေသာပြီ

သီပေါဘုရင်၏ပထမသမီးတော်သည် လူမျိုးခြားနှင့် အိမ်ထောင်ကျသွားသည်။ ထိုစဉ်က သီပေါဘုရင်မှာ စိတ်ထိခိုက်ခဲ့ရသော်လည်း စိတ်ကို ဖြေနိုင်ခဲ့သေးသည်။ ၁၉၁၆ ခုနှစ် မကျန်းမာတော်မူနေစဉ် ဖြစ်ခဲ့သောဖြစ်ရပ်က သီပေါဘုရင်အား ဘုန်းဘုန်းလဲသွားအောင် စိတ်ထိခိုက်စေခဲ့သည်။ ထိုအဖြစ်မှာ ဒုတိယသမီးတော်သည် သီပေါဘုရင်၏ ကိုယ်ရေးအတွင်းဝန်ခင်မောင်လတ် (ရာဇသွေးမပါသည့်အိမ်တော်ပါကျွန်) နှင့် ခိုးရာလိုက်ပြေးသွားခြင်းပင် ဖြစ်၏။

ဒုတိယသမီးတော်အတွက် သီပေါဘုရင်မှာ စိတ်မဖြေနိုင်ဖြစ်ခဲ့ရသည်။ ကျန်းမာရေးအခြေအနေမကောင်းစဉ်တွင် ယခုကိစ္စဖြစ်သည့်အတွက် ပို၍စိတ်ထိခိုက်ခဲ့ဟန်ရှိသည်။





၁၉၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် ညသန်းခေါင်တွင် သီပေါဘုရင် ကံတော်ကုန်သွားခဲ့သည်။ ၁၉၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် နတ်ရွာစံသည်ဟုလည်း အချို့ရေးကြသည်။

ငယ်စဉ်ကတည်းက ချစ်ခဲ့ရသောမောင်တော်မင်းမြတ် ကွယ်လွန်သည့်အတွက် စုဖုရားလတ်မှာ ကြေကွဲမဆုံးဖြစ်ရသည်။ သီပေါဘုရင်ကို မိမိတို့ထုံးစံအတိုင်း သရဏဂုံတင်ခွင့်မရသဖြင့် စုဖုရားလတ်က အလောင်းတော်ကို မသဂြိုဟ်သေးဘဲ စံအိမ်တော်အောက်ထပ်တွင် ခေါင်းသွင်း၍ ထားသည်။

စုဖုရားလတ်မှာ အသက်ရှင်နေစဉ်က ချစ်ခင်မြတ်နိုးခဲ့ရသည့် မောင်တော်ဘုရင်မင်းမြတ်ကို နတ်ရွာစံပြီဆိုသည်နှင့် အမြန်ဆုံး သဂြိုဟ်ရန် လုပ်လိုကြသည့် နယ်ချဲ့အင်္ဂလိပ်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ စုဖုရားလတ်သည် သီပေါဘုရင်၏ အလောင်းတော်ကို စံအိမ်တော်တွင် မိမိနှင့် အတူ နှစ်နှစ်နှင့်သုံးလတိတိကြာအောင် ထားခဲ့သည်။

စုဖုရားလတ်က မောင်တော်ဘုရင်မင်းမြတ်၏ အလောင်းတော်ကို အိန္ဒိယတွင် သဂြိုလ်လိုစိတ်မရှိ။ အလောင်းတော်ကို မြန်မာနိုင်ငံသို့ သယ်ယူပြီး ဖခမည်းတော်မင်းတုန်းမင်း၏ဂူအနီးတွင် မြှုပ်နှံသဂြိုလ်မည်ဟု ရည်ရွယ်ထားသည်။

သို့သော် အင်္ဂလိပ်တို့ကခွင့်မပြုခဲ့။ စုဖုရားလတ်သည် အလောင်းတော်ကို သယ်ယူခွင့်မပြုဘဲ စံအိမ်တော်တွင် ခေါင်းသွင်းပြီး သိမ်းထားသည်။ ဖယောင်းတိုင် အမွှေးတိုင် နံ့သာမျိုးငါးပါးစသည်တို့ကိုထွန်းညှိပြီး အလောင်းတော်အနီးတွင် နံနက်ညပွဲတော်စာ၊ ကွမ်း၊ လက်ဖက် စသည်တို့ကို ထားသည်။

အင်္ဂလိပ်တို့သည် သီပေါဘုရင် နတ်ရွာစံပြီး (၂)နှစ်နှင့် (၃)လ အကြာတွင် အလောင်းတော်ကို သယ်ယူရန် ရောက်လာသည်။ စုဖုရား



www.burmeseclassic.com

www.burmeseclassic.com



သတ်ကာ ခွင့်မပြု။ အင်္ဂလိပ်တို့က ဘုရင်၏အလောင်းကို အလေးပြုမည့်အကြောင်းပြပြောဆိုကာ အိမ်ရှေ့တွင်ရပ်ထားသော ကားပေါ်သို့ သယ်ကာ အမြောက်နှစ်ဆယ့်တစ်ချက် ပစ်ဖေါက်ပြီး အလေးပြုသည်။ သို့နောက်တွင် သီပေါဘုရင်၏အလောင်းကို ကားဖြင့်တင်ပြေး ကြသည်။

နိုင်တိုင်း ကျင့်လိုကြသည့် အင်္ဂလိပ်တို့၏အပြုအမူအပေါ်တွင် စုဖုရားလတ် မကျေမနပ်ဖြစ်ခဲ့ရသည်။ ထိုလုပ်ရပ်အတွက် နယ်ချဲ့တို့အပေါ် နာကျည်းမဆုံးအောင် ဖြစ်ခဲ့ရသည်။ သို့သော် နယ်ချဲ့တို့လက်တွင် အကျဉ်းသားအဖြစ် ရောက်ရှိနေသဖြင့် စိတ်သွားတိုင်းကိုယ်မပါနိုင်ခဲ့။

သီပေါဘုရင်၏အလောင်းတော်ကို ဂူသွင်းသည့်ခဲ့သည့်အခါ စုဖုရားလတ် တက်ရောက်ခြင်းမရှိခဲ့။

(သီပေါဘုရင်၏ဈာပနအခမ်းအနားတွင် ဗုဒ္ဓဘာသာ မြန်မာတို့၏ ထုံးစံနှင့်အညီ သင်္ဂြိုဟ်ခဲ့သည်ဟု အိမ်တော်အမှုထမ်းမှန်ကာပါဝါ၏ ထွက်ဆိုချက်အရ မှတ်တမ်းတင်ထားခြင်းရှိသည်။ မှန်ကာပါဝါတ အလောင်းတော်ကို တရားစာများ ရွတ်ဖတ်နေသော ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတစ်ပါး ရှေ့မှောက်မှာပင် ဂူသွင်းသင်္ဂြိုလ်ခဲ့ကြောင်း၊ စုဖုရားလတ်မှာ ထိုအခမ်းအနားသို့ တက်ရောက်ခြင်းမရှိဘဲ သမီးတော်များသာ တက်ရောက်ခဲ့သည်။ ဈာပနအခမ်းအနားကျင်းပစဉ် မိမိအနီးတွင် လက်ထောက်ကောလိပ်တော်အရာရှိ ရှဟာလ်ကာလည်းရှိနေကြောင်း ထွက်ဆိုခဲ့သည်။

၁၉၁၉ ခုနှစ် ဧပြီလ (၂၄) ရက်နေ့တွင် ပြည်တော်ပြန်ခွင့်ရပြီဖြစ်သော စုဖုရားလတ်နှင့်သမီးတော်များကို အင်္ဂလိပ်အစိုးရက ရတနာဂီရိမှ ဘုံဘေသို့ ခေါ်ဆောင်ခဲ့သည်။

နန်းကျဘုရင်၏မိဖုရားကြီးနှင့်မိသားစုသည် ဘုံဘေမှတဆင့် ကလကတ္တားသို့ မီးရထားဖြင့် ရောက်ရှိလာသည်။ ကာလကတ္တားတွင်





ဒုတိယသမီးတော်နှင့် သမက်တော်တို့ လာရောက်တွေ့ဆုံသည်။ စုဖုရားလတ်သည် သမီးတော်အရှင်ထိပ်စုမြတ်ဖုရားလတ်ကို အတွေ့ခံခဲ့သော်လည်း လာရောက်ကန်တော့သော သမက်တော် ဦးခင်မောင်လတ်ကို မောင်းထုတ်ခဲ့သည်။

ပထမသမီးတော် အရှင်ထိပ်စုမြတ်ဖုရားကြီးသည် သမီးငယ်တုတုနှင့်အတူ ရန်ကုန်သို့ လိုက်ပါပို့ဆောင်သည်။ စုဖုရားလတ်၏ ပြည်တော်ပြန်ခရီး၌ တတိယသမီးတော် အရှင်ထိပ်စုမြတ်ဖုရားနှင့် စတုတ္ထသမီးတော် အရှင်ထိပ်စုမြတ်ဖုရားလေးတို့ပါခဲ့သည်။

ပြည်တော်ပြန် မိဖုရားကြီးစုဖုရားလတ်နှင့်မိသားစုကို အင်္ဂလိပ်အစိုးရက ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိစံအိမ်တွင် နေရာချထားပေးသည်။ ကိုယ့်မင်းကိုယ့်ချင်းလမ်း (ချာချီလမ်း) အမှတ် (၂၃) မှာ စုဖုရားလတ် နောက်ဆုံးနေသွားခဲ့သည့်စံအိမ်ပင် ဖြစ်သည်။

အသက် ၅၇ နှစ်အရွယ်တွင် မုဆိုးမဘဝသို့ ရောက်သွားခဲ့ရသော စုဖုရားလတ်သည် အကျဉ်းစံဘဝတွင် နှစ်ရှည်လများ နေခဲ့ရသော်လည်း စိတ်ဓာတ်ကျခြင်းမရှိ။ အင်္ဂလိပ်အစိုးရက ထောက်ပံ့သည့်ငွေနည်းပါးသည့်ဘဝမှာပင် ရဲရင့်ထက်မြက်သည့် မိဖုရားတစ်ပါးအဖြစ်နှင့် နေထိုင်ခဲ့သည်။

စုဖုရားလတ်သည် မာရသီအိန္ဒိယအမျိုးသားနှင့် အိမ်ထောင်ကျသွားသော ပထမသမီးတော်ကို အခေါ်အပြောမပျက်ခဲ့သော်လည်း အိမ်တော်ပါကျွန်ဟု သတ်မှတ်ထားသည့် လတ်သခင်နှင့် အိမ်ထောင်ကျသွားသော ဒုတိယသမီးတော်အား ဖခင်ကို သတ်သူအဖြစ် သတ်မှတ်ကာ ခွင့်မလွှတ်ခဲ့။

တတိယသမီးတော်နှင့် စတုတ္ထသမီးတော်တို့မှာ စုဖုရားလတ်ကို စိတ်ထိခိုက်အောင် လုပ်ခဲ့သူများ မဟုတ်ပေ။ တတိယသမီးတော်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးမကောင်းသူဖြစ်သည်။ တတိယသမီးတော်ကို အသက် (၃၃) နှစ်အရွယ် အိမ်ရှေ့စံကနောင်မင်းသားကြီး၏မြေးတော်ဖြစ်သည့် သခင်ထိပ်တင်ကိုယ်တော်ကြီးနှင့် စုံဖက်ပေးခဲ့သည်။ အိမ်ထောင်ကျပြီး နောက်နှစ်ခန့်တွင်မှ တတိယ သမီးတော်နှင့် ကြင်ယာတော် သခင် ထိပ်တင်ကိုယ်တော်ကြီးတို့ စိတ်သဘောထားချင်း မတိုက်ဆိုင်သဖြင့် ကွာရှင်းပြတ်စဲခဲ့သည်။ ထို့နောက်တွင် တတိယသမီးတော်သည် ရှေ့နေ တစ်ဦးနှင့် အိမ်ထောင်ပြုခဲ့သည်။ တတိယသမီးတော်သည် ၁၉၆၂ ခု ဇူလိုင်လ (၂၁) ရက်နေ့တွင် ကင်ဆာရောဂါဖြင့် ပြင်ဦးလွင်တွင် ကွယ်လွန်သွားခဲ့သည်။

စတုတ္ထသမီးတော်မှာ စုဖုရားလတ်နည်းတူ ရဲရင့်ထက်မြက် သူဖြစ်သည်။ ၁၉၂၁ ခုနှစ်တွင် ရဟန်းလူထွက် ဦးခိုင်နှင့် အိမ်ထောင် ကျခဲ့ပြီး၊ သားတော်လေးပါးနှင့် သမီးတော်နှစ်ပါးကို ဖွားမြင်သည်။

သမီးတော်လေးပါးအနက် စတုတ္ထသမီးတော်မှာ သီပေါဘုရင် နှင့် မိဖုရားကြီးစုဖုရားလတ်တို့၏အချစ်ဆုံး နှင့် အားကိုးအားထားအပြုရဆုံး သမီးတော်ဖြစ်သည်။

စတုတ္ထသမီးတော်သည် မိသားစုတစ်စုလုံးအတွက် ရသင့် ရထိုက်သော အခွင့်အရေးများကို ဦးဆောင်ဦးရွက်ပြု၍ တောင်းဆိုခဲ့ သူဖြစ်သည်။

စတုတ္ထသမီးတော်သည် အင်္ဂလိပ်စာကို ကြိုးကြိုးစားစား သင်ယူခဲ့သည်။ စံအိမ်တော်၏အရေးကိစ္စမှန်သမျှကို ဒိုင်ခံဖြေရှင်းခဲ့ရ သူလည်းဖြစ်သည်။

သီပေါဘုရင် နတ်ရွာစံပြီးနောက် ရတနာဂီရိမှ မထွက်ခွာမီ မယ်တော်စုဖုရားလတ်နှင့်အတူ ရသင့်ရထိုက်သော အခွင့်အရေးများကို အင်္ဂလိပ်အစိုးရထံမှ တောင်းခံခဲ့သည်။ ဖခင်မင်းတရား၏အလောင်းတော်





ကို မြန်မာပြည်သို့ သယ်ယူခွင့်ရရန် ကြိုးစားခဲ့သည်။ သို့သော် အင်္ဂလိပ် အစိုးရက ခွင့်မပြုခဲ့ပေ။

ရန်ကုန်သို့ ပြန်ရောက်ခဲ့ပြီးသည့်နောက်တွင် မယ်တော်စုဖုရား လတ်နှင့်အတူ နေထိုင်ခဲ့သည်။ စတုတ္ထသမီးတော်သည် မန္တလေးတွင် နေထိုင်ခွင့်ရစဉ် စတုတ္ထသမီးတော်၏အရေးတော်ပုံစာတမ်းကို ရေးသား ထုတ်ဝေခဲ့ပြီး နိုင်ငံပေါင်းစုံသမဂ္ဂ (ထိုစဉ်က ကုလသမဂ္ဂမဖြစ်သေး) သို့ ပေးပို့ခဲ့သဖြင့် မော်လမြိုင်သို့ အကျယ်ချုပ်နှင့် အပို့ခံရသည်။ ၁၉၃၆ ခုနှစ် မတ်လ (၃) ရက် သက်တော် ၄၈ နှစ်တွင် ကွယ်လွန်သည်။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

# နာကျည်းမှုန်းတီးလှစွာဖြင့်

မြန်မာနိုင်ငံ မိုးကောင်းကင်အောက်သို့ ပြန်လည်ရောက်ရှိခဲ့သည့် အချိန်ကာလသည် စုဖုရားလတ်အတွက် ဝမ်းသာဝမ်းနည်းဖြစ်ရသော အချိန်ကာလများဟု ဆိုရပေလိမ့်မည်။

စုဖုရားလတ်မှာ အိမ်ဝင်းကျဉ်းကျဉ်းတွင် နေရသည့်ဘဝ။ အင်္ဂလိပ်အစိုးရနှင့် တိုက်ရိုက်မဆက်ဆံရဘဲ ပုလိပ်တို့နှင့်သာ ဆက်ဆံနေရသည့်ဘဝ၊ အင်္ဂလိပ်အစိုးရ၏ ပင်စင်ရိက္ခာတို့ကို လျှော့ချခံရသည့် ဘဝတွင် နေနေရသည်ကို မကျေနပ်။ (လစာ လေးထောင်ထောက်ပံ့နေရာမှ သမီးတော်များ လက်ထပ်ပြီးသည့်နောက်တွင် လစာနှစ်ထောင့်ငါးရာသာ ရတော့သည်။)

စုဖုရားလတ်သည် သီပေါဘုရင်နှင့် ညီမတော် စုဖုရားကလေးတို့၏အလောင်းတော်တို့ကို ရန်ကုန်သို့ သယ်ယူသင်္ဂြိုလ်ခွင့်ရစေရန် အင်္ဂလိပ်အစိုးရသို့ အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း အင်္ဂလိပ်အစိုးရက လက်မခံခဲ့ပေ။





ထိုအချိန်က မိဖုရားကြီး စုဖုရားလတ်ထံသို့ လူထုခေါင်းဆောင်များ၊ နိုင်ငံရေးသမားများ၊ စာရေးဆရာများ လာရောက်ခစားခဲ့ကြသည်။ စုဖုရားလတ်ထံ လာရောက်ကြသူတို့မှာ အိမ်တော်အဝင်အထွက်တွင် အစစ်ဆေးခံကြရသည်။ စုဖုရားလတ်အား သံဆူးကြိုးများ ကာရံထားသော ခြံဝင်းအတွင်း၌ ပုလိပ်အစောင့်အရှောက်များနှင့်ထားသည့် စံအိမ်တော်တွင် အကျဉ်းခံနေရသည်သို့သာ ရှိသည်။

မြန်မာသတင်းစာဆရာများက 'အရှင် မိဖုရားခေါင်ကြီး စောင့်ရှောက်ရေးကော်မတီ' ကို မိဖုရားကြီး၏ ဘာသာရေး၊ လူမှုရေးကိစ္စများတွင် ကူညီနိုင်ရန် ဖွဲ့စည်းခဲ့သည်။

အရှင်မိဖုရားခေါင်ကြီး စောင့်ရှောက်ရေးကော်မတီတွင် သခင်ကိုယ်တော်မှိုင်း (ဆရာလွန်း)၊ နေရှင်နယ်ဦးမြင့်၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ တတိယသမီးတော်၏ ကြင်ယာတော် ထိပ်တင်ကိုယ်တော်ကြီး၊ လွှယ်အိတ်ကြီး ဦးဘလှိုင်၊ မြန်မာ့အလင်း ဦးစိန်၊ ဓေယျသတင်းစာပိုင်ရှင် ဦးသြ (ဆရာဓေယျ) စသည့် ပုဂ္ဂိုလ်တို့ ပါဝင်သည်။

ထိုကော်မီတီသည် စုဖုရားလတ်စံအိမ်တွင် အစည်းအဝေးကျင်းပလေ့ရှိသည်။ (တစ်လနှစ်ကြိမ်ခန့် တနင်္ဂနွေနေ့များတွင် ကျင်းပတတ်သည်။) အစည်းအဝေးကျင်းပကာ ဆွေးနွေးတိုင်ပင်ကြပြီးသည့်နောက်တွင် စုဖုရားလတ်ထံသို့ အခစားဝင်တတ်ကြသည်။ အခစားဝင်ရာတွင် ဘုရင့်နန်းတွင်းမှာကဲ့သို့ပင် ဒူးထောက်ခေါင်းငုံ့ပြီး ခစားကြရသည်။

စုဖုရားလတ်သည် သလွန်တော်ရှိရာသို့ လာရောက်စံမြန်းပြီးနောက် ခစားရန် ရောက်ရှိနေသူများနှင့် အလွှာပသလ္လာပပြောဆိုတတ်သည်။

'အရှင်မိဖုရားခေါင်ကြီးအမိန့်ဖြင့် မင်းညီမင်းသားများကို ကွပ်မျက်ခဲ့တယ်ဆိုတာ အမှန်ပဲလား ဘုရား'

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



မိ္ဖုရားကြီးထံသို့ အခစားဝင်လေ့ရှိသော သခင်ကိုယ်တော်မှိုင်း (ဦးလှ္ဖိုန်း) က ထိုသို့မေးဖူးသည်။ ထိုအခါ မိဖုရားခေါင်ကြီး စုဖုရားလတ်က တည်ငြိမ်စွာပင် ပြန်လည်အဖြေပေးခဲ့သည်။

'အဲဒီအချိန်တုန်းက မောင်တော်ဘုရင်မင်းမြတ်က အသက်နှစ်ဆယ်၊ ငါက ဆယ့်ကိုးနှစ်ပဲ ရှိသေးတယ်။ မယ်တော်နဲ့ဝန်ကြီးတွေက မောင်တော့်ကို နန်းပလ္လင်ပေါ်တင်လို့သာ ဘုရင်နဲ့ မိဖုရားဖြစ်ခဲ့ရတာ။ တို့အသက်အရွယ်က တိုင်းပြည်အုပ်ချုပ်ဖို့ကို ရေရေရာရာ သိသေးတဲ့ အရွယ်မဟုတ်ဘူး၊ ဆွေတော်မျိုးတော်တွေကို သုတ်သင်ပစ်လိုက်တယ် ဆိုတာ ငါတို့နန်းတက်ပြီးတော့ ခြောက်လလောက်ကြာမှ ဝန်ကြီးတွေဆီက သိခဲ့ရတာ'

(သီပေါဘုရင်ကလည်း မင်းညီမင်းသားများအား သတ်ဖြတ်ခြင်းကို သူမသိခဲ့ကြောင်း နိုင်ငံခြားသတင်းထောက်များကို ပြောခဲ့ဖူးသည်။)

မိဖုရားခေါင်ကြီး စုဖုရားလတ်အား အနီးကပ်ဖူးတွေ့ခဲ့ကြရသော စာရေးဆရာတို့က စုဖုရားလတ်၏ပုံရိပ်ကို စာတစ်စောင် ပေးတဖွဲ့ရေးကြသည်။ ထိုသို့ ရေးကြသူတို့တွင် ဦးဘသော် (မင်္ဂလာဂေဟာ) ၏ ရေးသားချက်မှာ စုဖုရားလတ်၏ ပုံရိပ်ဟန်ပေါ်လွင်နေပါသည်။

ဦးသော်က 'မိဖုရားခေါင်ကြီးမှာ အသက်ခြောက်ဆယ့်နှစ်နှစ်ခန့်ရှိလိမ့်မည်ထင်သည်။ အရပ်အမောင်းပြတ်ပြတ်၊ မျက်နှာတော်ဖြူဝင်းလှပတင့်တယ်နေသေးသော်လည်း လောကဓံ၏ထုထောင်းမှုဒဏ်ကို ခံထားရသဖြင့် အနည်းငယ်ပို၍ အိုမင်းရင့်ရော်နေသည်ဟု ထင်ရသည်'' ဟု ရေးသားခဲ့သည်။

စုဖုရားလတ်သည် သူ့ထံ လာရောက်ခစားသူတို့အား ကျွေးမွေးညှို့ခံတတ်သည်။ စုဖုရားအပါး၌ ခစားသူတို့မှာ သန့်ရှင်းစင်ကြယ်စွာ





ဝတ်စားရသည်။ ယောက်ျားများမှာ တိုက်ပုံအင်္ကျီ၊ ရင်ဖုံးအင်္ကျီတို့ဖြင့် ကြယ်သီးရင်စေ့တပ်ကာ ဝတ်ဆင်ရသည်။ ခေါင်းတွင်လည်း ပုဝါစကို ချ၍ ခေါင်းပေါင်း ပေါင်းကြရသည်။ အမျိုးသမီးတို့မှာ ဆံထုံးကို သပ်ရပ်စွာ ထုံးဖွဲ့ကြရသည်။

စုဖုရားသည် နေ့စဉ်နေ့တိုင်းသံဃာတော် (၅) ပါးကို ဆွမ်းလောင်းလှူသည်။ ဆွမ်းဟင်းနှင့် ဆွမ်းတို့ကို တစ်ပါးလျှင် သပိတ်တစ်လုံးအပြည့် လောင်းလှူသည်။ ရတနာသုံးပါးကို ကြည်ညိုလေးစားသူတစ်ဦးဖြစ်သကဲ့သို့ စာပေ ကဗျာ လင်္ကာ တို့ကိုလည်း လေ့လာပတ်ရှုသည်။

ကိုယ့်မင်းကိုယ့်ချင်းလမ်း (ချာချီလမ်း) စံအိမ်တွင် စံမြန်းစဉ် စုဖုရားလတ်သည် တစ်နှစ်လျှင် ပွဲလေးပွဲကျင်းပသည်။ ထိုပွဲများမှာ ဝါဆိုပွဲ၊ ဝါကျွတ်ပွဲ၊ တန်ဆောင်တိုင်ပွဲ၊ သင်္ကြန်ပွဲတို့ဖြစ်သည်။ ပွဲတစ်ပွဲအတွက် အင်္ဂလိပ်အစိုးရက ငွေသုံးထောင် ထောက်ပံ့သည်။

စုဖုရားလတ် စံအိမ်တော်တွင် အငြိမ့်ခံစဉ် ပွဲကြည့်သူမရှိသဖြင့် ထိပ်တင်ကိုယ်တော်ကြီးအား ပွဲကြည့်မည့်သူရှာခိုင်းရာ ဓေယျသတင်းစာမှ စာစီများ၊ အမှုထမ်းများနှင့် စာရေးဆရာကြီး ဆရာဓေယျကိုယ်တိုင် ပွဲကြည့်ရန် သွားခဲ့သည်။

စုဖုရားလတ်သည် အင်္ဂလိပ်တို့ကို သေသည်အထိ နာကျည်းမုန်းတီးသွားသူဟု ဆိုရမည်။ မြန်မာပြည် ရန်ကုန်မြို့သို့ ပြန်ရောက်စဉ် အင်္ဂလိပ်အမှုထမ်းတို့ကို အတွေ့မခံခဲ့။ (အင်္ဂလိပ်တို့က ဆေးကုသပေးမည် ပြောသည်ကိုပင် လက်မခံဘဲ အသေခံသွားခဲ့သည်ဟုလည်း ဆိုကြသည်။)

၁၉၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် သီပေါဘုရင်မင်းတရား၏ မိဖုရားခေါင်ကြီး စုဖုရားလတ်ကွယ်လွန်သည်။



www.burmeseclassic.com

www.burmeseclassic.com



စုဖုရားလတ်ကွယ်လွန်စဉ်တွင် အရှင်မိဖုရားခေါင်ကြီး စောင့်ရှောက်ရေး ကော်မတီက အလောင်းတော်ကို မန္တလေးသို့ သယ်ယူပြီး စည်ကားသိုက်မြိုက်စွာ သဂြိုဟ်ရန် စီစဉ်သည်။ သို့သော် အင်္ဂလိပ်အစိုးရက လက်မခံ။ ဈာပနအခမ်းအနားပြုလုပ်ရန် ညောင်ရွှေစော်ဘွား ဆာစောမောင်ကို ခေါ်ယူခဲ့သည်။

ဆာစောမောင်က အင်္ဂလိပ်အစိုးရအကြိုက်လိုက်ကာ လုပ်ကိုင်သည်ကို အရှင်မိဖုရားခေါင်ကြီးစောင့်ရှောက်ရေးကော်မတီဝင် လူငယ်များ ကမကျေနပ်ကြ။ ထို့ကြောင့် ဈာပနအခမ်းအနားကို သပိတ်မှောက်ပြီး ထွက်ခဲ့ကြသည်။

အင်္ဂလိပ်တို့က မိဖုရားခေါင်ကြီး စုဖုရားလတ်ကို သာမန်မသာတော် အခမ်းအနားဖြင့် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ခြေရင်းရှိ ကန်တော်မင်ပန်းခြံတွင် မြုပ်နှံသဂြိုဟ်လိုက်သည်။

တစ်ချိန်က ရတနာပုံနေပြည်တော်တွင် ရဲရင့်ထက်မြက်သည့်၊ မြန်မာ့သမိုင်းစာမျက်နှာရှိ မိဖုရားများထဲတွင် အထင်ရှား အကျော်ကြားဆုံး မိဖုရားဖြစ်ခဲ့သည့် အရှင်မိဖုရားခေါင်ကြီး စုဖုရားလတ်မှာ ကန်တော်မင်ပန်းခြံတွင် သာမန်မထင်မရှားဘဝဖြင့် သဂြိုဟ်ခြင်းခံရကာ လူ့ဘဝခရီးကို အဆုံးသတ်သွားခဲ့ရလေသည်။

❑ ❑ ❑



# ကျွန်ဖြစ်လို့ နွံနစ်ရပြီ

လက်နက်အင်အားချင်း အပုံကြီးကွာနေသော၊ ခေတ်မီလက်နက်များ တပ်ဆင်ထားပြီး စည်းကမ်းသေဝပ်သော၊ အင်္ဂလိပ်တပ်ကို ခုခံတိုက်ခိုက်လျှင် အရေးနိမ့်မည်ဟု ကင်းဝန်မင်းကြီး တွက်ဆမိပြီးဖြစ်သည်။ ထို့ကြောင့် ကင်းဝန်မင်းကြီးသည် အင်္ဂလိပ်တို့နှင့်မတိုက်ခိုက်ရေး၊ အင်္ဂလိပ်တို့အား မဆန့်ကျင်ရေးအတွက် ကြိုးစားခဲ့သည်။

အင်္ဂလိပ်တို့၏ ရာဇသံကို ပြန်ကြားပြီးနောက်တစ်နေ့ နိုဝင်ဘာလ (၇) ရက်နေ့တွင် သီပေါဘုရင်သည် မှူးမတ်များကို ညီလာခံခေါ်သည်။ ညီလာခံတွင် မယ်တော်မိဖုရားကြီး ဆင်ဖြူမရှင်၊ တိုင်တားမင်းကြီး၊ လှေသင်းအတွင်းဝန်၊ ပင်းမြို့စားအတွင်းဝန်၊ ပေါက်မြိုင်မြို့စားအတွင်းဝန်၊ မြို့သစ်မြို့စားအတွင်းဝန်၊ ကျောက်မြောင်းမြို့စားအတွင်းဝန် (ဖန်ချက်ဝန်ထောက်) စသည့် မှူးကြီးမတ်ကြီးများ တက်ရောက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ညီလာခံ၌ အင်္ဂလိပ်တို့က နေပြည်တော်ကို တိုက်ခိုက်ရန် ရေကြောင်းမှ ချီတက်လာနေခြင်းအတွက် တိုင်ပင်ကြသည်။ ကင်းဝန်မင်းကြီး ဦးကောင်း၊ တောင်ခွင်မင်းကြီး ဦးသိုင်း၊ ပေါက်မြိုင်အတွင်းဝန် ဦးလှဘူး၊ ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုးတို့က စစ်မတိုက်ဘဲ အင်္ဂလိပ်တို့၏ တောင်းဆိုမှုကို လိုက်လျောရန် လျှောက်တင်သည်။ တိုင်တားမင်းကြီး၊ လေ့သင်းအတွင်းဝန်နှင့် မိဖုရားစုဖုရားလတ်တို့က လက်နက်အင်အားချင်း မျှသည် မမျှသည်ကို အရေးမထားဘဲ အသေခံ၍ ခုခံတိုက်ခိုက်ရန် သီပေါဘုရင်ကို လျှောက်တင်သည်။

စစ်တိုက်ရန် မတိုက်ရန် ညီလာခံတွင် အခြေအတင် ဆွေးနွေးကြပြီး စစ်တိုက်ရန်လိုလားသူတို့ဘက်မှ အရေးသာသွားသည်။ သီပေါဘုရင်က ညီလာခံတွင် စစ်မိန့်ပေးလိုက်လေ၏။

သီပေါဘုရင်က စစ်မိန့်ထုတ်ပြီးသည်နှင့် ရန်သူအင်္ဂလိပ်တို့အား ခုခံတိုက်ခိုက်ရန် တပ်များ စီစဉ်ဖွဲ့စည်းသည်။ ထိုအချိန်မတိုင်ခင်ကတည်းကပင် အင်္ဂလိပ်တပ်များမှာ အိန္ဒိယမှနေ၍ နယ်စပ်သရက်မြို့သို့ ရောက်ရှိလာနေကြပြီ။ အင်္ဂလိပ်တို့သည် မြန်မာဘုရင်က ရာဇသံကို လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ၊ စစ်တိုက်ခိုက်ရန် ပြင်ဆင်ထားပြီးဖြစ်သည်။

မြန်မာတို့က နယ်ချဲ့အင်္ဂလိပ်တို့အား တိုက်ခိုက်ရန် စစ်ကြောင်းကြီး သုံးကြောင်းခွဲထုတ်သည်။ လက်ဝဲဝင်းတော်မှူးကြီး သီရိမဟာဇေယျကျော်ထင်၊ လေ့သင်းအတွင်းဝန်က အောက်မြစ်စဉ် ရေကြောင်းဌာနကိုလည်းကောင်း၊ အက္ကပတ်မြင်းဝန် ပင်လယ်မြို့စားကြီး မဟာမင်းထင်ရာဇာက တောင်တွင်းကြီး စစ်ကြောင်းကိုလည်းကောင်း၊ မြို့ဝန်ရွှေလုံ့ဗိုလ် ကောလင်းမြို့စား မင်းကြီးမဟာမင်းခေါင်နော်ရထာက တောင်ငူစစ်ကြောင်းကိုလည်းကောင်း၊ အုပ်ချုပ်ကွပ်ကဲကာ အင်္ဂလိပ်တို့အား





တိုက်ခိုက်ရန် ချီတက်စေသည်။ စစ်ကြောင်းတစ်ကြောင်း စီတွင် ရဲမက်ငါးထောင်ကျော်စီဖြင့် ဖွဲ့စည်းထားသည်။

ဧရာဝတီမြစ်ကြောင်းအတိုင်း ခံစစ်တာဝန်ကို ယူထားသော ဗိုလ်ချုပ်သီရိမဟာဇေယျကျော်ထင် လေ့သင်းအတွင်းဝန်က သူ၏ တပ်များကို အင်္ဂလိပ်မြန်မာ နယ်ခြားမှစ၍ မင်းလှခံတပ်ထိ ခံစစ်ကြောင်း ငါးကြောင်းခွဲပြီး တပ်စွဲစေသည်။

မြန်မာတို့မှာ အင်္ဂလိပ်တို့၏ရာဇသံကို ပြန်ကြားပြီးမှ စစ်တိုက်ရန် ပြင်ဆင်ကြခြင်းဖြစ်သည်။ ထိုအချိန်တွင် အင်္ဂလိပ်တို့က အိန္ဒိယမှတပ်များကို ခေါ်ယူကာ သရက်မြို့တွင် စစ်ထွက်ရန် အသင့်ရှိနေပြီးဖြစ်သည်။ မေဂျာဂျင်နရယ်ပရင်ဒါဂတ်ဦးစီးသော အင်္ဂလိပ်တပ်များသည် ရာဇသံမပေးသေးသော အောက်တိုဘာလ (၂) ရက်နေ့ကတည်းကပင် အထက်မြန်မာပြည်သို့ ချီတက်သိမ်းပိုက်ရန် အမိန့်ကို နာခံရရှိထားပြီးဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

အောက်မြစ်စဉ် ခံစစ်ကြောင်းတွင် ရဲမက်အင်အား ငါးထောင် (ခံစစ်ကြောင်း၊ ငါးကြောင်းမှ စုစုပေါင်း အင်အားဖြစ်သည်။) အမြောက် ရှစ်လက်တင်တုလွှတ်ယာဉ်ကျော် သင်္ဘောတစ်စီးနှင့် စစ်ဖောင်စစ်လှေများစွာ ပါဝင်သည်။

တောင်ငူစစ်ကြောင်းတွင် ရဲမက်အင်အားတစ်ထောင့် ငါးရာခန့်နှင့် မြို့ဝန်ရွှေလုံ့ဗိုလ် ကောလင်းမြို့စားမင်းကြီးမဟာမင်းခေါင်နော်ရထာ ဦးစီးကာ ကုန်းကြောင်းချီ အင်္ဂလိပ်တပ်များကို ခုခံရန် ပြင်ဆင်သည်။

မေဂျာဂျင်နရယ်ပရင်ဒါဂတ်ဦးစီးသော အင်္ဂလိပ်စစ်တပ်အင်အားမှာ တစ်သောင်းကျော်ရှိသည်။ အမြောက်ကြီး ၇၇ လက်၊ အမြန်ပစ်စက်အမြောက် ၂၇ လက်စသည့် လက်နက်ကြီးများကို အသုံးပြုပြီး သင်္ဘောကြီး ၂၄ စင်း၊ တွဲသင်္ဘောငယ် ၂၃ စင်းတို့ဖြင့် မြစ်ကြောင်းအတိုင်း ချီတက်တိုက်ခိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်တို့က ခံစစ်တပ်ဦးဖြစ်သော ဆင်ပေါင်ဝဲခံစစ်ကြောင်းကို [illegible]သည်။ မြန်မာတို့၏ရေတော့လွှတ်ယာဉ်ကျော် တိုက်သင်္ဘောကို [illegible] သိမ်းယူသွားသည်။

အင်္ဂလိပ်တို့သည် မြန်မာခံစစ်ကြောင်းတို့ကို တစ်ခုပြီးတစ်ခု ဖြိုချက်သည်။ ခေတ်မီလက်နက်များ တပ်ဆင်ထားသော၊ အဝေးပစ်သေနတ်ကြီးများဖြင့် တိုက်ခိုက်နေသော အင်္ဂလိပ်တို့ကို ဟောင်းနွမ်းသော လက်နက်များ၊ ရန်သူတို့ကို ဟန့်တားရန် မစွမ်းဆောင်နိုင်သော အမြောက်များ၊ ရရာဓားလှံလက်နက်များဖြင့် မြန်မာတို့က ရွတ်ရွတ်ချွံချွံ၊ ပြန်လည်ခုခံတိုက်ခိုက်ခဲ့သည်။

ခံတပ်တစ်ခုပြီးတစ်ခုကို ဖြိုဖျက်တိုက်ခိုက်လာခဲ့သော အင်္ဂလိပ်တို့သည် မင်းလှခံတပ်ကို အလွယ်တကူနှင့် တိုက်ခိုက်အောင်မြင်ခြင်းမရှိ။ မင်းလှခံတပ်တွင် မြန်မာတို့က ရဲစွမ်းပြခဲ့ကြကြောင်းကို အင်္ဂလိပ်သမိုင်းဆရာများ၊ အင်္ဂလိပ်ဗိုလ်ချုပ်များက မှတ်တမ်းတင်ခဲ့ကြသည်။

အရှုံးပေးအညံ့ခံရသည်ထက် အမျိုးသားဇာတိမာန်ဖြင့် တိုက်ခိုက်ရင်း သေသွားသည်က ကောင်း၏ဟု သဘောပိုက်ကာ ပြန်လည်တိုက်ခိုက်ကြသည်။ မင်းလှခံတပ်တွင် မြန်မာတပ်များသည် သတ္တိရှိရှိ၊ ဇွဲရှိရှိနှင့် ရဲရဲဝံ့ဝံ့ ခုခံတိုက်ခိုက်ခဲ့သည်။

မြန်မာတို့သည် ရှုံးနိမ့်နေလျက်က ခံစစ်နယ်မြေမှ ဒရောသောပါး ဆုတ်ခွာခြင်းမပြု။ ခံစစ်ကြောင်းမှ တပ်ခြင်းလဲပြီး စည်းကမ်းတကျ ဆုတ်ခွာကြသည်။

မြန်မာတို့ကို နှိမ့်ချသော၊ မြန်မာတို့ကို အထင်သေး ပြောဆိုတတ်သော၊ ရန်သူဘက်တော်သားတို့ကပင် ချီးကျူးပြောဆိုခြင်းခံရသော မြန်မာ့တပ်သည် မင်းလှခံတပ်တိုက်ပွဲတွင် ရှုံးနိမ့်ခဲ့ရသော်လည်း ဂုဏ်သိက္ခာရှိစွာဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။





အင်္ဂလိပ်တို့သည် ဧရာဝတီမြစ်ကြောင်းအတိုင်း ဆက်လက်ချီတက်တိုက်ခိုက်ပြီး မြန်မာ့ခုခံရေးစစ်ကြောင်းများကို တစ်ခုပြီးတစ်ခု ဖြိုပြစ်သည်။

မြင်းခြံတွင် တပ်စွဲထားသော လေ့သင်းအတွင်းဝန်၏တပ်မကြီးသည် အလုံးအရင်းနှင့် ချီတက်လာသော အင်္ဂလိပ်စစ်တပ်အား တားဆီးနိုင်ရန် အပြင်းအထန် ပြန်လည်ခုခံတိုက်ခိုက်သည်။ တိုက်ခိုက်ရင်းနှင့် အားခြင်းမမျှသဖြင့် မြန်မာတို့ ရှုံးပြီး ဆုတ်ခွာရသည်။

မြင်းခြံတွင် အရေးနိမ့်ကြောင်း သတင်းရသည်နှင့် အင်းဝစစ်ကြောင်းတွင် တပ်စွဲနေသော ဗိုလ်မှူးအတွင်းဝန် မြို့သစ်မြို့စားမင်းကြီး မင်းလှမဟာဇေယျသင်္ကြန်က သီပေါဘုရင်ထံသို့ သတင်းပို့လျှောက်ထားသည်။

သီပေါဘုရင်သည် မိမိ၏တပ်များအရေးနိမ့်နေသည်ကို သတင်းရသည်နှင့် ရွှေဘိုဘက်သို့ထွက်ခွာရန် ဆင်အစီး ၅၀၊ မြင်းအစီး ၂၀၀ နှင့် ပစ္စည်းပစ္စယများတင်ကာ အသင့်ပြင်သည်။ ကင်းဝန်မင်းကြီးက ရွှေဘိုသို့ ထွက်ခွာခြင်း မပြုရန်။ အင်္ဂလိပ်တို့၏တောင်းဆိုချက်ကို လိုက်နာပြီး စစ်ကို ပြေငြိမ်းသင့်ကြောင်း၊ မန္တလေးမှ ထွက်ခွာလိုက်လျှင် ထီးနန်းကို ဆုံးရှုံးနိုင်ကြောင်း လျှောက်တင်သည်။ တစ်ချိန်က စစ်တိုက်ရန် လိုလားခဲ့သော တိုင်တားမင်းကြီးကိုယ်တိုင်ကလည်း ထိုအတိုင်း သဘောတူညီနေသည်။

သီပေါဘုရင်သည် ကင်းဝန်မင်းကြီး၏ အကြံပြုချက်ကို လက်ခံပြီး အင်္ဂလိပ်တို့နှင့် စစ်ပြေငြိမ်းရေးအတွက် ဆောင်ရွက်ရန် အမိန့်ပေးသည်။ မှူးမတ်များက ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုးနှင့် ဝက်မစွတ်ဝန်ထောက်ဦးရွှေအုပ်တို့အား အင်္ဂလိပ်တို့နှင့် စစ်ပြေငြိမ်းရေးအတွက် ဆောင်ရွက်စေသင့်ကြောင်း တင်လျှောက်သည်။ သီပေါဘုရင်က



www.burmeseclassic.com

www.burmeseclassic.com



သဘောတူညီပြီး၊ ကျောက်မြောင်းအတွင်းဝန်နှင့် ဝက်မစွက်ဝန်ထောက်တို့အား စစ်ပြေငြိမ်းရေးဆောင်ရွက်ရန် အင်္ဂလိပ်တို့ထံ စေလွှတ်လိုက်သည်။

မြန်မာကိုယ်စားလှယ်နှစ်ဦးသည် မြစ်ကြောင်းအတိုင်း စုန်ဆင်းအား အင်္ဂလိပ်တို့နှင့်တွေ့ဆုံ၍ စစ်ပြေငြိမ်းရေးအတွက် စေ့စပ်ပြေငြိမ်းစာကို ပေးအပ်သည်။

စာတွင်ပါသည့် အကြောင်းအရာမှာ အင်္ဂလိပ်တို့က မဟာမိတ်တိုင်းပြည်တစ်ပြည်ကို စစ်ပြုတိုက်ခိုက်လိမ့်မည်ဟု မိမိတို့မထင်ကြောင်း၊ အင်္ဂလိပ်တို့၏ရာဇသံကို ငြင်းဆိုခြင်းမပြုခဲ့ပါဘဲလျက်၊ အင်္ဂလိပ်တို့က တိုက်ခိုက်လာခြင်းအတွက် မိမိတို့ကလည်း မိမိတို့လူမျိုး၏ ဂုဏ်သိက္ခာကို စောင့်ထိန်းကာကွယ်ရန် ပြန်လည်တိုက်ခိုက်ရခြင်းဖြစ်သည်။ ယခုကိစ္စအတွက် နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲပြီး စစ်ပြေငြိမ်းကာ မဟာမိတ်စာချုပ်ချုပ်ဆိုပြီး ယခင်ကအတိုင်း နှစ်ပြည်ထောင် ချစ်ကြည်ရင်းနှီးစွာ နေထိုင်ရန် ကျွန်ုပ်တို့ လိုလားပါကြောင်း စသည်တို့ဖြစ်သည်။

အင်္ဂလိပ်တို့က စစ်ပြေငြိမ်းခြင်းကို လက်မခံ။ မန္တလေးသို့ရောက်အောင် အထက်မြန်မာပြည်သို့ ချီတက်မည်ဖြစ်ကြောင်း၊ သီပေါဘုရင်အနေနှင့် မိမိ၏လက်အောက်ခံတပ်များနှင့်အတူ လက်နက်ချစေလိုကြောင်း၊ နိုဝင်ဘာလ (၂) ရက်နေ့ (တန်ဆောင်မုန်းလပြည့်ကျော် ဖ ရက်) နံနက် (၄)နာရီ နောက်ဆုံးထား၍ သဘောထားကို ပြန်ကြားစေလိုကြောင်းများ ပါရှိသည်။ ပြန်ကြားစာကို မြန်မာကိုယ်စားလှယ်တို့အား ပေးအပ်သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်္ဂလိပ်တို့၏ သဘောထားပြန်ကြားချက်ကို ဘုရင်မင်းမြတ်ထံ အကြောင်းကြားရန် အင်းဝသို့ပြန်သည်။





နိုဝင်ဘာ ၁၇ ရက်နေ့ နေထွက်ချိန်အထိ သီပေါဘုရင်ထံမှ အကြောင်းပြန်ကြားချက်ရောက်ရှိမလာ။ ဂျင်နရယ်ပရင်ဒါဂတ်က အင်းဝခံတပ်ကို တိုက်ခိုက်ရန် တပ်ထွက်စေသည်။ အင်္ဂလိပ်စစ်သင်္ဘောများ ဆန်တက်လာရာ နံနက် (၁၀) နာရီတွင် စစ်သုံးအလံလွှင့်ထူပြီး စောင့်နေသော တိုက်ရေယာဉ်ကို တွေ့ရသည်။

မြန်မာကိုယ်စားလှယ်တို့သည် လွှတ်တော်မှ ပြန်ကြားသောစာနှင့် မြန်မာတပ်ဦးစီးကွပ်ကဲသူများထံသို့ လွှတ်တော်မှဆင့်ဆိုသည့် ကြေးနန်းစာတို့ကို ဂျင်နရယ်ပရင်ဒါဂတ်အား ပေးအပ်သည်။ ပရင်ဒါဂတ် လွှတ်တော်မှ ခုခံတိုက်ခိုက်ခြင်းမပြုရန် ဆင့်ဆိုခြင်းခံရသည့် မြန်မာတပ်များသည် အင်္ဂလိပ်သင်္ဘောဆက်လက်ချီတက်ခြင်းမပြုမီ လက်နက်ချရမည်ဟု တောင်းဆိုသည်။ မြန်မာကိုယ်စားလှယ်ဖြစ်သော ကျောက်မြောင်းအတွင်းဝန်နှင့်ဝက်မစွက်ဝန်ထောက်တို့က အင်းဝခံတပ်ရှိ မြန်မာတပ်မှူးကြီးအား သွားရောက်တွေ့ဆုံကာ လက်နက်ချရန် ပြောဆိုသည်။ တပ်မှူးကြီးအတွင်းဝန်က လက်နက်ချရန် ငြင်းဆန်သည်။

'ရေမြွေသခင် ဘုရင်မင်းမြတ်အမိန့်မှတပါး အခြားအမိန့်ကို မနာခံနိုင်။ ဘုရင်မင်းမြတ်ထံမှ အမိန့်မရသမျှ လက်နက်မချနိုင်',

မြန်မာကိုယ်စားလှယ်နှစ်ဦးသည် အခြေအနေကို လွှတ်တော်သို့ ကြေးနန်းရိုက်ပြီး အကြောင်းကြားသည်။ ထိုအချိန်တွင် အင်္ဂလိပ်တို့က စောင့်ဆိုင်းရသည်ကို သည်းမခံနိုင်ဘဲ ပိတ်ဆို့ထားသည့်မြစ်ကြောင်းကို ရှောင်ကွင်းကာ ဆန်တက်ပြီး အင်းဝခံတပ်၊ သပြေတန်းခံတပ်နှင့် စစ်ကိုင်းခံတပ်တို့ကို တိုက်ခိုက်ရန်ပြင်သည်။ ထိုအချိန်မှာပင် အင်းဝခံတပ်၊ သပြေတန်းခံတပ်နှင့်စစ်ကိုင်းခံတပ်ရှိ စစ်ဦးစီးများထံသို့ သီပေါဘုရင်၏ အမိန့် ရောက်လာသည်။

"အင်္ဂလိပ်တို့အား မခုခံရ၊ ခုခံသူ သူပုန်"



www.burmeseclassic.com

www.burmeseclassic.com



သီပေါဘုရင်မင်းမြတ်၏ကြေးနန်းအမိန့်သည် အင်းဝခံတပ်ရှိ ဘော်ရှုရှုကြီးနှင့်တကွ စစ်သည်ရဲမက်များအား ချက်ခြင်းအမိန့်နာခံစေသည်။ မြန်မာတပ်သည် အံတကြိတ်ကြိတ် တက်တခေါက်ခေါက်နှင့် ထောင်နက်ချ လိုက်ကြရသည်။ ရဲမက်အချို့မှာ မိမိတို့၏ လက်နက်များကို ရိုက်ချိုးပြီး ခံတပ်မှ ထွက်ခွာသွားကြသည်။

သပြေတန်းခံတပ်နှင့် စစ်ကိုင်းခံတပ်မှာလည်း ထို့အတူပင်ဖြစ်သည်။ သေနတ်တစ်ချက်မှမဖောက်၊ ဓားတစ်ချက်မှ မဝင့်လိုက်ရဘဲ လက်နက်ချလိုက်ကြရခြင်းအတွက် မကျေနပ်ကြ။ ဘုရင့်အမိန့်ဆိုသဖြင့် မကျေနပ်သော်လည်း လက်နက်ချလိုက်ကြရသည်။ သေတွင်းမှလွတ်ပြီဟု ကျေနပ်သူဆို၍ မရှိသလောက်ရှားသည်။ အသက်နှင့်ရင်းပြီး မိမိတို့ဘုရင်နှင့် မိမိတို့နိုင်ငံအတွက် မတိုက်ခိုက်ရသည့်အတွက် မကျေနပ်သူတို့က များသည်။

အမှန်စင်စစ်တွင် ခုခံခြင်း မပြုရဆိုသည့်အမိန့်မှာ သီပေါဘုရင်၏ အမိန့်မဟုတ်။ ကင်းဝန်မင်းကြီးက ဘုရင့်နာမည်ကို သုံးစွဲပြီးလက်နက်ချခိုင်းခြင်းသာ ဖြစ်သည်။

အင်းဝခံတပ်အပါအဝင် ခံတပ်များက လက်နက်ချပြီးသည်နှင့် သီပေါဘုရင်က အင်္ဂလိပ်တို့ တောင်းဆိုချက်များကို ခြွင်းချက်မရှိ သဘောတူကြောင်း ပြန်ကြားစာ ရရှိထားသည့် ပရင်ဒါဂတ်သည် မန္တလေးနေပြည်တော်သို့ ဆက်လက်ချီတက် သိမ်းပိုက်ရန် အစီအစဉ်ပြုလုပ်သည်။

အင်္ဂလိပ်တပ်ပေါင်းစုတို့ လိုက်ပါလာသော သင်္ဘောများ မန္တလေးဂေါဝိန်ဆိပ်သို့ နိုဝင်ဘာလ ၂၈ ရက် နံနက် ၁၀ နာရီတွင် ရောက်ရှိလာသည်။

ဂေါဝိန်ဆိပ်သို့ ရောက်သည်နှင့် ဗိုလ်မှူးကြီးစလေဒင်က ကင်းဝန်မင်းကြီးထံ စာတစ်စောင်ရေးပို့သည်။ ထိုစာတွင် ယမန်နေ့က





သဘောတူညီချက်အတိုင်း သီပေါဘုရင်လက်နက်ချပြီး ထီးနန်းအပ်ရေးအတွက် ဆွေးနွေးရန်၊ ရုဝံသင်္ဘောပေါ်ရှိ အင်္ဂလိပ်တပ်များ၏ စစ်သေနာပတိနှင့် လာရောက်တွေ့ဆုံရန်၊ လာရောက်စဉ်တွင် သီပေါဘုရင်ပါ လိုက်ပါလာရန် အကြောင်းကြားသည့်စာဖြစ်သည်။ အကယ်၍ မြန်မာတို့အနေနှင့် တစ်စုံတစ်ရာ ပြန်ကြားခြင်းမပြုလျှင် မိမိတို့တပ်များ ကမ်းပေါ်သို့ တက်ပြီး တောင်းဆိုချက်ရသည်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်းကိုပါ စာတွင်ထည့်သွင်းရေးသားသည်။

နန်းတော်မှ ပြန်ကြားချက်မရရှိသည့်အခါ အင်္ဂလိပ်တပ်များ ကုန်းပေါ်သို့ တက်ကြသည်။ မြို့သိမ်းတပ်ဖွဲ့သည် ဘင်ခရာများ တီးလျက် ယူနီယံဂျက်အလံကို ဝှေ့ယမ်းလျက် ချီတက်ကြသည်။

ဗိုလ်မှူးကြီးစလေဒင်ဦးစီးသောတပ် နန်းတော်ဝင်းအတွင်းသို့ ရောက်ရှိသည့်အခါတွင် ကင်းဝန်မင်းကြီးက ကြိုဆိုခြင်းပြုသည်။

သီပေါဘုရင်သည် နန်းတော်အတွင်းသို့ ဝင်ရောက်လာသော ဗိုလ်မှူးကြီးစလေဒင်ကို လက်ခံတွေ့ဆုံပြီး အသာတကြည်ပင် အင်္ဂလိပ်တို့၏ အလိုကို လိုက်လျောသဘောတူလိုက်လေသည်။ ထို့နောက် နန်းတော်အတွင်း ခေတ္တနေထိုင်ရန် ခွင့်တောင်းသည်။ ဗိုလ်မှူးကြီးစလေဒင်က သီပေါဘုရင်၏တောင်းဆိုချက်ကို စစ်သေနာပတိထံ တင်ပြပေးမည်ဖြစ်ကြောင်း၊ ယနေ့ နန်းတော်အတွင်း၌နေပြီး၊ နောက်တစ်နေ့တွင် ဘုရင်မင်းမြတ်အနေနှင့် မိမိကိုယ်ကို စစ်သေနာပတိလက်သို့ အပ်ရမည်ဖြစ်ကြောင်း ပြောဆိုသည်။

ဗိုလ်မှူးကြီးစလေဒင်ပြန်သွားသည့်နောက်တွင် သီပေါဘုရင်နှင့် နန်းတော်ကို စောင့်ရှောက်ရန်အတွက် ဗိုလ်မှူးချုပ်ဂိုက် အုပ်ချုပ်သောတပ် ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နိုဝင်ဘာ ၂၉ ရက်နေ့တွင် ဂျင်နရယ်ပရင်ဒါဂတ် ကိုယ်တိုင်ဦးဆောင်သော အင်္ဂလိပ်တပ်နန်းတော်သို့ ချီတက်သည်။ သီပေါဘုရင်သည် ၄င်း၏မိဖုရားနှစ်ပါး၊ မိဖုရား၏မယ်တော်တို့နှင့် နွေရာသီစံနန်းတော်တွင် ရှိနေသဖြင့် ဂျင်နရယ်ပရင်ဒါဂတ်သည် နွေရာသီစံနန်းတော်သို့ ဝင်သည်။

ဂျင်နရယ်ပရင်ဒါဂတ်သည် သီပေါဘုရင်အား နှုတ်ဆက်ပြီးနောက် ဘုရင်နှင့်မိဖုရားများအား ယခုပင် သင်္ဘောပေါ်သို့ရောက်အောင် သွားရမည်ဖြစ်ကြောင်း ပြောသည်။ ဘုရင်နှင့် မိဖုရားက ရက်ရွှေ့ဆိုင်းပေးရန် မေတ္တာရပ်ခံသည်။ သို့သော် ပရင်ဒါဂတ်က ရက်မရွှေ့နိုင်ကြောင်း၊ ယခုချက်ခြင်းပင် သင်္ဘောဆိပ်သို့ဆင်းရမည်ဖြစ်၍ ပြင်ဆင်မှုပြုလုပ်ရန် ပြောဆိုသည်။

သီပေါဘုရင်သည် သူ့အနီးတွင် ခစားနေသော ဝန်ကြီးများကို ကြည့်ပြီး မိမိနှင့်အတူ လိုက်ပါမည့်သူ ရှိမရှိမေးသည်။ ကျွန်တော်မျိုး လိုက်ပါပါမည်ဟုပြောသော ဝန်အိုကြီးတစ်ပါးမှလွဲပြီး ကျန်ဝန်ကြီး မှူးမတ်တို့ ခေါင်းငုံ့ပြီး ငြိမ်နေကြသည်။ သီပေါဘုရင် ပြုံးလိုက်ပြီး သလွန်တော်ပေါ်မှ ဆင်းသည်။

ဂျင်နရယ်ပရင်ဒါဂတ်သည် သီပေါဘုရင်ကို လက်ဆွဲနှုတ်ဆက်ရန် လက်ကမ်းသည်။ သို့သော် ဘုရင်မင်းမြတ်က နှုတ်ဆက်ခြင်းမပြုဘဲ၊ မိဖုရားနှစ်ပါး၊ မိဖုရားမယ်တော်တို့နှင့်အတူ ပရင်ဒါဂတ် ခေါ်ရာသို့ လိုက်ခဲ့သည်။

ဘုရင်နှင့်မိဖုရားတို့သည် နန်းတော်အတွင်းမှ နန်းမြို့ရိုးအပြင်ထိ ခြေလျင်ကြွခဲ့ကြရသည်။ လမ်းမကြီးပေါ်တွင် ဘီရိုလှည်းနှစ်စီးကို အသင့်ပြင်ထား၏။ မင်းမိဖုရားနှင့် မယ်တော်မိဖုရားကြီးတို့ ဘီရိုလှည်းများပေါ်သို့ တက်လိုက်ကြသည်။





ဘုရင်နှင့်မိဖုရားတို့သည် ထီးဖြူမိုးသော ဘီရိုလှည်းဖြင့် ကျောက်မိုးတံခါး (ယခု မင်္ဂလာတံခါး) မှ ထွက်ကြွတော်မူရသည်။ မြို့ရိုးအပြင်သို့ရောက်စဉ် မြို့သူမြို့သားတို့က ဘုရင်နှင့်မိဖုရားတို့အား တိုးဝှေ့ပြီးကြည့်ရှုကြသည်။ အံကြိတ်သူက ကြိတ်၊ ငိုသူက ငိုနှင့် အရှင်နှစ်ပါးအား နောက်ဆုံးဖူးမြော်ခြင်းအဖြစ် ဖူးမြော်ကြသည်။

သီပေါဘုရင်သည် ရေမြွေသခင် ဘုရင်တစ်ပါးမဟုတ်တော့ကြောင်း ပေါ်လွင်စေရန် ဘီရိုလှည်းတွင် ထီးဖြူကိုးစင်းမမိုးဘဲ ထီးဖြူရှစ်စင်းသာ မိုးထားသည်။

ရှေ့မှ အင်္ဂလိပ်တပ်များ ချီတက်ရာနောက်သို့ ဘီရိုလှည်းများက လိုက်ရသည်။ လှည်းနောက်တွင် ဘုရင်နှင့်မိဖုရားတို့၏အခြွေအရံများ၊ အပျိုတော်များက အထုတ်အပိုးများရွက်ပြီး လိုက်ပါလာသည်။ ဘီရိုလှည်း၏ ဘေးတစ်ဖက်တစ်ချက်တွင် လှံစွပ်ကိုင် စစ်သားများ လိုက်ပါလာကာ ဘင်ခရာနှတပ်သားများက သံစုံတီးလျက်လိုက်သည်။

ဂေါဝိန်ဆိပ်သို့ရောက်ပြီး သင်္ဘောပေါ်သို့ တက်မည့်အချိန်တွင် သီပေါဘုရင် တုန့်ဆိုင်းသွားသည်။ ဘုရင့်အနီးမှ မိဖုရားကြီးစုဖုရားလတ်က ရှေ့သို့တက်ကာ သီပေါဘုရင်၏လက်ကိုဆွဲလိုက်ပြီး သင်္ဘောပေါ်သို့ တက်သည်။

သူရိယသင်္ဘောသည် ဘုရင်နှင့်မိဖုရားတို့ကို တင်ဆောင်ပြီး မြစ်ထဲတွင် ကျောက်ချရပ်နားနေသည်။ နောက်တစ်နေ့ နိုဝင်ဘာလ ၃၀ ရက် (တန်ခေါင်မုန်းလပြည့်ကျော် ၉ ရက်နေ့) တွင် ဘုရင်နှင့်မိဖုရားတို့ကို တင်ဆောင်ထားသော သူရိယသင်္ဘောဂေါဝိန်ဆိပ်မှ ခွာသည်။

အင်္ဂလိပ်ဘပ် အစောင့်အရှောက်ဖြင့် ရန်ကုန်သို့ ဒီဇင်ဘာ ၆ ရက်နေ့တွင် ရောက်ရှိသည်။ အင်္ဂလိပ်တို့က ဘုရင်နှင့်မိဖုရားများအား



www.burmeseclassic.com

www.burmeseclassic.com



သွင်းသည့်သင်္ဘောပေါ်မှ 'ကလိုက်ဗ်' ခေါ် ပင်လယ်ကူး သင်္ဘောပေါ်သို့ ပြောင်းရွှေ့စေသည်။ ထို့နောက် ဒီဇင်ဘာ ၁၂ ရက်နေ့တွင် 'ဘာမ်းနင်း' သင်္ဘောပေါ်သို့ ရွှေ့ပြောင်းတင်ဆောင်ကာ အိန္ဒိယသို့ ပို့သည်။

သီပေါဘုရင်နှင့် မိဖုရားသည် အခြွေအရံများနှင့်အတူ ပထမအရပ်တွင်လည်းကောင်း၊ ထို့နောက် ရတနာဂီရိတွင်းလည်းကောင်း အကျဉ်းခံဘုရင်အဖြစ် နေရလေသည်။

အင်္ဂလိပ်တို့က မန္တလေးနေပြည်တော်ကို ချီတက်သိမ်းပိုက်ခဲ့ခြင်းမြန်မာတို့ 'ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုည' ကျွန်ဘဝသို့ ရောက်ခဲ့ရခြင်းသည် မည်သူမည်ဝါကြောင့်ဟု တရားခံအဖြစ် သတ်မှတ်ခံရသူတို့ ရှိခဲ့သည်။ အမှန်တွင် မြန်မာ့ထီးနန်းပျောက်ကွယ်ကာ ကျွန်ဘဝသို့ ရောက်ရခြင်းမှာ လူတစ်ဦးတစ်ယောက်ကြောင့် မဟုတ်သလို၊ ဘုရင်နှင့် မိဖုရားတို့ကြောင့်လည်း မဟုတ်။ ပြင်သစ်တို့နှင့် ချုပ်ဆိုသော စာချုပ် နန်းတွင်းသစ္စာဖောက်များကြောင့် အင်္ဂလိပ်တို့လက်သို့ ရောက်ရှိသွားရခြင်း၊ ပြင်သစ်ကုန်သည်များ မြန်မာပြည်သို့ ဝင်ရောက်လာကာ အင်္ဂလိပ်တို့အား ယှဉ်ပြိုင်မည်ကို စိုးရိမ်ခြင်း၊ ဘုံဘေဘားမားသစ်ခိုးမှု ကိစ္စမပြေမလည်ဖြစ်ရခြင်းတို့သည် အင်္ဂလိပ်တို့က အထက်မြန်မာပြည်ကို သိမ်းယူစေသည့် အကြောင်းရင်းများ မဟုတ်ပါချေ။ ထိုကိစ္စတို့မှာ အင်္ဂလိပ်တို့က အထက်မြန်မာပြည်ကို သိမ်းယူရန် အကြောင်းပြစရာများသာ ဖြစ်သည်။ အဓိက အကြောင်းရင်းကမူ အင်္ဂလိပ်တို့က ၎င်းတို့၏ ကိုလိုနီဝါဒအရ မြန်မာပြည်ကို သိမ်းယူရန် ဆုံးဖြတ်ထားခြင်းပင် ဖြစ်သည်။

မင်းတုန်းမင်းသည် အောက်မြန်မာပြည်ကို သိမ်းယူထားသော အင်္ဂလိပ်တို့နှင့် ပြဿနာမဖြစ်အောင် နေခဲ့သည်။ တိုင်းတစ်ပါးသားများနှင့် ယှဉ်တွဲနေထိုင်ရေးမှုကို သည်းခံကျင့်သုံးခဲ့သည်။ နယ်ချဲ့တို့အား





အလိမ္မာသုံး၍ ဆက်ဆံခဲ့သဖြင့် နယ်ချဲ့အင်္ဂလိပ်တို့မှာ အထက်မြန်မာပြည်ကို သိမ်းပိုက်ရန် အကြောင်းရှာမရ ရှိခဲ့ရသည်။

ထိုစဉ်က အကြောင်းရှာမရခဲ့သော အင်္ဂလိပ်တို့သည် ဖိနပ်ပြဿနာကို ရှေ့တန်းတင်ခဲ့သည်။ ယဉ်ကျေးလှပါသည်ဟုဆိုသော နိုင်ငံကြီးသားများသည် အခြားလူမျိုးတစ်မျိုး၏ယဉ်ကျေးမှု ဓလေ့ထုံးစံကို အလေးထားရမှန်းမသိဘဲ ပြက်ရယ်ပြုကြသည်။

မင်းတုန်းမင်းလက်ထက်ကတည်းက မြန်မာပြည်ကို သိမ်းယူရန် ကြံရွယ်ထားသော အင်္ဂလိပ်တို့သည် သီပေါဘုရင်လက်ထက်တွင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စဖြစ်သည့် နန်းတွင်းလုပ်ကြံမှုနှင့် ပတ်သက်ပြီး ကန့်ကွက်ခဲ့သည်။ မန္တလေးတွင်ရှိသော အင်္ဂလိပ်သံရုံးကို ရုပ်သိမ်းပြီး ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည်။ သူလျှိုများမှတဆင့် နန်းတွင်းရေး များကို သိအောင် ကြိုးစားကာ အကွက်ချောင်းနေခဲ့သည်။

အထက် မြန်မာပြည်ကို အင်္ဂလိပ်တို့ သိမ်းရာတွင် "ဦးကောင်းလိမ်ထုတ်၊ သီပေါပြုတ်" ဆိုသည့်စကားဖြင့် လယ်ကိုင်းမြို့စား၊ ကင်းဝန်သေနတ်ဝန်ကြီး၊ သတိုးသုမဟာ သက်တော်ရှည် ကင်းဝန်မင်းကြီးအပေါ် အပြစ်ပုံချကာ တရားခံအဖြစ် စွပ်စွဲသည်များလည်း ရှိခဲ့ပါသည်။

ဤနေရာတွင် ကင်းဝန်မင်းကြီးနှင့်ပတ်သက်ပြီး ရေးစရာများရှိပါသည်၊ ကင်းဝန်မင်းကြီးသည် အများကင်းသူတစ်ယောက်မဟုတ်ခဲ့ပါ။ မင်းတုန်းမင်းက သက်တော်ရှည်အမတ်ကြီးအဖြစ် မြှောက်စားခဲ့သော ကင်းဝန်မင်းကြီးသည် ဥပဒေပြုအစိုးရအဖွဲ့ ဖွဲ့ရေးအတွက် အစိုးရနှင့်ပတ်သက်သည့် စည်းမျဉ်းများကို ၎င်း၏မိတ်ဆွေ အင်္ဂလိပ်လူမျိုး ဒေါက်တာကလီမက်ပိလျှံအား ရေးခိုင်းခဲ့သည်။ ထိုစည်းမျဉ်းများမှာ အနောက်နိုင်ငံတို့၏ကျင့်ထုံးကျင့်ဟန်များဖြစ်သည်။ အနောက်နိုင်ငံသား တစ်ဦးသည် အစိုးရနှင့်ဝတ်သက်သော စည်းမျဉ်းများကို ရေးသားပေး



www.burmeseclassic.com

www.burmeseclassic.com



ရာတွင် မှန်ကန်ရိုးသားမှုရှိပါ့မလားဟု ဦးကောင်းသံသယ မဝင်ခဲ့ခြင်းမှာလည်း အမှားတစ်ခုဖြစ်၏။

မင်းတုန်းမင်းမကွယ်လွန်ခင်တွင် စည်းမျဉ်းခံဘုရင်အဖြစ် သီပေါမင်းသားကို နန်းတင်ရန် ကြိုးစားခဲ့ပြီး သီပေါဘုရင်ဖြစ်လာသည့်အခါ မျှော်လင့်ထားသလို ကြိုးဆွဲ၍မရဖြစ်လာသည့်အခါ အခြားမင်းသားတစ်ပါးပါးကို နန်းတင်ရန် ထပ်မံကြိုးစားခြင်းသည်လည်း အမှားတစ်ခုဖြစ်၏။

ကင်းဝန်မင်းကြီးသည် အာဏာကို ချုပ်ကိုင်ချယ်လှယ်နိုင်ရေးအတွက် နန်းတွင်းရေးများကို ရှုပ်ထွေးအောင် လုပ်ဆောင်သည်ဟု သံသယဖြစ်ဖွယ်ရှိနေသည်။ ထိုအချိန်က လွှတ်တော်တွင် ကင်းဝန်မင်းကြီးဂိုဏ်း၊ တိုင်တားမင်းကြီးဂိုဏ်းဟု ဝန်ကြီးများ ဂိုဏ်းကွဲနေသည်။ ကင်းဝန်မင်းကြီးသည် အင်္ဂလိပ်တို့နှင့် ဆက်ဆံရာတွင် အဆင်ပြေနေခဲ့သည်။ အင်္ဂလိပ်တို့ကို လက်ခံလိုက်လျှင် သူ၏ဩဇာအာဏာတက်လာမည်။ အင်္ဂလိပ်တို့က မင်းသားတစ်ပါးပါးကို စည်းမျဉ်းခံဘုရင်အဖြစ်နန်းတင်လိမ့်မည်ဟုလည်း ကင်းဝန်မင်းကြီး ယုံကြည်နေပုံပေါ်သည်။ မိမိဦးဆောင်၍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်မည်။ လမ်းစဉ်ဟောင်းသမားဖြစ်သော တိုင်တားမင်းကြီးတို့ လူစုအလိုလို အရေးနိမ့်သွားမည်ဟု မျှော်လင့်ထားသည်။

အင်္ဂလိပ်တို့က မြန်မာပြည်အုပ်ချုပ်ရေးတွင် ၎င်းတို့အား ကူညီခဲ့သည့်အတွက် ကင်းဝန်မင်းကြီးကို စီအက်(စ)အိုင်ဘွဲ့ပေးခဲ့ခြင်းသည်လည်း ကင်းဝန်မင်းကြီး အင်္ဂလိပ်တို့လက်အောက်သို့ ခိုဝင်ခဲ့ကြောင်း ထင်ရှားစေသည်။

တိုင်တားမင်းကြီးမှာ အင်္ဂလိပ်မုန်းတီးရေးသမား ဖြစ်သည်။ သူသည် သီပေါဘုရင်၏ ထီးနန်းကို လုယူရန် ကြံစည်ခဲ့သော ရနောင်





မင်းသားနှင့် လက်တွဲခဲ့ဖူးသည်။ နန်းတွင်းလုပ်ကြံမှုကြီးတွင် ရနောင်မင်းသားနှင့်အတူ မင်းညီမင်းသားများအား သတ်ဖြတ်ရာတွင် ပါဝင်ခဲ့သည်ဟု ဆိုကြသည်။ ဆင်ဖြူမရှင်မိဖုရားကြီးနှင့်လည်း ပူးပေါင်းခဲ့သူဖြစ်သည်။ အင်္ဂလိပ်တို့၏ရာဇသံကို လက်ခံရေးတွင် အပြင်းအထန်ကန့်ကွက်ခဲ့ပြီး စစ်ရေးဖြင့်သာ ရန်သူတို့အား အောင်နိုင်လိမ့်မည်ဟု တွက်ဆခဲ့သူဟု ဆိုရမည်။

သို့သော် စစ်ပွဲကာလတွင် တိုင်တားမင်းကြီး၏ စိတ်ဓာတ်များ တွေဝေယိမ်းယိုင်ခဲ့သည်။ ကင်းဝန်မင်းကြီး၏စကားကို ယုံစားခဲ့သည်။ သီပေါဘုရင်၊ မိဖုရားတို့နှင့်အတူ အင်္ဂလိပ်တို့၏ပရိယာယ်ကွန်ယက်တွင် အမိခံခဲ့ရသည်။ အင်္ဂလိပ်တို့က အထက်မြန်မာပြည်ကိုလွယ်ကူစွာ သိမ်းယူနိုင်ခဲ့ခြင်းမှာ သမိုင်းမျက်နှာစာတွင် ရှက်ဖွယ်ရာဟု ဆိုချင်ပါသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်မာန်ဇာတ်သွေးအေးခဲ့ကြပြီ

ကာနယ်စလေဒင်သည် မန္တလေးကို သိမ်းပိုက်ပြီး သီပေါဘုရင်အား နန်းချသည့်နေ့မှာပင် မြန်မာနန်းစဉ်ရတနာများ၊ မင်းနှင့် မိဖုရားတို့၏ အသုံးအဆောင်ရတနာများကို သိမ်းဆည်းထားပေးမည့်အကြောင်း ပြောဆိုသည်။ သီပေါဘုရင်သည် ရတနာနှင့် အသုံးအဆောင်များကို အတွင်းဝန်ရွှေတိုက်ဝန်ပေါက်မြိုင်မြို့စားမင်းကြီး မင်းလှမဟာဇေယျနန္ဒသင်္ကြံအား စာရင်းနှင့်တကွ ကာနယ်စလေဒင်လက်သို့ ပေးအပ်စေသည်။ ကာနယ်စလေဒင်သည် ငမောက်ပတ္တမြားကို ကြည့်ရှုလိုသည်ဟုဆိုပြီး ယူကြည့်ကာ အိတ်ထဲထည့်သိမ်းလိုက်သည်။

အတွင်းဝန်ရွှေတိုက်ဝန်ပေါက်မြိုင်မြို့စားသည် နန်းတွင်းရတနာကို စာရင်းပြုလုပ်ပြီး ကာနယ်စလေဒင်လက်သို့ အပ်လေသည်။





ထိုရတနာများမှာ ရတီချိန် ၄၀ရှိ လော်ကားတင်ကြီး ပတ္တမြား၊ ရတီချိန် ၂၀ ရှိ လော်ကားတင်ကလေးပတ္တမြားတို့အပါအဝင်ဆင်မတော်ကျောက်၊ စံကျောက်တော်၊ နဂါးမိုလ်စသည့် အဖိုးတန် တွင်းထွက်ကျောက်မျက်ရတနာများဖြစ်သည်။

ဘုရင်နှင့် မိဖုရားနှစ်ပါးပိုင် ပစ္စည်းအချို့နှင့် နန်းစဉ်ပစ္စည်းများ (တန်ဖိုးအနည်းဆုံး ကုဋေငါးထောင်ရှိ) မယ်တော်မိဖုရားကြီး ဆင်ဖြူမရှင်ပိုင် ရွှေဒင်္ဂါးရှစ်သိန်းကျော်တန်ပစ္စည်းများ၊ စိန်၊ မြ၊ ပတ္တမြားလက်ဝတ်ရတနာပေါင်း ခုနစ်ဆယ်ကျော်တို့ဖြစ်သည်။

'ကျွန်ုပ်ရဲ့ ဘုရင့်ဘဏ္ဍာတော် နန်းစဉ်ရတနာအားလုံးကို ပေးအပ်ပြီးပါပြီ။ အင်္ဂလိပ်လူမျိုးများဟာ တိုင်းကြီးပြည်ကြီးသားများဖြစ်ကြတဲ့အတွက် ကျွန်ုပ်ဝတ်ဆင်ထားတဲ့လက်စွပ်တော်နဲ့ နှမတော်ရဲ့ လက်ဝတ်ရတနာများကိုတော့ ကန့်ကွက်မှာမဟုတ်ဘူးလို့ ကျွန်ုပ်မျှော်လင့်ပါတယ်'

အင်္ဂလိပ်တို့သည် သီပေါဘုရင်နှင့် မိဖုရားနှစ်ပါးတို့ ဝတ်ဆင်ထားသည့် လက်ဝတ်ရတနာများကို ချွတ်ယူခြင်းမပြုခဲ့ပါ။ သို့သော် စာရင်းနှင့်တကွ ထိန်းသိမ်းထားပေးပါမည်ဆိုသည့် ပစ္စည်းအများအပြားကိုမူ စာရင်းဖျောက်လိုက်ကြသည်။

သီပေါဘုရင်ကို ဖမ်းဆီးခေါ်ဆောင်သွားပြီးသည့် ညတွင် မန္တလေးမြို့သည် လှုပ်လှုပ်ရှားရှား ဆူဆူပူပူရှိနေခဲ့သည်။ မြို့သူမြို့သားအချို့တို့သည် အခြေအနေအမှန်ကို ခွဲခြားသိနိုင်စွမ်းမရှိ၊ ဖြစ်နေကျအတိုင်း မင်းပြောင်းမင်းလွှဲဖြစ်သည်ဟု ယူဆကြသူများရှိသည်။ ထီးသုဉ်းနန်းသုဉ်းဖြစ်ရပြီဟု မကျေမနပ်ဖြစ်ကာ အံတကြိတ်ကြိတ် တက်တစ်ခေါက်ခေါက်ဖြစ်နေကြသူတို့လည်း အများအပြားရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စစ်သားတို့က တစ်ညဉ့်လုံး မြို့တော်တခွင်တွင် ကင်းလှည့်ကြသည်။ ဂျင်နရယ်ဖိုဒ် ဦးစီးကွပ်ကဲသော မဒရပ် ခြေလျင်ဘဲ်ဆာ မြို့တော်တံခါးငါးရပ်နှင့် တံတားများကို စောင့်ကြပ် တာဝန်ယူသည်။ မြို့တော်လေးရပ်တွင် တပ်ခွဲတစ်ခုစီချထားပြီး မပြတ်မလပ် စောင့်ကြပ်နေသည်။

ဆူဆူညံညံရုတ်ရုတ်သည်းသည်းရှိနေသော မြို့တော်၏ ညတွင် သေနတ်သံများကို မကြာခဏကြားနေရသည်။ ဆူညံသောအသံများတွင် အင်္ဂလိပ်တပ်သားတို့၏ စစ်ဖိနပ်သံများလည်းပါသည်။ နေရာအနှံ့အပြားမှ ပေါ်ထွက်နေသော စစ်ဖိနပ်သံများကြောင့် မြို့တော်တခွင်မှာ တုန်ဟီးနေသည်ဟု မှတ်ထင်ရ၏။

လက်ဝဲဝင်းတံခါး၊ လက်ယာဝင်းတံခါး၊ နောက်ဝင်းတံခါး၊ ရွှေတော်ယူတံခါး၊ တံခါးနီစသည့် တံခါးငါးရပ်တွင် စောင့်ကြပ်နေသည့် အင်္ဂလိပ်စစ်သားများမှာ အဝေးမှသေနတ်ဖြင့် လှမ်းပစ်ခြင်းကိုခံရသည်။

အင်္ဂလိပ်တို့ကလည်း မည်းမည်းမြင်လျှင် မသင်္ကာလျှင် သေနတ်ဖြင့် လှမ်းပစ်သည်။ တုတ်၊ ဝါး၊ လက်နက်ကိုင်ဆောင်ထားသူများ မသင်္ကာ သူများကိုတွေ့လျှင် ဖမ်းဆီးပြီးတောင်ပြင်တံခါးတွင် ဖွင့်ထားသော တပ်ထိန်းအုပ်ရုံးသို့ပို့ကာ စစ်ဆေးစေသည်။

ထိုသို့ အစောင့်များအထပ်ထပ်ချကာဆောင်ရွက်နေသည့်ကြားက အတုမရှိကျောင်းတော်ရှိ ရုပ်ပွားတော်မှ အဖိုးတန် စိန်ကြီး ပျောက်ဆုံးသွားသည်။ မဟာမုနိဘုရားကြီးမှလည်း စိန်ကြီးတစ်လုံးပျောက်ဆုံးသွားခြင်းနှင့် ရတနာကုန်သည်အသတ်ခံရခြင်း၊ ဓားပြတိုက်ခံရခြင်း စသည့် အမှုအခင်းများ တစ်ခုပြီး တစ်ခု ပေါ်ပေါက်ခဲ့သည်။

အင်္ဂလိပ်တို့က လုယက်မှု၊ သတ်ဖြတ်မှု၊ ခိုးမှုစသည်တို့မှာ မြန်မာတပ်သားများ၊ မြန်မာဓားပြများ၏ လက်ချက်ဟု မှတ်တမ်းအများ





အပြားတွင် ရေးသားကြသည်။ အင်္ဂလိပ်စစ်သားအစောင့်အရှောက်များကို ကျော်လွှားနိုင်ရန်မှာ စင်စစ်တွင်မလွယ်ကူ။ သီပေါဘုရင်နန်းကျပြီးစ ရတနာပုံညာ၏ အခြေအနေသည် တရားခံကို ညွှန်ပြလျက်ရှိသည်။ တရားခံမှာ ထိုညက ဝင်လိုရာဝင် ထွက်လိုရာထွက် သွားလိုရာသွားနိုင်သော အင်္ဂလိပ် ဗိုလ်မှူး၊ ဗိုလ်ချုပ်တို့မှလွဲပြီး အခြားမည်သူမှ မဖြစ်နိုင်။

အင်္ဂလိပ်တို့သည် ဖြစ်ခဲ့သမျှ အမှုအခင်းများတွင် တရားခံကို ရှာမတွေ့နိုင်သော မြန်မာတပ်သားများ၊ ဓားပြများက ကျူးလွန်ခဲ့သည်ဟု စွပ်စွဲကြခြင်းမှာ မထူးဆန်းလှပေ။ ၎င်းတို့သည် မရှိကို အရှိလုပ်၊ အရှိကို မရှိလုပ်ကြသူများဖြစ်ကြောင်း၊ သမိုင်းဆိုင်ရာ အချက်အလက်များက သက်သေခံနေသည်။ ဖုံးထားကွယ်ထားသည့်ကြားက သတင်းထောက် မှိုင်လင်၏ သတင်းဆောင်းပါးမှာ နန်းတွင်း ရတနာများ အင်္ဂလိပ်တို့လက်သို့ ရောက်သွားကြောင်း သက်သေခံတစ်ခု ဖြစ်လာသည်။

သီပေါဘုရင်နှင့်ပတ်သက်ပြီး သတင်းထောက် မှိုင်လင်ရေးသားသည့် သတင်းဆောင်းပါးက ဒီဇင်ဘာလ ငါးရက်နေ့တွင် ထုတ်ဝေသော လန်ဒန်တိုင်း သတင်းစာတွင် ပါလာခဲ့သည်။

ထိုနေ့က ကာနယ်စလေဒင်သည် သီပေါဘုရင်အား တွေ့ဆုံခဲ့သည်။ ထိုသို့ တွေ့ဆုံစဉ်တွင် သတင်းထောက် မှိုင်လင်မှာ စလေဒင်၏ အနီးတွင် ရှိနေခဲ့၏။

စလေဒင်က သီပေါဘုရင်အား သတင်းထောက်မှိုင်လင်နှင့် မိတ်ဆက်ပေးသည်။ မှိုင်လင်ကအရှင်နှစ်ပါးတို့ မိန့်လိုသည့်အကြောင်းအရာများကို မှတ်သားပြီး သတင်းစာတွင် ထည့်သွင်း ဖော်ပြလိုကြောင်း ပြောဆိုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မှိုင်းလင်၏ သတင်းဆောင်းပါးတွင် နန်းစဉ်ရတနာများကို အင်္ဂလိပ်တို့အားအပ်နှံပြီးကြောင်း၊ သီပေါဘုရင်က ပြောဆိုသည်ဟု ဖော်ပြထားသည်။

မှိုင်းလင်က သီပေါဘုရင်နှင့်တွေ့ဆုံခန်းအပြင် တပ်ထိန်းဗိုလ်မှူး ဘာ လူအများကိုစီတန်းပြီး သေနတ်ဖြင့်ပစ်သတ်စဉ် ဓာတ်ပုံရိုက်ယူထားသည်ဆိုသည့် သတင်းကိုပါ သတင်းစာတွင် ရေးသားခဲ့သည်။ထို့ကြောင့် ဂျင်နရယ်ပရင်ဒါဂတ်က မှိုင်းလင်အား ရန်ကုန်သို့နှင်ထုတ်လိုက်သည်။

ဂျင်နရယ်ပရင်ဒါဂတ်သည် မန္တလေးမြို့ကို စစ်ဥပဒေ (မာရှယ်လော) ဖြင့် အုပ်ချုပ်သည်။ အုပ်ချုပ်ရေးအတွက် စနစ်တကျ မစီစဉ်ရသေးသဖြင့် မြန်မာဝန်ကြီးများ အမှုထမ်းများကို ဆက်လက်တာဝန်ပေးပြီး လွှတ်တော်မှနေ၍ အုပ်ချုပ်ခဲ့သည်။ အင်္ဂလိပ်မှန်းတီးရေးသမားဖြစ်သော တိုင်တားမင်းကြီးကို လွှတ်တော်တွင် ပြန်ပြီးတာဝန်ပေးသည်။ သို့သော် တစ်လမပြည့်ခင်မှာပင် တိုင်တားမင်းကြီးကို ဖမ်းပြီး နယ်နှင်ဒဏ် ပေးလိုက်သည်။

ထို့နောက် စစ်အုပ်ချုပ်ရေးကို ရုပ်သိမ်းပြီး မြို့ပြအုပ်ချုပ်ရေး စတင်ရန် မာဟာဝန်ရှင်တော်မင်းကြီးဘားနတ် ခေါင်းဆောင်သောအဖွဲ့ ဒီဇင်ဘာလ (၁၅) ရက်နေ့တွင် မန္တလေးသို့ ရောက်လာသည်။

ထိုအချိန်တွင် မန္တလေးနန်းတော်ကြီးအတွင်း၌ အင်္ဂလိပ်တို့ ၄င်းတို့ သဘောကျနေနေကြသည်။ နန်းတွင်းရှိ အဆောင်များမှာ အင်္ဂလိပ်အရာရှိ များနေထိုင်စရာတွေဖြစ်လာသည်။ ညီလာခံဆောင်မှာ ခရစ်ယာန် ဘုရားကျောင်းဖြစ်၊ မိဖုရားကြီးအဆောင်မှာ ကလပ်ဖြစ်ခဲ့ပြီး၊ နန်းတော်ကြီး ပတ်ဝန်းကျင်ရှိ မှူးမတ်တို့၏ နေအိမ်တို့မှာ စစ်တန်းလျား၊ ၊စားသောက်ခန်းမ၊ အရာရှိအိမ်စသည်တို့ဖြစ်လာကြသည်။ မြန်မာမှူးမတ်များ၊ ဝန်ကြီးများမှာ နန်းမြို့အပြင်သို့ ပြောင်းရွှေ့ကြရသည်။





ဝန်ရှင်တော်မင်းကြီးဘားနတ်ရောက်ရှိလာသည့်အခါတွင် နန်းတော်အတွင်းရှိ အပျက်အစီးများကို သတိပြုမိသည်။ ဖရိုဖရဲ ပုံ့ကြဲနေသော ရွှေထိုက်စာရင်း၊ လွှတ်တော်မှတ်တမ်း စသည်တို့ကို ရနိုင်သလောက် စုဆောင်းထိန်းသိမ်းသည်။

ဘားနတ်သည် မြို့ပြအုပ်ချုပ်ရေးတွင် မြန်မာဝန်ကြီးများကို ယခင်အတိုင်း အုပ်ချုပ်ရန် တာဝန်ဆက်ပေးသည်။ အင်္ဂလိပ်တို့သည် အထက်မြန်မာနိုင်ငံကို အုပ်ချုပ်ရန်အတွက် ဆုံးဖြတ်ချက်မချနိုင်သေးဘဲ ရှိသည်။ မြန်မာအချို့ကလည်း အင်္ဂလိပ်တို့သည့် မြန်မာမင်းသား တစ်ပါးပါးကို နန်းတင်လိမ့်မည်ဟု မျှော်လင့်နေကြသည်။

သီပေါဘုရင်ပါတော်မူပြီး နှစ်လခွဲခန့်အကြာ ၁၈၈၆ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အိန္ဒိယဘုရင်ခံချုပ်လော့ဒ်ဒပ်ဖရင် မန္တလေးသို့ ရောက်လာပြီး ဝန်ကြီးများ မှူးမတ်များနှင့်တွေ့ဆုံသည်။ ဒပ်ဖရင်က အထက်မြန်မာပြည်ကို သိမ်းပိုက်လိုက်ကြောင်း ဖွင့်ဟပြောကြားသည်။ (အစောင့် အရှောက်ခံနိုင်ငံအဖြစ် မင်းသားတစ်ပါးပါးကို နန်းတင်ပြီး အုပ်ချုပ်မှာ မဟုတ်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။) ထို့နောက်တွင် မြန်မာပြည်(အထက်နှင့်အောက်)မှာ အိန္ဒိယအင်ပါယာ၏ ပြည်နယ်တစ်ခု အဖြစ် ထည့်သွင်းခြင်းကို ခံရသည်။

ဧပြီလတွင် လွှတ်တော်ကို ဖျက်သိမ်းလိုက်သည်။ ဝန်ကြီးများနှင့် မှူးမတ်အများစုကို အငြိမ်းစားပေးလိုက်ပြီး ကင်းဝန်မင်းကြီး၊ တောင်ခွင် မင်းကြီး၊ ပင်းအတွင်းဝန်၊ ပေါက်မြိုင်အတွင်းဝန်နှင့် တပယင်းဝန်ထောက် တို့ကို အကြံပေးများ အဖြစ် ဆက်လက် ခန့်ထားခဲ့သည်။

အင်္ဂလိပ်တို့သည် လိုအပ်သည့်အချိန်တွင် မြန်မာဝန်ကြီးများကို ရာထူး ပေးလစာပေးပြီး ခန့်ထားခဲ့သော်လည်း အုပ်ချုပ်ရေးခိုင်မြဲမြဲ



www.burmeseclassic.com

www.burmeseclassic.com



မြန်မာဝန်ကြီးများ၏ အကူအညီကို မလိုအပ်တော့ဟု ယူဆသည့်အချိန် ၌ ၎င်းတို့ကိုပါ အငြိမ်းစားပေးလိုက်သည်။

အင်္ဂလိပ်တို့သည် ရိုးသားသော၊ ယုံလွယ်သော၊ မြန်မာတို့ကို မျှော်လင့်ချက်များပေးပြီး သိမ်းသွင်းရာတွင် ကျွမ်းကျင်လှသည်။ အင်္ဂလိပ်ဘိုကြက မြန်မာဘုရင်ရှိစဉ်ကအတိုင်းဖြစ်စေရန် မန္တလေးမြို့တော်တွင် ဗဟိုရုံ စည်သံမှန်မှန်ကြားရစေရန် စီစဉ်ခဲ့သည်။ သို့သော် ၎င်းတို့၏အုပ်ချုပ် ရေးခိုင်မာပြီဟု ယူဆရသည့် ဩဂုတ်လတွင် ဗဟိုရုံစည်သံမှာရပ်ဆိုင်း သွားသည်။ ဗဟိုရုံစည်မှာလည်း ပြတိုက်သို့ ရောက်ရှိသွားခဲ့သည်။

အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင်လာရောက်ခဲ့စဉ်ကလည်း အချိုသတ်သောစကားများဖြင့် မြန်မာတို့ကို ဆွဲဆောင်စည်းရုံးခဲ့သည်။ မြန်မာဘုရင်၏ အပြစ်အနာအဆာများကို ပုံကြီးချဲ့ပြကာ မြန်မာဘုရင်အား မုန်းတီးစိတ်ဝင်အောင် ကြိုးစားခဲ့သည်။

အိန္ဒိယဘုရင်ခံချုပ်ရောက်ရှိနေစဉ်တွင် ဝန်ကြီး၊ မှူးမတ်ဟောင်းများက အစီရင်ခံလျှောက်ထားစာနှစ်စောင် တင်သွင်းခဲ့သည်။ ပထမစာတစ်စောင်မှာ ဘုရင်ခံချုပ်အား ဆုမွန်ကောင်းတောင်းသော စာ ဖြစ်သည်။ ဒုတိယစာမှာ စစ်အတွင်း အင်းဝခံတပ်ကို တိုက်ခိုက်မည်အပြု တွင် မြန်မာဘုရင်နှင့် မှူးမတ်တို့က စစ်ပြေငြိမ်းလို၍ ကိုယ်စားလှယ် လွှတ်ကာ ဆွေးနွေးညှိနှိုင်းစဉ် ကာနယ်စလေဒင်က မဟာမိတ်စာချုပ် အသစ်ချုပ်ဆိုပြီးသည့်နောက်တွင် မြန်မာမင်းနှင့် မှူးမတ်တို့ လိုလားမျှော်လင့်သည့် အခွင့်အရေးများ ရစေမည်ဟု ဆိုခဲ့သဖြင့် ထိုစကားကို ယုံကြည်ပြီး မြန်မာဘုရင်နှင့်တကွ နေပြည်တော်ကို အင်္ဂလိပ်တို့ လက်သို့ လွှဲအပ်ခဲ့သည်။ ယခုစစ်မက်ရေးရာတို့ ပြေငြိမ်းပြီဖြစ်ရာ မြန်မာတို့ မျှော်လင့်နေသော တရားသဖြင့် အုပ်ချုပ်မည့် မင်းတစ်ပါးကို ထီးနန်း တင်ခွင့်တောင်းခံကြခြင်းဖြစ်သည်။





ထိုစာကို ကင်းဝန်မင်းကြီး တောင်ခွင်မင်းကြီး၊ လှေသင်းအတွင်းဝန်၊ ပင်းအတွင်းဝန်၊ ရွှေတိုက်အတွင်းဝန်၊ မြို့သစ်အတွင်းဝန် ကျောက်မြောက်အတွင်းဝန်၊ မိုင်းခိုင်းအတွင်းဝန်၊ မြို့ဝန်ယင်းတော်မြို့စား၊ ရွှေလှံမြို့ဝန်၊ အက္ကပတ်မြို့ဝန်၊ မိုးတားဝန်ထောက်၊ ဝက်မစွပ်ဝန်ထောက်၊ ပင်းတလဲ ဝန်ထောက်၊ ညောင်ဝန်းဝန်ထောက်၊ ပညာဝန်ထောက်၊ ဆရာဝန်ထောက်နှင့် တပယင်းဝန်ထောက်တို့ ဆယ့်ရှစ်ဦးက လက်မှတ်ရေးထိုးကြသည်။

ဒပ်ဖရင်က မြန်မာဝန်ကြီးမှူးမတ်များ၏ တင်လျှောက်စာကို လက်မခံ။ မြန်မာတို့၏ လိုလားချက်ကို အသိအမှတ်မပြုဘဲနေသည်။ ဒပ်ဖရင်၏ လုပ်ကိုင်ပုံမှာ သူတို့အလိုရှိစဉ်က ခေါ်ယူအသုံးပြုခဲ့ အကူအညီတောင်းခဲ့သော မြန်မာဝန်ကြီးမှူးမတ်တို့ကို အရေးမထားကြောင်း ပြသလိုက်ခြင်းနှင့် မြန်မာမှူးမတ်တို့အား သိက္ခာချလိုက်ခြင်းပင် ဖြစ်သည်။

ဒပ်ဖရင်က ဂုဏ်ပြုဧည့်ခံ ညစာစားပွဲတစ်ခုတွင် ၎င်းတို့သည် မြန်မာဘုရင်၏ ရက်စက်မှု ညှဉ်းဖျင်းမှုကြောင့် မလွှဲမကင်းသာ ငွေကုန်ကြေးကျခံ နာမည်ပျက်ခံပြီး မြန်မာပြည်ကို သိမ်းပိုက်လိုက်ရခြင်းဖြစ်ကြောင်း၊ သီပေါဘုရင်သည် အုပ်ချုပ်ရေးညှဉ်းဖျင်းရုံသာမက တိုင်းသူပြည်သား များကို နှိပ်စက်ခဲ့ကြောင်း စသည့်စကားများကို ပြောဆိုသည်။ ဒပ်ဖရင် ကဲ့သို့ပင် အင်္ဂလိပ်အရာရှိတို့ကလည်း မြန်မာတို့အား မိမိတို့၏ဘုရင်ကို အထင်သေးအောင် မုန်းတီးအောင် အချုပ်အခြာအာဏာပိုင် လွတ်လပ် သည့်ဘဝကို မေ့လျော့သွားအောင် ပြောဆိုခဲ့ကြသည်။

သို့အားဖြင့် မြန်မာတို့၏ ဇာတိမာန် ဇာတိသွေးမှာ အေးစက်လာခဲ့ရပြီး အင်္ဂလိပ်တို့အား အားကိုးလိုစိတ်များက ကြီးထွားလာခဲ့ရသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## သွေးတို့ဖြင့်နို

ပညာရှိလျှက် သတိပေါ်လို့
ကိုယ်တော့်နယ်များပလေ
အများအော်ဟစ်၊ ရထားပေါ်က၊ တရားတော်လှစ်ခဲ့မည်
နေရစ်ကြကရို့၊ အရှင်ဖြစ်လို့မို့၊ ကြင်ချစ်စာနာလျှင်
မေတ္တာသာပို့ကြရော့ …။

သီပေါဘုရင်မှာ အားမာန်လျှော့ပြီး နယ်ချဲ့အင်္ဂလိပ်တို့ ဖမ်းဆီးခေါ်ဆောင်ရာသို့ ပါသွားခဲ့ရလေပြီ။ ၁၈၈၅ မှ ၁၈၈၆ ထိ တစ်နှစ်ပတ်လုံးတွင် အင်္ဂလိပ်တို့မှာ အောင်ပွဲရသူများအဖြစ် ဂုဏ်ဝင့်နေခဲ့သည်။ မြန်မာတွေခေါင်းမထူနိုင်တော့။ သူတို့၏ ဖိနပ်အောက်တွင် ပြားပြားဝပ်နေရပြီဟု အင်္ဂလိပ်တို့က ထင်မှတ်ခဲ့ကြသည်။





ပါတော်မူပြီးစကာလတွင် မြန်မာတို့သည် ဖြစ်ရပ်မှန်ကို သဘောမပေါက်နိုင်သေးဘဲ တွေဝေနေခဲ့ကြသည်။ အပြောင်းအလဲတစ်ခုခုတော့ ဖြစ်လာလိမ့်မည်ဟု မျှော်လင့်စောင့်စားနေခဲ့ကြသည်။ နယ်ချဲ့ကျူးကျော်သူတို့အပေါ် ပြုမူခြင်းမရှိ၊ ဖော်ဖော်ရွေရွေ ပျူပျူငှာငှာ ပြောဆိုဆက်ဆံနေခဲ့ကြသည်။ ထိုအချိန်၌ နေပြည်တော်မှာ သာယာငြိမ်းချမ်းနေသကဲ့သို့ ရှိသည်။

သို့သော် နေပြည်တော်ရှိ အမှုထမ်းအရာထမ်းဟောင်းများသည် ဖြစ်ရပ်မှန်ကို သဘောပေါက်လာသည်နှင့် နယ်ချဲ့တို့ကို မလိုလားရကောင်း မှန်းသိလာကြသည်။ နယ်ချဲ့ကို တော်လှန်နေသူတို့အား အင်တိုက်အားတိုက် ကူညီကြသည်။ လူများစုသည် နယ်ချဲ့အင်္ဂလိပ်တို့အား ဆန့်ကျင်နိုင်သည့် နည်းလမ်းရှိသမျှ ဆန့်ကျင်လာခဲ့ကြသည်။

ဘုရင့်ဘုန်းရိပ်ကွယ်ပျောက်စတွင် ယောင်လည်လည် စမ်းတဝါးဝါးဖြစ် နေရာမှ ရဲဘော်၊ မီးသော၊ တော်မွတ်ခေါင်းပါးခြင်းဘောများသင့်ကာ ရပ်တည်၍မရဖြစ်ခဲ့သော ပြည်သူတို့သည် မိမိတို့အား အကာအကွယ်မဲ့အောင် ပြုလုပ်ခဲ့သည့် နယ်ချဲ့အင်္ဂလိပ်တို့အပေါ် နာကျည်းစိတ်ဝင်လာကာ အသက်ကိုအသက်ချင်း၊ သွေးကိုသွေးချင်းရင်းပြီး တော်လှန်တိုက်ခိုက် တော့မှသာ လွတ်မြောက်နိုင်တော့မည်မှန်း သိလာပြီး နယ်ချဲ့တော်လှန်ရေးကို စွမ်းအားရှိသမျှ လုပ်ကိုင်လာကြသည်။

သူ့ကျွန်မခံလိုစိတ်နှင့် အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်မှုတို့မှာ အနယ်နယ်အရပ်ရပ်တွင် ပေါ်ပေါက်လာသည်။ ပုပ္ပါးမှဗိုလ်နက်ကျော်၊ ဓိုးပင်ကြီးမှ မြင်စိုင်းမင်းသား၊ ဝန်းသိုစော်ဘွား၊ ကျောက်ဆည်မှ ဗိုလ်သာကျွန်၊ ဆင်ဖြူကျွန်းမှ ဦးဥတ္တမ၊ ပုဂံမှ ဗိုလ်ချို၊ နတ်မောက်မှ ဗိုလ်မင်းရောင်၊ ဝဲလောင်မှ ဗိုလ်ရာညွန့်၊ ငဖဲမှဗိုလ်ဆွဲ၊ ရှိန်းမကားမှ



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နိုင် မင်းတုန်းမှ ဗိုလ်ရွှဲ၊ ချင်းတွင်းမှ ရွှေချိုးဖြူမင်းသားတို့ ခေါင်းဆောင်သည့် မြန်မာမျိုးချစ်တပ်သားများသည် အင်္ဂလိပ်တို့အား ရှေ့ လက်နက်စွဲကိုင်ပြီး တော်လှန်တိုက်ခိုက်ကြသည်။

ချောင်းဦး မင်းသားစောရန်ပိုင်နှင့် စောရန်နိုင်တို့က အင်းဝနယ်အနီးတဝိုက်တွင် အခြေစိုက်ပြီး အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်သည်။ မက္ခရာကိုယ်တော်ကြီး၏ သားတော်နှစ်ပါးဖြစ်သော စောရန်ပိုင်နှင့် စောရန်နိုင်တို့မှာ အသက်ငယ်ရွယ်သူများဖြစ်ကြသည်။ စောရန်ပိုင် မင်းသားက အသက်(၁၅)နှစ်၊ စောရန်နိုင်မင်းသားက အသက်(၁၂)နှစ်သာ ရှိကြသေးသည်။

မင်းတုန်းမင်း၏ သားတော် မြင်စိုင်းမင်းသားသတိုးမင်းရဲရှိန်မှာ အသက်(၂၀)ဝန်းကျင်သာရှိသည်။ ခေါင်းဆောင်မင်းသားများမှာ အသက်ငယ်ရွယ်သူ အတွေ့အကြုံနုနယ်သူများဖြစ်ကြပြီး သူတို့အနီးတွင် ထိန်းသိမ်းပေးမည့် ဆွေမျိုးသားချင်းများ လူယုံများက ရှိနေကြသည်။

မြင်စိုင်းမင်းသားသည် ဗိုလ်မြတ်မှူး၊ သူကြီးဦးမင်းပို၊ သိန္နီစော်ဘွား၏သား စဝ်နော်မောင်တို့နှင့်အတူ ကျောက်ဆည်နယ်မှ ခုခံတိုက်ခိုက်ခဲ့ကြသည်။ မြင်စိုင်းမင်းသားသည် သူ၏နောက်လိုက်များနှင့်အတူ အင်္ဂလိပ်တို့အား ပြင်းပြင်းထန်ထန်တိုက်ခိုက်ခဲ့ပြီး ကိုးလခန့်အကြာတွင် ငှက်ဖျားရောဂါစွဲကပ်ကာ ရှမ်းပြည်နယ်ရွာငံရွာတွင် ကံတော်ကုန်ခဲ့သည်။

စောရန်ပိုင်၊ စောရန်နိုင်မင်းသားတို့အနက် စောရန်ပိုင်မှာ တိုက်ခိုက်ရင်း အင်္ဂလိပ်တို့၏ ဖမ်းဆီးခြင်းခံရကာ အိန္ဒိယနိုင်ငံကာလကတ္တားသို့ အပို့ခံရသည်။

စောရန်နိုင်သည် ကချင် ဒူးဝါးများနှင့်ပေါင်းကာ တိုက်ပွဲဝင်ရင်း ထန်းမော်မှတစ်ဆင့် တရုတ်ပြည်ဘက်သို့ ရောက်သွားသည်။ အခြေအနေမလှသည့်အခါတွင် တရုတ်ပြည်သို့ဝင်ရောက်ခိုလှုံခဲ့သည်။





အိမ်ရှေ့စံကနောင်မင်းသား၏ သားတော်လင်းပင်မင်းသားသည် အရှင်နှစ်ပါး ပါတော်မူသည်နှင့် အောက်မြန်မာပြည်သို့ သွားရောက်တိမ်းရှောင်နေရာမှ ရှမ်းပြည်နယ်ဘက်သို့ ရောက်သွားရာ ရှမ်းစော်ဘွားများ နယ်ပိုင်များက အားပေးကူညီပူးပေါင်းကာ နယ်ချဲ့ကို တော်လှန်တိုက်ခိုက်ခဲ့ကြသည်။

ကျိုင်းတုံ၊ ရပ်စောက်၊ နောင်မွန်၊ လဲချား စသည့်နယ်များမှ စော်ဘွားများက နောက်လိုက်အင်အား ရှိသည်ကြောင့်လည်းကောင်း၊ လင်းပင်မင်းသားကို ကြည်ညိုလေးစားပြီး ခိုဝင်လာသူများကြောင့်လည်းကောင်း၊ အင်အားနှစ်သောင်းကျော်ကို စုစည်းနိုင်ခဲ့သည်။

ကနောင်မင်းသားနှင့် မိဖုရားငယ် ရှင်ကေတို့က ဖွားမြင်သည့် မင်းသား ထိပ်တင်မှတ်နှင့် ထိပ်တင်သိန်းတို့သည် လူသူအင်အားစုစည်းပြီး ရွှေဘိုနယ်မှ တော်လှန်ကြသည်။

ကယားအမျိုးသားများ၊ ရှမ်းအမျိုးသားများ၊ ကရင်အမျိုးသား၊ ချင်းအမျိုးသားနှင့် နာဂအမျိုးသားများသည် နေရာအနှံ့အပြားမှနေ၍ အင်္ဂလိပ်တို့ကို တော်လှန်ကြသည်။

ကလေးမြို့စားဦးခက်နှင့် ၎င်း၏တပည့်များဖြစ်သော ဦးတုတ်မဲ၊ ဦးသာဒွန်းတို့သည် ရွှေချိုးဖြူမင်းသားနှင့်ပေါင်းပြီး အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ကြသည်။

အင်္ဂလိပ်တို့သည် အနယ်နယ်အရပ်ရပ်မှ တိုက်ခိုက်လာသည့် တော်လှန်ရေးတပ်များကို နှိမ်နင်းရန် အိန္ဒိယမှ စစ်ကူမှာယူရာ အမြောက်တပ်၊ ခြေလျင်တပ်၊ ဆေးတပ်စသည့်တပ်များမှ တပ်သားပေါင်း သုံးသောင်းကျော်ရောက်ရှိလာသည်။

လင်းပင်မင်းသားသည် မိုးနဲစော်ဘွားစဝ်ခွန်ကြည်၊ ရပ်စောက်စော်ဘွားစဝ်ဝိုင်း၊ မိုင်းပွန်စော်ဘွား စဝ်ခွန်ထီး၊ ကျိုင်းတုံစော်ဘွား စဝ်ခမ်းဖုံ



www.burmeseclassic.com

www.burmeseclassic.com



တို့၏ အကူအညီနှင့် အင်္ဂလိပ်တို့အား ပြင်းပြင်းထန်ထန်တိုက်ခိုက်သည်။ တော်လှန်တိုက်ခိုက်သူများအနက် အင်အားအကောင်းဆုံး အဖွဲ့တစ်ဖွဲ့ဟု ဆိုရလောက်ပြီး တိုက်ပွဲပေါင်းများစွာကို အောင်မြင်ခဲ့သည်။

တောင်ငူ၊ စစ်တောင်း၊ ရွှေကျင်၊ သံလွင်တဝိုက်တွင် မရမ်းချောင်း ဘုန်းတော်ကြီး ဦးဆောင်သော တိုင်းရင်းသားများက အင်္ဂလိပ်တို့အား တိုက်ခိုက်ခဲ့သည်။ မရမ်းချောင်းဘုန်းတော်ကြီးဦးဆောင်သည့် တော်လှန်သူတို့က တံတားများချိုး၊ ကြေးနန်းတိုင်များဖျက်နှင့် အင်္ဂလိပ်တို့ကို ဒုက္ခပေးခဲ့သည်။

ကချင်အမျိုးသားခေါင်းဆောင် ဖုံကန်ဒူဝါ၊ ပအိုဝ့်ခေါင်းဆောင် ခွန်အိုး၊ ရှမ်းအမျိုးသားခေါင်းဆောင်စောမောင်၊ ထွက်လူ၊ အရှေ့ကယားနယ် စော်ဘွားကြီးစောလဖော်၊ ချင်းခေါင်းဆောင်ကွန့်ဘတ်စ်၊ ရခိုင် အမျိုးသားခေါင်းဆောင်ဖော်ဂျီဗိုလ်၊ သံတွဲသားကျောက်စင်းဗိုလ်၊ မျက်ကန်းဗိုလ်၊ ဗိုလ်ကြာထွန်း၊ ဗိုလ်ရွှေလှ၊ ဗိုလ်လာဘ စသည့် တိုင်းရင်းသား ခေါင်းဆောင် မျိုးချစ်တောင်လှန်ရေး သမားတို့သည် အသက်စွန့်ရမှာကိုမကြောက်ဘဲ ရှုပ်ရှုပ်ချွဲချွဲပင် နယ်ချဲ့တို့အား ခုခံ တိုက်ခိုက်ခဲ့သည်။

အင်္ဂလိပ်တို့သည် ရှမ်းပြည်နယ်သို့ ချီတက်ရာတွင် ခုခံတိုက်ခိုက်မှုများကြောင့် အသေအကြေအပျက်အစီးများခဲ့သည်။ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ် စသည့် ပြည်နယ်အသီးသီးမှ မျိုးချစ်များသည် မိမိတို့စုစည်းမိသော အုပ်စုနှင့်အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခဲ့ကြသည်။

ရွှေဘိုနယ်တွင် လှုပ်ရှားကာ အင်္ဂလိပ်တို့အား တိုက်ခိုက်နေသည့် ထိပ်တင်သိန်းတို့သည် အောင်ပွဲများစွာကို ရခဲ့ကြသည်။

မြန်မာနိုင်ငံအနှံ့အပြားမှ ဆန့်ကျင်တိုက်ခိုက်မှုများသည် အင်္ဂလိပ်တို့အား သွေးပျက်စေခဲ့သည်။ ပါတော်မူပြီးစတွင် အေးစက်သွားခဲ့သော





ဇာတိမာန် ဇာတိသွေးများ တဖြည်းဖြည်းနွေးလာပြီးနောက် စိတ်အားဘက်ကြွကာ ဇာတိသွေး ဇာတိမာန်များ ပွက်ပွက်ဆူလာချိန်တွင် သူ့ကျွန်မခံလိုစိတ်ကို အသက်ပေါင်းများစွာ စတေးပြီး ပြခဲ့ကြသည်။ မြန်မာနိုင်ငံတဝှမ်းလုံးတွင် အနိုင်မခံအရှုံးမပေး ခုခံတိုက်ခိုက်သူတို့၏ သွေးတို့ဖြင့်ချင်းချင်းနီခဲ့သည်။

အင်္ဂလိပ်တို့သည် သူပုန်နှင့်အဆက်အသွယ်ရှိသည်ဟု ယူဆသော မင်းဆွေမင်းမျိုးများ၊ ဝန်ကြီးမှူးမတ်များ၊ အမှုထမ်းဟောင်းများကို ဖမ်းဆီးကာ နယ်နှင်ဒဏ် အပြစ်ပေးသည်။

ပုန်ကန်သူတို့အား တိုင်တားမင်းကြီး၊ ရွှေလှံမြို့ဝန်၊ လေသင်းအတွင်းဝန်တို့က နည်းပေးလမ်းပြလုပ်သည်ဟု အင်္ဂလိပ်တို့ယူဆကြသည်။ ထို့ကြောင့် တိုင်တားမင်းကြီးအား အိန္ဒိယသို့နယ်နှင်၍ ရွှေလှံမြို့ဝန်အား စစ်တွေသို့နယ်နှင်ခဲ့သည်။ လေသင်းအတွင်းဝန်သည် အင်္ဂလိပ်တို့က သူ့အား မသင်္ကာမှန်းသိသည်နှင့် မန္တလေးမှထွက်ခွာပြီး အိန္ဒိယနိုင်ငံ အဂ္ဂရာသို့သွားကာ လေးနှစ်ကြာမျှ နေထိုင်ခဲ့သည်။

မြန်မာမျိုးချစ်တို့က အင်္ဂလိပ်တို့အား စတင်တော်လှန်စဉ်တွင် အင်္ဂလိပ်အရေးပိုင်ဝန်ရှင်တော်မင်းဖြစ်သော ကာနယ်စလေဒင်သည် အမိန့်ကြော်ငြာစာနှစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ပထမအမိန့်ကြော်ငြာစာတွင် မင်းသားငါးဦး၏ အမည်ကိုဖော်ပြပြီး ဆုငွေများထုတ်သည်။ အကယ်၍ မင်းသားများကိုယ်တိုင်က မိမိကိုယ်ကို မိမိလာရောက်အပ်နှံလျှင်အရေးမယူဘဲကောင်းမွန်စွာ စောင့်ရှောက်မည်ဟု ဖော်ပြထားသည်။ ထိုမင်းသားတို့မှာ ထိပ်တင်မှတ်၊ ထိပ်တင်သိန်း၊ မြင်စိုင်းမင်းသား၊ စောရန်ပိုင်၊ စောရန်နိုင်တို့ပင်ဖြစ်သည်။

ဒုတိယစာမှာ မင်းသား၏မြေးတို့အား ပြန်ခေါ်ရန် ဆွေမျိုးအပေါင်းတို့အား တိုက်တွန်းသည့် အမိန့်ကြော်ငြာစာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(အ[illegible]ကြေညာသော ပဒေသရာဇ် မြန်မာနိုင်ငံ၏ ဇာတ်သိမ်း၊ စာမျက်နှာ [illegible] ရှိ ကာနယ်စလေဒင်၏ အမိန့်ကြော်ငြာစာကို မူရင်းအတိုင်းကူးယူ ဖော်ပြပါသည်။)

### အမိန့်ကြော်ငြာစာ

မင်းသားမင်းမြေးတို့ထံ မြို့ရွာနေလူတို့ခိုဝင်ကြသောကြောင့် လူအစည်းအရုံးများပြား၊ ဘုရားကျောင်းကန် အမျိုးသားသာသနာများကို ဖျက်ဆီး၊ အလုပ်အကိုင်ပျက်ယွင်း၊ ဆင်းရဲကြီးစွာထွက်ပြေးပုန်းရှောင်နေထိုင်ကြသည်ဖြစ်၍ ဆွေမျိုးသားညီ၊ တစ်အိမ်တည်းအတူနေလူတို့ မင်းသားမင်းမြေးတို့ထံ ဝင်ရောက်ရှိနေသည်များကို အဝင်အရောက်မရှိ။ ပြန်လာ ငြိမ်ဝပ်နေထိုင်အောင် မိဘအစ်ကိုဆွေမျိုးအတူနေတို့က ရက်ပေါင်း ၅၀ အတွင်း ပြန်ရောက်ငြိမ်ဝပ်နေထိုင်အောင် မှာထားသိမ်းခေါ်ကြစေ၊ ရက်ပေါင်း ၅၀ အတွင်း ရောက်လာသူတို့ကို အမှုအပြစ်မရှိစေရ။ ငြိမ်ဝပ်စွာနေထိုင်စေ၊ ရက်ပေါင်း ၅၀ က လွန်မှ ပြန်ရောက်လာသူတို့ကို မေးမြန်း၍ အပြစ်ကြီးစွာစီရင်မည်။

ကာနယ်ဧဍ်ဘီစလေဒင်
အင်္ဂလိပ်အရေးပိုင်ဝန်ရှင်တော်မင်းကြီး

ကာနယ်စလေဒင်၏အမိန့်ကြော်ငြာစာမှာ ထိရောက်သည်ဟု မတွေ့ခဲ့ရ။ ပုန်ကန်တော်လှန်နေသော မင်းညီမင်းသားတို့မှာ အင်္ဂလိပ်လက်အောက်သို့ ခိုဝင်လာကြခြင်း မရှိချေ။ အင်္ဂလိပ်တို့သည် ပရိယာယ်အသွယ်သွယ်ဖြင့် မြန်မာတို့အား နှိမ်နင်းခဲ့သည်။ အချင်းချင်းစိတ်ဝမ်းမညီမညွတ်ဖြစ်စေရန် ကြိုးစား ခဲ့သည်။

အင်္ဂလိပ်တို့အနေနှင့် သီပေါဘုရင်ကို နန်းချရသည်မှာ လွယ်ကူခဲ့သော်လည်း မြန်မာတို့၏ တော်လှန်ရေးအင်အားကို ငြိမ်ဝပ်အောင် နှိမ်နင်းရန်မှာမူ ကြီးမားသော အခက်အခဲကြီးတစ်ရပ်ဖြစ်နေတော့သည်။

❑ ❑ ❑



## အကျဉ်းခံဘုရင်နှစ်ပါး

သီပေါဘုရင်သည် ၁၈၈၆ ခုနှစ်၊ ဧပြီလ (၁၃)ရက် နှစ်ကူးသင်္ကြန်တွင် မရှိဆင်းရဲသားများအား လှူဒါန်းရန်အတွက် ကင်းဝန်မင်းကြီးထံသို့ ရူပီးငွေ (၈၂၀)ပေးပို့ခဲ့သည်။ ထိုအကြောင်း မြန်မာနိုင်ငံကို သိမ်းပိုက်ထားသည့် အင်္ဂလိပ်အစိုးရက သိသွားပြီး အိန္ဒိယသို့ အကြောင်းကြားကာ စာရေးကန့်ကွက်သည်။ မြန်မာဘုရင်ဟောင်းသည် မိမိစိုးမိုးအုပ်ချုပ်ခဲ့သော နိုင်ငံသို့ အလှူငွေပေးပို့လှူဒါန်းသည့် အခွင့်အရေးဆုံးရှုံးသွားခဲ့ရသည်။

သီပေါဘုရင်နှင့်စုဖုရားလတ်တို့တွင် သမီးတော်လေးပါးရှိသည်။ သမီးတော်အငယ်ဆုံးမွေးဖွားသည့်အခါတွင် သီပေါမင်းက မိသားစုဓါတ်ပုံရိုက်ချင်သည်ကို အစိုးရကခွင့်မပြု၊ ဘုရင်နှင့်ဘုရင့်မိသားစုဓါတ်ပုံများ သတင်းစာတစ်စောင်စောင်တွင်ပါလာပြီး မြန်မာပြည်သို့ရောက်ခဲ့လျှင်



www.burmeseclassic.com

www.burmeseclassic.com



ငြည်းသူငြည်သားတို့က ဘုရင်နှင့်မိဖုရားကို ပြန်လည်သတိရကြ၊ အာရုံ စိုက်မိလာကြလိမ့်မည်ဟု ထင်မြင်ယူဆကာ ခွင့်မပြုခြင်းပင်ဖြစ်သည်။

သီပေါဘုရင်မှာ ရတနာဂီရိတွင် စိတ်ညှိုးငယ်စွာနေခဲ့ရသည်။ ဈေးခြားမြေခြားဝေးလံသော ချောင်ကျလှသော ရတနာဂီရိတွင် နေပြည်တော်ကို လွမ်းဆွတ်ရင်း ရှည်လျားသောနှစ်ကာလများကို ဖြတ်သန်းခဲ့ရသည်။

ထီးနန်းစည်းစိမ်ကိုခုနစ်နှစ်မျှသာ ခံစားခဲ့ရပြီးနောက် နယ်ချဲ့တို့၏ အကျဉ်းသားအဖြစ် ရောက်ရှိချိန်မှစပြီး နှစ်ပေါင်းသုံးဆယ်လုံးလုံး စိတ်ဒဏ်ရာပေါင်းများစွာ ရရှိကာ နတ်ရွာစံခဲ့ရသည်။

အင်္ဂလိပ်အစိုးရသည် မြန်မာဘုရင် သီပေါမင်းတရားအား နန်းမှချပြီး အကျဉ်းသားအဖြစ် ရတနာဂီရိသို့ ပို့ထားသကဲ့သို့ အိန္ဒိယပြည့်ရှင် မဂိုဘုရင်ဘဟာဒူးရှားခေါ် ဇဖာရှားအား အကျဉ်းသားအဖြစ် ရန်ကုန်သို့ ပို့ခဲ့သည်။

အိန္ဒိယ၏နောက်ဆုံးဘုရင်ဖြစ်သော၊ မဂိုမင်းဆက်၏ နောက်ဆုံးမင်း ဖြစ်သော ဇဖာရှားကို ဒေလီမြို့တော်ရှိ လာလ်ကီလာနန်းတော်တွင် ၁၇၇၂ ခုနှစ်၌ မွေးဖွားခဲ့သည်။ ခမည်းတော်မှာဒုတိယမြောက် အက္ကဗာရှား ဖြစ်သည်။ ငယ်နာမည်အဘူလ်ဇဖရ်၊ နန်းလျာဘဝတွင် မိုဟာမက် စေရာဂျွန်ဒိန်းဟု အမည်ပေးခြင်းခံရသော ဇဖာရှားသည် စာပေဝါသနာရှင်တစ်ဦးဖြစ်သည်။ တပ်ချုပ်မဟာကျော်ဖြူသချိုင်းဖြင့် ကမ္ဘာကျော်ခဲ့သော မဂိုဘုရင်ရှားဂျဟန်၏ အနွယ်တော်ဖြစ်သည်။

ဇဖာရှားသည် အူရဒူ၊ အာရဗီ၊ ဖာရစီ စသည့် ဘာသာစာပေများကို သင်ကြားတတ်မြောက်ခဲ့သည်။ ၎င်းသည် ကဗျာလင်္ကာများကို ရသ မြောက်အောင်စပ်ဆိုနိုင်သော စာဆိုတစ်ဦးဖြစ်သည်။





သီပေါဘုရင်နှင့်ဇဖာရှားဘုရင်တို့တွင် မတူညီသည့်အချက် တစ်ချက်ရှိသည်။ ထိုအချက်မှာ သီပေါဘုရင်က အထက်မြန်မာပြည်တွင် အာဏာစက်ပျံ့နှံ့ခဲ့သော ဘုရင်တစ်ပါးဖြစ်သော်လည်း ဇဖာရှားမှာ မိမိ၏ နန်းတော်အတွင်း၌သာ ဩဇာအာဏာရှိသော ဘုရင်တစ်ပါးဖြစ်ခဲ့ခြင်းပင်။

ဇဖာရှားနန်းတက်သည့် ၁၈၃၇ ခုနှစ်တွင် အင်္ဂလိပ်တို့သည် အိန္ဒိယပြည်၏အချက်အခြာဒေသများ၊ ပင်လယ်ကမ်းရိုးတန်းဒေသများကို သိမ်းပိုက်ထားခဲ့ပြီး အိန္ဒိယတွင် ဩဇာအာဏာလွှမ်းမိုးနေပြီဖြစ်သည်။

အင်္ဂလိပ်တို့သည် ဇဖာရှားအား မဂိုဘုရင်အဖြစ် ဆက်လက် အသိအမှတ်ပြုကာ တစ်လလျှင် ငွေတစ်သိန်းထောက်ပံ့ထားသည်။ မဂိုဘုရင်အား နန်းတော်အတွင်း၌ စိတ်တိုင်းကျနေခွင့်ပေးထားသော်လည်း ပြင်ပသို့သွားလာခြင်း မပြုနိုင်အောင်ချုပ်ခြယ် ကန့်သတ်ထားသည်။ မြို့စားနယ်စားများအား ဘုရင်နှင့် အဆက်အသွယ်မပြုနိုင်အောင် တားဆီးပိတ်ပင်ထားသည်။

အင်္ဂလိပ်တို့က အိန္ဒိယပြည်ရှိ မြို့စားနယ်စားများ ခေါင်းဆောင်များကို အချင်းချင်းညီညွတ်မှုကွဲစေရန် ဖန်တီးကာ သွေးခွဲသည်။ အိန္ဒိယတွင် အင်္ဂလိပ်လိုလားသူနှင့်မလိုလားသူတို့ အစုကွဲကြ၏။ ဆင်အင်ကာရောင်း၊ ဆာဆလာဂျန်၊ ဆာဂျန်ဘဟာဒူးတို့သည် အင်္ဂလိပ်တို့၏ လက်ကိုင်တုတ် များဖြစ်ကြပြီး နယ်ချဲ့စနစ်ကို မလိုလားသူတို့၏ ရန်သူများဖြစ်သည်။

အင်္ဂလိပ်တို့သည် အိန္ဒိယတွင် သွေးခွဲအုပ်ချုပ်ရေးစနစ်ကို ထူထောင်သကဲ့သို့ မြန်မာပြည်တွင်လည်း ထိုအတိုင်းကျင့်သုံးသည်။ စည်းလုံးညီညွတ်မှုပျက်ပြားခြင်းကို အခွင့်ကောင်းယူခဲ့သည်။ ပြည်တွင်း၌ ဖြစ်ပျက်နေသည့် အဖြစ်အပျက်ကို ပုံကြီးချဲ့ကာ ဘုရင်အား မကြေနပ် အောင် လှုံ့ဆော်သည်။



www.burmeseclassic.com

www.burmeseclassic.com



သီပေါဘုရင်နှင့်ပတ်သက်ပြီး အင်္ဂလိပ်တို့က အပြစ်ရှာပုံ၊ မကောင်းပြောပုံ၊ ချို့ယွင်းချက် အားနည်းချက်များကို ပုံကြီးချဲ့ပြီး သီပေါအရှုပ်ပုံတို့ကို ရေ့အခန်းများတွင် ဖော်ပြခဲ့ပြီဖြစ်သည်။

ဇဖရား (ဘဟာဒူးရှား)ဘုရင်လက်ထက်တွင် အိန္ဒိယပြည်သည် အင်အားချိနဲ့နေသည်။ အင်္ဂလိပ်တို့၏ သိမ်းသွင်းစည်းရုံးမှု၊ သွေးခွဲ အုပ်ချုပ်မှုများကြောင့် စော်ဘွားများ၊ နယ်စားများတို့ အစုစုကွဲနေသည်။ နယ်ပယ်အများအပြားမှာလည်း အင်္ဂလိပ်တို့၏ သိမ်းပိုက်ခြင်းခံနေရကာ ၎င်းတို့အလိုကျအတိုင်း စော်ဘွားများအား အုပ်ချုပ်စေသည်။ သီပေါခေတ်တွင် အောက်မြန်မာပြည်၊ တနင်္သာရီ၊ ရခိုင်တို့ကို အင်္ဂလိပ်တို့က သိမ်းပိုက်ထားပုံမျိုးနှင့်တူသည်။

စာပေ ကဗျာများရေးသားခြင်းကို ဝါသနာထုံသော၊ ဘာသာရေး၌ မွေ့လျော်သော ဇဖာရှား(ဘဟာဒူးရှား)သည် အိန္ဒိယတွင်ခေါင်းဆောင်မှု မပေးနိုင်ခဲ့သော်လည်း အင်္ဂလိပ်တို့က အန္တရာယ်ရှိသူအဖြစ် သတ်မှတ်ခြင်းကို ခံခဲ့ရသည်။ ရာဇသွေးများကို ခေါင်းဆောင်တင်ရန် လိုလားသော အိန္ဒိယမျိုးချစ်တော်လှန်ရေးသမားများက (မြန်မာတော်လှန်ရေးသမားများနှင့် သဘောခြင်းတူညီသည်။) ဇဖာရှားအား အိန္ဒိယနိုင်ငံ၏ ဘုရင်အဖြစ် ကြေညာခဲ့သည်။

အိန္ဒိယမျိုးချစ်တော်လှန်ရေးသမားများမှာ ထက်မြက်သော ခေါင်းဆောင်မရှိခြင်း၊ ပြည်တွင်းသစ္စာဖောက်များ၏ နှောင့်ယှက်ခြင်းတို့ကြောင့် အရေးနိမ့်ခဲ့ရသည်။ ထိုအခါ အင်္ဂလိပ်တို့က ဇဖာရှား (ဘဟာဒူးရှား) အား ဘုရင်အဖြစ်အသိအမှတ်ပြုထားသည်ကို ပယ်ဖျက်ကာ ဖမ်းဆီးအပြစ်ပေးပြီး မြန်မာပြည်ရန်ကုန်မြို့သို့ နယ်နှင်ပို့လွှတ်လိုက်သည်။ မဂိုဘုရင်သည် အကျဉ်းခံအဖြစ် ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့သည်။





ဇဖာရှား(ဘဟာဒူးရှား)သည် အကျဉ်းခံအနိမ့်ခံဘဝတွင် ညှိုးငယ်စွာ နေရသည်။ (ရတနာဂီရိတွင် အခြွေအရံများနှင့်နေခဲ့ရသော သီပေါဘုရင်နှင့် အခြေအနေခြင်းကွာခြားလှသည်ဟု သိမှီသူများထံမှ ကြားသိရသည်။

ဇဖာရှားသည် မာရီဖတ်ခေါ် အတွင်းလမ်းစဉ်ကို ကျင့်ကြံအားထုတ်သည်။ ဘာသာရေးသမားဖြစ်သည်။

ကန်တော်မင် ပန်းခြံအနီး စီဒါရ်ဘဇားရှဒ် (ဇဖားရှားလမ်း) တွင် နေထိုင်ရင်းမှ ဇဖာရှားဘုရင်သည် ဘာသာရေးကျမ်းများကို ရေးသားခဲ့သည်။

သူကွယ်လွန်ပြီးနှစ်အတန်ကြာတွင် သူ၏သင်္ချိုင်းဂူကို သူတော်စင်၏ အုတ်ဂူအဖြစ် မွတ်စလင်ဘာသာဝင်များက ပြုပြင်မွမ်းမံသည်။ ထိုနေရာတွင် ဘုရားဝတ်ပြုရန် ဗလီတစ်ခုဆောက်ခဲ့သည်။ ဇဖာရှားဘုရင်၏မိဖုရားမှာ တောင်ငူမြို့တွင် ကွယ်လွန်သွားခဲ့သည်။

နယ်ချဲ့တို့က နိုင့်ထက်စီးနင်းနှမ်းချကာ မိမိ၏နိုင်ငံနှင့်ဝေးရာသို့ ပို့ပြီး အကျဉ်းခံခဲ့ရသော ဘုရင်နှစ်ပါးသည် စာပေကျမ်းဂန်တတ်မြောက်သူများဖြစ်ပြီး စိတ်ထားနူးညံ့ သိမ်မွေ့ကြပုံခြင်းလည်း တူညီကြသည်။

အကျည်းခံဘဝတွင် အခြွေအရံများစွာနှင့် နေခဲ့ရသော သီပေါဘုရင်မှာနတ်ရွာစံပြီး ၂ နှစ်နှင့် ၃ လကြာသည်အထိ မြှုပ်နှံသင်္ဂြိုဟ်ခြင်း မခံခဲ့ရ။ နောက်ဆုံး အင်္ဂလိပ်တို့က မိဖုရားကြီး စုဖုရားလတ်ထံမှ အလောင်းတော်ကိုလုယူကာ သင်္ဂြိုဟ်ချိန်တွင်လည်း သရဏဂုံပင် မတင်လိုက်ရပေ။ မြန်မာနောက်ဆုံးဘုရင်သီပေါမင်း၏ အုတ်ဂူသည် ရတနာဂီရိတွင် သိမ်ငယ်စွာရှိနေကြောင်းသိရသည်။

အကျည်းခံဘုရင်နှစ်ပါး၏ အကျိုးပေးမှာ တူလွန်းလှသည်ဟု ဆိုရမည်။ သို့သော် သီပေါဘုရင်အဖို့ ဘဝနောက်ဆုံး နေရာချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဒဏ်ရာ အထိချက်တွေ ပြည့်နေပေလိမ့်မည်ဟု တွေးဆ၍ရသည်။ တရားအမှုတွင် မွေ့ပျော်ခဲ့သော ဇဖားရှားဘုရင်မှာမူ ဘဝ၏ နောက်ဆုံးအချိန်များတွင် စိတ်ဒဏ်ရာဒဏ်ချက်များကို မမွတရားဖြင့် ဖြေဖျောက်နိုင်ခဲ့လိမ့်မည်ဟု ထင်မှတ်ရပေသည်။

❑ ❑ ❑



# မဟေသီမြင်လျှင်

သီပေါ၏ မဟေသီစုဖုရားလတ်သည် ကြင်ယာတော်၏ အလောင်းတော်ကို မန္တလေးသို့ သယ်ယူကာ သင်္ဂြိုဟ်လိုသည်။ သို့သော် အင်္ဂလိပ် အစိုးရက ခွင့်မပြု။ စုဖုရားလတ်ကလည်း အင်္ဂလိပ်တို့ အလိုကျ အလောင်းတော်ကို အိန္ဒိယတွင် သင်္ဂြိုဟ်ရမည်ကို သဘောမတူဘဲ ရတနာဂီရိစံအိမ်မှာပင် အလောင်းတော်ကို ခေါင်းသွင်းထားခဲ့သည်။

စိတ်ဓာတ်ပြင်းထန်သော စုဖုရားလတ်သည် မောင်တော်သီပေါဘုရင်နှင့်ညီမတော်စုဖုရားကလေးတို့အလောင်းတော်ကို သရဖူဆောင်း မတင်ဘဲ သင်္ဂြိုလ်ခြင်းမပြုဟုတင်းခံသည်။ ရတနာဂီရိမှ မြန်မာပြည်သို့ ပြန်ရတော့မည့်အချိန်တွင် အလောင်းတော်များကိုတပါတည်း သယ်ယူနိုင်ရန် ကြိုးစားသည်။ သို့သော်စုဖုရားလတ်၏ဆန္ဒ မပြည့်ခဲ့ပါ။ အင်္ဂလိပ်တို့က အလောင်းကို အကြမ်းဖက်လုယူကာ သင်္ဂြိုလ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သီပေါဘုရင်နှင့် စုဖုရားကလေးတို့၏ အလောင်းတော်များ ကို ဥဒါန်းဝင်တွင်ထည့်သွင်း သင်္ဂြိုလ်သည့် အခမ်းအနားသို့ စုဖုရားလတ် ဘက်ရောက်ခြင်းမရှိခဲ့။

(သီပေါဘုရင်အား သင်္ဂြိုဟ်စဉ် သရဏဂုံတင်ခဲ့သည်ဟု နိုင်ငံခြားသားများက ရေးသားခဲ့ကြသော်လည်း ရှာပနအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ခဲ့သော စတုတ္ထသမီးတော်အရှင်ထိပ်စုမြတ်ဘုရားက စတုတ္ထသမီးတော်၏ အရေးတော်ပုံစာတမ်းစာအုပ်တွင် ဖခမည်းတော် သီပေါမင်းနှင့်မိထွေးတော် (စုဖုရားကလေး)တို့၏ အလောင်းတော်များကို သရဏဂုံမတင်ရသေးကြောင်း အတိအလင်းရေးသားထားခဲ့သည်။)

၁၉၁၆ ခုနှစ် နတ်ရွာစံချိန်မှစပြီး သရဏဂုံတင်ခွင့် မရခဲ့သော သီပေါဘုရင်အတွက် ၁၉၉၃ ခုနှစ်တွင် သရဏဂုံတင်ခွင့်ရခဲ့သည်။ သီပေါဘုရင်နှင့်မိဖုရား စုဖုရားကလေးတို့အား သရဏဂုံတင်ရန် မြေးတော် အရင်းဖြစ်သော စာရေးဆရာကြီးတော်ဘုရားကလေး(အောင်ဇေ) အပါအဝင် မြေးတော်ငါးဦးနှင့် မြစ်တော်နှစ်ဦးတို့ ရတနာဂီရိသို့ သွားရောက်ခဲ့သည်။ (ဆက်လက်ဖော်ပြမည့်အကြောင်းအရာမှာ တော်ဘုရားကလေး(အောင်ဇေ)၏ 'ရတနာဂီရိ ရတနာသိမ်' ဆောင်းပါး ပါအကြောင်းအရာ များဖြစ်သည်။)

သရဏဂုံတင်ပွဲကို နံနက် ခုနှစ်နာရီတွင်စသည်။ သရဏဂုံတင်ရန် လာရောက်သော မြေးတော်မြစ်တော်တို့မှာ မင်းမျိုးမင်းနွယ်တို့၏ ဝမ်းနည်းခြင်းအထိမ်းအမှတ်အရောင်ဖြစ်သော အဖြူရောင်ကိုဝတ်ဆင်ထားကြသည်။ သရဏဂုံတင်ပေးမည့် ဆရာတော်မှာ ဦးကောဝိဒဖြစ်ပြီး မြန်မာသံမှူးနှင့်အတူ ကားမောင်းသူသုံးဦးပါဝင်သည်။

မြက်ပင်တွေထူထပ်စွာပေါက်နေသော၊ လူ၊ နွား၊ ဆိတ်၊ ခွေးတို့၏ မစင်များပုံကြကာ နံစော်ညစ်ပတ်နေသော၊ ဆောက်လုပ်ရေးပစ္စည်း





များစုပုံထားရာဖြစ်သောသီပေါဘုရင်၊ စုဖုရားကလေးနှင့် ပထမသမီးတော်တို့၏ သေးနုပ်နံ့ချာသည့် အုတ်ဂူရှေ့တွင်နေရာထိုင်ခင်းအတွက် စီမံကြရသည်။ မရအရရှာဝယ်ရသော ပလပ်စတစ်ဖျာနှစ်ချပ်၊ ကားများထဲမှ ခြေနှင်းရာဘာပြားများခင်းကာ ဖြစ်သလိုထိုင်ကြရသည်။ ထိုးမုန့်၊ ကရေကရာ၊ လမုန့်၊ လက်ဖက်၊ ထန်းလျက်တို့ကို ပလပ်စတစ်အိတ်များတွင်ထည့်ကာ အုတ်ဂူအောက်ခုံပေါ်တွင် ဖြစ်သလိုတင်ရသည်။

သရဏဂုံတင်အခမ်းအနားတွင် နှဖူးစီးစာတန်းပါ ပိတ်ဖြူပေါ်တွင် ဒေါင်းတံဆိပ်ကိုတွေ့ရသည်။ 'ဘိုးတော်ဘုန်းတော်ကြီးဘုရား (သီပေါမင်းတရားကြီး)၏ မြေးတော်မြစ်တော်(၇)ဦးတို့က အိန္ဒိယနိုင်ငံ ရတနာဂီရိမြို့တွင် ပြုလုပ်သည့် သရဏဂုံတင်အခမ်းအနား၊ ၁၃၃၅ ခုနှစ်တန်ဆောင်မုန်း လဆုတ် (၈)ရက် တနင်္ဂနွေနေ့' ဆိုသည့် ခေါင်းစီးကို ရေးသားထားသည်။

ပိတ်ဖြူနှဖူးစီးကို သီပေါဘုရင်၏အုတ်ဂူဘေးတွင် ဖြစ်သလို အုတ်ခဲကျိုးဖြင့် ဖိကာချိတ်ဆွဲထားပြီး သရဏဂုံတင်အခမ်းအနားစသည်။ အစီအစဉ်အရ (၁) ဆရာတော်ဦးကောဝိဒ၏ ဩဝါဒကထာ (၂) ဘိုးတော်တို့ကိုကန်တော့ခြင်း (၃) သံတော်ဦးတင်လွှာဖတ်ကြားခြင်း (၄) ကိုးပါး သီလခံယူခြင်း (၅) လှူဒါန်းခြင်း (၆) ပရိတ်တော်ရွတ်ခြင်း (၇) ရေစက်ချခြင်း စသည်တို့ကို အစီအစဉ်အတိုင်းပြုလုပ်သည်။

ဆရာတော်ဦးကောဝိဒက 'မြန်မာတွေရဲ့နောက်ဆုံးဘုရင်မင်းမြတ်ဖြစ်တော်မူသော ဘဝရှင်သီပေါမင်းတရားပါတော်မူပြီး ရတနာဂီရိမှာ နတ်ရွာစံသည့်အခါ အင်္ဂလိပ်အစိုးရက သရဏဂုံတင်ခွင့်မပြုတာကို ငယ်စဉ်ကပင်ကြားသိခဲ့ရလို့ စိတ်မချမ်းမသာဖြစ်မိကြောင်း၊ ယခုတော့ ဘဝရှင်မင်းတရားကြီး နတ်ရွာစံတော်မူပြီး (၇၇)နှစ်ရှိကာမှ သရဏဂုံတင်နိုင်ပြီဖြစ်ကြောင်း၊ ယခုလိုသရဏဂုံတင်ရာမှာ ဦးဇင်းနဲ့အတူဘဝရှင်



www.burmeseclassic.com

www.burmeseclassic.com



မင်းတရားကြီးရဲ့ မြေးတော်မြစ်တော်အရင်းအချာတွေ ကိုယ်တိုင်ပါရှိနေတာ ကို တွေ့ရလို့ ဝမ်းမြောက်လှကြောင်း၊ သရဏဂုံတင်တာကို ခြိုးခြိုးခြံခြံ အတည့်အလှန်းရသဖြင့် စိတ်မကောင်းပါကြောင်း၊ နောင်အခါ အခွင့်သင့်လျှင် ဘဝရှင် သီပေါမင်းတရားကြီးစံမြန်းတော်မူခဲ့တဲ့ မန္တလေးမြနန်းစံကျောင်း ရွှေနန်းတော်ကြီးမှာ ထိုက်ထိုက်တန်တန် သရဏဂုံတင်နိုင်ပါစေလို့ ဆုတောင်းပါကြောင်း၊ မြန်မာတစ်မျိုးသားလုံးက ပါတော်မူသင်ခန်းစာကို ယူကြပြီးအမြဲတမ်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ နေထိုင်သွားကြ မယ်ဆိုရင် နောက်တစ်ခါ နိုင်ငံခြားများသားလက်အောက်ကို မြန်မာ နိုင်ငံတော်ကြီး မကျရောက်နိုင်ဘူးလို့ ဦးဇင်းယုံကြည်ကြောင်း၊ တကယ်လို့ မညီမညွတ်ကြဘဲ ကွဲပြားနေကြလျှင် မြန်မာနိုင်ငံတော်ကြီးဟာ စိတ်မချရ ကြောင်း" စသဖြင့် ဩဝါဒကထာ မိန့်ကြားတော်မူသည်။

ခမ်းနားထယ်ဝါခြင်းမရှိသော သရဏဂုံတင်အခမ်းအနားသည် ကွယ်လွန်ခဲ့ပြီဖြစ်သော မြန်မာတို့၏ နောက်ဆုံးဘုရင်အတွက် လုပ်သင့် လုပ်ထိုက်သည့် ဂါရဝပြုခြင်းဟုဆိုရမည်။ အကယ်၍ ယခုအခမ်းအနား တွင် နယ်ချဲ့တို့ကိုဦးမညွတ်ခဲ့သော မိဖုရားခေါင်ကြီးစုဖုရားလတ်သာ ရှိခဲ့လျှင် ဝမ်းသာဝမ်းနည်းဖြစ်ရလိမ့်မည်ထင်သည်။

တစ်ချိန်က ရွှေအိမ်နန်းနှင့် ခမ်းခမ်းနားနားနေခဲ့ရသော ဘဝရှင် မင်းတရားကြီး၏ သရဏဂုံတင်အခမ်းအနားမှာ ယခုကဲ့သို့ချို့ချို့ငဲ့ငဲ့ သိမ်သိမ်ငယ်ငယ်နှင့် ပြီးဆုံးသွားခဲ့ခြင်းအတွက်လည်း ကြေကွဲမဆုံးရှိ နေမည်မှာ သေချာသည်။ သို့သော် သရဏဂုံမတင်ခဲ့ရသေးသည်နှင့် စာလျှင်တော့ မိမိ၏ဆန္ဒကို မိမိ၏မြေးတော်မြစ်တော်တို့က တတ်နိုင်သမျှ ဆောင်ရွက်ဖြည့်ဆည်းခဲ့သည့်အတွက် မိဖုရားခေါင်ကြီးအဖို့ ဝမ်းမြောက် ဝမ်းသာ ဖြစ်နေမည်မှာလည်း သေချာလှပါသည်။

❑ ❑ ❑



## မှတ်တမ်းအကျဉ်း

ပထမသမီးတော်ထိပ်စုမြတ်ဖုရားကြီးကို ၁၈၈၂ ခုနှစ်တွင် မွေးဖွားသည်။ ရတနာဂီရိသို့ရောက်ပြီးနောက် နန်းတွင်းစောင့်မာရသီလူမျိုး ရိုပယ်ဘာရီဆန်းဝန်းနှင့် အိမ်ထောင်ကျသည်။ သမီးတုတုကို မွေးဖွားခဲ့ သည်။ ၁၉၄၇ ခုနှစ်တွင် ကွယ်လွန်သည်။

ဒုတိယသမီးတော် ထိပ်စုမြတ်ဖုရားလတ်ကို ၁၈၈၄ ခုနှစ်တွင် မွေးဖွားသည်။ရတနာဂီရိသို့ရောက်ပြီးနောက်လတ်သခင်ခေါ်ခင်မောင်လတ် နှင့် အိမ်ထောင်ကျသည်။ သားသမီးမရှိ။ ၁၉၅၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ကလင်ပုံတွင် ကွယ်လွန်သည်။

တတိယသမီးတော် အရှင်ထိပ်စုမြတ်ဖုရားကို ၁၈၈၆ ခုနှစ်တွင် မဒရပ်မြို့မှာမွေးဖွားသည်။ ရန်ကုန်သို့ပြန်ရောက်ပြီးနောက် ၁၉၂၂ ခုနှစ် တွင် ထိပ်တင်ကိုယ်တော်ကြီးနှင့်အိမ်ထောင်ကျသည်။ ၆နှစ် အကြာတွင်



www.burmeseclassic.com

www.burmeseclassic.com



ထိပ်တင်ကိုယ်တော်ကြီးနှင့် လင်ခန်းမယားခန်းပြတ်စဲပြီးဒုတိယအိမ်ထောင် ပြုသည်။ အိမ်ထောင်သက်မကြာခင်မှာပင် ဒုတိယအိမ်ထောင်ဖြစ်သူ [illegible]ဘော်ရ သေဆုံးသွားခဲ့သည်။ တတိယသမီးတော်တွင် ထိပ်တင်ကိုယ်တော်ကြီးနှင့် သမီးထိပ်စုကြီးဖုရားကို ရခဲ့သည်။ ၁၉၆၂ ခုနှစ် သက်တော်(၇၆)နှစ်တွင် ပြင်ဦးလွင်၌ ကင်ဆာရောဂါဖြင့်ကွယ်လွန်သည်။

စတုတ္ထသမီးတော် အရှင်ထိပ်စုမြတ်ဖုရားကလေးကို ၁၈၈၇ ခုနှစ်တွင် ရတနာဂီရိ၌ မွေးဖွားသည်။ ၁၉၂၁ ခုနှစ်တွင် ရဟန်းလူထွက် ကိုကိုနိုင်နှင့် အိမ်ထောင်ကျသည်။ သားတော်လေးပါးနှင့် သမီးတော် နှစ်ပါးမွေးဖွားသည်။ တော်ဘုရားကလေး(အောင်ဇေ)မှာ စတုတ္ထ သမီးတော်၏ စတုတ္ထသားဖြစ်သည်။

စတုတ္ထသမီးတော်သည် "စတုတ္ထသမီးတော်၏အရေးတော်ပုံ စာတမ်း" ကို ရေးသားထုတ်ဝေခဲ့ပြီး နိုင်ငံပေါင်းစုံသမဂ္ဂသို့ ပေးပို့ခဲ့သည်။ မော်လမြိုင်သို့ အကျယ်ချုပ်ဖြင့် အပို့ခံရပြီး သက်တော် (၄၈)နှစ်၊ ၁၉၃၆ ခုနှစ်တွင် ကွယ်လွန်သည်။

❑ ❑ ❑



# ညာနေကြာသည်

စုဖုရားလတ်သည် စစ်ကိုင်းမင်း (ဘကြီးတော်ဘုရား) နှင့် နန်းမတော်မယ်နုတို့၏မြေး၊ မင်းတုန်းမင်းနှင့် ဆင်ဖြူမရှင်တို့၏ သမီးတော် ဖြစ်သည်။

နန်းမတော်မယ်နုသည် အရပ်သူ၊ ထိုမှ စစ်ကိုင်းမင်း၏မိဖုရား ခေါင်ကြီး ဖြစ်လာသူဖြစ်၏။ မဟာဆီမဟာသွေး မဟုတ်။ ငါးစိမ်းသည်မ၊ စုန်းမဟု ချိုးချိုးဖွဲ့ဖွဲ့ပြောဆိုကြသည်။ မင်းဆွေ မင်းမျိုးများကြားမှ ထက်မြက်သော အရည်အသွေးကြောင့် အထွတ်အထိပ်သို့ ရောက်လာ သူဖြစ်သည်။ မိဖုရားခေါင်ကြီး နန်းမတော်မယ်နု (သီရိပဝရ မဟာရာဇိန္ဒာ ရတနာဒေဝီ) အဖြစ် ထင်ရှားခဲ့သူဖြစ်သည်။

နန်းမတော်မယ်နု၏သမီးတော် မင်းတုန်းမင်း၏ အလယ် နန်းမတော်မိဖုရားဆင်ဖြူမရှင် (သီရိပဝရတိလောကမဟာရတနာဒေဝီ)မှာ



www.burmeseclassic.com

www.burmeseclassic.com



ပြတ်သားသော ရဲရင့်သော ထက်မြက်သော စိတ်ဓာတ်အမွေကို မယ်တော် ဒေါ်ခင်သုထံမှ ရရှိခဲ့သည်။ ထို့အတူပင် ဆင်ဖြူမရှင်၏တတိယသမီးတော် စုဖုရားလတ်သည်လည်း ဘွားတော်နှင့် မယ်တော်တို့ထံမှ ပြတ်သားရဲရင့်သော ထက်မြက်သော နောက်မတွန့်တတ်သော ဦးစီးဦးဆောင်တတ်သော စိတ်ဓာတ်အမွေကို ရရှိခဲ့သည်။

ဘွားတော်၏စိတ်ဓာတ်အမွေကို မယ်တော်ထံမှတဆင့် ရခဲ့သော မြတောင်မင်းသမီးစုဖုရားလတ်သည် ဘွားတော်ကဲ့သို့ပင် အပြစ်တင်ခံခဲ့ရသူဖြစ်သည်။

အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲဖြစ်ပွားရခြင်း၊ နယ်မြေများ ဆုံးရှုံးကာ လျော်ကြေးပေးရခြင်းသည် နန်းမတော်မယ်နုကြောင့်ဟု ဆိုကြသည်။ ထို့အတူပင် အင်္ဂလိပ်မြန်မာတတိယစစ်ပွဲတွင် တိုင်းပြည်တစ်ပြည်လုံး အင်္ဂလိပ်တို့လက်သို့ ထိုးအပ်လိုက်ရခြင်းမှာ စုဖုရားလတ်ကြောင့်ဟု ဆိုကြသည်။

အင်္ဂလိပ်နယ်ချဲ့တို့သည် မြန်မာပြည်ကို အပြစ်မရှိ၊ အပြစ်ရှာကာ သိမ်းပိုက်ခဲ့ခြင်းကို ဖုံးကွယ်နိုင်ရန် သူတို့ကိုယ်သူတို့ ကယ်တင်ရှင်ကြီးများအဖြစ်လည်းကောင်း၊ သီပေါဘုရင်နှင့်စုဖုရားလတ်တို့အား သမိုင်းတရားခံများအဖြစ်လည်းကောင်း၊ မြင်လာအောင် ရေးသားကြကာ သမိုင်းဖြစ်ရပ်မှန်များကို ဖျက်ဆီးပစ်ခဲ့ကြသည်။

သီပေါဘုရင် နန်းတက်စတွင် ဘုရင်နှင့်မိဖုရားတို့သည် ဥယျာဉ်တော်အတွင်း စိမ်ပြေးတမ်းကစားကြ၊ ထမင်းဟင်းချက်တမ်း ကစားကြဖြင့် ကလေးစိတ်မကုန်သေးကြောင်း ကရုဏာသက်ဖွယ်ဖြင့် ရေးကြသည်။ သီပေါဘုရင်သည် လူပျော့လူညံ့၊ အရည်အချင်းမရှိသူ၊ သောက်စားမူးယစ်နေသူဟုလည်းကောင်း၊ စုဖုရားလတ်သည် ငယ်စဉ်ကပင်လျှင်က ငှက်ကလေးများကို ရက်ရက်စက်စက်သတ်သူ၊ မိဖုရားဖြစ်လာချိန်တွင်





မိမိတို့ ရာဇပလ္လင်တည်မြဲရေးအတွက် အသက်ပေါင်းများစွာကိုသတ်ခဲ့သူ၊ သွေးဆာသူမိန်းမရိုင်းကြီးဟုလည်းကောင်း ၎င်းတို့၏စာအုပ်များတွင် ရေးသားခဲ့ကြသည်။

အနိုင်ရသူသည် သိက္ခာဆည်နိုင်ရေးအတွက် အရှုံးပေးရသူအပေါ် အပြစ်တွေပုံချခြင်းမှာမဆန်းပါ။ မြန်မာဘုရင်နှင့်မိဖုရားကို သမိုင်းတွင် တန်ဖိုးကျအောင် အနောက်တိုင်းသားများက သူတို့ သိစေမြင်စေလိုသည့် အကြောင်းအရာကိုဖော်ပြီး၊ မသိစေမမြင်စေလိုသည် တို့ကို ဖုံးကွယ်ကာ သူတို့ကိုယ်သူတို့ ကယ်တင်ရှင်ကြီးများအဖြစ် တွင်ကျန်ရစ်အောင် လုပ်ကြခြင်းသာဖြစ်သည်။

သီပေါဘုရင်နန်းတက်စဉ်ကာလက ထုတ်ဝေသော လန်ဒန်တိုင်း နယူးယောက်တိုင်းသတင်းစာတို့တွင် အနောက်နိုင်ငံသတင်းထောက်များက နန်းတွင်းရေးနှင့်ပတ်သက်ပြီး မဟုတ်မမှန်သတင်းများကို လုပ်ကြံရေးသားကြသည်။

သီပေါဘုရင် အသက်ထင်ရှားရှိနေပါလျက် သီပေါဘုရင် နတ်ရွာစံပြီဆိုသည့်သတင်းမျိုး၊ အရက်သေစာသောက်စားခြင်းမရှိသော ဘုရင်ကို သေသောက်ကြူးဘုရင်ဆိုသည့်သတင်းမျိုး၊ သီပေါဘုရင် နှာစွဲကပ်နေပြီ၊ ဘုရင်၏ကျန်းမာရေးကောင်းမွန်လာစေရန် လူတွေကို အရှင်လတ်လတ် မြေမြှုပ်သတ်ကာ ယာဇ်ပူဇော်သည် စသည့်သတင်းမျိုးတို့ကို ရေးသားခဲ့ကြသည်။

သတင်းစာများတွင် မြန်မာဘုရင်ကို အပုတ်ချရေးသားကြခြင်းမှာ အင်္ဂလိပ်နယ်ချဲ့တို့အတွက် ၎င်းတို့ဆက်လက်လုပ်ကိုင်မည့် ကျူးကျော်မှုကို ဖုံးကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်နေခြင်းသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မယဉ်ကျေးသော လူမျိုးတစ်မျိုးကို ယဉ်ကျေးလာစေရန်၊ ဘိုးဘက်မှုမရှိသော နိုင်ငံတစ်နိုင်ငံကို တိုးတက်ခေတ်မီလာစေရန်၊ ညှေးဆာနေသော ဘုရင်နှင့်မိဖုရားတို့လက်မှ အပြစ်မဲ့ပြည်သူများကို ကယ်တင်ရန်အတွက် မဟာကရုဏာရှင် အင်္ဂလိပ်ကို့က မြန်မာပြည်ကို ကယ်တင်လိုက်သည့် သဘောမျိုးပေါက်အောင် ရေးသားကြသော ကျမ်းအကိုးအကား အထောက်အထားမဲ့ သမိုင်းနောက်ခံဇာတ်လမ်းများ၊ လုပ်ကြံသတင်းများသည် နယ်ချဲ့ကျူးကျော်သူတို့၏ပရိယာယ်များသာ ဖြစ်၏။ ထိုပရိယာယ်များကြောင့်ပင် စုဖုရားလတ်သည် ဘွားတော် နန်းမတော်မယ်နုကဲ့သို့ပင် သားကောင်ဖြစ်ခဲ့ရလေသည်။

❑❑❑



# စုဖုရားလတ်ဘာလဲ

## အိမ်ရှေ့နန်းတမ်းအမိန့်တော်

ပဌမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးအမိန့်တော်ရှိသည်။ ရှေးရှေးသော မင်းကောင်းမင်းမြတ်တို့သည် သာသနာတော်သုံးပါးစည်ပင် ပြန့်ပွားထွန်းလင်းစေကြောင်း၊ တိုင်းပြည်နိုင်ငံ အစီးအပွားများပြားတိုးတက် ကြောင်းများကို ဆောင်ရွက်စေခြင်းငှာ ရိုက်ရာတော်ခံ နန်းရံအစစ်ဖြစ်သော သားတော်မြတ်ကို အိမ်ရှေ့နန်းတော်မှုမြဲဖြစ်သည်နှင့်အညီ ငါအရှင် ဧကရာဇ်မင်းမြတ်သည်လည်း အပရိဟာနိယစသော ရာဇဓမ္မကျင့်ဝတ် တရားအပေါင်းတို့ကို မြဲမြံစွာကျင့်ဆောင်တော်မူလျက် ရတနာပုံမဟာ ရာဇဌာနီရွှေပြည်တော်ကြီးကိုလည်း လက်မှန်အစ တည်ထောင်ဖန်ဆင်း တော်မူ၍ မြတ်စွာဘုရားသာသနာတော် အထူးသဖြင့် စည်ပင်ထွန်းလင်း စေခြင်းငှာ ငါးကြိမ်မြောက်သော ပဌမသင်္ဂါယတနာသဘင် ဆင်ယင်



www.burmeseclassic.com

www.burmeseclassic.com



တော်မူပြီးလျှင် သာသနာတော်မြတ် အစီးအပွား၊ ကိုယ်တော်မြတ် အကျိုးစီးပွား၊ သားတော်အစဉ် မြေးတော်အဆက်၊ မြစ်တော်အညွန့်စီးပွား လျှာန်း ရှင်လူ ပြည်သူ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားများပြားစေခြင်းကို တရားနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်တော်မူမည့် သားတော် သီပေါမြို့စား မင်းသားသုသီရိမဟာဓမ္မရာဇာသည် တပ်ဦးမဟာ သမ္မတဥဏ္ဍာမုက္ခသကျသာကီဝင်မင်းတို့မှ အစဉ်မပြတ် ဆင်းသက်ခဲ့သော ကုန်းဘောင်နန်းရိုးနေမျိုးနွယ် စစ်ဖြစ်ခြင်း၊ ပိဋကတ်သုံးပုံကို ချောက်ချားစေလျက် သုံးကြိမ်မြောက် ပထမပြန်ဆိုနိုင်၊ သုံးကြိမ်မြောက် မြတ်စွာဘုရားသာသနာတော်ကို ထမ်းဆောင်နိုင်ခြင်း၊ လောကဓမ္မလိမ္မာကျေပွန်သဖြင့် နောင်အခါ ငါနှင့်ထပ်တူ တိုင်းပြည်နိုင်ငံကို အုပ်စိုးနိုင်မည့် နှလုံးလက်ရုံး၊ ဘုန်းပညာလက္ခဏာနှင့် ဂုဏ်ထူးဝိသေသရှိသော သားတော်မြတ်ဖြစ်သည်နှင့်အညီ သာသနာတော်ရေး တိုင်းရေးပြည်မှုများကို ညီညာဆောင်ရွက်စေခြင်းငှာ အိမ်ရှေ့မင်းသားတို့၏ တင့်တယ်စပ္ပါယ်ခြင်း၊ အလုံးအရင်း ဆင်မြင်းမိုလ်ပါအပေါင်းတို့ဖြင့်ခြံရံလျက် အိမ်ရှေ့ဥပရာဇာအဖြစ်သို့ ဆောင်နှင်းတော်မူလိုက်သည်။

## ဘဝရှင်မင်းတရားကြီး

၁၂၄၀ ခုနှစ် တော်သလင်းလပြည့်ကျော် (၉) ရက်နေ့တွင် သီပေါမင်းသားကို အိမ်ရှေ့အရာအပ်နှင်းသည့် အခမ်းအနားကျင်းပခဲ့သည်။ အမိန့်တော်ကို နားခံတော်မင်းထင်ကျော်ခေါင်က အမိန့်တော်ပြန်မှတ်သည်။ (တော်ဘုရားကလေး အောင်ဇေ၏ စုဖုရားလတ်ရင်ဖွင့်သံ (၂)၊ ၁၉၉၇ ကလျာ မဂ္ဂဇင်း)

သီပေါမင်းသားကို နာမကျန်းဖြစ်နေသော မင်းတုန်းမင်းက လိုလိုလားလား အိမ်ရှေ့အရာအပ်နှင်းသည်ဟု တော်ဘုရားကလေး အောင်ဇေက သူ၏ဆောင်းပါးတွင် ရေးသားထားသည်။





ဖီးလ်ဒင်းဟော အစရှိသည့် အနောက်တိုင်းစာရေးဆရာများက အလယ်နန်းသီပေါမင်းသားအား အိမ်ရှေ့အရာအပ်နှင်းခြင်းကို မင်းတုန်းမင်းကြီး မသိရှိခဲ့။ အလယ်နန်းမိဖုရားကြီး ဆင်ဖြူမရှင်နှင့် ကင်းဝန်မင်းကြီး အစရှိသော မှူးမတ်များ၏အကြံအစည်သာ ဖြစ်သည်ဟု ရေးကြသည်။

သီပေါမင်းသားအား အိမ်ရှေ့အရာအပ်နှင်းခြင်းတွင် သဘောထား အမျိုးမျိုးကွဲပြားနေသော်လည်း မင်းတုန်းမင်းက မင်းညီမင်းသားများ အကျဉ်းချခံနေရကြောင်းသိရှိသွားပြီး၊ အကျဉ်းတိုက်မှလွှတ်ရန် အမိန့်ပေးကာ သူ့ထံသို့ အခစားဝင်စေရာတွင်လည်းကောင်း၊ မင်းသားသုံးပါး (မက္ခရာ၊ သုံးဆယ်၊ ညောင်ရမ်း)တို့အား နယ်သုံးနယ်ခွဲဝေပေးသည်ဟု ဆိုရာတွင်လည်းကောင်း တညီတညွတ်တည်းရှိကြသည်။

မင်းတုန်းမင်းသည် သားတော်များအရေးကို နတ်ရွာမစံမီတွင် စိတ်အေးရအောင် စီစဉ်ခဲ့သည်။ သို့သော် မြို့တော်ကို အုပ်ချုပ်ရေးအတွက်မူ မည်သို့မည်ပုံစီစဉ်ခဲ့သည်ဟု မသိရ။ မင်းတုန်းမင်းတရားသည် ပထမပြန်သားတော် သီပေါမင်းသားကို အိမ်ရှေ့အရာ အပ်နှင်းထားပြီး ဖြစ်၍ မြို့တော်ကို အုပ်ချုပ်ရေးနှင့်ပတ်သက်ပြီး စိတ်ချလက်ချရှိနေဟန်တူသည်။

မင်းတုန်းမင်းနာမကျန်းဖြစ်နေစဉ် နန်းတော်အတွင်း၌ ဩဇာထက်နေသူမှာ အလယ်နန်းမတော် ဆင်ဖြူမရှင်ဖြစ်သည်။ မိဖုရားခေါင်ကြီး မရှိတော့သည့်နောက်တွင် အရေးပေးအခံရဆုံးဖြစ်သော ဆင်ဖြူမရှင်သည် နောက်လိုက်အင်အားမရှိသော၊ ထက်မြက်မှုမရှိဘဲ မိမိတို့အလိုကို လိုက်လိမ့်မည်ဟု ယုံကြည်ရသော သီပေါမင်းသားကို နန်းလျာအဖြစ် သတ်မှတ်ရန် မင်းတုန်းမင်းတရားအား တိုက်တွန်းမည်မှာသေချာသည်။ သမီးတော် စုဖုရားလတ်နှင့် ရည်ငံနေသော မင်းသားငယ် နန်းရလျှင် မိမိမှာ မိဖုရား၏မယ်တော်အဖြစ် အာဏာထက်မြက်နေမြဲ ထက်မြက်နေလိမ့်မည်ဟု တွေးထင်မိခဲ့ပြီး ဖြစ်ပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်းသည် နာမကျန်းဖြစ်ပြီး အသက်ဘေးစိုးရိမ်နေရစဉ်တွင် အနီးကပ်ဆုံးဖြစ်နေသော အလယ်နန်းမတော် ဆင်ဖြူမရှင်၏စကားကို ဖယ်ရှားလိမ့်မည်မဟုတ်ဟု တွက်ဆ၍ ရသည်။

မင်းတုန်းမင်းသည် သီပေါမင်းသားအား အိမ်ရှေ့အရာ အပ်နှင်းအပြီးတွင် သားတော်ကြီးများအား နယ်မြေခွဲဝေအုပ်ချုပ်၍ အမိန့်ချမှတ်ခဲ့ပုံရသည်။

သီပေါမင်းသားဘုရင်ဖြစ်လာခြင်းမှာ မိဖုရားကြီး ဆင်ဖြူမရှင် ပြင်းထန်သောဆန္ဒကြောင့်ဟု ဆိုရပါမည်။ ထိုအချိန်က လူငယ်တစ်ယောက် မျှသာဖြစ်သော သီပေါမင်းသားအဖို့ နောင်တော်မင်းသားများကို ကျော်ဖြတ်ပြီး ဘုရင်ဖြစ်လာချိန်တွင် တိုင်းပြည်အုပ်ချုပ်ရေးကိစ္စတို့၌ ပါဝင်နိုင်ပုံမရ။ အသက်အရွယ်အရလည်းကောင်း၊ အရည်အသွေးအရလည်းကောင်း၊ ဆင်ဖြူမရှင်နှင့် ဝန်ကြီး မှူးမတ်များကို ဆန့်ကျင်ကျော်လွှားနိုင်ပုံမရ။

သီပေါဘုရင်ကို မိဖုရားကြီးဆင်ဖြူမရှင်နှင့် ကင်းဝန်မင်းကြီးတို့က ရာဇပလ္လင်ပေါ်သို့ တင်ပေးခဲ့သည်မှာ အငြင်းပွားဘွယ်ရာမရှိသော အကြောင်းအရာဖြစ်သည်။

နန်းတွင်းလုပ်ကြံမှုတွင် ဘုရင်နှင့်မိဖုရားတို့ပါမပါဆိုခြင်းနှင့် ပတ်သက်၍ အနောက်တိုင်းသားအချင်းချင်းပင် သဘောကွဲလွဲခဲ့ကြသည်။ သီပေါဘုရင်နှင့် စုဖုရားလတ်တို့ကို တရားခံဟု လက်ညှိုးထိုးပြသူများရှိသလို ဘုရင်နှင့်မိဖုရားတို့သည် လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ တာဝန်မရှိ။ လုပ်ကြံမှုတွင် ပါဝင်ပတ်သက်ခြင်းမရှိ။ လက်လွန်ပြီးမှ သိကြရကာ ယူကျုံးမရဖြစ်ခဲ့ရသည်ဟု ဘုရင်နှင့်မိဖုရားကို တရားခံ စာရင်းမှ ဖယ်သူတွေလည်း ရှိခဲ့သည်။

လုပ်ကြံမှုတွင် ကိုယ်တိုင်ပါဝင်ခဲ့သူမှာ ရနောင်မင်းသားခေါ် ရနောင်မောင်မောင်တုတ်ပင် ဖြစ်သည်။





သက်တော်ရှည်ဘွဲ့ရထားသော ဘုရင်၏နောင်တော်ဟု တင်စားခြင်းခံခဲ့ရသော သီပေါဘုရင်က ချီးမြှင့်မြှောက်စားသဖြင့် ထိပ်ဆုံးသို့ရောက်လာသော ရနောင်မောင်မောင်တုတ်သည် မကောင်းမှု၌ မွေ့လျော်သူဖြစ်၏။ လူသတ်မှု၊ ဓားပြမှု၊ မိန်းမအပျိုအအိုမရွေး ခြေတော်တင်ဖျက်ဆီးမှုနှင့် မတရားမှုများစွာကို လုပ်ကိုင်နေသူဖြစ်၏။

သီပေါဘုရင်အား (မင်းညီမင်းသားတို့ အဖမ်းခံရစဉ်) အကျဉ်းတိုက်အတွင်းမှ ကုန်းပိုးပြီးထုတ်လာခဲ့သူဖြစ်သည်။ ရနောင် မောင်မောင်တုတ်သည် သီပေါဘုရင် အာဏာတည်မြဲနေသမျှ သူ့အခြေအနေကောင်းနိုင်သည်ကို သဘောပေါက်ထားပြီးဖြစ်သည်။ ထို့ကြောင့် လက်ရဲဇက်ရဲရှိသူပီပီ သီပေါဘုရင်၏လမ်းကြောင်းပေါ်တွင် အန္တရာယ်ဖြစ်နေသော မင်းညီမင်းသားတို့အား ရက်ရက်စက်စက် သတ်ဖြတ်ပစ်ခဲ့သည်မှာ ယုံမှားသံသယ ဖြစ်ဖွယ်မရှိ။

ဟင်နရီဖီးလဒင်းက သူ၏စာအုပ်တွင် ကျွန်ုပ်အတိအကျသိရသည့်အချက်မှာ မင်းဖိုးမင်းလွင်သီပေါဘုရင်နှင့် ကြင်ယာတော်မိဖုရားဖြစ်လာသည့် လုံမငယ် (စုဖုရားလတ်)တို့မှာ ထိုကိစ္စ (နန်းတွင်းလုပ်ကြံမှု) နှင့် ပတ်သက်၍ လုံးဝအပြစ်မရှိ ဟူသော အချက် ဖြစ်သည်။ သူတို့သည် ကိစ္စအားလုံးပြီးစီးသွားသည်အထိ ဘာမှမသိလိုက် ကြရပေ။ ထိုကိစ္စကို ကြားသိရသောအခါ သီပေါဘုရင်သည် သူ့ရွှေနန်းတော်တွင် ထိုင်ချလိုက်ပြီး ငိုရှာလေသည်။ ငါ့ညီတော်နောင်တော်တွေ ယခုလိုဖြစ်မယ်ဆိုတာ သိရင် ငါဘယ်တော့မှ ထီးနန်းကို လက်မခံခဲ့ပါဘူးဟု ရေးသားခဲ့သည်။

နန်းတွင်းလုပ်ကြံမှုကြီးတွင် ရနောင်မောင်မောင်တုတ်က ကိုယ်တိုင် ကိုယ်ကျပါဝင်ခဲ့ပြီး၊ အမိန့်ပေးစေခိုင်းသူ သို့မဟုတ် တာဝန်ရှိသူမှာ မိဖုရားကြီးဆင်ဖြူမရှင်နှင့် ကင်းဝန်၊တိုင်တားစသည့် ဝန်ကြီးများဖြစ်ကြောင်း အထောက်အထားများစွာ ရှိနေသည်။ သူတို့မှာ ဆင်ဖြူမရှင်



www.burmeseclassic.com

www.burmeseclassic.com



နှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်းတိုင်ပင်ဖော် တိုင်ပင်ဖက်များ ဖြစ်ခဲ့ကြသည်။

စိတ်ထားပျော့ပြောင်းသော ဘာသာရေးအဆုံးအမကို လေးစားလိုက်နာသော သီပေါဘုရင်သည် သူ့သွေးသားများကို သတ်ဖြတ်ရာတွင် အမိန့်ပေးစေခိုင်းသူမဖြစ်နိုင်။ ထို့အတူပင် အသက်နှစ်ဆယ်ပင် မပြည့်တတ်သေးသော စုဖုရားလတ်သည် မည်မျှမောက်မာသည်ဖြစ်စေ၊ လူ့အသက်ပေါင်းများစွာကို သတ်ဖြတ်သူ၊ သတ်ဖြတ်ရန်စေခိုင်းသူတော့ မဖြစ်နိုင်။ ဘုရင်နှင့်မိဖုရားတို့အပေါ် အပြစ်မှန်သမျှ ပုံချလိုသူ။ မိမိတို့၏ မတရားမှုကို ဖုံးကွယ်လိုသူ နယ်ချဲ့တို့က ဘုရင်နှင့်မိဖုရားတို့က လူသတ်ပွဲကျင်းပလေဟန် လုပ်ကြံဖန်တီးကြခြင်းဟုသာ ဆိုရမည်ဖြစ်သည်။

နန်းတွင်းလုပ်ကြံမှုတွင် နာမည်ပျက်ခဲ့ရသော စုဖုရားလတ်မှာ ဘိသိက်ခံပွဲတွင်လည်း နာမည်အဖျက်ခံရပြန်သည်။ အစ်မတော် စုဖုရားကြီးထံမှ မိဖုရားခေါင်ကြီးနေရာကို လုယူသူအဖြစ် စွပ်စွဲခံရပြန်သည်။

ဆင်ဖြူမရှင် မိဖုရားကြီးသည် သီပေါဘုရင်အား ထီးနန်းတင်ပေးခဲ့သည်မှာ ကြိုးဆွဲရာကမည့်သူဖြစ်ပြီး သမီးတော်စုဖုရားလတ်နှင့်လည်း ရည်ငံနေသူဖြစ်ခြင်း စသည့်အကြောင်းများကြောင့်ဟု ဆိုခဲ့ကြသည်။ ဘိသိက်ခံရတော့မည်ဆိုမှ စုဖုရားလတ်မှာ မိဖုရားခေါင်ကြီးမဖြစ်နိုင်။ သမီးတော်ကြီး စုဖုရားကြီးသာလျှင် မိဖုရားကြီးဖြစ်ခွင့်ရှိသည်ဟု ဆိုပြီး စုဖုရားကြီးအား သီပေါဘုရင်နှင့် လက်ဆက်ပေးခြင်းသည် ဆင်ဖြူမရှင်မိဖုရားကြီးအနေနှင့် သမီးလတ်စုဖုရားလတ်အား လျှော့တွက်မိခြင်း၊ မိမိ၏အစီအစဉ်ကို အလွယ်တကူလက်ခံလိမ့်မည်ဟု အယုံအကြည် မှားခဲ့ခြင်းပင်ဖြစ်သည်။ စုဖုရားလတ်က စုဖုရားကြီးအား တောင်နန်းမတော်အရာ၌ထားပြီး သူ့အားမြောက်နန်းမတော်အရာထားကာ မိဖုရားများအဖြစ် ဘင်မြှောက်ခြင်းကို လက်မခံခဲ့ပေ။





ဘိသိက်ခံစဉ်တွင် စုဖုရားကြီးကလက်ယာဘက်၊စုဖုရားလတ်က လက်ဝဲဘက်တွင် နေရာယူကာ မှန်နန်းတော် အမယာသနပလ္လင်တော်ထက်တွင် အရှေ့ဘက်ကို မျက်နှာမူနေရာယူပြီး မိဖုရားနှစ်ပါးစလုံး တပြိုင်နက်တည်း မဟေသီဘိသိက်ခံသည်။

နန်းမလေ့ထုံးစံနှင့်အညီ မဟေသီဘိသိက်သွန်းခံရာတွင် သီပေါဘုရင်သည် မိဖုရားနှစ်ပါးနှင့်အတူ ရှိမနေပါ။ ထို့ကြောင့် စုဖုရားလတ်သည် အစ်မတော်နှင့် သီပေါဘုရင်တို့ကြားသို့ အတင်းဝင်ထိုင်ပြီး ဘိသိက်ခံသည်ဆိုသည့်အပြောအဆို အရေးအသားတို့မှာ မှားယွင်းနေကြောင်း ထင်ရှားပါသည်။

ဘိသိက်သွန်းခံပြီးနောက် စုဖုရားကြီးက မိဖုရားခေါင်ကြီး၏ နန်းမတော်အဆောင်သို့ လှမ်းကြွသွားခဲ့သည်။ စုဖုရားလတ်မှာ ဘုရင်မင်းမြတ်စံတော်မူရာ မှန်နန်းဆောင်တွင် မောင်တော်မင်းတရားနှင့်အတူ စံနေတော်မူသည်။ သို့ဖြင့် စုဖုရားကြီးမှာ အမည်ခံမိဖုရားဘဝသို့ ရောက်ခဲ့ရသည်။

စုဖုရားလတ်မှာ အချစ်ရေး၌ သဝန်ကြောင်တတ်သူ၊ သက်ဦးဆံပိုင် ဘုရင်စကရာဇ်တို့ မယားများများယူသည့် ဓလေ့ကို ဆန့်ကျင်သူ တစ်လင်တစ်မယားစံနစ်ကို လက်ခံကျင့်သုံးလိုသူသာ ဖြစ်သည်။

စုဖုရားလတ် သဝန်တိုစိတ်ပြင်းထန်လှသည်ကို သီပေါဘုရင်နှင့် ဒိုင်းခင်ခင်တို့ပြဿနာတွင် တွေ့နိုင်သည်။ စုဖုရားလတ်သည် သီပေါမင်းနှင့် ဒိုင်းခင်ခင်တို့၏ တိတ်တခိုးချစ်ရေးကိစ္စကို သိသည်နှင့် ယမ်းပုံမီးကျသဖြစ်ခဲ့သည်။ ဒိုင်းခင်ခင်ကို သီပေါဘုရင်၏ အပါးမှ ဖယ်ရှားပစ်ခဲ့သည်။ ရနောင်မောင်မောင်တုတ်ကို ရှင်းလင်းပစ်လိုက်သည်။

စုဖုရားလတ်သည် ရဲရင့်သူ၊ ထက်မြက်သူ၊ ပါးနပ်သူ၊ အကွက်မြင်သူ ဖြစ်ကြောင်း၊ သူ၏လုပ်ဆောင်မှုများက သက်သေခံနေခဲ့ပါသည်။ ဆင်ဖြူမရှင်နှင့် ဝန်ကြီးများ၏ရုပ်သေးရုပ်ဖြစ်နေခဲ့ရသော သီပေါဘုရင်



www.burmeseclassic.com

www.burmeseclassic.com



သည် စုဖုရားလတ်ကြောင့် ဘုရင့်အာဏာများကို ရယူနိုင်ခဲ့သည်။ စုဖုရားလတ်ကြောင့် ဘုရင်အားလုပ်ကြံပြီး အာဏာသိမ်းရန် ကြံစည်နေသော မောင်မောင်မောင်တုတ်ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ စုဖုရားလတ်ကြောင့်ပင် သီပေါဘုရင်သည် ဘိသိက်ခံမိဖုရားကြီးဖြစ်သော စုဖုရားကြီးအနားသို့ပင် ကပ်ခွင့်မရခဲ့သလို စုဖုရားလတ်မှလွဲပြီး အခြားတစ်ပါးသော မိန်းမများနှင့်လည်း ပတ်သက်ခွင့်မရခဲ့ပေ။

မိဖုရားကြီး ဆင်ဖြူမရှင်က သီပေါဘုရင်ကို ဖယ်ရှားနိုင်ရေးအတွက် သမီးငယ်စုဖုရားကလေးကို အခြားမင်းသားတစ်ပါးပါးနှင့် လက်ဆက်ပြီး ထီးနန်းအပ်ရန် ကြံစည်သည်ကို နန်းတွင်းအထောက်တော်များမှတစ်ဆင့် သိရသည်နှင့် စုဖုရားလတ်က စုဖုရားကလေးအား မောင်တော်သီပေါဘုရင်နှင့် လက်ဆက်ပေးပြီး မယ်တော်ဆင်ဖြူမရှင်၏ အကြံအစည်ကို ဖျက်ခဲ့သည်။ အင်္ဂလိပ်တို့က ရာဇသံပေးပို့သဖြင့် စစ်တိုက်ခိုက်ရေးမတိုက်ခိုက်ရေး ဆွေးနွေးကြစဉ် စစ်တိုက်ရန် သီပေါဘုရင်အား တိုက်တွန်းခဲ့သည်။

စုဖုရားလတ်နှင့် သူ့လက်အောက်ရှိနန်းတွင်းသူ အပျိုတော်တို့၏ ဆက်ဆံရေးတွင်မူ စုဖုရားလတ်၏စာနာမှုနှင့် ကြင်နာမှုတို့ကို တွေ့ရသည်။ စုဖုရားလတ်သည် နယ်ချဲ့ကျူးကျော်သူတို့နှင့် ပတ်သက်ပြီးပြတ်သားစွာ ဆန့်ကျင်လိုစိတ်ရှိကြောင်း၊ ဘာသာရေးတွင် လေးစားမှုရှိကြောင်း၊ အိမ်ထောင်ရေးဖောက်ပြန်မှုတို့ကို မုန်းတီးကြောင်း၊ ပြင်ပကမ္ဘာနှင့် ပတ်သက်၍ စူးစမ်းလိုစိတ်ရှိကြောင်း၊ အရှုံးနှင့်ရင်ဆိုင်ရစဉ်တွင်လည်း ကြံ့ကြံ့ခံနိုင်သူဖြစ်ကြောင်း စုဖုရားလတ်၏အကြောင်းကို သေချာလေ့လာမည်ဆိုပါက တွေ့ရှိကြရမည်ဖြစ်ကြောင်း တင်ပြလိုပါသည်။

❑ ❑ ❑



# မာယာပရိယာယ်

၁၈၈၀ ပြည့်နှစ်တွင် မြန်မာအစိုးရက အိန္ဒိယဘုရင်ခံချုပ်ထံသို့ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်ခဲ့သည်။ သို့သော် ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံ၏ နယ်စပ်ဖြစ်သော သရက်မြို့ကို ကျော်၍ သွားခွင့်မရခဲ့ချေ။ အင်္ဂလိပ်အစိုးရက ၎င်းတို့၏ကိုယ်စားလှယ်များ၊ ကုန်သည်များ၊ သံအရာရှိများကို ရိုင်းပျစွာ ပြုမူဆက်ဆံခဲ့သည့် မြန်မာဘုရင်၏ ကိုယ်စားလှယ်အဖွဲ့ကို ဂုဏ်သရေရှိစွာ ကြိုဆိုလက်ခံရန် အချိန်အခါကိုက်ညီခြင်း မရှိသေးဟု ယူဆသည်။

အမှန်အားဖြင့် မြန်မာအစိုးရသည် ဂရိတ်ဗြိတိန်နှင့် မိတ်ဆွေအဖြစ် ဆက်ဆံရေးကို တကယ်လိုလားသည်မဟုတ်။ မြန်မာအစိုးရသည် စေ့စပ်ဖျန်ဖြေရေး၏အခြေခံအဖြစ်တစ်ခုတည်းသော နည်းလမ်းဖြစ်သည့် လျှော့ပေါ့ချက်များကို ပြုလုပ်ရန် မာနကြီးလွန်းပြီး အားနည်းလွန်းနေသည့် မန္တလေးနန်းတော်၏သယံဇာတ အရင်းအမြစ်များသည် ယင်း၏ ဟန်ဆောင်ပလွှားမှုကို အထောက်အကူပေးရန် ခေါင်းပါးလွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သော အခြေအနေတွင် မန္တလေးအဖို့ အန္တရာယ်များသည့် တစ်ခုဘည်းသော နည်းလမ်းသာလျှင် ကျန်တော့သည်။ မန္တလေးသည် ထိုနည်းလမ်းကို ရွေးချယ်ခဲ့သည်။ ယင်းမှာ မိမိကိုယ်မိမိ ပြင်သစ်သို့ ထိုးအပ်သည့်နည်းလမ်းဖြစ်သည်။

ပြဿနာမှာရှင်းသွားလေပြီ။ ဗြိတိသျှတို့ဘက်မှ ကြည့်လျှင် ဆုံးဖြတ်ရန် တစ်ခုသာကျန်တော့သည်။ ဧရာဝတီနှင့် တရုတ်ပြည်နှင့် မြန်မာပြည်အကြားရှိ အခြားသောနယ်မြေအားလုံး၊ အခြားတစ်ဖက်တွင် အိန္ဒိယနှင်မြန်မာတို့၏ ကြားနယ်မြေအားလုံးရှိ ကုန်သွယ်မှုကို စိုးမိုးချုပ်ကိုင်မည့် ဥရောပပြိုင်ဘက်တစ်ဦးပေါ်ပေါက်လာခြင်းသည် နောင်တွင် ကြီးလေးသော ရှုပ်ထွေးမှုများကိုသာ ပေါ်ပေါက်လာစေလိမ့်မည်။ ထို့ကြောင့် သူ၏နိုင်ငံခြားဆက်သွယ်မှုကိစ္စအဝဝကို ဂရိတ်ဗြိတိန် လက်အောက်သို့ လွှဲပေးရန် သီပေါမင်းကို အကြောင်းကြားခဲ့သည်။ ရလာဒ်မှာ စစ်ပွဲဖြစ်သည်။

**(ဆရာမြသန်းတင့် မြန်မာပြန် အိုကွန်နာ၏သမိုင်းထဲကမန္တလေးမှ)**

အိုကွန်နား (V.C SCOOTT O'CONNOR) သည် မြန်မာဘုရင်ကိုလည်းကောင်း၊ မိဖုရားခေါင်ကြီးကိုလည်းကောင်း၊ အနီးကပ်ဆုံး ကြည့်မြင်လေ့လာသည်။ မြန်မာဘုရင်ဖြစ်သော သီပေါမင်းနှင့် မိဖုရားကြီး စုဖုရားလတ်တို့၏ပုံရိပ်ကို သူ့အမြင်ဖြင့် ဤသို့ပုံဖော်ခဲ့သည်။

သူက စုဖုရားလတ်သည် ရူးသွပ်မတတ် သဝန်တိုစိတ်ရှိသူ၊ ညို့ဓာတ်ရှိသောအလှပိုင်ရှင်၊ စိတ်ဓာတ်ပြင်းထန်ပြီး အမျက်စောင်မာန်ကြီးလွန်းသူ၊ ဣန္ဒြေသိက္ခာကြီးစွာ နေထိုင်တတ်သူ၊ လွှမ်းမိုးနိုင်စွမ်းရှိသူ၊ သီပေါဘုရင်အား အမြင့်ဆုံးနေရာသို့ ရောက်အောင်ပို့ပေးခဲ့သူဟူ၍ ရေးသားခဲ့သည်။ သီပေါဘုရင်နှင့်ပတ်သက်၍မူ ပျော့ညံ့သူ၊ စိတ်ထားနူးညံ့သိမ်မွေ့သူ၊ မင်းမျိုးမင်းနွယ်မဟုတ်သူ စသဖြင့် ရေးသားခဲ့သည်။





ကျူးကျော်နယ်ချဲ့သူတို့၏ ဘက်တော်သားပီပီ သူ့စာတွင် မြန်မာဘုရင်နှင့် မိဖုရားတို့ကို အခွင့်သင့်လျှင် နှိမ့်ချပြီးရေးသည်။ အင်္ဂလိပ် မြန်မာတတိယစစ်ဖြစ်ရခြင်းသည် သီပေါဘုရင်က လိုက်လျောမှုမရှိခဲ့ခြင်း၊ မာနထောင်လွှားခဲ့ခြင်းကြောင့်ဟု ကောက်ချက်ချသည်။

အနောက်တိုင်းသား စာရေးဆရာအိုကွန်နားသည် စုဖုရားလတ်အား သွေးဆာရက်စက်သူ၊ မုဆိုးတစ်ပိုင်းမိန်းမရိုင်းကြီးအဖြစ် မရေးခဲ့ဘဲ စုဖုရားလတ်သည် ချစ်တတ်သော မိန်းမတစ်ယောက်ဖြစ်သည်ဆိုသည့် အချက်ကို သံသယဖြစ်သူတစ်ယောက်မှ ရှိမည်မထင်ဆိုသည့် စုဖုရားလတ်အပေါ် သူမြင်သည့်အမြင်ကို ဖွင့်ဟခဲ့သည်။

စုဖုရားလတ်အကြောင်းကိုပြောလျှင် သီပေါဘုရင်ကို ချန်ထား၍ မရသလို သီပေါဘုရင်အကြောင်းကိုပြောလျှင် စုဖုရားလတ်ကို ချန်လှပ်ထား၍ မရနိုင်။ သူတို့သည် ထာဝရယှဉ်တွဲလျက်ရှိနေ၏။ အဖြစ်အပျက်ပေါင်းများစွာတွင် သူတို့အတူတကွ ရှိနေကြသည်ဟု ရေးခဲ့သည်။

အင်္ဂလိပ်တို့က ရာဇသံပို့ချိန်တွင် ထက်မြက်သောစိတ်ဓာတ်ကြောင့် အုပ်ချုပ်ရေးတွင် ပါဝင်စွက်ဖက်နိုင်စွမ်းရှိနေပြီဖြစ်သော စုဖုရားလတ်သည် စစ်တိုက်ရန်ဆုံးဖြတ်သည်။ ထိုဆုံးဖြတ်ချက်အတိုင်း ဖြစ်မြောက်စေရန် သီပေါဘုရင်အား တိုက်တွန်းသည်။ သီပေါဘုရင်က ကြင်ရာတော်မိဖုရားနှင့် သဘောထားခြင်း ကိုက်ညီပြီး စစ်မိန့်ထုတ်ပြန်ခဲ့သည်။ သို့သော် စစ်မက်ဖက်ပြိုင်ရန် ကင်းဝန်မင်းကြီးက သဘောမတူခဲ့။

အင်္ဂလိပ်မြန်မာတတိယစစ်ပွဲဖြစ်ပွားပြီး မြန်မာတို့၏ အချုပ်အချာဆုံးရှုံးခဲ့ရခြင်းတွင် ကင်းဝန်မင်းကြီးဦးကောင်းကြောင့်ဟုလည်းကောင်း၊ သီပေါဘုရင်နှင့် မိဖုရားကြီး စုဖုရားလတ်တို့ကြောင့်ဟုလည်းကောင်း၊ စည်းရုံးရေးပြိုကွဲနေသော မြန်မာဝန်ကြီး မှူးမတ်များကြောင့်ဟုလည်းကောင်း၊ သမိုင်းစာမျက်နှာတွင် တရားခံစာရင်းသွင်းကြသည်များ ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် စစ်ဖြစ်ရခြင်းမှာ အင်္ဂလိပ်တို့ကစစ်ပြုရန် ဆုံးဖြတ်ထားပြီး ဖြစ်သောကြောင့်သာဖြစ်သည်။ ဘုံဘေဘားမားသစ်ခိုးမှုကိစ္စမှာ နယ်ချဲ့ အင်္ဂလိပ်တို့၏အကြောင်းပြချက် တစ်ခုသာဖြစ်သည်။

လက်နက်ချအရှုံးပေးပြီးဆိုသည့်တိုင် နယ်ချဲ့အင်္ဂလိပ်တို့က သူတို့၏ ရည်ရွယ်ရင်းကို ပြောင်းလဲခဲ့ခြင်းမရှိခဲ့ပါ။ သီပေါဘုရင်နှင့် 'စုဖုရားလတ်'တို့အား ဖမ်းဆီးပြီး အိန္ဒိယရှိ ရတနာဂီရိသို့ ပို့ကာ အကျယ်ချုပ်နှင့် ထားခဲ့သည်။

အမျိုးသားရေးအမြင်ရှိသော မြန်မာ့သမိုင်းပညာရှင် စာပေပညာရှင်များသည် မြန်မာ့သမိုင်း (ပါတော်မူဖြစ်ရပ်များ) ကို အနီးစပ်ဆုံး အမှန်ကန်ဆုံးဖြစ်နိုင်အောင် ကြိုးစားလေ့လာပြီး ရေးသားခဲ့ကြသည်။ ထိုသို့ရေးသားချက်များမှ အချို့ကို သီပေါဘုရင်၏မြေးတော်၊ တော်ဘုရားကလေး (အောင်ဇေ) က ရှာဖွေစုဆောင်းကာ ဆောင်းပါးအဖြစ် ကလျာမဂ္ဂဇင်းတွင် ရေးသားခဲ့သည်။ တော်ဝင်ရတနာနှင့် ပစ္စည်း (၇)ပါး ဆောင်းပါးတွင်ပါရှိသည့် ကောက်နုတ်ချက်များကို တစ်ဆင့်ပြန်လည် တင်ပြလိုက်ပါသည်။

'အထက်မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်ခြင်းသည် တရားသည်၊ မှန်သည်ဟု ကမ္ဘာက အထင်ရှိလာအောင် ကမ္ဘာ့မျက်စိကို လည်စေရန် ရည်ရွယ်ချက်ပါသည်ဟု ယူဆသင့်ပါသည်။

ထိုခေတ်က ဗြိတိသျှနယ်ချဲ့ကဲ့သို့သော ယခုခေတ်နယ်ချဲ့သမားများ၏ ခြေလှမ်းကို မြင်တတ်အောင်၊ ရှောင်တိမ်းတတ်အောင်၊ ဒဏ်ပြန်ဖို့လိုလျှင် ဒဏ်ပြန်တတ်အောင်၊ ကိုယ့်တိုင်းပြည်ကို ချစ်ခင်သောစိတ်၊ သတိရှေ့ပြေးလိုသောစိတ်၊ ပညာနှံ့စပ်လိုသောစိတ်၊ ကျွမ်းကျင်လိုသောစိတ်၊ သူ့အကျိုး ကိုယ့်အကျိုးကြည့်၍ ကမ္ဘာ၌ ဝင်ဆန့်လိုသောစိတ်တို့ကို ကျိုတ်၍ မွေးမြူနိုင်ကြမည်ဆိုပါက ...'

**(ဇော်ဂျီ)**





'**စုဖုရားလတ်**လို့ ခေါ်ကြတဲ့ မြန်မာ့နောက်ဆုံးမိဖုရားဟာ **မကောင်းပြော**အခံရဆုံးပါ။ ဘယ်သူတွေကပြောကြသလဲဆိုတော့ ပါတော်မူကာလ ပတ်ဝန်းကျင်ရဲ့အကြောင်းကို ရေးသားကြတဲ့ နိုင်ငံခြားသားတွေ၊ ဒီအရေးအသားတွေကို ဖတ်ရတဲ့ အင်္ဂလိပ်စာတတ်မြန်မာတွေကလည်း သူတို့ရေးသမျှ အားလုံးနီးနီး လက်ခံယုံကြည်ကြပါတယ်။ ဗြိတိသျှကို ဖီဆန်မှုတစ်ခုခုပြုမယ်ဆိုရင် မင်းနှင့်မိဖုရားနှစ်ပါးအနက် မိဖုရားကပဲ ဦးဆောင်မှုပြုတယ်၊ ဒါ့ကြောင့် မိဖုရားရဲ့သိက္ခာကျချင်တိုင်း ကျပြီး မြန်မာပြည်သူလူထုက စက်ဆုပ်ရွံ့ရှာလာအောင် ဝိုင်းပြီးဝါဒဖြန့်တာပဲ ဖြစ်ပါလိမ့်မည်။

မိဖုရားခေါင်ကြီး (စုဖုရားလတ်) ဟာ ရတနာဂီရိမှာ သူ့ (အင်္ဂလိပ်နယ်ချဲ့) လက်ခုပ်အတွင်း အကျဉ်းသူအဖြစ်နဲ့ တစ်ပါးတည်း ကျန်ခဲ့တဲ့ဘဝ၊ သမီးနှစ်ယောက်လက်ဆွဲပြီး ဗြိတိသျှကို အံတုခဲ့တဲ့သတ္တိ (သီပေါမင်းတရား)အလောင်းတော်ကို (၂ နှစ်ကျော်) ပိုက်ရင်း (မန္တလေးနန်းတော်မှာ သရဏဂုံတင်နိုင်ဖို့) တိုက်ပွဲဝင်အရေးဆိုခဲ့တဲ့ လုပ်ရပ်ဟာ သေးတဲ့ လူ့ပ်ရှားမှုမဟုတ်ပါဘူး'

**(လူထုဒေါ်အမာ)**

မြန်မာအင်္ဂလိပ်ဆက်ဆံရေးကို ဖော်ပြရေးသားကြရာ၌ များသောအားဖြင့် အင်္ဂလိပ်မှတ်တမ်းများလောက်ကိုသာ အားကိုး၍ရေးသားကြသောကြောင့် တစ်ဖက်ပြောစကားမျှသာ ကြားနာမှတ်သားရသဖြင့် ရပ်လုံးမပေါ်ဘဲရှိသည်။

**(ဒေါက်တာသန်းထွန်း)**

နိုင်ငံခြားသား အင်္ဂလိပ်သမိုင်းဆရာတို့က မြန်မာ့အကြောင်း ခတ်နှိမ်နှိမ်ရေးသားထားခဲ့သည်ကို ဖတ်ရပြီးနောက် ချင့်ချိန်ခြင်းမရှိယုံစားကြသည်များ ရှိ၏။ ထိုသူတို့သည် မိမိတို့ကိုယ်တိုင် မြန်မာအမျိုးသား



www.burmeseclassic.com

www.burmeseclassic.com

များ ဖြစ်ပါလျက်နှင့် ရှေးခေတ်မြန်မာ့တပ်မတော်ကြီး၏ စစ်ဆင်ရေးများကိုပင်လျှင် ကြက်ပွဲသာသာမျှဖြစ်သည်ဟု မထောက်မညှာ တစ်ဖက်သတ် ပြောဆိုလျက်ရှိကြ၏။

(နတ်မောက်ဘုန်းကျော်)

ကိုလိုနီသမိုင်းဆရာကြီးများသည် မြန်မာနိုင်ငံသမိုင်း၏ဖြစ်ပေါ်တိုးတက်မှုနှင့် အပြောင်းအလဲများကို မြန်မာနိုင်ငံသားများ၏အကျိုးစီးပွားနှင့် ရှုထောင့်မှအဘယ်ကဲ့သို့မျှ ကြည့်နိုင် မြင်နိုင်စွမ်းအားရှိသူများ မဟုတ်ကြချေ။ ယင်းကိုလိုနီသမိုင်းဆရာကြီးများက ရှေးမြန်မာ့နိုင်ငံသမိုင်းနှင့် သက်ဆိုင်သောအကြောင်းအရာ အဖြစ်အပျက်များကို သေးငယ်သိမ်ဖျင်းအောင် ရေးသားခဲ့ကြခြင်းများသည် စင်စစ်တော့ မဆန်းလှချေ။ ၎င်းတို့အနက် အချို့သော သမိုင်းဆရာများက မြန်မာတို့၌ သမိုင်းမတိုင်မီခေတ်ပင် လျှင် မရှိသယောင်ယောင် ရေးသားခြင်းပြုလေ့ရှိကြသည်။

(ဗန်းမော်တင်အောင်)

ဤစာအုပ် (သီပေါမင်းနှင့် အင်းဝမြို့စား ဒပ်ဖရင်) ကို ဘာသာပြန်ရာတွင် မူရင်းအတိုင်း ဘာသာပြန်ထားသည် မှန်သော်လည်း နိုင်ငံ၏ဂုဏ်သိက္ခာ၊ လူမျိုး၏ဂုဏ်သိက္ခာကို ထိခိုက်စေမည်ဟု ယူဆရသည့် အချို့စာကြောင်းများကို လုံးဝဖြတ်တောက်ထားပါသည်။ သမိုင်းဆိုင်ရာအချက်အလက် သဘောကွဲလွဲမှုရှိသည့်နေရာများတွင် အောက်ခြေမှတ်စုများဖြင့် ဖြည့်စွက်ထားပါသည်။ သီပေါမင်း၏ ဆက်ဆံရေးမည်မျှပင်ပြေပြစ်သည်ဖြစ်စေ၊ စုဖုရားလတ်သည် မည်မျှပင် နူးညံ့သိမ်မွေ့သည်ဖြစ်စေ၊ ပြင်သစ်ကုန်သည်တို့၏ ခြေသွက်မှု လုံးဝမရှိသည်ဖြစ်စေ၊ နယ်ချဲ့ဗြိတိသျှသည် အထက်မြန်မာနိုင်ငံကို သိမ်းယူမည်မှာ မုချဧကန်ဖြစ်ပေသည်။ အနေးနှင့်အမြန်သာ ကွာခြားမည်။

(ဦးတင်မောင်ရင် - မဟာဝိဇ္ဇာ)

စိုးစာပေ



ယဉ်ကျေးမှုအထက်တန်းကျလှသည်ဆိုသော (အင်္ဂလန်) နိုင်ငံက အားနည်းလှသော မြန်မာနိုင်ငံငယ်ကို တိုက်ခိုက်၍ အနိုင်ယူမှုကား ဂုဏ်ယူစရာအကြောင်းမတွေ့ပေ။ ဗြိတိသျှတို့က သီပေါမင်းကို နန်းချလိုက်ပြီးနောက် ငါးနှစ်တိုင်တိုင် မြန်မာတို့က သူ့ကျွန်မခံဘဲ ပုန်ကန်ထကြွလေသည်။ ဤတော်လှန်မှုအကြောင်းကို ဟောလ် (D.G.E. Hall) ၏ စာအုပ်တွင် တွေ့ရမည်မဟုတ်ပေ။ မြန်မာတို့၏နယ်ချဲ့ ဆန့်ကျင်တော်လှန်မှုလုပ်ကိုင်ကြသူများကို ဟောလ်က လှည့်လည်နေသော ဓားပြဂိုဏ်းများဟု အမည်ပေးခဲ့လေသည်။ သူတို့အမည်ပေးသည့် မြန်မာလူဆိုး (ဓားပြ) ဆိုသူတို့သည် ဗြိတိသျှတို့၏ သေနတ်ပြောင်းဝ၌ အပြုံးမပျက်ဘဲ ဆေးလိပ်သောက်ရင်း အသေခံသွားကြလေသည်။

(ဦးမောင်မောင်လေး-ဦးဟန်ဒွေး)

သီပေါဘုရင်က အင်္ဂလိပ်တို့ ဤမျှအနိုင်အထက်ရန်စကျူးကျော်ခြင်းကို ခေါင်းငုံ့ခံ၍မသင့်၊ စစ်ဖက်ကြရမည်။ ခုခံတိုက်ခိုက်ရန် အသင့်စီစဉ်ကြရမည် ဟူ၍ အဆုံးအဖြတ်ပေးသော အမိန့်တော်ကို ချမှတ်လိုက်လေ၏။

(ရွှေဘို မိမိကြီး)

၁၉၄၇ ခုနှစ် မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်များအား လုပ်ကြံမှုကို ဖန်တီးသူတို့ကား မည်သူတို့နည်း။ (အင်္ဂလိပ်) နယ်ချဲ့ ပယောဂဖြစ်ကြောင်း အထင်အရှားတွေ့ခဲ့ရပြီ။ မန္တလေးနန်းတွင်းရေး၌လည်း နယ်ချဲ့များ မည်မျှဝင်ရောက်နေကြပြီနည်း၊ နောက်ပိုင်း၌မြင်ကွန်းနှင့် မြင်းခုံတိုင်စားတို့အား အင်္ဂလိပ်တို့က ကူညီနေပုံများကို တွေ့မြင်ရခြင်းဖြင့်ပင် နယ်ချဲ့၏ပယောဂ မကင်းနိုင်ပုံကို ရိပ်စားဖွယ်ရှိလေသည်။

(ဦးမောင်မောင်တင်-မဟာဝိဇ္ဇာ)

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့အားဖြင့် အင်္ဂလိပ်တို့သည် ပရိယာယ်အသွယ်သွယ်ဖြင့် အကြောင်းပြချက် အမျိုးမျိုးတို့နှင့်မြန်မာပြည်ကို သိမ်းပိုက်ခဲ့ခြင်း၊ မြန်မာဘုရင်ဖြစ်သော သီပေါ ဘုရင်နှင့် မိဖုရားကြီး စုဖုရားလတ်တို့အပေါ် အပြစ်ပုံချကာ ၎င်းတို့ကိုယ်ကို ကယ်တင်ရှင်ကြီးများအဖြစ် ထင်မြင်လာအောင် လှည့်စားခြင်းတို့မှာ သိသာပေါ်လွင်နေပြီဖြစ်ပါသည်။

❑ ❑ ❑

## နောက်ဆုံးထွက်သက်တိုင်အောင်

၁၉၁၂ ခုနှစ်တွင် သီပေါဘုရင်၏မိဖုရားတစ်ပါးဖြစ်သော ရမည်းသင်းစုဖုရားကလေး ကံတော်ကုန်သည်။ ၁၉၁၆ ခုနှစ်တွင်မူ ရတနာဂီရိတွင် အကျဉ်းခံနေရသောသီပေါဘုရင် ကံတော်ကုန်သည်။

စုဖုရားလတ်သည် သရဏဂုံတင်ခွင့်မရသဖြင့် မောင့်တော်ဘုရင်မင်းမြတ်၏အလောင်းတော်ကို သင်္ဂြိုဟ်ခြင်းမပြုဘဲ ရတနာဂီရိစံအိမ်တွင် ခေါင်းသွင်းပြီးထားသည်။ (၂ နှစ်နှင့် ၃ လ) မျှ မောင်တော်ဘုရင်မင်းမြတ်၏အလောင်းတော်နှင့်အတူ တစ်အိမ်တည်း တမိုးတည်းအောက်မှာ နေခဲ့သည်။

၁၉၁၉ ခု မတ်လတွင် အင်္ဂလိပ်တို့က သီပေါဘုရင်၏အလောင်းတော်ကို အကြမ်းဖက်ယူငင်ပြီး သင်္ဂြိုဟ်လိုက်သည်။ သရဏဂုံတင်ခွင့်မရလိုက်။ (နှောင်နှစ်ပေါင်းခုနှစ်ဆယ်ကျော်ကြာမှပင် မြေးတော်ဖြစ်သည့်တော်ဘုရားကလေး (အောင်ဇေ) တို့က ရတနာဂီရိသို့ သွားရောက်ကာ သရဏဂုံတင်ခဲ့ကြရသည်။)





www.burmeseclassic.com

www.burmeseclassic.com



နယ်ချဲ့အင်္ဂလိပ်တို့က ထိုသို့ အလောင်းတော်ကို အကြမ်းဖက်ယူဆောင်ကာ သင်္ဂြိုဟ်သည်ကို စုဖုရားလတ်မကျေနပ်။ ဈာပနအခမ်းအနားသို့လည်း မတက်ခဲ့။

'သင်းတို့က သင်းတို့ကိုယ်သင်းတို့ ယဉ်ကျေးတဲ့လူမျိုးကြီး၊ ညည်းကမ်းရှိတဲ့လူမျိုးကြီးဆိုပြီး တကယ်တန်းကျတော့ ခွေးကျင့်ခွေးကြံကြံကြတယ်။ ငါတို့ကို ထီးနန်းချတုန်းကလည်း မဟာမိတ်စာချုပ် ချုပ်ဖို့ဆိုပြီး လိမ်ညာလှည့်စားခဲ့ကြတယ်။ အခုလည်း အလောင်းတော်ကို အလေးအမြတ်ပြုချင်ပါတယ်ဆိုပြီး လုယူသွားခဲ့ပြန်ပြီ။ ဒီလိုအောက်တန်းကျလှတဲ့ အကျင့်ယုတ်တွေရဲ့အခမ်းအနားမှန်သမျှ ငါမသွားဘူး။ ငါကိုယ်တိုင် ငါ့မောင်တော်ရဲ့အလောင်းတော်ကို ပြန်ယူပြီး သရဏဂုံတင်နိုင်တဲ့နေ့ကျမှဘဲ ငါသွားမယ်'

(တော်ဘုရားကလေး၏အလောင်းတော်တိုက်ပွဲမှ)

စုဖုရားလတ်သည် သူ့စကားအတိုင်း ဈာပနအခမ်းအနားသို့ သွားရောက်ခဲ့ခြင်းမရှိ။ နောင်အင်္ဂလိပ်တို့က ကျင်းပသော အခမ်းအနားမှန်သမျှကိုလည်း ရှောင်ခဲ့သည်။ သို့သော် မြန်မာပြည်သို့ ပြန်ရောက်ပြီး ကွယ်လွန်သွားသည်ထိ မောင်တော်ဘုရင်မင်းမြတ်၏ အလောင်းတော်အား သရဏဂုံတင်ခွင့်မရခဲ့ပေ။

၁၉၁၉ ခု ဧပြီလ (အင်္ဂလိပ်တို့က သီပေါဘုရင်၏ဈာပနအခမ်းအနား ပြုလုပ်သင်္ဂြိုဟ်ခဲ့ပြီး နောက်တစ်လအကြာတွင်) စုဖုရားလတ်သည် သမီးတော်များဖြစ်သော တတိယသမီးတော်၊ စတုတ္ထသမီးတော်တို့နှင့်အတူ ရန်ကုန်သို့ ပြန်ရောက်ခဲ့သည်။ မာရသီအမျိုးသားနှင့် အိမ်ထောင်ပြုသွားသော ပထမသမီးတော်မှာမူ ရန်ကုန်သို့လိုက်ပို့ပြီးနောက် အိန္ဒိယသို့ ပြန်သွားသည်။





စုဖုရားလတ်နှင့် သမီးတော်တို့သည် အင်္ဂလိပ်အစိုးရပြည်ထဲရေးနှင့် နိုင်ငံရေးဌာန၏ကြီးကြပ်မှုဖြင့် အမှတ် (၂၃) ချာချီလမ်း (ယခုကိုယ့်မင်းကိုယ့်ချင်းလမ်း) စံအိမ်တော်တွင် နေခဲ့ရသည်။ အင်္ဂလိပ်အစိုးရက မိဖုရားကြီးနှင့် သမီးတော်တို့အား ပင်စင်လစာ ၄၀၀၀ ကျပ်ထောက်ပံ့သည်။ သမီးတော်နှစ်ပါးလက်ထပ်ပြီးသည့်နောက်တွင်မူ လစာတော်ငွေ ၂၅၀၀ ကျပ်သာ ရတော့သည်။

ရန်ကုန်သို့ ပြန်ရောက်ပြီးနောက်တွင် စုဖုရားလတ်က သီပေါဘုရင်နှင့် ညီမတော် ရမည်းသင်းစုဖုရားကလေး၏အလောင်းတော်တို့ကို ရန်ကုန်သို့ ယူဆောင်သင်္ဂြိုဟ်ခွင့်ရရန် ကြိုးစားသည်။ အင်္ဂလိပ်အစိုးရက သဘောမတူ ခွင့်မပြုခဲ့ချေ။

မိဖုရားကြီး ရန်ကုန်သို့ ရောက်ရှိစဉ် မြန်မာပြည်ရှိ စာပေပညာရှင်များ၊ နိုင်ငံရေးသမားများက သွားရောက်တွေ့ဆုံဂါရဝပြုခစားကြသည်။ စုဖုရားလတ်သည် လာရောက်ခစားသူတို့အား ကောင်းမွန်ချိုသာစွာ ဆက်ဆံတတ်ကြောင်း၊ လက်အောက်ငယ်သားများအပေါ် ငဲ့ညှာထောက်ထားပြီး နူးညံ့သိမ်မွေ့တတ်ကြောင်း၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ သမိုင်းပညာရှင်ဆရာကြီး ကုထိကဦးသက်တင်၊ စာရေးဆရာကြီးဓမ္မယျစသည့် မြန်မာ့ခေါင်းဆောင် စာရေးဆရာကြီးများ၏ မှတ်တမ်းမှတ်ရာများအရ သိရှိရသည်။

မိဖုရားကြီး စုဖုရားလတ်သည် အမှတ် (၂၃)၊ စံအိမ်တော်တွင် ထီးမူနန်းဟန်မပျက်နေထိုင်သည်။ အသွားအလာ အနေအထိုင်၊ အပြောအဆို၊ အပေးအကမ်းတို့တွင် နန်းဓလေ့အတိုင်း ကျင့်သုံးသည်။

စုဖုရားလတ်သည် အမျက်ကြီးသူ၊ စိတ်မြန်လက်မြန်ရှိသူ၊ သဝန်ကြောင်တတ်သူ မှန်သော်လည်း မိမိ၏အခွင့်အရေး မိမိကောင်းစားရေးအတွက် နိုင်ငံကိုရောင်းစားသူမျိုးမဟုတ်။ နယ်ချဲ့ကျူးကျော်သူတို့ကို



www.burmeseclassic.com

www.burmeseclassic.com



လက်မြှောက်အရှုံးပေးလိုစိတ်ရှိသူမျိုးမဟုတ်။ အသက်ထက်ဆုံးနယ်ချဲ့တို့အား ခါးခါးသီးသီး မုန်းတီးသွားခဲ့သော မိဖုရားဖြစ်သည်။

အသက် (၆၆) နှစ်အရွယ် ၁၉၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက် နံနက် ၇း၅၀ နာရီတွင် ကွယ်လွန်သွားခဲ့သော အရှင်မိဖုရားခေါင်ကြီး စုဖုရားလတ်သည် နောက်ဆုံးထွက်သက်ထိ အလံမလှဲခဲ့သော ရဲရဲတောက် မိဖုရားကြီးဟု ဆိုရမည်သာဖြစ်ပါ၏။

❑❑❑



# သီပေါမင်းရှင်းတမ်း

ပါဒေါ်မှုတော့မည့် ၁၈၈၅ ခု၊ နိုဝင်ဘာလ (၂၉)ရက်နေ့ နံနက်တွင် သီပေါမင်းတရားအား နယ်ချဲ့အင်္ဂလိပ်တို့နှင့်အတူ ပါလာသည့် သတင်းစာဆရာတစ်စုက တွေ့ဆုံမေးမြန်းခဲ့ကြသည်။ထိုသတင်းစာဆရာများထဲတွင် လန်ဒန်တိုင်း (London Times) သတင်းစာမှ ရန်ကုန် သတင်းထောက် မွိုင်လင် (E.K Moylan) လည်း ပါရှိသည်။

မေးမြန်းကြသည့်နေရာမှာ သီပေါမင်းတရား၏နွေရာသီစံအိမ်တော်တွင်ဖြစ်ပြီး၊ သီပေါမင်းနှင့်အတူ မိဖုရားကြီး စုဖုရားလတ်၊ စုဖုရားကြီးနှင့် မယ်တော်ဆင်ဖြူမရှင်တို့ ရှိနေကြသည်။ စုဖုရားလတ်သည် သီပေါမင်း၏ အနီးတွင်ထိုင်ကာ အပြန်အလှန်ပြောဆိုနေသမျှကို ဂရုတစိုက်နားထောင်ကာ တစ်ခါတရံ ကိုယ်တိုင်လည်း ဝင်၍ ပြောသည်။ ဘုရင်နှင့် မိဖုရားတို့၏မျက်နှာတော်သွင်ပြင်တွင် စိတ်ဓာတ်ကျဆင်းကာ စိုးရိမ်နေသည့်ဟန် အသွင်အပြင်ကို မတွေ့ရ။ တည်ငြိမ်သော ကာယိန္ဒြေရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သီပေါမင်း ။ ။ လန်ဒန်တိုင်းသတင်းစာကို ကျွန်ုပ်ကောင်းကောင်းသိပါတယ်။ မြန်မာဝန်ကြီးတွေက အင်္ဂလိပ်ပြည်သူတွေရဲ့ သဘောထားအယူအဆကို သိရှိလေ့လာချင်လို့ အဲဒီသတင်းစာကို လွှတ်တော်က မှန်မှန်မှာယူဖတ်ရှုပါတယ်။ ယခုလိုအချိန်မှာ ကျွန်ုပ်ရဲ့သဘောထားဆန္ဒနဲ့ အဖြစ်မှန်တွေကို အင်္ဂလိပ်သတင်းစာဖတ် ပရိသတ်တွေကိုလည်း သိရှိကြစေလိုပါတယ်။ လန်ဒန်သတင်းထောက်ကြီးကလည်း ကျွန်ုပ်စကားကို သင်ကြားနာရသမျှ တစ်လုံးမကျန်ရေးသားတင်ပြဖို့ မေတ္တာရပ်ခံလိုပါတယ်။

(သတင်းထောက်မွိုင်လင်က သီပေါမင်းတရားမေတ္တာရပ်ခံသည့်အတိုင်း ဘုရင်ဆိုမိန့်သမျှကို လိုက်၍ ရေးသည်။ ရေးပြီးသမျှကိုလည်း ဘုရင့်အား ပြန်ဖတ်ပြသည်။)

သီပေါမင်း ။ ။ ကျွန်ုပ်ပိုင်ဆိုင်သမျှကိုလည်း အင်္ဂလိပ်တွေကိုပေးလိုက်ရပါပြီ။ သင်တို့ကို ကျွန်ုပ်ပြောချင်တာကတော့ ကျွန်ုပ်ဟာ ဘုရင်ဖြစ်ပေမယ့် မကောင်းတဲ့အကြံဉာဏ်တွေကိုသာ အပေးခံခဲ့ရသူပါ။ ကျွန်ုပ်ရဲ့ဝန်ကြီးအဖွဲ့ထဲမှာ သစ္စာသမာဓိရှိသူ၊ အမြော်အမြင်ရှိသူရယ်လို့ အင်မတန်ရှားပါတယ်။ သူတို့ အသုံးမကျလို့ မဖြစ်သင့် မဖြစ်ထိုက်တာတွေ ဖြစ်ကုန်ရတယ်။ ကျွန်ုပ်အတွက် အင်မတန်ကို နာကျည်းစရာပါပဲ။

(သီပေါမင်းတရားမှာ ထိုသို့မိန့်ကြားပြီးနောက် စကားကို မဆက်နိုင်သေးဘဲရှိသည်။ တစ်စုံတစ်ရာကို တွေးနေသလိုပင်။)





သီပေါမင်း ။ ။ နောက်ထပ် သင်တို့ကို ပြောချင်ရှင်းပြချင်တာက သင်တို့အင်္ဂလိပ်တွေက ကျွန်ုပ်ရဲ့ဆွေတော်မျိုးတော် မင်းညီမင်းသားတွေကို ကျွန်ုပ်က သတ်တယ်လို့ ထင်နေကြတယ်။ ဒါမဟုတ်ပါဘူး။ ကျွန်ုပ်ကိုလည်း ဖမ်းထားတာပဲ၊ သူတို့အားလုံး လူသတ်သမားတွေ လက်ချက်နဲ့ ကျဆုံးကြရတာပါ။ ကျွန်ုပ်ကိုယ်တိုင် အသတ်မခံရတာက ကျွန်ုပ်ဟာ အင်မတန်အေးတဲ့ သားတော်ပါလို့ ကျွန်ုပ်ခမည်းတော် နတ်ရွာစံခင်က မိဖုရားကြီးကို မိန့်ကြားခဲ့တဲ့စကားကြောင့်ပါ။ ပုဏ္ဏားတော်တွေ ဇာတာဖွဲ့ကြတော့လည်း ကျွန်ုပ်ဇာတာဟာ ရှေ့ဆုံးက ထွက်လာတာပဲ။ မှန်တာကို ပြောရရင် ကျွန်ုပ်ဟာ ဘုရင်တော့ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ဘုရင်ဖြစ်ပြီးလို့ (၇)လကြာတဲ့အထိ ကျွန်ုပ်ဟာ ဘယ်အထဲမှာမှ မပါခဲ့ရဘူး။ ဆွေတော်မျိုးတော်တွေကို မသတ်ပါနဲ့။ အကျဉ်းပဲချထားပါလို့ ကျွန်ုပ်က အမိန့်ပေးခဲ့ပါတယ်။ ဒါက နိုင်ငံတော်မှာ ဆူဆူပူပူ မဖြစ်အောင်လို့ဘဲ။ ဒါပေမယ့် မင်းညီမင်းသားတွေကို သတ်ဖို့ဝန်ကြီးတွေက အမိန့်ပေးတော့ ကျွန်ုပ် ဒါတွေကို မသိခဲ့ရဘူး။ (၈)လကြာတဲ့အခါမှာ မင်းညီမင်းသားတွေကို သတ်ခဲ့တဲ့ ရနောင်မင်းသားက ကျွန်ုပ်ကိုလည်း သတ်ဖို့ကြိုးစားခဲ့သေးတယ်။

သင်တို့အင်္ဂလိပ်တွေက ဘာမဆိုကျွန်ုပ်လုပ်တာလို့ အထင်ရှိနေကြတယ်။ ကျွန်ုပ်နောက်မှာ ဘာတွေ ဖြစ်နေတယ်ဆိုတာကိုတော့ မှန်မှန်ကန်ကန် မသိကြဘူး။ နောက်ပြီး ကျွန်ုပ်ကို သင်တို့အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com



တွေက အရက်သေစာသောက်စားတဲ့ ဘုရင်လို့ ပြောကြတယ်။ ဒါလည်း လုံးဝမမှန်ဘူး၊ ကျွန်ုပ်အရက်သမားမဟုတ်ဘူးဆိုတာ သင်တို့တွေ သိစေချင်ပါတယ်။ ကျွန်ုပ်ဟာ ဘာသာတရားကို ကိုင်းရှိုင်းတဲ့ ဗုဒ္ဓဘာသာဝင်တစ်ဦးပါ။ ကျွန်ုပ်အနေနဲ့ လန်ဒန်သတင်းထောက်များကိုလည်း နောက်ထပ်တွေ့ဆုံလိုပါသေးတယ်။ မိုလ်ချုပ်ကြီး ပရင်ဒါဂတ်နဲ့အတူ နောက်တစ်ခေါက် လာစေလို ပါတယ်။

သီပေါမင်းတရားက နိုင်ငံခြားသတင်းထောက်များကို ထိုသို့ ရှင်းပြမှုပြုခဲ့သည်။ နောက်ထပ်လာရောက်တွေ့ဆုံကြရန် မိန့်တော်မူခဲ့သော်လည်း တွေ့ဆုံရမှုမှာ ထိုတစ်ကြိမ်သာရှိခဲ့သည်။ နောက်တစ်နေ့တွင် မင်းနှင့် မိဖုရားတို့ ရတနာပုံရွှေနန်းကို ထားရစ်ကာ ပါတော်မူခဲ့ရသည်။ သတင်းထောက်များကို သီပေါမင်းတရား ရှင်းလင်းပြောကြားခဲ့သည့် စကားတို့မှာ ကုန်းဘောင်ဆက်နောက်ဆုံးခေတ် မြန်မာဘုရင်တစ်ပါး၏ သမိုင်းဝင် စကားများသာ ဖြစ်ပါ၏။ ထိုစကားများအရ မြန်မာတို့၏ နန်းတွင်းရေး မည်မျှရှုပ်ထွေးခဲ့သည်။ ရာဇပလ္လင်နောက်ကွယ်မှ ကြိုးကိုင်ခြယ်လှယ်နေသူများနှင့် ကြိုးဆွဲခံဘုရင်တစ်ပါး၏အဖြစ်ကို ခံစားနားလည်နိုင်ကြမည်ဖြစ်ပါသည်။

❑ ❑ ❑



# စုဖုရားလတ်ရှင်းတမ်း

အရှင်မိဖုရားခေါင်ကြီးစုဖုရားလတ်သည် ရတနာဂီရိမှ မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာစဉ် အင်္ဂလိပ်တို့၏အစီအစဉ်အရ အမှတ် (၂၃)၊ ချာချီလမ်း (ယခု ကိုယ့်မင်းကိုယ်ချင်းလမ်း) စံအိမ်တော်တွင် စံနေခဲ့ရကြောင်းရှေ့တွင် တင်ပြခဲ့ပြီးဖြစ်သည်။

ထိုသို့ စံနေတော်မူရာတွင် မိဖုရားကြီးအား လာရောက်ခစားကြသူများတွင် ကထိကဦးသက်တင်လည်း ပါရှိခဲ့သည်။ ကထိက ဦးသက်တင်သည် ထင်ရှားသည့် သမိုင်းပညာရှင်ဖြစ်ပြီး၊ မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။ သမိုင်းဆိုင်ရာတန်ဖိုးရှိသည့် စာအုပ်စာတမ်းများကိုလည်း ရေးသားပြုစုခဲ့သူဖြစ်သည်။

ကထိက ဦးသက်တင်သည် မိဖုရားကြီးစုဖုရားလတ်နှင့် တွေ့ဆုံခဲ့စဉ်တွင် သိရှိလိုသမျှ သမိုင်းအတွက် အလွန်အရေးပါသည့် အကြောင်းအရာများကို လျှောက်ထားမေးမြန်းကာ နေ့စွဲနှင့်တကွ အတိအကျ



www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းပြုခဲ့သည်။ ယခုကထိက ဦးသက်တင်၏ မေးမြန်းချက်များနှင့် အရှင်မိပုရားခေါင်ကြီး စုဖုရားလတ်၏ ရှင်းလင်းဖြေကြားချက်များကို တင်းလုံးတစ်ပါဒမျှ နုတ်ပယ်ခြင်းမပြုဘဲ မူရင်းအတိုင်း တင်ပြလိုက်ပါသည်။

တွေ့ဆုံလျှောက်ထားမေးမြန်းသည့်အကြိမ်မှာ (၃) ကြိမ်ရှိခဲ့ပြီး နေ့ရက်များကို အတိအကျဖော်ပြရလျှင် ၁၉၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက်၊ (၃၁) ရက်နှင့် ၁၉၂၃ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့တို့တွင် ဖြစ်သည်။

မေးခွန်း (၁) ။ ။ ဦးကောင်းလိမ်ထုတ်၊ သီပေါပြုတ်ဟု ဆီးဘန်နီဆရာတော် စာချိုးခြင်းနှင့်ပတ်သက်၍ ဘာများ အမိန့်ရှိလိုပါသလဲ ဘုရား။

အဖြေ ။ ။ ဆရာတော်ပြောတာမှန်တယ်။ ခံမြို့များအားလုံး၏ ပုံစံပန္နက်များကို အင်္ဂလိပ်မဟာမင်းကြီးထံ ကင်းဝန် ဦးကောင်းပဲ တိတ်တဆိတ် ခိုးပို့တယ်။ ပြင်သစ်နဲ့ မဟာမိတ်ဖွဲ့တဲ့စာချုပ်မိတ္တူကို အင်္ဂလိပ်ထံ ခိုးပို့တာလည်း သူပဲ။ နိုင်ငံတော်ကို ချီတက်သိမ်းဖို့ အင်္ဂလိပ်ကို တိတ်တိတ်မှာကြားတာလည်းသူပဲ၊ ထီးနန်းမှချပြီး ကုလားပြည် ပူတာကေနယ်ပို့ရန် အကြံပေးတာလည်း သူပဲ။ သို့ပေမယ့် အင်္ဂလိပ်က သူတို့ပိုင်နက်အတွင်း ရတနာဂီရိသို့ စုဖုရားတို့ကို ပို့လိုက်တယ်။ သူက အနောက်ဖက်လွန်မင်းရဲ့သံ့ပန်း ပူတာကေအဆက် အနွယ်ဖြစ်တယ်။ သစ္စာမရှိ ကျေးဇူးမဲ့တယ်။





မေးခွန်း (၂) ။ ။ မဟာသွေးမဟာနွယ်များကို ကွပ်သည့်ကိစ္စတွင် အရှင်သီပေါမင်းတရား၏ ပယောဂ ပါမပါ သိလိုပါတယ်ဘုရား။

အဖြေ ။ ။ မောင်တော်ဘုရား၏ပယောဂလုံးဝမပါပါဘူး။ ကင်းဝန်၏အမိန့်နှင့် လက်သုံးတော်တွေက ကွပ်မျက်ပစ်လိုက်ကြတာပါ။ မောင်တော်ဘုရားဟာ ရတနာသုံးပါးကို အလွန်ကြည်ညိုပါတယ်။ ငါးပါးသီလမြဲပါတယ်။ ဗြဟ္မစိုရ်တရားလေးပါးနဲ့လည်း ပြည့်စုံပါတယ်။ မင်းဖြစ်ပြီး မကြာခင်ရှစ်ပါးသီလ တစ်လပတ်လုံး ကျင့်သုံးဆောက်တည်ပါတယ်။ မောင်တော်၏ စိတ်နှလုံးနူးညံ့သိမ်မွေ့ပုံကို အင်္ဂလိပ်ဘုရင်ခံချုပ်များကိုယ်တိုင်ချီးမွမ်းကြောင်းကို အကျယ်ချုပ်အရာရှိများကိုယ်တိုင် ပြောကြပါတယ်။ မင်းသားတွေကိုသတ်ပြီးနောက်တစ်နေ့မှာ ရက်စွဲကိုတော့ စုဖုရားမမှတ်မိတော့ဘူး။ ညီလာခံတွင် မင်းညီမင်းသား၊ မှူးမတ်ကြီးများသို့ မောင်တော်၏ပယောဂအနည်းငယ်မျှ မပါကြောင်းရှင်းလင်းမိန့်ကြားပြီး၊ အကုသိုလ်ပြုလျှင် ဘယ်ကဲ့သို့ အပြစ်ရှိသည်များကို မောင်တော်တရားဟောကြားပါသေးတယ်။ မောင်တော်မသိဘဲ ဝန်ကြီးအတွင်းဝန်လက်သုံးတော်တို့ မည်သူ့ကိုမှ် သေဒဏ်မပေးရလို့ အမိန့်တော်ထုတ်ပါသေးတယ်။

ကုလားဖြူအချို့က မောင်တော့်အပေါ်အပြစ်ဖို့ကြတာကို အပါးတော်မြဲ မောင်စံရွှေထံက စုဖုရားလည်းကြားရပါတယ်။ မောင်တော်ဟာ နန်းမွေ့တက်ခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့ တစ်ဦးတည်းသောမင်းသားပါ။ မိဖုရားကြီး တစ်ဦးဦးမှ မွေးတဲ့မင်းသားသာလျှင် နန်းမွေဆက်ခံနိုင်ပါတယ်။ အဆောင်ရမိဖုရား၊ အခန်းရမိဖုရား၊ ကိုယ်လုပ်တော်များက မွေးတဲ့ အစ်ကိုတွေညီတွေက နန်းလုဖို့ ကြံစည်အားထုတ်ကြတာကို မောင်တော် သိပေမယ့် မကွပ်မျက်နိုင်းပါဘူး။ အကျယ်ချုပ်နဲ့ ထားနိုင်းပါတယ်။ မောင်တော်အမည်ပျက်အောင် ကင်းဝန်က အင်္ဂလိပ်ပယောဂနဲ့ မင်းသားလတ်၊ မင်းသားငယ်တွေကို သတ်ပစ်နိုင်းတာပါပဲ။ ထိုကိစ္စနဲ့ ပတ်သက်ပြီး မောင်တော်က ကင်းဝန်ကို ရာထူးမှ ခဏချထားဖူးတယ်။ အဲဒါကို တေးထားပြီး မောင်တော်နဲ့ နိုင်ငံတော်ကို အင်္ဂလိပ်ထံရောင်းစားတာပဲ။ အင်္ဂလိပ်နိုင်ငံတော်က အကြီးဆုံးဘွဲ့ကို သူရတယ်လို့ မောင်စံရွှေက လျှောက်ဖူးတယ်။ မောင်တော်နဲ့ စုဖုရားတို့က မန္တလေးက ဆရာတော် ဘုရားများထံကို အလှူငွေများ သူကတစ်ဆင့် ပို့နိုင်းတာကို သူက ကန့်ကွက်ဖူးတယ်။ အဲဒီအထိ ကျေးဇူးကန်း တယ်။

မေးခွန်း ၃ ။ ။ ပါတော်မူခန်းကို သိလိုပါသည်ဘုရား။

အဖြေ ။ ။ မောင်တော်သီပေါမင်းက ဆင်စီးပြီး သင်္ဘောဆိပ်ကို သွားလိုကြောင်း ပြောသော်လည်း အင်္ဂလိပ်ဗိုလ်ချုပ်ကြီးက ဘီရိုလှည်းနဲ့သွားရမယ်လို့ ပြောတယ်။ မောင်တော်ဘုရားက ဘယ်သူ့လှည်းနဲ့သွားရမလဲလို့ မေးတော့ အမြောက်ဝန် မဘဲမြို့စား၊ ရွှေတိုက်ဝန်





ပေါက်မြိုင်မြို့စားတို့ရဲ့လှည်းများနဲ့ သွားရမယ်လို့ ကင်းဝန်က ဝင်ပြောတယ်။ မောင်တော်နဲ့စုဖုရား၊ စုဖုရားကလေးတို့သုံးယောက်ကတစ်စီး၊ မယ်တော် ဆင်ဖြူမရှင်၊ စုဖုရားကြီး၊ သမီးတော်နှစ်ပါးတို့က တစ်စီးနဲ့ ဂေါဝိန်ဆိပ်သို့ ဆင်းကြရတယ်။ အထိန်းတော်သုံးပါး၊ ဘွဲ့ရအပျိုတော်သုံးပါး၊ ဘွဲ့မရသေးတဲ့ အပျိုတော်ရှစ်ပါးတို့က ခြေလျင်လိုက်ကြရတယ်။ စုဖုရားတို့လှည်းကို ပင်းတလဲဝန်ထောက်နဲ့ ဝက်မစွပ်ဝန်ထောက်တို့က ထီးဖြူတစ်လက်စီမိုးလို့ ခြေလျင်လိုက်ပို့ကြတယ်။ ကင်းဝန်က သူ့လှည်းနဲ့သင်္ဘောဆိပ်သို့ ကြိုတင်သွားနှင့်တယ်၊ ရန်ကုန်ထိ သင်္ဘောပေါ်မှာ သူပါလာသော်လည်း၊ အင်္ဂလိပ်စစ်ဗိုလ်ကြီးတစ်ဦးနဲ့ သူဖော်သာနေတယ်၊ စုဖုရားတို့ရဲ့ကျေးဇူးတွေကို သူမေ့ပစ်လိုက်ပြီ။

မေးခွန်း ၄ ။ ။ အရှင်မိဖုရားကြီး၏ဘဝမှတ်တိုင်များကို အနည်းငယ် သိလိုပါသည်ဘုရား။

အဖြေ ။ ။ ရှစ်နှစ်သမီး နားထွင်း၊ ဒဏ်ဆင်မင်္ဂလာ၊ မြတောင်မြို့ကို စားရ။

တစ်ဆယ့်ငါးနှစ်သမီးတွင် ခမည်းတော်ကို ပထမဆုံး ဘိသိက်သွန်းရ။ ညီမတော် ရမည်းသင်းစားက ဒုတိယဘိသိက်သွန်းရ။ အစ်မတော်မိုင်းနောင်စားက တတိယဘိသိက်သွန်းရ။ စလင်းမင်းသမီးက စတုတ္ထ ဘိသိက်သွန်းရ။

တစ်ဆယ့်ခြောက်နှစ်သမီးတွင် ဒီပဲယင်းနှင့် မန်လည်မြို့များ ဖြည့်စားရ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆယ့်ခုနစ်နှစ်သမီးတွင် ထီးမိုးယာဉ်ခံဘဝဖြစ်၊ ထီးလှိုင်ရွာများ အသနားခံရ။ အစ်မတော်များနှင့် ညီမတော်များလည်း ထီးမိုးယာဉ်ခံဖြစ်ကြ။ စလင်းမင်းသမီးလည်း တစ်ပြိုင်နက်ဖြစ်တယ်။ တစ်ဆယ့်ကိုးနှစ်သမီးတွင် မိဖုရားခေါင်ဖြစ်။ နှစ်ဆယ့်ခြောက်နှစ်မှာ နန်းမှလျော။ ရတနာဂီရိရောက်။ ငါးဆယ့်ခုနစ်နှစ်မှာ မုဆိုးမဖြစ်။ အခု ပလဲစင့်ကုန်းရောက်နေပြီပေါ့။ စုဖုရားကတော့ ပုလဲဂေဟာလို့ အမည်ပေးထားတယ်။ နန်းမှရိပ်သာသို့ဆင်း၊ ရိပ်သာမှအိမ်သို့သက်၊ တဆင်းတည်း ဆင်းလာခဲ့တာ သုံးဆယ့်ခုနစ်နှစ်ရှိပြီပေါ့။ သံဝေဂရနေတာ အဲဒီလောက်ကြာပြီ။ အနိစ္စတရားကို တခြားမှာရှာစရာမလို။ စုဖုရားကိုယ်တိုင်ကိုယ်တွေ့ဖြစ်နေပြီ။ အင်္ဂလိပ်တို့ စိုးမိုးခြင်းကိုပြင်သစ်နဲ့ပေါင်းပြီး တော်လှန်ချင်တဲ့ မောင်နဲ့စုဖုရားတို့ဟာ ဖြစ်ချင်တိုင်းမဖြစ်၊ မဖြစ်ချင်တာ ဖြစ်နေခဲ့ရတယ်။ မွေးတုန်းကတော့ လွတ်လပ်တဲ့ မြန်မာမိန်းကလေး တစ်ယောက်ပေါ့။ အင်္ဂလိပ်ကျွန် အဖြစ်နဲ့ သေရမှာ စက်ဆုပ်လှပါတယ်ကွယ်။

မေးခွန်း ၅ ။ ။နိုင်ငံရေးမှာ မိဖုရားကြီး ဘယ်အထိ ပါဝင်ခဲ့ပါသလဲ။

အဖြေ ။ ။ဘယ်လောက်မှ မပါဝင်ခဲ့ပါဘူး။ လူမှန်းသိတဲ့အရွယ်မှ မိဖုရားကြီးဖြစ်တဲ့အချိန်ထိ ဘာသာရေး၊ စာပေနဲ့ အချိန်ကုန်ခဲ့တယ်။ ဗေဒင်ပညာကို အနည်းငယ်သာ ဖတ်ဖူးတယ်။ နိုင်ငံရေးဝင်စွက်ဖို့ စုဖုရားမှာ အကွက်မရှိပါဘူး။ မောင်တော်ဘုရားက နန်းတက်ပြီး တစ်လကျော်အကြာမှာ ဝန်ကြီးနဲ့ဝန်ထောက် (၁၄)ဦး





အား ဆယ့်လေးဌာနခွဲဝေပေးပြီး နိုင်ငံတော်ကို အုပ်ချုပ်စေပါတယ်။

၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်းတစ်ရက်မှာ ဝန်ကြီး၊ အတွင်းဝန်တို့နဲ့ နံနက်ညီလာခံတွင် အင်္ဂလိပ်ကို စစ်တိုက်သင့် မတိုက်သင့် ဆွေးနွေးတိုင်ပင်ကြတဲ့အခါမှာ တိုင်းပြည်အတွက် ပူပန်စိုးရိမ်လို့ မောင်တော်ဘုရားထံ အခွင့်တောင်းပြီး အတွင်းညီလာခံသို့ တစ်ကြိမ် တစ်ခါတည်း တက်နားထောင်ဖူးတယ်။ ဝန်ကြီးဆယ့်သုံးပါးတို့က စစ်တိုက်ဖို့သဘောတူကြတယ်။ ကင်းဝန်တစ်ဦးတည်းက စစ်မတိုက်ရန် တင်လျှောက်ပါတယ်။ အဲဒီတော့ စုဖုရားရဲ့ပွဲလမ်းဝင်ရွှေချည်ထိုးထဘီနဲ့ စုဖုရားရဲ့နံ့သာသွေး ကျောက်ပျဉ်များကို အပျိုတော်တစ်ဦးအား ယူခိုင်းပြီး၊ သူ့ကိုဆုချလိုက်ပါတယ်။ မောင်တော်ဘုရားက အဲဒီညီလာခံမှ စစ်တိုက်မယ့်ရာဇသံကို ထုတ်လိုက်ပါတယ်။ ကင်းဝန်ဟာ စုဖုရားပေးတဲ့ဆုများကို ယူပြီး ညီလာခံမှ ပြန်သွားတယ်။ နောက် စစ်ဖြစ်တော့လည်း မောင်တော်ဘုရားမသိရဘဲနဲ့ မြစ်စဉ်တစ်လျှောက် ခံမြို့တွေကို အင်္ဂလိပ်ကို မတိုက်ရန် တိတ်တိတ်ကြေးနန်းနဲ့ သူအမိန့်ပေးခဲ့တယ်။ သစ္စာဖောက်ကြီးပဲ။

သမိုင်းပညာရှင်ကြီး ကထိက ဦးသက်တင်အား မိဖုရားခေါင်ကြီး စုဖုရားလတ် မကွယ်လွန်မီက ရှင်းလင်းဖြေကြားခဲ့ချက်များပင် ဖြစ်ပါသည်။ မိဖုရားခေါင်ကြီး ရှင်းလင်းဖြေကြားခဲ့သည်များမှာ ကာယကံရှင် ကိုယ်တိုင်၏ပြောကြားချက်များဖြစ်သဖြင့် သမိုင်းဆိုင်ရာ တန်ဖိုးမဖြတ်နိုင်သည့် အကြောင်းအရာ အဖြစ်အပျက်များဟု ဆိုရပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ်ကို အခါကပြုစုရခြင်း ရည်ရွယ်ချက်မှာလည်း ကုန်းဘောင်ဆက်နောက်ဆုံးခေတ်၏ အဖြစ်အပျက်များနှင့် ကာယကံရှင်များဖြစ်ကြသည့် မြန်မာနိုင်ငံ၏ နောက်ဆုံးဘုရင်ဖြစ်သည့် သီပေါမင်းတရားနှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်တို့၏ ရှင်းလင်းဖြေကြားမိန့်ဆိုတော်မူချက်များကို တင်ပြလို၍ဖြစ်သည်။ သမိုင်းစာပေ၌ မွေ့လျော်သူများနှင့် စာဖတ်သူများအနေဖြင့် ပါတော်ဖြစ်ရပ်မှန် အကြောင်းရင်းခံများကို ကျိုးကြောင်းမြော်မြင်၊ နှိုင်းချိန်စဉ်းစားပြီး အဖြေရှာနိုင်မည်ဆိုပါက ဤစာအုပ်ကို ပြုစုရကျိုးနပ်ပြီဟု ရေးလိုပါသည်။

**ကောင်းထက်**



## မှီငြမ်းကိုးကားသောစာအုပ်စာရင်း


| | | |
|---|---|---|
| ၁။ | ဦးမောင်မောင်တင် | ကုန်းဘောင်ခေတ်မဟာရာဇဝင်တော်ကြီး |
| ၂။ | ဦးဖိုးကျား | သီပေါမင်းပါတော်မူအရေးတော်ပုံ |
| ၃။ | ဦးမောင်မောင်တင် | ကင်းဝန်မင်းကြီး၏သမိုင်း |
| ၄။ | ထိပ်တင်ထွေး | ရတနာသိင်္ခ မဟာရာဇဝင် |
| ၅။ | ဦးရာဇတ် | ရွှေနန်းတွင်းအရေးတော်ပုံ |
| ၆။ | ရွှေကိုင်းသား | နှစ် ၁၀၀ ပြည့်မန္တလေး |
| ၇။ | မြန်မာသံအမတ်တော်ကြီးဦးမြို့ | ပူဘကော၊ စပိန်၊ အီတာလျံသွားမှတ်တမ်း |
| ၈။ | နတ်မောက်ဘုန်းကျော် | အင်္ဂလိပ်မြန်မာစစ်ပွဲနှင့်မင်းလှခံတပ် |
| ၉။ | နတ်မောက်ဘုန်းကျော် | ပါတော်မူမှသည် မြန်မာ့ဇာတိမာန် |
| ၁၀ | နတ်မောက်ဘုန်းကျော် | အင်္ဂလိပ်မြန်မာစစ်သမိုင်း |
| ၁၁။ | မိုလ်မှူးဘသောင်း | မြန်မာ့တော်လှန်ရေးသမိုင်း |
| ၁၂။ | ဦးလှအင် (မြန်မာပြန်) | စကော့၏ မြန်မာပြည်အတွေ့အကြုံ |
| ၁၃။ | ဒေါ်အုံးကြည် | အင်္ဂလိပ်ရောက်စမန္တလေး (၁၈၈၅–၈၆) (ပုဂံလက်သစ်စာတမ်းများမှ) |
| ၁၄။ | ရွှေဘို မိမိကြီး | အင်္ဂလိပ်စစ်သချိုင်းနဲ့သမိုင်းတကွက် (ဝမ်းမြောက်ဝမ်းသာ စာတမ်းများ) |
| ၁၅။ | ဦးတင်မောင်ရင် (မဟာဝိဇ္ဇာ)မြန်မာပြန် | သီပေါမင်းနှင့်အင်းဝမြို့စားဒပ်ဖရင် |
| ၁၆။ | ဦးမောင်မောင်တင် | မြန်မာမင်း လက်ထက်တော်စာတမ်းများ |
| ၁၇။ | ရတနာပုံဘိုးမှတ်စု | မန္တလေး |
| ၁၈။ | ဒေါ်ကြန် | (၁၈၈၅–၈၆) မြန်မာနိုင်ငံအခြေအနေ |




www.burmeseclassic.com

www.burmeseclassic.com

၁၉။ ဒေါ်ကြန် — ပဒေသရာဇ်မြန်မာနိုင်ငံဇာတ်သိမ်း
၂၀။ လူထုဦးလှ — သတင်းစာများသည်သမိုင်းကိုပြောနေကြသည်
၂၁။ ဦးဘသန်း — ကျောင်းသုံးမြန်မာရာဇဝင်
၂၂။ မောင်သော် — အတွေးအမြင်သစ်များ
၂၃။ တက္ကသိုလ်စိန်တင် — ဇကရိုစုဖုရား
၂၄။ ဦးကိုလေး (အငြိမ်းစား)ဒုအဓိပတိ၊ မန်းတက္ကသိုလ်) — သီပေါမင်းနှင့်နယူးယောက်တိုင်းသတင်းစာ
၂၅။ ဦးညိုမြ — ကုန်းဘောင်ရှာပုံတော်
၂၆။ မိုးကြိုးဦးအုံးခင် — မြန်မာပြည်ဇာတ်လမ်းရုပ်သမျှ
၂၇။ စတုတ္ထသမီးတော် — စတုတ္ထသမီးတော်အရေးတော်ပုံစာတမ်း
၂၈။ မြသန်းတင့် — တောင်သမန်ရွှေအင်းကလေညှင်းခေါ်တော့
၂၉။ ပညာဝန်ဦးဖိုးကျား — မြန်မာဂုဏ်ရည်ရာဇဝင်ဖတ်စာ
၃၀။ ဗန်းမော်တင်အောင် — မြန်မာနိုင်ငံတော်သမိုင်း
၃၁။ တော်ဘုရားလေးအောင်ဇေ — သီပေါမင်းအလောင်းတော်တိုက်ပွဲ (၁၉၉၆၊ ဇန်နဝါရီလ၊ စတိုင်သစ်မဂ္ဂဇင်း)
၃၂။ တော်ဘုရားလေးအောင်ဇေ — စုဖုရားလတ်ရဲ့ရင်ဖွင့်သံ (၁၉၉၈၊ ဇန်နဝါရီလ၊ ကလျာမဂ္ဂဇင်း)
၃၃။ ဒေါ်အမာ — ဆရာကြီးသခင်ကိုယ်တော်မှိုင်း
၃၄။ ဦးသန့်စင် — သီပေါမင်းဆက်အတွင်းရေး
၃၅။ တော်ဘုရားကလေးအောင်ဇေ၏ဆောင်းပါးများ — ၁၉၉၆ မှ ၁၉၉၈ ထိ ထုတ်ဝေခဲ့သောကလျာမဂ္ဂဇင်းများ
၃၆။ မြသန်းတင့် မြန်မာပြန် — သမိုင်းထဲက မန္တလေး၊ မန္တလေးထဲကသမိုင်း
၃၇။ မောင်စုးစမ်း — ပထမအင်္ဂလိပ်မြန်မာစစ်ပွဲမှသည် သီပေါမင်းပါတော်မူသည်အထိ (ရှုမဝမဂ္ဂဇင်း၊ ၁၉၆၀)



၃၈။ ကုသ — ရှာစားကြီးစိန်ဗေဒ (ရှုမဝမဂ္ဂဇင်း၊ ၁၉၆၀)
၃၉။ သန်းဆွေ (ထားဝယ်) — ကုန်းဘောင်ရှင်းတမ်းများ (ရနံ့သစ်မဂ္ဂဇင်း၊ မတ်လ ၊ ၁၉၉၈)
၄၀။ ရွှေဘိုမိမိကြီး — ကျွန်မအမြင် ဒိုင်းခင်ခင် (ရနံ့သစ်မဂ္ဂဇင်း၊ ဧပြီလ ၁၉၉၉)
၄၁။ မောင်ဖုန်းပြည့် (တက္ကသိုလ်)သီပေါမင်းလက်ထက် သာသနာပိုင်တစ်လျှောက်ပွဲ (ရနံ့သစ်မဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၁၉၉၉)
၄၂။ ဦးစိန်မောင်ဦး — အရှင်နန်းမတော်မိဖုရားနှင့် ပဦးထုပ်ရေးထုံး (ရနံ့သစ်မဂ္ဂဇင်း၊ ဇွန်လ၊ ၁၉၉၉)
၄၃။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) — မန္တလေးရပ်ကွက်သမိုင်း (နိုင်ငံသမိုင်းသုတေသနစာစောင် ၂)
၄၄။ မြကေတု — သဝန်ကြောင်ထိပ်ထား (ကလျာမဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၁၉၈၉)
၄၅။ သတင်းစာဆရာဦးသိန်းမောင် — ဂိရိရတနာဆောင်းပါးမဟာ၊ သီပေါမင်းတရားအတွင်းရေး
၄၆။ ကထိက ဦးသက်တင် — သမိုင်းဆိုင်ရာမှတ်စုများ
၄၇။ တော်ဘုရားကလေးအောင်ဇေ — စုဖုရားလတ်နှင့်အင်တာဗျူး (ချယ်ရီမဂ္ဂဇင်း၊ ဇွန်လ၊ ၁၉၉၀)
၄၈။ တိုက်စိုး — မင်းတုန်းမင်း
၄၉။ ဒဂုန်နတ်ရှင် — ရတနာပုံနိဒါန်း
၅၀။ H.FIELDING — THIBAW'S QUEEN
၅၁။ TENNYSON JESSE. — THE LACQUER LADY
၅၂။ E.C.V. FOUCAR. — MANDALAY THE GOLDEN



BURMESE CLASSIC .com
www.burmeseclassic.com